# ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ၏

# ဘဏ္ဍာရေး၊ စီးပွားရေး၊ လူမှုရေးအခြေအနေ တင်ပြချက်

# အစီရင်ခံစာ

၂၀၁၂ ခုနှစ်၊ ဩဂုတ်လ

၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ် အတွက်

ဘဏ္ဍာရေး ၊ စီးပွားရေး ၊ လူမှုရေးအခြေအနေများ တင်ပြချက်အစီရင်ခံစာ

မာတိကာ


| အပိုင်း | အခန်း | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|---|
| ၁ | ၂ | ၃ | ၄ |
| | | **နိဒါန်း** | ၁ |
| ၁ | | **ကမ္ဘာ့စီးပွားရေးနှင့်ဒေသဆိုင်ရာစီးပွားရေး** | ၁ |
| | ၁-၁ | ကမ္ဘာ့စီးပွားရေးအခြေအနေ | ၁ |
| | ၁-၂ | ဒေသတွင်းနိုင်ငံများ၏စီးပွားရေးအခြေအနေ | ၂ |
| | ၁-၃ | မြန်မာ့စီးပွားရေးအခြေအနေ | ၅ |
| | **၁-၃-၁** | **လယ်ယာကဏ္ဍကြီး** | ၆ |
| | ၁-၃-၁-၁ | လယ်ယာကဏ္ဍ | ၆ |
| | ၁-၃-၁-၂ | သားငါးကဏ္ဍ | ၇ |
| | ၁-၃-၁-၃ | သစ်တောကဏ္ဍ | ၇ |
| | **၁-၃-၂** | **စက်မှုကဏ္ဍကြီး** | ၈ |
| | ၁-၃-၂-၁ | စွမ်းအင်ကဏ္ဍ | ၈ |
| | ၁-၃-၂-၂ | သတ္တုနှင့်တွင်းထွက်ပစ္စည်းကဏ္ဍ | ၈ |
| | ၁-၃-၂-၃ | စက်မှုလက်မှုကဏ္ဍ | ၉ |
| | ၁-၃-၂-၄ | လျှပ်စစ်ဓါတ်အားကဏ္ဍ | ၉ |
| | ၁-၃-၂-၅ | ဆောက်လုပ်မှုကဏ္ဍ | ၁၀ |
| | **၁-၃-၃** | **ဝန်ဆောင်မှုကဏ္ဍကြီး** | ၁၀ |
| | ၁-၃-၃-၁ | ပို့ဆောင်ရေးကဏ္ဍ | ၁၁ |
| | ၁-၃-၃-၂ | ဆက်သွယ်ရေးကဏ္ဍ | ၁၁ |
| | ၁-၃-၃-၃ | ငွေရေးကြေးရေးကဏ္ဍ | ၁၁ |
| | ၁-၃-၃-၄ | လူမှုရေးနှင့်စီမံခန့်ခွဲရေးကဏ္ဍ | ၁၂ |
| | ၁-၃-၃-၅ | ငှားရမ်းခနှင့်အခြားဝန်ဆောင်မှုကဏ္ဍ | ၁၂ |
| | ၁-၃-၃-၆ | ကုန်သွယ်ရေးကဏ္ဍ | ၁၂ |
| | ၁-၄ | ရင်းနှီးမြှုပ်နှံမှု | ၁၃ |
| | ၁-၅ | လူတစ်ဦးစီ၏စီးပွားရေးအခြေအနေ | ၁၅ |
| | ၁-၆ | ဒေသတွင်းပူးပေါင်းဆောင်ရွက်မှု | ၁၅ |

| အပိုင်း | အခန်း | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|---|
| ၁ | ၂ | ၃ | ၄ |
| ၂ | | **၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်း လျာထားချက်အပေါ်အကောင်အထည်ဖော်နိုင်မှုများ** | ၁၆ |
| | ၂-၁ | စားသုံးမှု၊ ရင်းနှီးမြှုပ်နှံမှု၊ ပြည်ပပို့ကုန်၊ပြည်ပသွင်းကုန်အခြေအနေများ | ၁၆ |
| | ၂-၁-၁ | ကဏ္ဍအလိုက်တိုးတက်မှု | ၁၇ |
| | ၂-၁-၂ | စီးပွားရေးအဆောက်အအုံပုံသဏ္ဍာန်ပြောင်းလဲမှု | ၁၈ |
| | ၂-၁-၃ | လူတစ်ဦးကျ ပြည်တွင်းအသားတင်ထုတ်လုပ်မှုနှင့်ဝန်ဆောင်မှုတန်ဖိုး | ၁၉ |
| | ၂-၁-၄ | ရင်းနှီးမြှုပ်နှံမှု | ၂၀ |
| | ၂-၁-၄-၁ | နိုင်ငံပိုင်အခန်းရင်းနှီးမြှုပ်နှံမှုအခြေအနေ | ၂၂ |
| | ၂-၁-၄-၂ | သမဝါယမအဖွဲ့အစည်းပိုင်အခန်းရင်းနှီးမြှုပ်နှံမှုအခြေအနေ | ၂၃ |
| | ၂-၁-၄-၃ | ပုဂ္ဂလိကပိုင်အခန်းရင်းနှီးမြှုပ်နှံမှုအခြေအနေ | ၂၃ |
| | ၂-၁-၅ | ဘဏ္ဍာရေးကဏ္ဍတိုးတက်မှု | ၂၄ |
| | ၂-၁-၅-၁ | အစိုးရ၏ရငွေနှင့်အသုံးစရိတ်များအခြေအနေ | ၂၄ |
| | ၂-၁-၅-၂ | နိုင်ငံခြားငွေအရ-အသုံး အခြေအနေ | ၂၅ |
| | ၂-၁-၆ | ပြည်ပကုန်သွယ်မှုအခြေအနေ | ၂၆ |
| ၃ | | **ကဏ္ဍဆိုင်ရာဖွံ့ဖြိုးမှုများ** | ၃၀ |
| | **၃-၁** | **လယ်ယာကဏ္ဍကြီး** | ၃၀ |
| | ၃-၁-၁ | လယ်ယာကဏ္ဍ | ၃၁ |
| | ၃-၁-၁-၁ | ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်အတွင်း လုပ်ငန်းဆောင်ရွက်ချက်များ | ၃၂ |
| | ၃-၁-၂ | သားငါးကဏ္ဍ | ၃၈ |
| | ၃-၁-၂-၁ | ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်အတွင်း လုပ်ငန်းဆောင်ရွက်ချက်များ | ၃၉ |
| | ၃-၁-၃ | သစ်တောကဏ္ဍ | ၄၃ |
| | ၃-၁-၃-၁ | ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်အတွင်း လုပ်ငန်းဆောင်ရွက်ချက်များ | ၄၄ |
| | **၃-၂** | **စက်မှုကဏ္ဍကြီး** | ၄၆ |
| | ၃-၂-၁ | စွမ်းအင်ကဏ္ဍ | ၄၇ |
| | ၃-၂-၁-၁ | ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်အတွင်း လုပ်ငန်းဆောင်ရွက်ချက်များ | ၄၈ |
| | ၃-၂-၂ | သတ္တုနှင့်တွင်းထွက်ပစ္စည်းကဏ္ဍ | ၄၉ |
| | ၃-၂-၂-၁ | ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်အတွင်း လုပ်ငန်းဆောင်ရွက်ချက်များ | ၅၀ |
| | ၃-၂-၃ | စက်မှုလက်မှုကဏ္ဍ | ၅၂ |
| | ၃-၂-၃-၁ | ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်အတွင်း လုပ်ငန်းဆောင်ရွက်ချက်များ | ၅၄ |

| အပိုင်း | အခန်း | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|---|
| ၁ | ၂ | ၃ | ၄ |
| | ၃-၂-၄ | လျှပ်စစ်ဓါတ်အားကဏ္ဍ | ၅၆ |
| | ၃-၂-၄-၁ | ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်အတွင်း လုပ်ငန်းဆောင်ရွက်ချက်များ | ၅၇ |
| | ၃-၂-၅ | ဆောက်လုပ်မှုကဏ္ဍ | ၅၉ |
| | ၃-၂-၅-၁ | ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်အတွင်း လုပ်ငန်းဆောင်ရွက်ချက်များ | ၆၀ |
| | **၃-၃** | **ဝန်ဆောင်မှုကဏ္ဍကြီး** | **၆၂** |
| | ၃-၃-၁ | ပို့ဆောင်ရေးကဏ္ဍ | ၆၂ |
| | ၃-၃-၁-၁ | ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်အတွင်း လုပ်ငန်းဆောင်ရွက်ချက်များ | ၆၄ |
| | ၃-၃-၂ | ဆက်သွယ်ရေးကဏ္ဍ | ၆၇ |
| | ၃-၃-၂-၁ | ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်အတွင်း လုပ်ငန်းဆောင်ရွက်ချက်များ | ၆၈ |
| | ၃-၃-၃ | ငွေရေးကြေးရေးကဏ္ဍ | ၇၁ |
| | ၃-၃-၃-၁ | ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်အတွင်း လုပ်ငန်းဆောင်ရွက်ချက်များ | ၇၂ |
| | ၃-၃-၄ | လူမှုရေးနှင့်စီမံခန့်ခွဲရေးကဏ္ဍ | ၇၃ |
| | ၃-၃-၅ | ငှားရမ်းခနှင့်အခြားဝန်ဆောင်မှုကဏ္ဍ | ၇၄ |
| | ၃-၃-၅-၁ | ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်အတွင်း လုပ်ငန်းဆောင်ရွက်ချက်များ | ၇၅ |
| | ၃-၃-၆ | ကုန်သွယ်ရေးကဏ္ဍ | ၇၆ |
| | ၃-၃-၆-၁ | ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်အတွင်း လုပ်ငန်းဆောင်ရွက်ချက်များ | ၇၇ |
| **၄** | | **ဒေသအလိုက်စီးပွားရေးအခြေအနေ** | **၇၉** |
| | ၄-၁ | ကချင်ပြည်နယ် | ၇၉ |
| | ၄-၂ | ကယားပြည်နယ် | ၇၉ |
| | ၄-၃ | ကရင်ပြည်နယ် | ၈၀ |
| | ၄-၄ | ချင်းပြည်နယ် | ၈၀ |
| | ၄-၅ | စစ်ကိုင်းတိုင်းဒေသကြီး | ၈၁ |
| | ၄-၆ | တနင်္သာရီတိုင်းဒေသကြီး | ၈၂ |
| | ၄-၇ | ပဲခူးတိုင်းဒေသကြီး | ၈၂ |
| | ၄-၈ | မကွေးတိုင်းဒေသကြီး | ၈၃ |
| | ၄-၉ | မန္တလေးတိုင်းဒေသကြီး | ၈၃ |
| | ၄-၁၀ | မွန်ပြည်နယ် | ၈၄ |
| | ၄-၁၁ | ရခိုင်ပြည်နယ် | ၈၅ |
| | ၄-၁၂ | ရန်ကုန်တိုင်းဒေသကြီး | ၈၅ |

| အပိုင်း | အခန်း | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|---|
| ၁ | ၂ | ၃ | ၄ |
| | ၄-၁၃ | ရှမ်းပြည်နယ် | ၈၆ |
| | ၄-၁၄ | ဧရာဝတီတိုင်းဒေသကြီး | ၈၆ |
| | ၄-၁၅ | နေပြည်တော်ကောင်စီ | ၈၇ |
| ၅ | | **လူမှုရေးဖွံ့ဖြိုးမှု** | **၈၉** |
| | ၅-၁ | ပညာရေးနှင့်လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးရေး | ၈၉ |
| | ၅-၁-၁ | အခြေခံပညာကဏ္ဍ | ၉၀ |
| | ၅-၁-၂ | အဆင့်မြင့်ပညာကဏ္ဍ | ၉၁ |
| | ၅-၁-၃ | ပညာရေးကဏ္ဍဖွံ့ဖြိုးမှုအတွက်အဟန့်အတားများ | ၉၆ |
| | ၅-၂ | ကျန်းမာရေး | ၉၈ |
| | ၅-၃ | အလုပ်အကိုင်ရရှိရေးနှင့်လူမှုဖူလုံရေး | ၁၀၂ |
| | ၅-၄ | နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေး | ၁၀၃ |
| | ၅-၅ | ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့်ဆင်းရဲနွမ်းပါးမှုလျော့ကျရေး | ၁၀၇ |
| ၆ | | **ပုဂ္ဂလိက ကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှု** | **၁၁၁** |
| | ၆-၁ | လယ်ယာကဏ္ဍ | ၁၁၁ |
| | ၆-၂ | သားငါးကဏ္ဍ | ၁၁၃ |
| | ၆-၃ | သစ်တောကဏ္ဍ | ၁၁၄ |
| | ၆-၄ | စွမ်းအင်ကဏ္ဍ | ၁၁၅ |
| | ၆-၅ | သတ္တုနှင့်တွင်းထွက်ပစ္စည်းကဏ္ဍ | ၁၁၆ |
| | ၆-၆ | စက်မှုလက်မှုကဏ္ဍ | ၁၁၇ |
| | ၆-၇ | လျှပ်စစ်ဓါတ်အားကဏ္ဍ | ၁၁၈ |
| | ၆-၈ | ဆောက်လုပ်မှုကဏ္ဍ | ၁၁၉ |
| | ၆-၉ | ပို့ဆောင်ရေးကဏ္ဍ | ၁၁၉ |
| | ၆-၁၀ | ဆက်သွယ်ရေးကဏ္ဍ | ၁၂၀ |
| | ၆-၁၁ | ငွေရေးကြေးရေးကဏ္ဍ | ၁၂၁ |
| | ၆-၁၂ | လူမှုရေးနှင့်စီမံခန့်ခွဲရေးကဏ္ဍ | ၁၂၁ |
| | ၆-၁၃ | ငှားရမ်းခနှင့်အခြားဝန်ဆောင်မှုကဏ္ဍ | ၁၂၂ |
| | ၆-၁၄ | ကုန်သွယ်ရေးကဏ္ဍ | ၁၂၃ |

| အပိုင်း | အခန်း | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|---|
| ၁ | ၂ | ၃ | ၄ |
| ၇ | | **လုပ်ငန်းစီမံကိန်းများအကောင်အထည်ဖေါ်ဆောင်ရွက်မှု အခြေအနေ** | ၁၂၄ |
| | ၇-၁ | နိုင်ငံတော်မှဆောင်ရွက်သည့်လုပ်ငန်းစီမံကိန်းများ | ၁၂၄ |
| | ၇-၁-၁ | လယ်ယာကဏ္ဍ | ၁၂၄ |
| | ၇-၁-၂ | သစ်တောကဏ္ဍ | ၁၂၆ |
| | ၇-၁-၃ | စက်မှုလက်မှုကဏ္ဍ | ၁၂၆ |
| | ၇-၁-၄ | လျှပ်စစ်ဓါတ်အားကဏ္ဍ | ၁၂၇ |
| | ၇-၁-၅ | ဆောက်လုပ်မှုကဏ္ဍ | ၁၂၈ |
| | ၇-၁-၆ | ပို့ဆောင်ရေးကဏ္ဍ | ၁၂၉ |
| | ၇-၁-၇ | ဆက်သွယ်ရေးကဏ္ဍ | ၁၃၀ |
| | ၇-၂ | အထူးစီမံကိန်းလုပ်ငန်းများအကောင်အထည်ဖေါ်မှုအခြေအနေ | ၁၃၀ |
| | ၇-၂-၁ | လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန | ၁၃၀ |
| | ၇-၂-၂ | ဆောက်လုပ်ရေးဝန်ကြီးဌာန | ၁၃၁ |
| | ၇-၂-၃ | ရထားပို့ဆောင်ရေးဝန်ကြီးဌာန | ၁၃၂ |
| | ၇-၃ | ရင်းနှီးမြှုပ်နှံမှုဥပဒေဖြင့်ဆောင်ရွက်သည့်လုပ်ငန်းစီမံကိန်းများ | ၁၃၃ |
| | ၇-၃-၁ | လယ်ယာကဏ္ဍ | ၁၃၃ |
| | ၇-၃-၂ | သားငါးကဏ္ဍ | ၁၃၃ |
| | ၇-၃-၃ | သတ္တုကဏ္ဍ | ၁၃၄ |
| | ၇-၃-၄ | စွမ်းအင်ကဏ္ဍ | ၁၃၄ |
| | ၇-၃-၅ | စက်မှုလက်မှုကဏ္ဍ | ၁၃၄ |
| | ၇-၃-၆ | လျှပ်စစ်ကဏ္ဍ | ၁၃၄ |
| | ၇-၃-၇ | ဆောက်လုပ်မှုကဏ္ဍ | ၁၃၅ |
| | ၇-၃-၈ | ပို့ဆောင်ရေးကဏ္ဍ | ၁၃၅ |
| | ၇-၃-၉ | ဟိုတယ်ခရီးဝန်ဆောင်မှုကဏ္ဍ | ၁၃၅ |
| ၈ | | **လူမှုစီးပွားရေးတိုးတက်မှုအခြေအနေ** | ၁၃၇ |

| အပိုင်း | အခန်း | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|---|
| ၁ | ၂ | ၃ | ၄ |
| | | **ဇယားများ** | |
| | ၁ | တစ်မျိုးသားလုံး၏ပြည်တွင်းအသားတင်ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးဇယားများ(ဇယား ၁-၃) | ၁၃၉ |
| | ၂ | ရင်းနှီးမြှုပ်နှံမှုဇယားများ(ဇယား ၄-၇) | ၁၄၂ |
| | ၃ | ဘဏ္ဍာရေးကဏ္ဍတိုးတက်မှုအခြေအနေဇယားများ(ဇယား ၈-၉) | ၁၄၆ |
| | ၄ | ပြည်ပကုန်သွယ်မှုအခြေအနေဇယားများ(ဇယား ၁၀-၁၆) | ၁၄၉ |
| | ၅ | လယ်ယာကဏ္ဍဇယားများ(ဇယား ၁၇-၃၄) | ၁၅၈ |
| | ၆ | သားငါးကဏ္ဍဇယားများ(ဇယား ၃၅-၄၃) | ၁၈၅ |
| | ၇ | သစ်တောကဏ္ဍဇယားများ(ဇယား ၄၄-၅၃) | ၁၉၄ |
| | ၈ | စွမ်းအင်ကဏ္ဍဇယားများ (ဇယား ၅၄-၅၅) | ၂၀၆ |
| | ၉ | သတ္တုနှင့်တွင်းထွက်ပစ္စည်းကဏ္ဍဇယားများ(ဇယား ၅၆-၅၇) | ၂၀၈ |
| | ၁၀ | စက်မှုလက်မှုကဏ္ဍဇယားများ(ဇယား ၅၈-၆၂) | ၂၁၁ |
| | ၁၁ | လျှပ်စစ်ဓါတ်အားကဏ္ဍဇယားများ(ဇယား ၆၃-၇၀) | ၂၁၇ |
| | ၁၂ | ဆောက်လုပ်မှုကဏ္ဍဇယားများ(ဇယား ၇၁-၇၃) | ၂၂၅ |
| | ၁၃ | ပို့ဆောင်ရေးကဏ္ဍဇယားများ(ဇယား ၇၄-၇၉) | ၂၂၈ |
| | ၁၄ | ဆက်သွယ်ရေးကဏ္ဍဇယားများ (ဇယား ၈၀-၈၁) | ၂၃၆ |
| | ၁၅ | ငှားရမ်းခနှင့်အခြားဝန်ဆောင်မှုကဏ္ဍဇယားများ(ဇယား ၈၂-၈၃) | ၂၃၈ |
| | ၁၆ | ကုန်သွယ်ရေးကဏ္ဍဇယားများ(ဇယား ၈၄-၉၀) | ၂၄၀ |
| | ၁၇ | ဒေသအလိုက်စီးပွားရေးအခြေအနေဇယားများ(ဇယား ၉၁-၉၆) | ၂၄၇ |
| | ၁၈ | လူမှုရေးဖွံ့ဖြိုးမှုဇယားများ(ဇယား ၉၇-၁၁၀) | ၂၅၃ |
| | ၁၉ | လုပ်ငန်းစီမံကိန်းများအကောင်အထည်ဖော်ဆောင်ရွက်မှုအခြေအနေဇယားများ(ဇယား ၁၁၁-၁၁၃) | ၂၇၄ |
| | ၂၀ | လူမှုစီးပွားရေးတိုးတက်မှုအခြေအနေဇယားများ(ဇယား ၁၁၄-၁၂၆) | ၂၇၇ |

## ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်အတွက်
## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## ၏
## ဘဏ္ဍာရေး၊ စီးပွားရေး၊ လူမှုရေး အခြေအနေများ တင်ပြချက်
## အစီရင်ခံစာ

### အပိုင်း (၁)
### နိဒါန်း

**၁။ ကမ္ဘာ့စီးပွားရေးနှင့် ဒေသဆိုင်ရာ စီးပွားရေး**

**၁-၁။ ကမ္ဘာ့စီးပွားရေးအခြေအနေ**

၁။ ၂၀၀၈ ခုနှစ်နှောင်းပိုင်း အမေရိကန် စီးပွားရေးကျဆင်းမှုများမှ စတင်ခဲ့ သော ကမ္ဘာ့စီးပွားရေးကျဆင်းမှုသည် ၁၉၃၀ ကမ္ဘာ့စီးပွားရေးကျဆင်းမှုနောက်ပိုင်း အပြင်းထန်ဆုံး ဖြစ်သော ကမ္ဘာလုံးဆိုင်ရာ စီးပွားရေးကျဆင်းမှုဖြစ်ခဲ့ရာ ၂၀၁၁ ခုနှစ် အထိ ကမ္ဘာ့စီးပွားရေး တိုးတက်မှုသည် ဆက်လက် နှေးကွေးနေဆဲဖြစ်သည်။ ယင်းအခြေအနေကြောင့် တစ်ကမ္ဘာလုံးတွင် အလုပ်လက်မဲ့များ တိုးပွားလာခဲ့သလို ဆင်းရဲနွမ်းပါးမှုများလည်း တိုးတက်လာခဲ့သည်။ ကမ္ဘာ့စား နပ်ရိက္ခာအဖွဲ့၏ ထုတ်ပြန်ချက်အရ ၂၀၀၉ ခုနှစ်တွင် ဆင်းရဲနွမ်းပါးမှုအခြေအနေသို့ ရောက်ရှိနေသည့် လူဦးရေမှာ သန်းတစ်ထောင် ကျော်အထိ ရှိနေခဲ့သည်။ ဘဏ္ဍာရေး အကျပ် အတည်းသည် ဖွံ့ဖြိုးဆဲနိုင်ငံများမှ အစမပျိုးခဲ့သော်လည်း ယင်းနိုင်ငံများသည် နိုင်ငံတကာနှင့် ထိတွေ့ဆက်ဆံမှုများရှိရသောကြောင့် အဆိုပါနိုင်ငံများတွင် ကုန်သွယ်ရေးကျဆင်းမှုများ၊ ကုန်စည် ဈေးနှုန်းကျဆင်းမှုများ ဖြစ်လာသကဲ့သို့ အရင်းအနှီးစီးဝင်မှုများ၊ နိုင်ငံရပ်ခြားမှ ပြန်ပို့ငွေများ၊ ထောက်ပံ့ငွေများ ကျဆင်းခဲ့ရသည်။ ထို့ကြောင့် ဖွံ့ဖြိုးပြီးနိုင်ငံများသာမက ဖွံ့ဖြိုးဆဲနိုင်ငံများ၏ အစိုးရများအတွက် စွမ်းရည်ကျဆင်းမှုများနှင့် မေခရိုစီးပွားရေးတည်ငြိမ်မှု၊ လူမှုရေးအကာအကွယ် ပေးနိုင်မှု နှင့် အုပ်ချုပ်ရေးစနစ်များလည်း ထိခိုက်ဆုံးရှုံးမှုများ နှင့် ကြုံတွေ့ခဲ့ရသည်။ ထို့ကြောင့် နိုင်ငံတကာမှ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး အဖွဲ့အစည်း အသီးသီးနှင့် ကမ္ဘာ့ခေါင်း ဆောင်များက ကမ္ဘာ့စီးပွားရေး ပြန်လည်တည်ငြိမ်လာရေးအတွက် လုပ်ဆောင်ရမည့် လုပ်ငန်း ဆောင်ရွက် ချက်မှန်သမျှ ပူးပေါင်းညှိနှိုင်း ဆောင်ရွက်ခဲ့ကြသဖြင့် ၂၀၁၀ ခုနှစ်တွင် ကမ္ဘာ့စီးပွားရေး တိုးတက်မှု မှာ ၄.၁ ရာခိုင်နှုန်း အထိရှိခဲ့ပါသည်။ သို့သော်လည်း ဂရိအပါအဝင် ယူရိုဒေသ ငွေကြေးပြဿနာ၊ အလုပ်လက်မဲ့ ပြဿနာများကြောင့် ၂၀၁၁ ခုနှစ်တွင် ၂.၇ ရာခိုင်နှုန်းသာ ရရှိခဲ့ပါသည်။ ထို့အပြင် ရာသီဥတု ပြောင်းလဲမှု၊ ရေကြီးမှု၊ ငလျင်လှုပ်မှုတို့ကဲ့သို့ သဘာဝ ပတ်ဝန်းကျင်ဆိုင်ရာစိန်ခေါ်မှုများ

နှင့် အရှေ့အလယ်ပိုင်းနိုင်ငံအချို့တွင် နိုင်ငံရေး မတည်ငြိမ်မှုများကြောင့် ကမ္ဘာ့စီးပွားရေး အခြေအနေ မှာ စိန်ခေါ်မှုများ ဆက်လက် ရှိနေဆဲ ဖြစ်သည်။

၂။ ဖွံ့ဖြိုးပြီးနိုင်ငံများ၏ စီးပွားရေးတိုးတက်မှုမှာ ၂၀၁၀ ခုနှစ်တွင် ၃.၀ ရာခိုင်နှုန်း မှ ၂၀၁၁ ခုနှစ်တွင် ၁.၆ ရာခိုင်နှုန်းသို့ကျဆင်းခဲ့ပြီး၊ ၂၀၁၂ ခုနှစ်တွင် ၁.၄ သာရှိမည်ဟု ကမ္ဘာ့ဘဏ်က ခန့်မှန်းထားပါသည်။ ဖွံ့ဖြိုးပြီးနိုင်ငံများတွင် အထူးသဖြင့် ယူရိုဒေသ၌ ဘဏ္ဍာရေးနှင့် အလုပ်လက်မဲ့ပြဿနာ၊ စီးပွားရေးကျဆင်းမှု၏ ဆိုးကျိုးများကို ဆက်လက်ဖြေရှင်း နေရဦးမည်ဖြစ်ပြီး၊ ဖြစ်ပေါ်နေသော ကြွေးမြီပြဿနာကို ဖြေရှင်းနိုင်သည့်တိုင် စီးပွားရေးတိုးတက်မှု အခြေအနေမှာ တန့်နေဦးမည်ဖြစ်သည်။ အမေရိကန်ပြည်ထောင်စုနှင့် ဂျပန်နိုင်ငံများတွင်လည်း စီးပွားရေးတိုးတက်မှု အလားအလာမှာ မှေးမှိန်လျက်ပင် ရှိနေဦးမည်ဖြစ်သည်။

၃။ ဖွံ့ဖြိုးဆဲနိုင်ငံများ၏ စီးပွားရေးတိုးတက်မှုမှာ ၂၀၁၀ ခုနှစ်တွင် ၇.၄ ရာခိုင်နှုန်း၊ ၂၀၁၁ ခုနှစ်တွင် ၆.၁ ရာခိုင်နှုန်း အသီးသီးရှိခဲ့ပြီး၊ ၂၀၁၂ ခုနှစ်တွင် ၅.၃ ရာခိုင်နှုန်းသာရှိမည်ဟု ခန့်မှန်းခဲ့ပါသည်။ ဖွံ့ဖြိုးဆဲနိုင်ငံများအနေဖြင့် ရင်ဆိုင်ဖြေရှင်းရဦးမည့် ပြဿနာများအဖြစ် လုပ်ငန်းများ၊ အိမ်ထောင်စုများနှင့် စီးပွားရေးအဖွဲ့အစည်းများက လိုအပ်လျက်ရှိသော ချေးငွေများ ပုံမှန်ပြန်လည်ရရှိရေး နှင့် ရင်းနှီးမြှုပ်နှံမှုတိုးတက်ရေး၊ အလုပ်လက်မဲ့များမြင့်မားနေမှု နှင့် အစိုးရကြွေးမြီမြင့်တက်နေမှု၊ ဘဏ်များနှင့် ဘဏ္ဍာရေးအဖွဲ့အစည်းများ၏ ကြွေးမြီပြဿနာများ ဖြစ်ပေ သည်။

## ၁-၂။ ဒေသတွင်းနိုင်ငံများ၏ စီးပွားရေးအခြေအနေ

၄။ အရှေ့တောင်အာရှနိုင်ငံများ၏ စီးပွားရေးအခြေအနေသည် ၂၀၀၉ ခုနှစ်နောက်ပိုင်းတွင် အခြားဒေသများမှ ဝယ်လိုအား အခြေအနေများကြောင့် တိုးတက်မှုများရှိခဲ့သည်။ ပို့ကုန်တင်ပို့နိုင်မှုသည် ၂၀၁၀ ခုနှစ်နှစ်လယ်ပိုင်း၌ပင် ပြန်လည်တိုးတက်လာခဲ့သည်။ ဒေသတွင်းသို့ နိုင်ငံခြား တိုက်ရိုက် ရင်းနှီးမြှုပ်နှံမှုများ နှင့် အရင်းအနှီးစီးဝင်မှုများမှာ ပြန်လည်မြင့်တက်လာ ခဲ့သည်။ အရင်းအနှီး စီးဝင်မှုများကြောင့် ဒေသတွင်းနိုင်ငံများ၏ ငွေကြေးတန်ဖိုးများမှာ အမေရိကန်ဒေါ်လာနှင့် နှိုင်းယှဉ်လျှင် တန်ဖိုးတက်လာခဲ့သည်။ ထို့အပြင် အာဆီယံနိုင်ငံများ အနေဖြင့် ငွေကြေးဖောင်းပွမှုပြဿနာကိုလည်း ဖြေရှင်းရဦးမည်ဖြစ်သည်။

၅။ အာဆီယံနိုင်ငံများအနေဖြင့် ၂၀၁၀ခုနှစ်အတွင်း လုပ်ခဈေးနှုန်းမြင့်မားလာမှု နှင့် ဒေသတွင်း ဝယ်လိုအား မြင့်မားလာမှုများကြောင့် လည်းကောင်း၊ ပို့ကုန်တင်ပို့နိုင်မှု မြင့်မားလာခြင်းများကြောင့်

လည်းကောင်း အာဆီယံဒေသ၏ စီးပွားရေး ပြန်လည် ဦးမော့လာခဲ့သော်လည်း ၂၀၁၁ ခုနှစ်တွင် စီးပွားရေးကျဆင်းမှုများနှင့် ကြုံတွေ့ခဲ့ရသည်။

၆။ ဘရူနိုင်းနိုင်ငံ၏ စီးပွားရေးတိုးတက်မှုနှုန်းမှာ ၂၀၁၀ ခုနှစ်တွင် ၂.၆ ရာခိုင်နှုန်းရှိခဲ့ရာမှ ၂၀၁၁ ခုနှစ်တွင် ၂.၂ ရာခိုင်နှုန်းသို့ ကျဆင်းခဲ့ပါသည်။ သို့သော်လည်း ဘရူနိုင်းနိုင်ငံအနေဖြင့် သဘာဝဓါတ်ငွေ့နှင့် ရေနံမှ ဝင်ငွေမြင့်တက်လာမှု၊ သဘာဝအခြေခံ ခရီးသွားလုပ်ငန်းများ ဆက်လက်ဖွံ့ဖြိုးလာမှု များကြောင့် ၂၀၁၂ ခုနှစ်များ၏ စီးပွားရေး အခြေအနေမှာ တိုးတက်လာမည်ဟုခန့်မှန်း ထားပါသည်။

၇။ ကမ္ဘောဒီးယားနိုင်ငံအနေဖြင့် ပို့ကုန်နှင့် ခရီးသွားလုပ်ငန်းမှ ဝင်ငွေတိုးမြင့်မှု၊ လယ်ယာထုတ်ကုန်များ တိုးတက်လာမှုတို့ကြောင့် ၂၀၁၀ ခုနှစ်မှ စတင်၍ စီးပွားရေး ပြန်လည်ကောင်းမွန်လာခဲ့ပါသည်။ စီးပွားရေးတိုးတက်မှုနှုန်းမှာ ၂၀၁၀ ခုနှစ်တွင် ၆.၀ ရာခိုင်နှုန်းရှိခဲ့ရာမှ ၂၀၁၁ ခုနှစ်တွင် ၇.၁ ရာခိုင်နှုန်းသို့ တိုးတက်ခဲ့ပါသည်။

၈။ အင်ဒိုနီးရှားနိုင်ငံအတွက် နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု နှင့် ပြည်တွင်းစားသုံးမှုသည် စီးပွားရေးတိုးတက်မှု၏ အဓိကအင်အားဖြစ်သည်။ ကုန်သွယ်ရေးတွင် ပိုငွေပြနေသော်လည်း နိုင်ငံ၏ ငွေကြေးတန်ဖိုးအားကောင်းနေမှုကြောင့် နိုင်ငံတကာဝယ်လိုအားကို ထိခိုက်လျှက်ရှိသည်။ ငွေကြေးဖေါင်းပွမှုအခြေအနေက ပြည်တွင်း ဝယ်လိုအားကို ပြန်လည်မြင့်တက်စေပြီး၊ ကမ္ဘာ့ဈေးကွက်တွင် အင်ဒိုနီးရှားကုန်စည်များ ဈေးနှုန်းကြီးမြင့်မှုကို ဖြစ်ပေါ်စေမည်ဟု ကမ္ဘာ့ဘဏ်က ခန့်မှန်းထားသည်။ စီးပွားရေး တိုးတက်မှုနှုန်းမှာ ၂၀၁၀ ခုနှစ်တွင် ၆.၂ ရာခိုင်နှုန်း ရှိခဲ့ရာမှ ၂၀၁၁ ခုနှစ်တွင် ၆.၅ ရာခိုင်နှုန်းသို့ တိုးတက်ခဲ့ပါသည်။

၉။ လာအိုနိုင်ငံ၏ အဓိကစီးပွားရေးမောင်းနှင်အားမှာ သယံဇာတအရင်းအမြစ်များအပေါ် အခြေခံသည့် စီးပွားရေးပုံသဏ္ဍာန် အဖြစ် တည်ရှိနေဆဲ ဖြစ်သည်။ ပြည်ပကြွေးမြီများ အပေါ် စီမံခန့်ခွဲမှု၊ ဝင်ရောက်လာသည့် နိုင်ငံခြားအရင်းအနှီးများအပေါ်စီမံခန့်ခွဲမှု၊ ပုဂ္ဂလိကကဏ္ဍ အတွက် စီးပွားရေးအခြေခံကောင်းများ တိုးတက်လာရေး နှင့် ဘဏ္ဍာရေး၊ ငွေရေးကြေးရေးကဏ္ဍများတိုးတက်ကောင်းမွန်လာရေး စသည်တို့သည် လာအိုနိုင်ငံ၏ ဖြေရှင်းဆောင်ရွက်ရဦးမည့် အရေးကိစ္စရပ်များဖြစ်သည်။ စီးပွားရေးတိုးတက်မှုနှုန်းမှာ ၂၀၁၀ ခုနှစ်တွင် ၈.၁ ရာခိုင်နှုန်းရှိခဲ့သည်။

၁၀။ မလေးရှားနိုင်ငံ၏ ငွေပေးငွေယူရှင်းတမ်းတွင် ပိုငွေပြလျှက်ရှိသည်။ ပုဂ္ဂလိကစားသုံးမှု နှင့် ရင်းနှီးမြှုပ်နှံမှုများက စီးပွားရေးကို အကျိုးဖြစ်ထွန်းစေလျှက်ရှိပြီး၊ ပို့ကုန်တင်ပို့နိုင်မှုက စီးပွားရေး

ပြန်လည် ကောင်းမွန်လာခြင်း၏ အခြေခံလည်း ဖြစ်သည်။ စီးပွားရေး တိုးတက်မှုနှုန်းမှာ ၂၀၁၀ ခုနှစ် တွင် ၇.၂ ရာခိုင်နှုန်းရှိခဲ့ရာမှ ၂၀၁၁ ခုနှစ်တွင် ၅.၁ ရာခိုင်နှုန်းသို့ ကျဆင်းခဲ့ပါသည်။

၁၁။ ဖိလစ်ပိုင်နိုင်ငံ၏ စီးပွားရေးတိုးတက်မှုများတွင် အဓိက ပါဝင်အားဖြည့်ပေးလျှက်ရှိသည့် ကဏ္ဍမှာ ပုဂ္ဂလိက ကဏ္ဍပင် ဖြစ်သည်။ ၂၀၁၁ ခုနှစ် အတွင်း ကမ္ဘာ့ကုန်သွယ်မှု အခြေအနေမှာ ကျဆင်းသွားခဲ့သော်လည်း ကုန်စည်တင်ပို့နိုင်မှုမှာ နိုင်ငံတိုးတက်မှု၏ အရေးပါသည့် အစိတ်အပိုင်း အဖြစ် နေရာယူဆဲ ဖြစ်သည်။ သို့သော်လည်း စီးပွားရေး တိုးတက်မှုနှုန်းမှာ ၂၀၁၀ ခုနှစ်တွင် ၇.၆ ရာခိုင်နှုန်းရှိခဲ့ရာမှ ၂၀၁၁ ခုနှစ်တွင် ၃.၉ ရာခိုင်နှုန်းသို့ ကျဆင်းခဲ့ပါသည်။

၁၂။ စင်္ကာပူနိုင်ငံ၏ စီးပွားရေးမှာ ၂၀၁၀ ခုနှစ်တွင် ၁၄.၈ ရာခိုင်နှုန်းအထိ ရှိခဲ့သည်။ နိုင်ငံ၏ စီးပွားရေးကို အဓိက မောင်းနှင်ပေးနေသည့် ကဏ္ဍမှာ ကုန်ထုတ်လုပ်မှုကဏ္ဍဖြစ်ပြီး၊ အပန်း ဖြေစခန်းကြီး နှစ်ခုကိုဖွင့်လှစ်ပြီးသည့်နောက် ခရီးသွားလုပ်ငန်းမှာ ပိုမိုတိုးတက်လာခဲ့သည်။ သို့သော်လည်း ၂၀၁၁ ခုနှစ်တွင် စီးပွားရေးတိုးတက်မှုမှာ ၄.၉ ရာခိုင်နှုန်းသာရှိခဲ့ပြီး၊ ၂၀၁၂ ခုနှစ် တွင် ၅ ရာခိုင်နှုန်း ရှိမည်ဟု ခန့်မှန်းထားသည်။

၁၃။ ထိုင်းနိုင်ငံ၏ စီးပွားရေးတိုးတက်မှုမှာ ၂၀၁၀ ခုနှစ်တွင် ၇.၅ ရာခိုင်နှုန်းရှိပြီး၊ ပို့ကုန် တင်ပို့မှုမှာ အဓိက မောင်းနှင်အားဖြစ်သည်။ ကုန်သွယ်ဖက်နိုင်ငံများ၏ စီးပွားရေးနှေးကွေး မှုကြောင့် ၂၀၁၁ ခုနှစ်တွင် စီးပွားရေး တိုးတက်မှု ၀.၁ ရာခိုင်နှုန်းသာ ရှိခဲ့ပြီး၊ ၂၀၁၂ ခုနှစ် တွင် ၄.၅ ရာခိုင်နှုန်းသို့ တိုးတက်လာမည်ဟု ခန့်မှန်းထားသည်။

၁၄။ ဗီယက်နမ်နိုင်ငံ စီးပွားရေး တိုးတက်မှု၏ အဓိက မောင်းနှင်အားမှာ ကမ္ဘာ့ကုန်သွယ်မှုတွင် ပါ ဝင်လာနိုင်ခြင်းကြောင့်ဖြစ်သည်။ နိုင်ငံ၏ ပထဝီအနေအထား၊ နိုင်ငံရေးတည်ငြိမ်မှု၊ လူ့စွမ်းအား အရင်းအမြစ်ဖွံ့ဖြိုးမှုများကြောင့် စီးပွားရေးဆက်လက်တိုးတက်မည်ဟု ခန့်မှန်းထားသည်။ အစိုးရ ကလည်း နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုတိုးတက်ရေး နှင့် စီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးရေးအတွက် လိုအပ်သည့် ဆောင်မှုများဖြင့် ဆက်လက်ကြိုးပမ်းလျှက်ရှိသည်။ ဗီယက်နမ်နိုင်ငံ၏ စီးပွားရေး တိုးတက်မှုမှာ ၂၀၁၀ ခုနှစ်တွင် ၆.၈ ရာခိုင်နှုန်းရှိခဲ့ပြီး၊ ၂၀၁၁ ခုနှစ်တွင် ၅.၉ ရာခိုင်နှုန်းသို့ ကျဆင်း ခဲ့ပါသည်။

၁၅။ ဒေသတစ်ခုလုံးကိုခြုံကြည့်လျှင် အင်ဒိုနီးရှားနှင့် ကမ္ဘောဒီးယားနိုင်ငံများမှလွဲ၍ ကျန်နိုင်ငံ များ၏ စီးပွားရေးတိုးတက်မှုမှာ ၂၀၁၀ ခုနှစ်နှင့် နှိုင်းယှဉ်လျှင် ကျဆင်းသွားခဲ့ပြီး၊ ယင်းမှာ ကမ္ဘာ့နိုင်ငံများ အထူးသဖြင့် ယူရိုဒေသတွင်း နိုင်ငံများ၏ ဘဏ္ဍာရေး၊ အလုပ်လက်မဲ့ပြဿနာ နှင့်

အထွေထွေစီးပွားရေး ကျဆင်းမှုများ၊ အရှေ့အလယ်ပိုင်းနိုင်ငံအချို့တွင် နိုင်ငံရေး မတည်ငြိမ်မှုများကြောင့် ဖြစ်ပါသည်။

**၁-၃။ မြန်မာ့ စီးပွားရေးအခြေအနေ**

၁၆။ ပြည်ထောင်စုအစိုးရ စတင်တာဝန်ယူသည့် ပထမနှစ်တွင်နိုင်ငံရေး ပြုပြင်ပြောင်းလဲမှုများ၊ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး လုပ်ငန်းများကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်ခဲ့ပြီး အမျိုးသားစီမံကိန်း ရေးဆွဲရာမှ အမျိုးသားဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းရေးဆွဲရေးအတွက် ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းများ၊ စက်မှုဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း၊ ရင်းနှီးမြှုပ်နှံမှု ဖွံ့ဖြိုးရေးစီမံကိန်း၊ ငွေရေးကြေးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်း၊ ကျေးလက်ဒေသ ဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေး စီမံကိန်းနှင့် ဒေသန္တရစီမံကိန်းများ ရေးဆွဲနိုင်ရေး အတွက်လုပ်ငန်းစဉ်များ ချမှတ်ဆောင်ရွက်ခဲ့ပါသည်။ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနနှင့် ကမ္ဘာ့ကုလသမဂ္ဂ ဖွံ့ဖြိုးမှု အစီအစဉ်(UNDP)တို့ ပူးပေါင်းဆောင်ရွက်ခဲ့သည့် အိမ်ထောင်စုများ၏ စားဝတ်နေရေးအခြေအနေ ဘက်စုံလေ့လာမှု စစ်တမ်း ရလဒ်အရ ဆင်းရဲနွမ်းပါးမှု အခြေအနေမှာ ၂၀၀၅ ခုနှစ် တွင် ၃၂.၁ ရာခိုင်နှုန်း ရှိရာမှ ၂၀၁၀ ခုနှစ် တွင် ၂၅.၆ ရာခိုင်နှုန်းသို့ လျော့ကျခဲ့ပါသည်။ ထောင်စုနှစ်ဖွံ့ဖြိုးမှု ပန်းတိုင်ဆိုင်ရာ ရည်မှန်းချက်များ(MDGs)အရ ၂၀၁၅ ခုနှစ်တွင် ဆင်းရဲမှုညွှန်ကိန်းကို ထက်ဝက် လျှော့ချနိုင်ရေး အတွက် လူဦးရေ၏ ၇၀ ရာခိုင်နှုန်း ခန့်နေထိုင်သည့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှု လျှော့ချရေးကို အလေးထားဆောင်ရွက်ခဲ့ပါသည်။ ကျေးလက်နေ ပြည်သူများ၏ ဝင်ငွေ တိုးတက်ရရှိရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးအတွက် ဗဟိုကော်မတီ၊ လုပ်ငန်းကော်မတီ၊ တိုင်းဒေသကြီး/ ပြည်နယ် အထောက်အကူပြု ကော်မတီများဖွဲ့စည်း၍ လုပ်ငန်းစဉ်(၈)ရပ်ကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။

၁၇။ နိုင်ငံတော်တွင် ပဉ္စမ ကာလတို ငါးနှစ် အမျိုးသားစီမံကိန်း(၂၀၁၁-၂၀၁၂မှ၂၀၁၅-၂၀၁၆) ကို ယခင် အစိုးရလက်ထက်တွင် ရေးဆွဲခဲ့ပြီး ပထမနှစ်ဖြစ်သော ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ် နှစ်စဉ် စီမံကိန်းကို နှစ်ဝက်ခန့် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပါသည်။ ယခု အစိုးရသစ်မှ စိုက်ပျိုးရေး ကဏ္ဍကို ပိုမိုတိုးတက်အောင် ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံ ထူထောင်ရေးနှင့် ကဏ္ဍစုံဘက်စုံ ဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး၊ တိုင်းဒေသကြီးများနှင့် ပြည်နယ်များ အချိုးကျမျှတစွာ ဖွံ့ဖြိုး တိုးတက်ရေး၊ စာရင်းဇယား ကိန်းဂဏန်းများ တိကျမှန်ကန်ရေး၊ ဆင်းရဲချမ်းသာ ကွာဟမှု လျော့နည်း ကျဆင်းရေး၊ ပြည်သူများ၏ လူနေမှုဘဝအဆင့်အတန်း မြင့်မားတိုးတက်ရေး၊ သန့်ရှင်း

သော အစိုးရနှင့် ကောင်းမွန်သော အုပ်ချုပ်မှုစနစ်ဖြစ်ပေါ်ရေးစသည့် လူမှုစီးပွားရေး၊ နိုင်ငံရေးနှင့် အုပ်ချုပ်ရေး မူဝါဒများနှင့်အညီ ပဥ္စမကာလတိုင်းနှစ် အမျိုးသားစီမံကိန်း၏ ပထမနှစ် ဖြစ်သော ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းကို ပြန်လည်ရေးဆွဲပြီး ပထမအကြိမ် ပြည်ထောင်စု လွှတ်တော် တတိယပုံမှန် အစည်းအဝေးသို့ တင်ပြရာ ပြည်ထောင်စုလွှတ်တော်မှ မှတ်တမ်းတင် ခဲ့ပါသည်။

၁၈။ ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းရည်မှန်းချက်တွင် ၂၀၁၀-၂၀၁၁ ဘဏ္ဍာနှစ် ပုံမှန်ဈေးနှုန်းများဖြင့် တွက်ချက်ထားသော တစ်မျိုးသားလုံး၏ ပြည်တွင်းအသားတင် ထုတ်လုပ်မှု တန်ဖိုးနှင့် ဝန်ဆောင်မှုတန်ဖိုးကို ကျပ် ၄၂,၉၂၃,၇၉၃ သန်း ရရှိရန်နှင့် ၆.၀ ရာခိုင်နှုန်း တိုးတက်ရန် ရည်မှန်းခဲ့ရာ မတ်လကုန် စာရင်းများအရ ကျပ် ၄၂,၂၂၈,၅၀၄ သန်း ရရှိသဖြင့် စီမံကိန်း ရည်မှန်းချက်အပေါ် ၉၈.၄ ရာခိုင်နှုန်း အကောင်အထည်ဖော်နိုင်ခဲ့ပါသည်။၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ် မတ်လကုန် စာရင်းအရ တစ်မျိုးသားလုံး၏ စီးပွားရေးသည် ၂၀၁၀-၂၀၁၁ ဘဏ္ဍာနှစ် ရှေ့ပြေး အမှန်စာရင်းများ နှင့် နှိုင်းယှဉ်ပါက ၅.၉ ရာခိုင်နှုန်း တိုးတက်ခဲ့ပါသည်။

## ၁-၃-၁။ လယ်ယာကဏ္ဍကြီး

၁၉။ ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းတွင် ၂၀၁၀-၂၀၁၁ ဘဏ္ဍာနှစ် ပုံမှန် ဈေးနှုန်း များအရ လယ်ယာကဏ္ဍကြီး၏ အသားတင် ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှု တန်ဖိုးကို ကျပ် ၁၄,၉၀၇,၃၄၁ သန်း ရရှိရန်နှင့် ၁.၂ ရာခိုင်နှုန်း တိုးတက်ရန် ရည်မှန်းခဲ့ရာ မတ်လကုန် စာရင်းများ အရ ကျပ် ၁၄,၇၂၇,၇၃၁ သန်း ရရှိသဖြင့် စီမံကိန်းရည်မှန်းချက်အပေါ် ၉၈.၈ ရာခိုင်နှုန်း အကောင်အထည် ဖော်နိုင်ခဲ့ပါသည်။ ၂၀၁၀-၂၀၁၁ ဘဏ္ဍာနှစ် ရှေ့ပြေးအမှန် စာရင်းအပေါ် ၀.၅ ရာခိုင်နှုန်း တိုးတက်ခဲ့ပါသည်။

### ၁-၃-၁-၁။ လယ်ယာကဏ္ဍ

၂၀။ ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းတွင် ၂၀၁၀-၂၀၁၁ ဘဏ္ဍာနှစ် ပုံမှန်ဈေးနှုန်း များအရ လယ်ယာကဏ္ဍ၏ အသားတင် ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးကို ကျပ် ၁၁,၁၆၆,၂၁၁ သန်း ရရှိရန်နှင့် ၀.၁ ရာခိုင်နှုန်း တိုးတက်ရန် ရည်မှန်းခဲ့ရာ မတ်လကုန် စာရင်းများအရ ကျပ် ၁၀,၉၁၅,၁၂၈ သန်း ရရှိသဖြင့် စီမံကိန်းရည်မှန်းချက်အပေါ် ၉၇.၈ ရာခိုင်နှုန်း အကောင်အထည် ဖော်နိုင်ခဲ့ပါသည်။ ၂၀၁၀-၂၀၁၁ ဘဏ္ဍာနှစ် ရှေ့ပြေးအမှန် စာရင်းအပေါ် ၁.၇ ရာခိုင်နှုန်း လျော့နည်းခဲ့ပါသည်။

၂၁။ ထိုသို့လျော့နည်းရခြင်းမှာ ၂၀၁၁–၂၀၁၂ ဘဏ္ဍာနှစ်တွင် စာရင်းအင်း ကိန်းဂဏန်းများ မှန်ကန်ရေးအတွက် မြေကြီးမြေပုံ မှန်ကန်ရေးလုပ်ငန်း၊ မြေပြင်စာရင်း အမှန်ရရှိရေး၊ စာရင်း ကောက်ယူရေးလုပ်ငန်းတို့ကို ဆောင်ရွက်ခဲ့ရာ ၂၀၁၁–၂၀၁၂ ဘဏ္ဍာနှစ် မတ်လကုန်အထိ သီးနှံစိုက် ဧကမှာ ယခင်နှစ်ကထက် ဧက ၂.၆၄ သန်း လျော့နည်းခဲ့ပြီး ရာခိုင်နှုန်းအားဖြင့် ၄.၅ ရာခိုင်နှုန်း လျော့နည်း ခဲ့ပါသည်။ ထို့ပြင်မိုးရွာသွန်းမှုများပြားခြင်းကြောင့် ရေကြီးနစ်မြုပ်၍ ထိခိုက်ပျက်စီးမှု များရှိခြင်း၊ အလေအလွင့်များပြားခြင်း၊ စိုက်ပျိုးမြေများတွင် ရေဝပ်ခြင်းတို့ကြောင့် ရိတ်သိမ်းဧက များလျော့နည်းခြင်း၊ စပါးစိုက်ပျိုးသည့် မြေများတွင် မီးရထားလမ်းဖောက်လုပ်ခြင်း၊ ဆည်မြောင်း တာတမံများ တည်ဆောက်ခြင်းတို့ကြောင့် သီးနှံစိုက်ပျိုးမြေများ လျော့နည်းသွားပြီး သီးနှံများ၏ အထွက်မှာ ယခင်နှစ်ကထက် လျော့နည်းသွားရခြင်းတို့ကြောင့် ဖြစ်ပါသည်။

## ၁-၃-၁-၂။ သားငါးကဏ္ဍ

၂၂။ ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းတွင် ၂၀၁၀–၂၀၁၁ ဘဏ္ဍာနှစ် ပုံမှန် ဈေးနှုန်း များအရ သားငါးကဏ္ဍ၏ အသားတင်ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးကို ကျပ် ၃,၅၈၂,၇၉၅ သန်း ရရှိရန်နှင့် ၅.၀ ရာခိုင်နှုန်း တိုးတက်ရန် ရည်မှန်းခဲ့ရာ မတ်လကုန် စာရင်းများအရ ကျပ် ၃,၆၄၁,၇၅၀ သန်း ရရှိသဖြင့် စီမံကိန်း ရည်မှန်းချက်အပေါ် ၁၀၁.၆ ရာခိုင်နှုန်း အကောင် အထည်ဖော် နိုင်ခဲ့ပါသည်။ ၂၀၁၀-၂၀၁၁ ဘဏ္ဍာနှစ်၊ ရှေ့ပြေးအမှန် စာရင်းအပေါ် ၇.၄ ရာခိုင်နှုန်း တိုးတက်ခဲ့ ပါသည်။

၂၃။ ထိုသို့တိုးတက်ရခြင်းမှာ အသား၊ ဥနှင့်နို့ထုတ်လုပ်မှု၊ မွေးမြူရေးငါး၊ အင်းငါး၊ ဘုံငါးဖမ်း လုပ်ငန်း၊ ရေငန်ငါး၊ ရေငန်ပုစွန်ထုတ်လုပ်မှုတို့တွင် ပိုမိုထုတ်လုပ်နိုင်ခဲ့ခြင်းတို့ကြောင့်ဖြစ် ပါသည်။

## ၁-၃-၁-၃။ သစ်တောကဏ္ဍ

၂၄။ ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းတွင် ၂၀၁၀-၂၀၁၁ ဘဏ္ဍာနှစ် ပုံမှန် ဈေးနှုန်း များအရ သစ်တောကဏ္ဍ၏ အသားတင်ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှု တန်ဖိုးကို ကျပ် ၁၅၈,၃၃၅ သန်း ရရှိရန် ရည်မှန်းခဲ့ရာ မတ်လကုန် စာရင်းများအရ ကျပ် ၁၇၀,၈၅၃ သန်း ရရှိသဖြင့် စီမံကိန်းရည်မှန်းချက်အပေါ် ၁၀၇.၉ ရာခိုင်နှုန်း အကောင်အထည်ဖော်နိုင်ခဲ့ပါသည်။ ၂၀၁၀-၂၀၁၁ ဘဏ္ဍာနှစ် ရှေ့ပြေးအမှန် စာရင်းအပေါ် ၇.၉ ရာခိုင်နှုန်း တိုးတက်ခဲ့ပါသည်။

၂၅။ ထိုသို့တိုးတက်ရခြင်းမှာ အဓိကအားဖြင့် ကျွန်းသစ်နှင့် သစ်မာ ထုတ်လုပ်မှုများ တိုးတက်ထုတ်လုပ်ခဲ့ခြင်းတို့ကြောင့်ဖြစ်ပါ သည်။

**၁-၃-၂။ စက်မှုကဏ္ဍကြီး**

၂၆။ ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းတွင် ၂၀၁၀-၂၀၁၁ ဘဏ္ဍာနှစ် ပုံမှန် ဈေးနှုန်းများအရ စက်မှုကဏ္ဍကြီး၏ အသားတင် ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးကို ကျပ် ၁၁,၆၁၀,၉၂၄ သန်း ရရှိရန်နှင့် ၁၀.၃ ရာခိုင်နှုန်း တိုးတက်ရန် ရည်မှန်းခဲ့ရာ မတ်လကုန် စာရင်းများအရ ကျပ် ၁၁,၅၈၉,၉၀၃ သန်း ရရှိသဖြင့် စီမံကိန်း ရည်မှန်းချက်အပေါ် ၉၉.၈ ရာခိုင်နှုန်း အကောင်အထည်ဖော်နိုင်ခဲ့ပါသည်။ ၂၀၁၀-၂၀၁၁ ဘဏ္ဍာနှစ် ရှေ့ပြေးအမှန် စာရင်းအပေါ် ၁၀.၁ ရာခိုင်နှုန်း တိုးတက်ခဲ့ပါသည်။

**၁-၃-၂-၁။ စွမ်းအင်ကဏ္ဍ**

၂၇။ ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းတွင် ၂၀၁၀-၂၀၁၁ ဘဏ္ဍာနှစ် ပုံမှန်ဈေးနှုန်းများအရ စွမ်းအင်ကဏ္ဍ၏ အသားတင် ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးကို ကျပ် ၆၅,၉၅၉ သန်း ရရှိရန်နှင့် ၀.၂ ရာခိုင်နှုန်း တိုးတက်ရန် ရည်မှန်းခဲ့ရာ မတ်လကုန် စာရင်းများအရ ကျပ် ၆၃,၈၀၈ သန်း ရရှိသဖြင့် စီမံကိန်းရည်မှန်းချက်အပေါ် ၉၆.၇ ရာခိုင်နှုန်း အကောင်အထည်ဖော် နိုင်ခဲ့ပါသည်။ ၂၀၁၀-၂၀၁၁ ဘဏ္ဍာနှစ် ရှေ့ပြေးအမှန် စာရင်းအပေါ် ၄.၈ ရာခိုင်နှုန်း လျော့နည်းခဲ့ ပါသည်။

၂၈။ ထိုသို့ လျော့နည်းရခြင်းမှာ အဓိကအားဖြင့် ရေနံစိမ်းထုတ်လုပ်မှု လျော့နည်းခဲ့ခြင်းကြောင့် ဖြစ်ပါသည်။ ကုန်းတွင်းရေနံစိမ်း ထုတ်လုပ်မှုတွင် သက်တမ်းကြာမြင့်သော တွင်းဟောင်းများဖြစ်သဖြင့် အထွက်နှုန်း ကျဆင်းလာခြင်း၊ သက်တမ်းကြာမြင့်နေသော ရဲတံခွန်ကမ်းလွန် ရေနံတွင်းတွင် Compressor Platform များ ပြင်ဆင်တည်ဆောက်ခဲ့သဖြင့် ထုတ်လုပ်မှု ယာယီ ရပ်ဆိုင်းခဲ့ရသဖြင့် ထုတ်လုပ်မှုလျော့နည်းရခြင်းဖြစ်ပါသည်။

**၁-၃-၂-၂။ သတ္တုနှင့်တွင်းထွက်ပစ္စည်းကဏ္ဍ**

၂၉။ ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းတွင် ၂၀၁၀-၂၀၁၁ ဘဏ္ဍာနှစ် ပုံမှန် ဈေးနှုန်းများအရ သတ္တုနှင့် တွင်းထွက်ပစ္စည်းကဏ္ဍ၏ အသားတင်ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှု တန်ဖိုးကို ကျပ် ၃၂၅,၀၁၆ သန်း ရရှိရန်နှင့် ၇.၉ ရာခိုင်နှုန်း တိုးတက်ရန် ရည်မှန်းခဲ့ရာ မတ်လကုန် စာရင်းများအရ ကျပ် ၃၄၀,၁၂၉ သန်း ရရှိသဖြင့် စီမံကိန်းရည်မှန်းချက်အပေါ် ၁၀၄.၆ ရာခိုင်နှုန်း

အကောင်အထည်ဖော်နိုင်ခဲ့ပါသည်။ ၂၀၁၀-၂၀၁၁ ဘဏ္ဍာနှစ် ရေ့ပြေးအမှန် စာရင်း အပေါ် ၁၃.၆ ရာခိုင်နှုန်း တိုးတက်ခဲ့ပါသည်။

၃၀။ ထိုသို့ တိုးတက်ရခြင်းမှာ ခဲမဖြူသတ္တုသန့်စင်၊ ခဲမဖြူ သတ္တုစင်၊ ရွှေ ကြေးနီသတ္တုစင်၊ သံမဏိတုံး၊ ကျောက်မျက်ရတနာ၊ ကျောက်မီးသွေး၊ ဘရိုက်တီးကျောက်၊ သဲ၊ ကျောက်စရစ်နှင့် လမ်းခင်းကျောက်ထုတ်လုပ်မှုများ တိုးတက်ခဲ့ခြင်းကြောင့်ဖြစ်ပါသည်။

## ၁-၃-၂-၃။ စက်မှုလက်မှုကဏ္ဍ

၃၁။ ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းတွင် ၂၀၁၀-၂၀၁၁ ဘဏ္ဍာနှစ် ပုံမှန် ဈေးနှုန်းများအရ စက်မှုလက်မှုကဏ္ဍ၏ အသားတင်ထုတ်လုပ်မှုနှင့်ဝန်ဆောင်မှုတန်ဖိုးကို ကျပ် ၈,၇၃၈,၁၅၃ သန်း ရရှိရန်နှင့် ၁၀.၅ ရာခိုင်နှုန်း တိုးတက်ရန် ရည်မှန်းခဲ့ရာ မတ်လကုန် စာရင်းများအရ ကျပ် ၈,၇၃၉,၁၇၀ သန်း ရရှိသဖြင့် စီမံကိန်းရည်မှန်းချက်အပေါ် ၁၀၀.၀ ရာခိုင်နှုန်း အကောင်အထည် ဖော်နိုင်ခဲ့ပါသည်။ ၂၀၁၀-၂၀၁၁ ဘဏ္ဍာနှစ်ရေ့ပြေးအမှန် စာရင်းအပေါ် ၁၀.၆ ရာခိုင်နှုန်း တိုးတက် ခဲ့ပါသည်။

၃၂။ ထိုသို့တိုးတက်ရခြင်းမှာ အထူးသဖြင့် ဆား၊ ချည်ခင်၊ ဆပ်ပြာ၊ စက္ကူ၊ ဘိလပ်မြေ၊ ကျွန်း ခွဲသားနှင့် ဓါတ်မြေသြဇာ ထုတ်လုပ်မှု တိုးတက်လာခဲ့ခြင်းကြောင့် ဖြစ်ပါသည်။

## ၁-၃-၂-၄။ လျှပ်စစ်ဓာတ်အားကဏ္ဍ

၃၃။ ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းတွင် ၂၀၁၀-၂၀၁၁ ဘဏ္ဍာနှစ် ပုံမှန် ဈေးနှုန်းများအရ လျှပ်စစ်ဓာတ်အားကဏ္ဍ၏ အသားတင် ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှု တန်ဖိုးကို ကျပ် ၄၇၅,၂၁၂ သန်း ရရှိရန်နှင့် ၁၃.၅ ရာခိုင်နှုန်း တိုးတက်ရန် ရည်မှန်းခဲ့ရာ မတ်လကုန် စာရင်းတွင် ကျပ် ၄၄၁,၉၄၉ သန်း ရရှိသဖြင့် စီမံကိန်းရည်မှန်းချက်အပေါ် ၉၃.၀ ရာခိုင်နှုန်း အကောင်အထည် ဖော်နိုင်ခဲ့ပါသည်။ ၂၀၁၀-၂၀၁၁ ဘဏ္ဍာနှစ် ရေ့ပြေးအမှန်စာရင်းအပေါ် ၄.၈ ရာခိုင်နှုန်း တိုးတက်ခဲ့ ပါသည်။

၃၄။ ပဲခူးတိုင်းဒေသကြီး (အရှေ့ပိုင်း) တွင် ရွှေကျင်ရေအားလျှပ်စစ်စက်ရုံနှင့် မကွေးတိုင်း ဒေသကြီးတွင် ကြီးအုံကြီးဝ ရေအားလျှပ်စစ် စက်ရုံများကို တိုးချဲ့ဖွင့်လှစ်ခဲ့ပြီး ထိုစက်ရုံများမှ ထုတ်လုပ်သော လျှပ်စစ်ဓာတ်အားများကို မဟာဓာတ်အားလိုင်း(National Grid) ပေါ်သို့တင်ပြီး ပြည်နယ်နှင့် တိုင်းဒေသကြီးအသီးသီးသို့ ပို့လွှတ်ဖြန့်ဖြူးပေးနိုင်ခဲ့ခြင်း၊ ၂၀၁၀-၂၀၁၁ ဘဏ္ဍာနှစ်

ရှေ့ပြေးအမှန်စာရင်းတွင် နိုင်ငံပိုင်အခန်း ခာတ်အားသုံးစွဲမှု ကီလိုဝပ်နာရီသန်းပေါင်း ၆၃၁၂ သန်း ရှိခဲ့ရာမှ ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ် မတ်လကုန်စာရင်းအရ ကီလိုဝပ်နာရီသန်းပေါင်း ၇၇၀၃ သန်းသို့ လည်းကောင်း၊ သမ/အဖွဲ့ အစည်းပိုင်အခန်းတွင် ကီလိုဝပ်နာရီသန်းပေါင်း ၂၉၆၂ သန်း မှ ၂၉၈၆ သန်းသို့လည်းကောင်း၊ ပုဂ္ဂလိကပိုင်အခန်းတွင် ကီလိုဝပ်နာရီသန်းပေါင်း ၁၅၉၅ သန်းမှ ၁၆၀၈ သန်းသို့လည်းကောင်း အသီးသီး တိုးတက်သုံးစွဲနိုင်ခဲ့ခြင်းတို့ကြောင့် ဖြစ်ပါသည်။

## ၁-၃-၂-၅။ ဆောက်လုပ်မှုကဏ္ဍ

၃၅။ ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းတွင် ၂၀၁၀-၂၀၁၁ ဘဏ္ဍာနှစ် ပုံမှန်ဈေးနှုန်းများအရ ဆောက်လုပ်မှုကဏ္ဍ၏ အသားတင်ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးကို ကျပ် ၂,၀၀၆,၅၈၅ သန်း ရရှိရန်နှင့် ၉.၁ ရာခိုင်နှုန်း တိုးတက်ရန် ရည်မှန်းခဲ့ရာ မတ်လကုန်စာရင်းများအရ ကျပ် ၂,၀၀၄,၈၄၇ သန်း ရရှိသဖြင့် စီမံကိန်းရည်မှန်းချက်အပေါ် ၉၉.၉ ရာခိုင်နှုန်း အကောင်အထည် ဖော်နိုင်ခဲ့ပါသည်။ ၂၀၁၀-၂၀၁၁ ဘဏ္ဍာနှစ် ရှေ့ပြေးအမှန် စာရင်း အပေါ် ၉.၀ ရာခိုင်နှုန်း တိုးတက်ခဲ့ ပါသည်။

၃၆။ ထိုသို့တိုးတက်ရခြင်းမှာ အဓိကအားဖြင့် လမ်းတံတား၊ရုံး၊ ဌာနဆိုင်ရာ အဆောက်အဦများ၊ ဆည်မြောင်း တာတမံများ၊ လေယာဉ်ပြေးလမ်း၊ လူနေအိမ် အဆောက်အဦနှင့် သာသနိက အဆောက်အဦများ တိုးချဲ့ဆောက်လုပ်ခဲ့ခြင်းကြောင့်ဖြစ်ပါသည်။

## ၁-၃-၃။ ဝန်ဆောင်မှုကဏ္ဍကြီး

၃၇။ ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်း ရည်မှန်းချက်တွင် ဝန်ဆောင်မှု ကဏ္ဍများ ဖြစ်သော ပို့ဆောင်ရေး၊ ဆက်သွယ်ရေး၊ ငွေရေးကြေးရေး၊ လူမှုရေးနှင့် စီမံခန့်ခွဲရေး၊ ငှားရမ်းခ နှင့် အခြားဝန်ဆောင်မှုနှင့် ကုန်သွယ်ရေးကဏ္ဍများ အနေဖြင့် ၂၀၁၀-၂၀၁၁ ဘဏ္ဍာနှစ် ပုံမှန်ဈေးနှုန်းများအရ တန်ဖိုး ကျပ် ၁၆,၄၀၅,၅၂၈ သန်း ရရှိရန်နှင့် ၇.၆ ရာခိုင်နှုန်း တိုးတက်ရန် ရည်မှန်းခဲ့ရာ မတ်လကုန်စာရင်းများအရကျပ် ၁၅,၉၁၀,၈၇၀ သန်း ရရှိသဖြင့် စီမံကိန်းရည်မှန်း ချက်အပေါ် ၉၇.၀ ရာခိုင်နှုန်း အကောင်အထည်ဖော်နိုင်ခဲ့ပါသည်။ ၂၀၁၀-၂၀၁၁ ဘဏ္ဍာနှစ် ရှေ့ပြေး အမှန် စာရင်း အပေါ် ၈.၃ ရာခိုင်နှုန်း တိုးတက် ရရှိခဲ့ပါသည်။

## ၁-၃-၃-၁။ ပို့ဆောင်ရေးကဏ္ဍ

၃၈။ ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းတွင် ၂၀၁၀-၂၀၁၁ ဘဏ္ဍာနှစ် ပုံမှန် ဈေးနှုန်းများအရ ပို့ဆောင်ရေးကဏ္ဍ၏ အသားတင်ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးကို ကျပ် ၅,၆၄၈,၅၅၆ သန်း ရရှိရန် နှင့် ၇.၇ ရာခိုင်နှုန်း တိုးတက်ရန် ရည်မှန်းခဲ့ရာ မတ်လကုန် စာရင်းများအရ ကျပ် ၅,၄၁၀,၄၇၅ သန်း ရရှိသဖြင့် စီမံကိန်းရည်မှန်းချက်အပေါ် ၉၅.၈ ရာခိုင်နှုန်း အကောင်အထည် ဖော်နိုင်ခဲ့ ပါသည်။ ၂၀၁၀-၂၀၁၁ ဘဏ္ဍာနှစ် ရှေ့ပြေးအမှန်စာရင်းအပေါ် ၁၁.၈ ရာခိုင်နှုန်း တိုးတက် ရရှိခဲ့ပါသည်။

၃၉။ ထိုသို့တိုးတက်ရခြင်းမှာ မြန်မာ့မီးရထားနှင့် ကုန်းလမ်းပို့ဆောင်ရေးလုပ်ငန်းမှ ခရီးသည်နှင့် ကုန်စည်ပို့ဆောင်ခြင်းလုပ်ငန်း၊ မြန်မာ့လေကြောင်းလုပ်ငန်းမှ ခရီးသည်ပို့ဆောင်ခြင်းလုပ်ငန်းများ တိုးတက်လာခြင်း၊ သမ/အဖွဲ့အစည်းပိုင်အခန်းမှ ရေယာဉ်ဖြင့် ပို့ဆောင်မှုလုပ်ငန်း တိုးတက်လာခြင်း၊ ပုဂ္ဂလိကပိုင်အခန်း ရေယာဉ်ဖြင့် ပို့ဆောင်မှုလုပ်ငန်းမှ ခရီးသည်နှင့် ကုန်စည် ပို့ဆောင်မှု လုပ်ငန်းများ ပိုမို လုပ်ဆောင် နိုင်ခဲ့ခြင်း တို့ကြောင့်ဖြစ်ပါသည်။

## ၁-၃-၃-၂။ ဆက်သွယ်ရေးကဏ္ဍ

၄၀။ ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်း ရည်မှန်းချက်တွင် ဆက်သွယ်ရေးကဏ္ဍ အနေဖြင့် ၂၀၁၀-၂၀၁၁ ဘဏ္ဍာနှစ် ပုံမှန်ဈေးနှုန်းများအရ တန်ဖိုး ကျပ် ၃၉၃,၁၆၉ သန်း ရရှိရန် နှင့် ၁၈.၂ ရာခိုင်နှုန်း တိုးတက်ရန်ရည်မှန်းခဲ့ရာ မတ်လကုန်စာရင်းများအရ ကျပ် ၄၀၀,၅၁၇ သန်း ရရှိသဖြင့် စီမံကိန်းရည်မှန်းချက်အပေါ် ၁၀၁.၉ ရာခိုင်နှုန်း အကောင်အထည် ဖော်နိုင်ခဲ့ပါသည်။ ၂၀၁၀-၂၀၁၁ ဘဏ္ဍာနှစ် ရှေ့ပြေးအမှန်စာရင်းအပေါ် ၂၃.၈ ရာခိုင်နှုန်း တိုးတက်ရရှိခဲ့ပါသည်။

၄၁။ ထိုသို့တိုးတက်ရခြင်းမှာ တယ်လီဖုန်းသုံးစွဲခဝင်ငွေများ တိုးတက်ရရှိခဲ့ခြင်းကြောင့် ဖြစ်ပါသည်။

## ၁-၃-၃-၃။ ငွေရေးကြေးရေးကဏ္ဍ

၄၂။ ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်း ရည်မှန်းချက်တွင် ငွေရေးကြေးရေး ကဏ္ဍ အနေဖြင့် ၂၀၁၀-၂၀၁၁ ဘဏ္ဍာနှစ် ပုံမှန်ဈေးနှုန်းများအရ တန်ဖိုး ကျပ် ၄၉,၄၅၁ သန်း ရရှိရန် နှင့် ၅၇.၄ ရာခိုင်နှုန်း တိုးတက်ရန်ရည်မှန်းခဲ့ရာ မတ်လကုန်စာရင်းများအရ ကျပ် ၅၄,၈၈၃ သန်း

ရရှိသဖြင့် စီမံကိန်းရည်မှန်းချက်အပေါ် ၁၁၁.ဂ ရာခိုင်နှုန်း အကောင်အထည် ဖော်နိုင်ခဲ့ပါသည်။ ၂ဝ၁ဝ-၂ဝ၁၁ ဘဏ္ဍာနှစ် ရွေ့ပြေးအမှန်စာရင်းအပေါ် ၄၅.၅ ရာခိုင်နှုန်း တိုးတက်ရရှိခဲ့ပါသည်။

၄၃။ ထိုသို့တိုးတက်ရခြင်းမှာ မြန်မာနိုင်ငံတော်ဗဟိုဘဏ် နှင့် ကျန်နိုင်ငံပိုင်ဘဏ်များ၊ မြန်မာ့အာမခံလုပ်ငန်း၊ မြန်မာ့အသေးစား ငွေရေးကြေးရေး ကြီးကြပ်စစ်ဆေးရေး လုပ်ငန်းနှင့် ပုဂ္ဂလိကဘဏ်များမှ ဝင်ငွေများတိုးတက်ရရှိခြင်းကြောင့် ဖြစ်ပါ သည်။

## ၁-၃-၃-၄။ လူမှုရေးနှင့် စီမံခန့်ခွဲရေးကဏ္ဍ

၄၄။ ၂ဝ၁၁-၂ဝ၁၂ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်း ရည်မှန်းချက်တွင် လူမှုရေးနှင့် စီမံခန့်ခွဲရေးကဏ္ဍအနေဖြင့် ၂ဝ၁ဝ–၂ဝ၁၁ ဘဏ္ဍာနှစ် ပုံမှန်ဈေးနှုန်းများအရ တန်ဖိုး ကျပ် ၈၆၇,၃၂၂ သန်း ရရှိရန် နှင့် ဂ.၁ ရာခိုင်နှုန်း တိုးတက်ရန်ရည်မှန်းခဲ့ရာ မတ်လကုန်စာရင်းများအရ ကျပ် ၈ဝဂ,၃၇၆ သန်း ရရှိသဖြင့် စီမံကိန်းရည်မှန်းချက်အပေါ် ၉၂.၃ ရာခိုင်နှုန်း အကောင်အထည်ဖော် နိုင်ခဲ့ပါသည်။ ၂ဝ၁ဝ-၂ဝ၁၁ ဘဏ္ဍာနှစ် ရွေ့ပြေးအမှန်စာရင်း အပေါ် ၁.၅ ရာခိုင်နှုန်း တိုးတက် ရရှိခဲ့ပါသည်။

## ၁-၃-၃-၅။ ငှားရမ်းခနှင့် အခြားဝန်ဆောင်မှုကဏ္ဍ

၄၅။ ၂ဝ၁၁-၂ဝ၁၂ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်း ရည်မှန်းချက်တွင် ငှားရမ်းခနှင့် အခြားဝန်ဆောင်မှု ကဏ္ဍအနေဖြင့် ၂ဝ၁ဝ–၂ဝ၁၁ ဘဏ္ဍာနှစ် ပုံမှန်ဈေးနှုန်းများအရ တန်ဖိုး ကျပ် ၈၄၄,၅၁၆ သန်း ရရှိရန် နှင့် ၁၄.၈ ရာခိုင်နှုန်း တိုးတက်ရန်ရည်မှန်းခဲ့ရာ မတ်လကုန်စာရင်းများအရ ကျပ် ၈၅ဂ,၇၂၉ သန်း ရရှိသဖြင့် စီမံကိန်းရည်မှန်းချက်အပေါ် ၁ဝဂ.၇ ရာခိုင်နှုန်း အကောင်အထည် ဖော်နိုင်ခဲ့ပါသည်။ ၂ဝ၁ဝ-၂ဝ၁၁ ဘဏ္ဍာနှစ် ရွေ့ပြေး အမှန်စာရင်း အပေါ် ၁၅.၂ ရာခိုင်နှုန်း တိုးတက် ရရှိခဲ့ပါသည်။

## ၁-၃-၃-၆။ ကုန်သွယ်ရေးကဏ္ဍ

၄၆။ ၂ဝ၁၁-၂ဝ၁၂ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းရည်မှန်းချက်တွင် ၂ဝ၁ဝ-၂ဝ၁၁ ဘဏ္ဍာနှစ် ပုံမှန်ဈေးနှုန်းများအရ ကုန်သွယ်ရေးကဏ္ဍ၏ အသားတင် ကုန်သွယ်မှု တန်ဖိုးကို ကျပ် ၈,၆ဂ၂,၅၁၄ သန်း ရရှိရန်နှင့် ၇.ဂ ရာခိုင်နှုန်း တိုးတက်ရန် ရည်မှန်းခဲ့ရာ မတ်လကုန် စာရင်းများအရ ကျပ် ၈,၃၉၃,၈၉ဂ သန်း ရရှိသဖြင့် စီမံကိန်း ရည်မှန်းချက်အပေါ် ၉၇.၆ ရာခိုင်နှုန်း အကောင်အထည်

ဖော်နိုင်ခဲ့ပါသည်။ ၂၀၁၀-၂၀၁၁ ဘဏ္ဍာနှစ် ရေ့ပြေးအမှန် စာရင်းအပေါ် ၅.၅ ရာခိုင်နှုန်း တိုးတက်ခဲ့ပါသည်။

၄၇။ ထိုသို့တိုးတက်ရခြင်းမှာ ပြည်တွင်းကုန်သွယ်ရာတွင် အဓိကကဏ္ဍများ ဖြစ်သည့် သားငါး၊ သစ်တော၊ စွမ်းအင်၊ သတ္တုနှင့် တွင်းထွက်ပစ္စည်း၊ စက်မှုလက်မှုကဏ္ဍများ၏ ထုတ်လုပ်မှုများ တိုးတက်လာခဲ့ခြင်းနှင့် ပြည်ပကုန်သွယ်မှု လုပ်ငန်းများ ပိုမိုလွယ်ကူ လျင်မြန် ချောမွေ့စေရေးအတွက် နိုင်ငံတော်မှ ဖြေလျော့သင့်သည်များကို ဖြေလျော့ပေးခြင်းကြောင့် ပို့ကုန်တိုးမြှင့် တင်ပို့နိုင်ခြင်း၊ ပို့ကုန် အထောက်အကူပြု ပြည်တွင်းကုန်များလည်း ပိုမိုတင်သွင်းနိုင်ခြင်း တို့ကြောင့် ကုန်သွယ်မှု ပမာဏ သိသိသာသာတိုးတက်ခဲ့ခြင်း ဖြစ်ပါသည်။

**၁-၄။ ရင်းနှီးမြှုပ်နှံမှု**

၄၈။ နိုင်ငံတော်သည် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို နိုင်ငံတကာနှင့် ရင်ဘောင်တန်းနိုင်ရေး၊ ပြည်သူများ၏ အလုပ်အကိုင်၊ အခွင့်အလမ်းများနှင့် လူမှုစီးပွား ဖွံ့ဖြိုးတိုးတက်ရေး အတွက် ပြည်တွင်းပြည်ပ ရင်းနှီးမြှုပ်နှံမှုများကို တိုးတက်အောင် ကြိုးပမ်း ဆောင်ရွက်လျက် ရှိပါသည်။ နိုင်ငံတော်၏ စီးပွားရေး၊ လူမှုရေးစဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သည့် ရင်းနှီးမြှုပ်နှံမှုများကို တိုးချဲ့ဆောင်ရွက်ရာတွင် လိုအပ်သည့် အရင်းအနှီးကို နိုင်ငံတော်၏ ငွေလုံးငွေရင်း အသုံးစရိတ် တစ်ခုတည်းဖြင့် လုံလောက်မှုမရှိသည့်အတွက် ပြည်တွင်းပြည်ပမှ အရင်းအနှီးများ၊နိုင်ငံတကာအကူအညီ အထောက်အပံ့ ချေးငွေများ၊ နည်းပညာအကူအညီများ ရယူဆောင်ရွက်လျက်ရှိပါသည်။ ထိုသို့ ဆောင်ရွက်ရာ၌ အရင်းအနှီးများကို စနစ်တကျ ရှာဖွေစုစည်း၍ ရရှိလာသည့် ငွေကြေးကို နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးအတွက် တိုက်ရိုက်အထောက်အကူပြုသည့် လုပ်ငန်းများတွင် ဦးစားပေးသုံးစွဲ၍ စီမံဆောင်ရွက်လျက်ရှိသကဲ့သို့ လာရောက်ရင်းနှီးမြှုပ်နှံသူများအတွက်လည်း လိုအပ်သောဥပဒေ၊ စည်းမျဉ်း၊ လုပ်ထုံး လုပ်နည်းများကို နိုင်ငံတကာ လုပ်ထုံးလုပ်နည်းများ နှင့်အညီ ပြင်ဆင်ရေးဆွဲ ဆောင်ရွက်လျက် ရှိပါသည်။ စတုတ္ထကာလတိုငါးနှစ်စီမံကိန်းနှစ်များအတွင်း စီးပွားရေးတိုးတက်မှုနှုန်းမြင့်မားရေးအတွက် တစ်ဖက်ပါ အတိုင်း တိုးချဲ့ရင်းနှီးမြှုပ်နှံ နိုင်ခဲ့ပါသည်။

## ပိုင်ဆိုင်မှုအခန်းအလိုက် ရင်းနှီးမြှုပ်နှံမှုအခြေအနေ
## ( နှစ်အလိုက်ဈေးနှုန်းများအရ )

တန်ဖိုး-ကျပ်ဘီလီယံ

ပါဝင်မှုအချိုးအစား-ရာခိုင်နှုန်း

| | နိုင်ငံပိုင် | | သမ/အဖွဲ့အစည်းပိုင် နှင့် ပုဂ္ဂလိကပိုင် | | စုစုပေါင်း | |
|---|---|---|---|---|---|---|
| | တန်ဖိုး | ပါဝင်မှု အချိုး | တန်ဖိုး | ပါဝင်မှု အချိုး | တန်ဖိုး | ပါဝင်မှု အချိုး |
| ၂၀၀၆-၂၀၀၇ | ၁၁၁၂.၄ | ၄၈.၇ | ၁၁၇၀.၀ | ၅၁.၃ | ၂၂၈၂.၄ | ၁၀၀.၀ |
| ၂၀၀၇-၂၀၀၈ | ၁၆၁၉.၇ | ၄၇.၈ | ၁၇၇၀.၈ | ၅၂.၂ | ၃၃၉၀.၅ | ၁၀၀.၀ |
| ၂၀၀၈-၂၀၀၉ | ၁၆၈၃.၀ | ၃၆.၆ | ၂၉၁၆.၈ | ၆၃.၄ | ၄၅၉၉.၈ | ၁၀၀.၀ |
| ၂၀၀၉-၂၀၁၀ | ၂၄၂၈.၄ | ၃၇.၇ | ၄၀၀၇.၈ | ၆၂.၃ | ၆၄၃၆.၂ | ၁၀၀.၀ |
| ၂၀၁၀-၂၀၁၁(ရှေ့ပြေးအမှန်) | ၃၂၀၃.၃ | ၃၅.၁ | ၅၉၁၁.၈ | ၆၄.၉ | ၉၁၁၅.၁ | ၁၀၀.၀ |
| ၂၀၁၁-၂၀၁၂(ယာယီ) | ၃၀၃၆.၀ | ၂၂.၅ | ၁၀၄၆၃.၅ | ၇၇.၅ | ၁၃၄၉၉.၅ | ၁၀၀.၀ |

၄၉။ စီမံကိန်းကာလအတွင်း တစ်နှစ်ထက်တစ်နှစ် တိုးချဲ့ရင်းနှီးမြှုပ်နှံ နိုင်ခဲ့သဖြင့် တစ်မျိုးသားလုံး၏ ပြည်တွင်း အသားတင်ထုတ်လုပ်မှုတန်ဖိုးအပေါ် ရင်းနှီးမြှုပ်နှံမှုတန်ဖိုး ပါဝင်မှု အချိုးအစားမှာ အောက်ပါအတိုင်း ဖြစ်ပေါ်ခဲ့ပါသည်။

| | ရင်းနှီးမြှုပ်နှံမှုနှင့် GDP အချိုး |
|---|---|
| ၂၀၀၆-၂၀၀၇ | ၁၃.၅ |
| ၂၀၀၇-၂၀၀၈ | ၁၄.၅ |
| ၂၀၀၈-၂၀၀၉ | ၁၅.၇ |
| ၂၀၀၉-၂၀၁၀ | ၁၉.၀ |
| ၂၀၁၀-၂၀၁၁ (ရှေ့ပြေးအမှန်) | ၂၂.၉ |
| ၂၀၁၁-၂၀၁၂ (မတ်လကုန်) | ၃၀.၅ |



## ၁-၅။ လူတစ်ဦးစီ၏ စီးပွားရေးအခြေအနေ

၅၀။ ပဥ္စမကာလတို ငါးနှစ်အမျိုးသားစီမံကိန်း ကာလအတွင်း လူတစ်ဦးစီ၏ ပျမ်းမျှအသားတင် ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး (Per capita GDP) ကို ကုလသမဂ္ဂ မှ ခန့်မှန်းထားသည့် လူဦးရေစာရင်း အပေါ် အခြေခံ၍ တွက်ချက်ထားပါသည်။ ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်တွင် နှစ်အလိုက် ထုတ်လုပ်သူများ၏ဈေးနှုန်း ဖြင့် တွက်ချက်ထားသော လူတစ်ဦးစီ၏ ပျမ်းမျှ အသားတင်ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးမှာ ၂၀၁၀-၂၀၁၁ ဘဏ္ဍာနှစ် ရှေ့ပြေးအမှန်စာရင်း အရ ကျပ် ၇၄၆,၁၉၃ ရှိရာမှ ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ် မတ်လကုန်စာရင်းအရ ကျပ် ၈၂၁,၈၀၅ သို့ ပြောင်းလဲဖြစ်ပေါ်ခဲ့ပါသည်။

## ၁-၆။ ဒေသတွင်းပူးပေါင်းဆောင်ရွက်မှု

၅၁။ မြန်မာနိုင်ငံသည် မဟာမဲခေါင်ဒေသ၊ကမ္ဘာ့ကုန်သွယ်မှုအဖွဲ့၊ အာဆီယံနှင့် အာဆီယံ ပူးပေါင်း ဆောင်ရွက်မှု အစီအစဉ်များဖြစ်သည့် အာဆီယံ-တရုတ်၊ အာဆီယံ-ကိုရီးယား၊ အာဆီယံ-ဂျပန် လွတ်လပ်သောကုန်သွယ်မှုအဖွဲ့၊ ဘင်္ဂလားဒေ့ရှ်-အိန္ဒိယ-မြန်မာ-သီရိလင်္ကာ-ထိုင်း စီးပွားရေး ပူးပေါင်း ဆောင်ရွက်မှုအဖွဲ့ စသည့် ဒေသတွင်း လူမှုစီးပွားရေးဖွံ့ဖြိုးတိုးတက်မှု အဖွဲ့များတွင် တက်ကြွစွာ ပါဝင်ဆောင်ရွက်လျက်ရှိပါသည်။

# အပိုင်း (၂)

## ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းလျာထားချက်အပေါ် အကောင်အထည်ဖော်နိုင်မှုများ

၁။ နိုင်ငံ၏စီးပွားရေးအခြေအနေကို စိစစ်သုံးသပ်ရာတွင် အခြေခံအကျဆုံးစီးပွားရေး ညွှန်ကိန်းများ ဖြစ်သော တစ်မျိုးသားလုံး၏ ပြည်တွင်းအသားတင် ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး၊ စားသုံးမှု တန်ဖိုးနှင့် ရင်းနှီးမြှုပ်နှံမှု တန်ဖိုးများ၏ ဖြစ်ပေါ်ပြောင်းလဲမှုကို ဖော်ပြရာတွင် နှစ်အတွင်း ဖြစ်ပေါ်မှု အခြေအနေကို နှစ်အလိုက်ထုတ်လုပ်သူများ၏ ဈေးနှုန်းများဖြင့် လည်းကောင်း၊ နိုင်ငံ၏ စီးပွားရေး အခြေအနေ အမှန်တကယ် ဖြစ်ပေါ်ပြောင်းလဲမှု အခြေအနေကို နှိုင်းယှဉ် လေ့လာနိုင်ရန် ပုံမှန်ဈေးနှုန်းများဖြင့် လည်းကောင်း တွက်ချက် တင်ပြကြပါသည်။ ပဥ္စမကာလတို ငါးနှစ် အမျိုးသား စီမံကိန်း(၂၀၁၁-၂၀၁၂ဘဏ္ဍာနှစ်မှ၂၀၁၅-၂၀၁၆ဘဏ္ဍာနှစ်) ရည်မှန်းချက်များကို ရေးဆွဲတင်ပြရာတွင် အခြေခံနှစ် ဖြစ်သော ၂၀၁၀-၂၀၁၁ ဘဏ္ဍာနှစ် တွင် ဖြစ်ပေါ်ခဲ့သည့် ထုတ်လုပ်သူများ၏ ဈေးနှုန်းများကို ပုံမှန်ဈေးနှုန်းအဖြစ် သတ်မှတ်၍ တွက်ချက် တင်ပြထားပါသည်။

## ၂-၁။ စားသုံးမှု၊ ရင်းနှီးမြှုပ်နှံမှု၊ ပြည်ပပို့ကုန် ၊ ပြည်ပသွင်းကုန် အခြေအနေများ

၂။ ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်၊ မတ်လကုန်အထိ စာရင်းများအရ နှစ်အလိုက် ထုတ်လုပ်သူများ၏ ဈေးနှုန်းများဖြင့် တွက်ချက်ထားသော စားသုံးမှုတန်ဖိုး၊ ရင်းနှီးမြှုပ်နှံမှုတန်ဖိုး၊ ပြည်ပပို့ကုန်တန်ဖိုး၊ ပြည်ပသွင်းကုန်တန်ဖိုးများမှာ ၂၀၁၀-၂၀၁၁ ဘဏ္ဍာနှစ်နှင့်နှိုင်းယှဉ်ပါက အောက်ပါအတိုင်းပြောင်းလဲ ဖြစ်ပေါ်ခဲ့ပါသည်။ တစ်မျိုးသားလုံး၏ ပြည်တွင်းအသားတင် ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးတွင် ယင်းတန်ဖိုးများ၏ ပါဝင်မှုအချိုးအစားကိုပါ ယှဉ်တွဲဖော်ပြပါသည်။

(၁) စုစုပေါင်း စားသုံးမှုတန်ဖိုးမှာ ကျပ် ၃၁,၄၆၃,၂၅၆ သန်းမှ ကျပ် ၃၄,၂၇၀,၇၇၄ သန်း သို့ ဖြစ်ပေါ်ခဲ့ပြီး ပါဝင်မှုအချိုးအစား ၇၉.၀ ရာခိုင်နှုန်း မှ ၇၇.၄ ရာခိုင်နှုန်း သို့ ပြောင်းလဲ ဖြစ်ပေါ်ခဲ့ပါသည်။

(၂) စုစုပေါင်းရင်းနှီးမြှုပ်နှံမှုတန်ဖိုးမှာ ကျပ် ၉,၁၁၅,၀၇၄ သန်းမှ ကျပ် ၁၃,၄၉၉,၄၄၂ သန်း သို့ ဖြစ်ပေါ်ခဲ့ပြီး ပါဝင်မှုအချိုးအစား ၂၂.၉ ရာခိုင်နှုန်းမှ ၃၀.၅ ရာခိုင်နှုန်းသို့ ပြောင်းလဲ ဖြစ်ပေါ်ခဲ့ပါသည်။

(၃) ပြည်တွင်းထွက် ကုန်ပစ္စည်းများ၏ ပြည်ပပို့ကုန်တန်ဖိုး ( Re-export မပါဝင် ) မှာ ကျပ် ၆,၆၅၉,၆၀၅ သန်းမှ ကျပ် ၇,၁၄၀,၄၂၅ သန်းသို့ ဖြစ်ပေါ်ခဲ့ပြီး ပါဝင်မှု အချိုးအစား ၁၆.၇ ရာခိုင်နှုန်း မှ ၁၆.၁ ရာခိုင်နှုန်း သို့ ပြောင်းလဲ ဖြစ်ပေါ်ခဲ့ပါသည်။

(၄) ပြည်ပသွင်းကုန်တန်ဖိုးမှာ ကျပ် ၅,၁၃၀,၁၆၀ သန်း မှ ကျပ် ၇,၃၀၀,၃၂၉ သန်း သို့ ဖြစ်ပေါ်ခဲ့ပြီး ပါဝင်မှုအချိုးအစား ၁၂.၉ ရာခိုင်နှုန်း မှ ၁၆.၅ ရာခိုင်နှုန်း သို့ ပြောင်းလဲ ဖြစ်ပေါ်ခဲ့ပါသည်။

## ၂-၁-၁။ ကဏ္ဍအလိုက် တိုးတက်မှု

၃။ ပဥ္စမကာလတို ငါးနှစ် အမျိုးသားစီမံကိန်း၏ ပထမနှစ်(၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်) မတ်လကုန် အထိ စာရင်းများအရ တစ်မျိုးသားလုံး၏ ပြည်တွင်း အသားတင် ထုတ်လုပ်မှု နှင့် ဝန်ဆောင်မှု တန်ဖိုးမှာ ထုတ်လုပ်သူများ၏ ၂၀၁၀-၂၀၁၁ ဘဏ္ဍာနှစ် ပုံမှန်ဈေးနှုန်းများအရ ကျပ် ၄၂,၂၂၈,၅၀၄ သန်း ဖြစ်ပေါ်မည်ဟု ခန့်မှန်းထားသဖြင့် ၂၀၁၀-၂၀၁၁ ဘဏ္ဍာနှစ် စာရင်းများနှင့် နှိုင်းယှဉ်ပါက ၅.၉ ရာခိုင်နှုန်း တိုးတက်ခဲ့ပါသည်။ ကဏ္ဍအလိုက်ရရှိသည့် တိုးတက်မှုနှုန်းအခြေအနေများမှာ အောက်ပါ အတိုင်းဖြစ်ပါသည်။

| | | | |
|---|---|---|---|
| (၁) | လယ်ယာကဏ္ဍကြီး | ၀.၅ | ရာခိုင်နှုန်း၊ |
| | - လယ်ယာကဏ္ဍ | (-) ၁.၇ | ရာခိုင်နှုန်း၊ |
| | - သားငါးကဏ္ဍ | ၇.၄ | ရာခိုင်နှုန်း၊ |
| | - သစ်တောကဏ္ဍ | ၇.၉ | ရာခိုင်နှုန်း၊ |
| (၂) | စက်မှုကဏ္ဍကြီး | ၁၀.၁ | ရာခိုင်နှုန်း၊ |
| | - စွမ်းအင်ကဏ္ဍ | (-) ၄.၈ | ရာခိုင်နှုန်း၊ |
| | - သတ္တုနှင့်တွင်းထွက်ပစ္စည်းကဏ္ဍ | ၁၃.၆ | ရာခိုင်နှုန်း၊ |
| | - စက်မှုလက်မှု ကဏ္ဍ | ၁၀.၆ | ရာခိုင်နှုန်း၊ |
| | - လျှပ်စစ်ဓာတ်အားကဏ္ဍ | ၄.၈ | ရာခိုင်နှုန်း၊ |
| | - ဆောက်လုပ်မှုကဏ္ဍ | ၉.၀ | ရာခိုင်နှုန်း၊ |
| (၃) | ဝန်ဆောင်မှုကဏ္ဍကြီး | ၈.၃ | ရာခိုင်နှုန်း၊ |
| | - ပို့ဆောင်ရေး ကဏ္ဍ | ၁၁.၈ | ရာခိုင်နှုန်း၊ |
| | - ဆက်သွယ်ရေးကဏ္ဍ | ၂၃.၈ | ရာခိုင်နှုန်း၊ |
| | - ငွေရေးကြေးရေးကဏ္ဍ | ၄၅.၅ | ရာခိုင်နှုန်း၊ |

| | | |
|---|---|---|
| - လူမှုရေးနှင့်စီမံခန့်ခွဲရေးကဏ္ဍ | ၁.၅ | ရာခိုင်နှုန်း၊ |
| - ငှားရမ်းခနှင့်အခြားဝန်ဆောင်မှု ကဏ္ဍ | ၁၅.၂ | ရာခိုင်နှုန်း၊ |
| - ကုန်သွယ်ရေးကဏ္ဍ | ၅.၅ | ရာခိုင်နှုန်း၊ |

**၂-၁-၂။ စီးပွားရေး အဆောက်အအုံ ပုံသဏ္ဍာန် ပြောင်းလဲမှု**

၄။ ၂၀၁၀-၂၀၁၁ ဘဏ္ဍာနှစ် စာရင်းများနှင့် နှိုင်းယှဉ်ပါက ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ် လယ်ယာကဏ္ဍကြီး၏ အသားတင် ထုတ်လုပ်မှု တန်ဖိုးမှာ ၂၀၁၀-၂၀၁၁ ဘဏ္ဍာနှစ် ပုံမှန်ဈေးနှုန်းအရ ကျပ် ၁၄,၆၅၈,၇၈၉ သန်းမှ ကျပ် ၁၄,၇၂၇,၇၃၁ သန်း သို့ ဖြစ်ပေါ်ခဲ့ပြီး တစ်မျိုးသားလုံး၏ ပြည်တွင်း အသားတင် ထုတ်လုပ်မှု နှင့် ဝန်ဆောင်မှု တန်ဖိုးတွင် ပါဝင်မှုအချိုးအစားမှာ ၃၆.၈ ရာခိုင်နှုန်း (နှစ်အလိုက်ဈေးနှုန်းအရ ၃၆.၇ ရာခိုင်နှုန်း) မှ ၃၄.၉ ရာခိုင်နှုန်း (နှစ်အလိုက်ဈေးနှုန်းအရ ၃၄.၃ ရာခိုင်နှုန်း) သို့ ပြောင်းလဲ ဖြစ်ပေါ်ခဲ့ပါသည်။

၅။ ၂၀၁၀-၂၀၁၁ ဘဏ္ဍာနှစ် စာရင်းများနှင့် နှိုင်းယှဉ်ပါက ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ် စက်မှုကဏ္ဍကြီး၏ အသားတင် ထုတ်လုပ်မှု တန်ဖိုးမှာ ၂၀၁၀-၂၀၁၁ ဘဏ္ဍာနှစ် ပုံမှန်ဈေးနှုန်းအရ ကျပ် ၁၀,၅၂၈,၄၃၁ သန်းမှ ကျပ် ၁၁,၅၈၉,၉၀၃ သန်း သို့ ဖြစ်ပေါ်ခဲ့ပြီး တစ်မျိုးသားလုံး၏ ပြည်တွင်း အသားတင် ထုတ်လုပ်မှု နှင့် ဝန်ဆောင်မှု တန်ဖိုးတွင် ပါဝင်မှုအချိုးအစားမှာ ၂၆.၄ ရာခိုင်နှုန်း (နှစ်အလိုက်ဈေးနှုန်းအရ ၂၆.၄ ရာခိုင်နှုန်း) မှ ၂၇.၄ ရာခိုင်နှုန်း (နှစ်အလိုက်ဈေးနှုန်းအရ ၂၇.၈ ရာခိုင်နှုန်း) သို့ ပြောင်းလဲ ဖြစ်ပေါ်ခဲ့ပါသည်။

၆။ ၂၀၁၀-၂၀၁၁ ဘဏ္ဍာနှစ် စာရင်းများနှင့် နှိုင်းယှဉ်ပါက ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ် ဝန်ဆောင်မှုကဏ္ဍကြီး၏ အသားတင် ထုတ်လုပ်မှု တန်ဖိုးမှာ ၂၀၁၀-၂၀၁၁ ဘဏ္ဍာနှစ် ပုံမှန်ဈေးနှုန်းအရ ကျပ် ၁၄,၆၈၅,၃၂၆ သန်းမှ ကျပ် ၁၅,၉၁၀,၈၇၀ သန်း သို့ ဖြစ်ပေါ်ခဲ့ပြီး တစ်မျိုးသားလုံး၏ ပြည်တွင်း အသားတင် ထုတ်လုပ်မှု နှင့် ဝန်ဆောင်မှု တန်ဖိုးတွင် ပါဝင်မှုအချိုးအစားမှာ ၃၆.၈ ရာခိုင်နှုန်း (နှစ်အလိုက်ဈေးနှုန်းအရ ၃၆.၉ ရာခိုင်နှုန်း) မှ ၃၇.၇ ရာခိုင်နှုန်း (နှစ်အလိုက်ဈေးနှုန်းအရ ၃၇.၉ ရာခိုင်နှုန်း) သို့ ပြောင်းလဲ ဖြစ်ပေါ်ခဲ့ပါသည်။

**စီးပွားရေးအဆောက်အအုံပုံသဏ္ဍာန်ပြောင်းလဲမှု**
**(၂၀၁၀–၂၀၁၁ ဘဏ္ဍာနှစ် နှင့် ၂၀၁၁–၂၀၁၂ ဘဏ္ဍာနှစ်)**
**(နှစ်အလိုက်ဈေးနှုန်းအရ)**







## ၂-၁-၃။ လူတစ်ဦးကျ ပြည်တွင်း အသားတင် ထုတ်လုပ်မှု နှင့် ဝန်ဆောင်မှု တန်ဖိုး

၇။ နိုင်ငံတကာ အဖွဲ့အစည်းများမှ ခန့်မှန်းသည့် လူဦးရေစာရင်း နှင့် နိုင်ငံတော်မှ ခန့်မှန်းသည့် လူဦးရေစာရင်းမှာ ကွာခြားမှုရှိနေသဖြင့် နိုင်ငံတော်မှ ခန့်မှန်း တွက်ချက်သည့် လူတစ်ဦးစီ၏ ပျမ်းမျှ အသားတင်ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး( Per capita GDP ) မှာ နိမ့်ကျလျက် ရှိနေပါသည်။ ယနေ့ကာလ စီးပွားရေးဦးတည်ချက်(၄)ရပ်တွင် တစ်ရပ်ဖြစ်သည့် ကိန်းဂဏန်းစာရင်း ဇယားမှန်ကန်ရေး ဆိုသည့်အချက်အရ လူဦးရေ စာရင်းဇယား မှန်ကန်မှသာ နိုင်ငံတော်တွင် တွက်ချက်နေသည့် စာရင်းဇယားအချက်အလက်များ မှန်ကန်မည်ဖြစ်ပါသည်။

၈။ နိုင်ငံတော်အစိုးရအနေဖြင့် လူဦးရေစာရင်း ကိန်းဂဏန်း မှန်ကန်ရေးအတွက် ၂၀၁၄ ခုနှစ်တွင် ကုလသမဂ္ဂ လူဦးရေ ရန်ပုံငွေအဖွဲ့ဖြင့် ပူးပေါင်း၍ လူဦးရေ သန်းခေါင်စာရင်း ကောက်ယူရန် စီစဉ်ဆောင်ရွက်လျက် ရှိပါသည်။ သန်းခေါင်စာရင်း ကောက်ယူပြီးပါက လူဦးရေ စာရင်းဇယား ကိန်းဂဏန်းများ ပြောင်းလဲသွားမည်ဖြစ်ပါသည်။

၉။ ပဉ္စမကာလတို ငါးနှစ်အမျိုးသားစီမံကိန်း ကာလအတွင်း လူတစ်ဦးစီ၏ ပျမ်းမျှအသားတင် ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး (Per capita GDP) ကို ကုလသမဂ္ဂ မှ ခန့်မှန်းထားသည့် လူဦးရေစာရင်း အပေါ် အခြေခံ၍ တွက်ချက်ထားပါသည်။၂၀၁၀-၂၀၁၁ ဘဏ္ဍာနှစ်တွင် လူဦးရေ ၅၇.၄၀ သန်း နှင့် ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်တွင် ၅၇.၈၈ သန်း ရှိမည်ဟု ခန့်မှန်းထားပါသည်။ ၂၀၁၁−၂၀၁၂ ဘဏ္ဍာနှစ်တွင် နှစ်အလိုက် ထုတ်လုပ်သူများ၏ဈေးနှုန်း ဖြင့် တွက်ချက်ထားသော လူတစ်ဦးစီ၏ ပျမ်းမျှ အသားတင်ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးမှာ ၂၀၁၀−၂၀၁၁ ဘဏ္ဍာနှစ် ရှေ့ပြေးအမှန်စာရင်း အရ ကျပ် ၇၄၆,၁၉၃ ရှိရာမှ ၂၀၁၁−၂၀၁၂ ဘဏ္ဍာနှစ် မတ်လကုန်စာရင်းအရ ကျပ် ၈၂၁,၈၀၅ သို့ ပြောင်းလဲဖြစ်ပေါ်ခဲ့ပါသည်။

## ၂-၁-၄။ ရင်းနှီးမြှုပ်နှံမှု

၁၀။ နိုင်ငံတော်သည် စီးပွားရေး၊လူမှုရေး စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြုပြင် ပြောင်းလဲရေး လုပ်ငန်းစဉ်များ ဆောင်ရွက်လျက်ရှိရာ ပြည်သူများ၏ အလုပ်အကိုင် အခွင့်အလမ်း များ တိုးပွားစေရန်နှင့် စီးပွားရေးအဆောက်အအုံတစ်ခုလုံး ဟန်ချက်ညီညီ တိုးတက်စေရန်အတွက် နိုင်ငံတော်၏ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုတွင် အရေးပါသည့် ရင်းနှီးမြှုပ်နှံမှုကို နိုင်ငံပိုင်အခန်း သာမက သမ/အဖွဲ့အစည်းပိုင် အခန်းနှင့် ပုဂ္ဂလိက အခန်းတို့မှလည်း အရှိန်အဟုန် မြင့်တင် ဆောင်ရွက်လျက်ရှိပါသည်။ နိုင်ငံပိုင်အခန်းမှ ရင်းနှီးမြှုပ်နှံမှုများကို ပြည်တွင်း ပြည်ပ ငွေကြေး စုစည်း ရရှိနိုင်မှု အခြေအနေပေါ်မူတည်၍ နိုင်ငံတော်၏ ဘဏ္ဍာငွေ အရအသုံး ဥပဒေနှင့်အညီ ရင်းနှီးမြှုပ်နှံမှု(ငွေလုံးငွေရင်းအသုံးစရိတ်)များကို ပြည်ထောင်စုဝန်ကြီးဌာနအသီးသီးသို့ ဦးစားပေး အစီအစဉ်များ အလိုက် ခွဲဝေ ချထားပေးပြီး အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပါသည်။

၁၁။ ရင်းနှီးမြှုပ်နှံရန်အတွက် ပြည်တွင်းမှ ငွေကြေးစုစည်းရရှိနိုင်မှု အခြေအနေပေါ်တွင်သာမက ပြည်ပမှ ရရှိသော ချေးငွေ၊ထောက်ပံ့ငွေများကို ထိရောက်စွာ အသုံးချနိုင်ရေး၊ နိုင်ငံတော်နှင့် ပြည်သူတို့၏ အကျိုးစီးပွားကို အထောက်အကူပြုစေရေး၊ သဘာဝပတ်ဝန်းကျင်ကို မထိခိုက် စေသည့် သင့်လျော်သော ရင်းနှီးမြှုပ်နှံမှုဖြင့် အချိန်တိုကာလအတွင်း အကျိုးအမြတ် ရရှိနိုင်မည့် လုပ်ငန်းစီမံကိန်းများကို ဦးစားပေးရွေးချယ် ဆောင်ရွက်စေခဲ့ပါသည်။ ပြည်ပနိုင်ငံများ၊ အပြည်ပြည် ဆိုင်ရာ အဖွဲ့အစည်းများ၊ နိုင်ငံတကာ ပုဂ္ဂလိက/ အဖွဲ့အစည်းများနှင့် ချိတ်ဆက်၍လည်း နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ချေးငွေ၊ ထောက်ပံ့ငွေများ ရရှိနိုင်ရေးကို စီစဉ်ဆောင်ရွက် လျက် ရှိပါသည်။ နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုး တိုးတက်မှုတွင် ပြည်တွင်းပြည်ပ ရင်းနှီးမြှုပ်နှံမှုသည် လည်း အဓိကကျသည့်အတွက် ပြည်ပမှ ရင်းနှီးမြှုပ်နှံမှုများ စီးဝင်လာစေရေးနှင့် ပြည်တွင်း ရင်းနှီး

မြှုပ်နှံမှုများ တိုးတက်မြင့်မား လာစေရေးအတွက် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေအရ နိုင်ငံခြားသားများအား ရာနှုန်းပြည့်ရင်းနှီးမြှုပ်နှံမှုကို ဖြစ်စေ၊ အစိုးရဌာန/နိုင်ငံသား ပုဂ္ဂလိကများနှင့် ဖက်စပ်ပြုလုပ်၍ဖြစ်စေ ရင်းနှီးမြှုပ်နှံမှုကိုခွင့်ပြု ပေးလျက်ရှိပါသည်။ ထိုနည်းတူ မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံမှုဥပဒေ အရ မြန်မာနိုင်ငံသားများအား ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများကို ခွင့်ပြု ဆောင်ရွက်ပေးလျက် ရှိပါသည်။

၁၂။ နိုင်ငံတော်သည် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေးအတွက် လုပ်ငန်းစဉ်များ ချမှတ်ဆောင်ရွက်လျက် ရှိရာ သမဝါယမအသင်းအဖွဲ့များ အနေဖြင့် အစုအဖွဲ့များ ဖွဲ့စည်း၍ တစ်ပိုင်တစ်နိုင်မှသည် စီးပွားဖြစ်ထုတ်လုပ်နိုင်သည့်လုပ်ငန်းများ အဆင့်သို့ရောက်ရှိအောင် တိုးချဲ့ထုတ်လုပ်နိုင်ရေးအတွက် သမ/အဖွဲ့အစည်းပိုင် အခန်းကဏ္ဍရင်းနှီးမြှုပ်နှံမှုကို တိုးမြှင့်ဆောင်ရွက်လျက် ရှိပါသည်။

၁၃။ ပဉ္စမကာလတိုင်းနှစ် အမျိုးသားစီမံကိန်း၏ ပထမနှစ် ဖြစ်သော ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ် အမျိုးသား စီမံကိန်း တွင် စုစုပေါင်း ကျပ် ၁၂,၉၁၆,၅၈၂ သန်း ရင်းနှီးမြှုပ်နှံရန် လျာထားခဲ့ပါသည်။ ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ် ယာယီစာရင်းအရ စုစုပေါင်း ရင်းနှီးမြှုပ်နှံမှုမှာ ကျပ် ၁၃,၄၉၉,၄၄၂ သန်း ဖြစ်သဖြင့် မူလ လျာထားချက်ထက် ကျပ် ၅၈၂,၈၆၀ သန်းနှင့် ၂၀၁၀-၂၀၁၁ ဘဏ္ဍာနှစ်၊ ရှေ့ပြေးအမှန် စာရင်းထက် ကျပ် ၄,၃၈၄,၃၆၈ သန်း ပိုမိုရင်းနှီးမြှုပ်နှံခဲ့ပါသည်။

၁၄။ ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ် ယာယီစာရင်းအရ နိုင်ငံပိုင်အခန်းတွင် ကျပ် ၃,၀၃၅,၉၅၂ သန်း ၊ အချိုးအစားအားဖြင့် ၂၂.၅ ရာခိုင်နှုန်း ၊ သမ/ အဖွဲ့အစည်းပိုင်အခန်းတွင် ကျပ် ၁,၅၄၈ သန်း ၊ အချိုးအစားအားဖြင့် ၀.၀၁ ရာခိုင်နှုန်း နှင့် ပုဂ္ဂလိကပိုင်အခန်းတွင် ကျပ် ၁၀,၄၆၀,၉၄၂ သန်း၊ အချိုးအစားအားဖြင့် ၇၇.၅ ရာခိုင်နှုန်း အသီးသီး ရင်းနှီးမြှုပ်နှံခဲ့ပါသည်။



## ၂-၁-၄-၁။ နိုင်ငံပိုင်အခန်းရင်းနှီးမြှုပ်နှံမှုအခြေအနေ

၁၅။ ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းတွင် နိုင်ငံပိုင်အခန်းမှ စုစုပေါင်း ကျပ် ၂,၄၉၉,၈၂၃ သန်း ရင်းနှီးမြှုပ်နှံရန် လျာထားခဲ့ရာ ယာယီစာရင်းအရ ကျပ် ၃,၀၃၅,၉၅၂ သန်း ရရှိခဲ့သဖြင့် မူလလျာထားချက်ထက် ကျပ် ၅၃၆,၀၂၉ သန်း ပိုမိုရင်းနှီးမြှုပ်နှံခဲ့ပါသည် ။

၁၆။ ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ် ယာယီစာရင်းအရ စုစုပေါင်း ကျပ် ၃,၀၃၅,၉၅၂ သန်း ရင်းနှီးမြှုပ်နှံခဲ့သည့်အနက် လယ်ယာကဏ္ဍတွင် ကျပ် ၁၅၄,၃၄၉ သန်း၊ အချိုးအစား အားဖြင့် ၅.၁ ရာခိုင်နှုန်း ပါဝင်ပါသည်။ ထို့အပြင် စက်မှုလက်မှုကဏ္ဍမှ လယ်ယာကို အထောက်အကူပြုသော စက်မှုလက်မှု လုပ်ငန်းများနှင့် လယ်ယာထွက် ပစ္စည်းများကို အသုံးပြုမွမ်းမံကြိတ်ခွဲ ထုတ်လုပ်သော စက်မှုလက်မှု လုပ်ငန်းများအတွက် ရင်းနှီးမြှုပ်နှံမှု မှာ ကျပ် ၆,၄၃၄ သန်း၊ အချိုးအစားအားဖြင့် ၀.၂ ရာခိုင်နှုန်း ရှိပါသည်။ သားငါးကဏ္ဍတွင် ကျပ် ၃,၇၃၃ သန်း၊ အချိုးအစားအားဖြင် ၀.၁ ရာခိုင်နှုန်း၊ သစ်တောကဏ္ဍ တွင် ကျပ် ၂,၇၄၅ သန်း ၊ အချိုးအစားအားဖြင့် ၀.၁ ရာခိုင်နှုန်း၊ စွမ်းအင်ကဏ္ဍတွင် ကျပ် ၁၃,၈၅၅ သန်း ၊ အချိုး အစားအားဖြင်၀.၄ ရာခိုင်နှုန်း၊ သတ္တုနှင့်တွင်းထွက် ပစ္စည်းကဏ္ဍတွင် ကျပ် ၂၆၀ သန်း၊ အချိုးအစားအားဖြင့် ၀.၀၁ ရာခိုင်နှုန်း၊ စက်မှုလက်မှုကဏ္ဍတွင် ကျပ် ၁၃၂,၉၁၃ သန်း ၊ အချိုးအစားအားဖြင့် ၄.၄ ရာခိုင်နှုန်း၊ လယ်ယာကို အထောက်အကူ ပြုသော စက်မှုလက်မှု လုပ်ငန်းများနှင့် လယ်ယာထွက် ပစ္စည်းများကို အသုံးပြုမွမ်းမံ ကြိတ်ခွဲထုတ်လုပ်သော စက်မှုလက်မှု လုပ်ငန်းများမှအပ အခြားစက်မှုလက်မှု လုပ်ငန်းများ အနေဖြင့် ကျပ် ၁၂၆,၄၇၉ သန်း၊ အချိုးအစား အားဖြင့် ၄.၂ ရာခိုင်နှုန်း၊ လျှပ်စစ်ဓာတ်အား ကဏ္ဍတွင် ကျပ် ၂၂၁,၄၉၀ သန်း၊ အချိုးအစား အားဖြင့် ၇.၃ ရာခိုင်နှုန်း၊ ဆောက်လုပ်မှုကဏ္ဍတွင် ကျပ် ၅၂၀,၅၄၆ သန်း၊ အချိုးအစားအားဖြင့် ၁၇.၂ ရာခိုင်နှုန်း၊ ပို့ဆောင်ရေးကဏ္ဍတွင် ကျပ် ၁၄၂,၁၉၆ သန်း၊ အချိုးအစားအားဖြင့် ၄.၇ ရာခိုင်နှုန်း၊ ဆက်သွယ်ရေးကဏ္ဍတွင် ကျပ် ၄၀,၀၅၉ သန်း၊ အချိုးအစားအားဖြင့် ၁.၃ ရာခိုင်နှုန်း၊ ကုန်သွယ်ရေးကဏ္ဍတွင် ကျပ် ၁,၁၇၄ သန်း၊ အချိုးအစားအားဖြင့် ၀.၁ ရာခိုင်နှုန်း၊ ငွေရေးကြေးရေး ကဏ္ဍတွင် ကျပ် ၂,၈၀၅ သန်း၊ အချိုးအစားအားဖြင့် ၀.၁ ရာခိုင်နှုန်း၊ လူမှုရေးနှင့် စီမံခန့်ခွဲရေး အဖွဲ့အစည်းများကဏ္ဍတွင် ကျပ် ၁,၇၀၃,၃၇၁ သန်း၊ အချိုးအစား အားဖြင့် ၅၆.၁ ရာခိုင်နှုန်း၊ နေပြည်တော် စည်ပင်သာယာရေး ကော်မတီ အသုံးစရိတ်တွင် ကျပ် ၁,၀၂၅ သန်း၊ အချိုးအစား အားဖြင့် ၀.၀၃ ရာခိုင်နှုန်းနှင့် တိုင်းဒေသကြီး နှင့် ပြည်နယ်များတွင် ကျပ် ၉၅,၄၃၁ သန်း၊ အချိုး အစားအားဖြင့် ၃.၁ ရာခိုင်နှုန်းအသီးသီး ရင်းနှီးမြှုပ်နှံခဲ့ပါသည်။

၁၇။ ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ် ယာယီစာရင်းအရ ကျပ် ၃,၀၃၅,၉၅၂ သန်း ရင်းနှီးမြှုပ်နှံခဲ့ရာ ထုတ်လုပ်မှုကဏ္ဍများတွင် ကျပ် ၃၀၇,၈၅၅ သန်း၊ အချိုးအစားအားဖြင့် ၁၀.၁ ရာခိုင်နှုန်း အထောက်အကူပြုကဏ္ဍများတွင် ကျပ် ၉၂၄,၂၉၁ သန်း၊ အချိုးအစား အားဖြင့် ၃၀.၅ ရာခိုင်နှုန်းနှင့် ဝန်ဆောင်မှု ကဏ္ဍများတွင် ကျပ် ၁,၈၀၃,၈၀၆ သန်း၊ အချိုးအစားအားဖြင့် ၅၉.၄ ရာခိုင်နှုန်း အသီးသီး ရင်းနှီးမြှုပ်နှံခဲ့ပါသည်။

## ၂-၁-၄-၂။ သမဝါယမ အဖွဲ့အစည်းပိုင်အခန်းရင်းနှီးမြှုပ်နှံမှုအခြေအနေ

၁၈။ ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ် မတ်လကုန်စာရင်းအရ သမဝါယမ အဖွဲ့အစည်းပိုင်အခန်း ရင်းနှီးမြှုပ်နှံမှုမှာ ကျပ် ၁,၅၄၈ သန်း ဖြစ်သဖြင့် ၂၀၁၀-၂၀၁၁ ဘဏ္ဍာနှစ် ရွေ့ပြေးအမှန်စာရင်းထက် ကျပ် ၉ သန်း ပိုမိုရင်းနှီးမြှုပ်နှံခဲ့ပါသည်။

## ၂-၁-၄-၃။ ပုဂ္ဂလိကပိုင်အခန်းရင်းနှီးမြှုပ်နှံမှုအခြေအနေ

၁၉။ ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်မတ်လကုန်စာရင်းအရ ကျပ် ၁,၀၄၆၁,၉၄၂ သန်းဖြစ်သဖြင့် ၂၀၁၀- ၂၀၁၁ ဘဏ္ဍာနှစ် ရွေ့ပြေးအမှန်စာရင်းထက် ကျပ် ၄,၅၅၁,၇၄၀ သန်း ပိုမို ခဲ့ပါသည်။ ပုဂ္ဂလိကပိုင် ရင်းနှီးမြှုပ်နှံမှုများ တိုးတက်လာစေရေးအတွက် နိုင်ငံတော် အနေဖြင့် ဈေးကွက်စီးပွားရေးစနစ်အရ လွတ်လပ်စွာ လုပ်ကိုင်ခွင့်များကို စီးပွားရေးနယ်ပယ် အသီးသီးတွင် လမ်းဖွင့်ပေးခဲ့ပါသည်။ အထူးသဖြင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေ နှင့် မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှုဥပဒေများ ပြဋ္ဌာန်းဆောင်ရွက်ခြင်းသည် ပုဂ္ဂလိကပိုင်အခန်း ရင်းနှီးမြှုပ်နှံမှုများအတွက် အခွင့်အလမ်းကောင်းများ ဖန်တီးပေးခြင်း ဖြစ်ပါသည်။

၂၀။ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဥပဒေအရ ၁၉၈၉-၁၉၉၀ ဘဏ္ဍာနှစ်မှ ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ် မတ်လကုန်အထိ လုပ်ငန်းပေါင်း (၄၆၇) ခုကို ဆောင်ရွက်ခွင့်ပြုခဲ့ပါသည်။ နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှု ဥပဒေအရ လုပ်ကိုင်ခဲ့သည့် လုပ်ငန်းများ၏ ကဏ္ဍအလိုက် ရင်းနှီးမြှုပ်နှံမှု အခြေအနေမှာ လယ်ယာလုပ်ငန်း(၇)ခု၊ မွေးမြူရေးနှင့်ရေလုပ်ငန်း (၂၅)ခု၊သတ္တုလုပ်ငန်း (၆၆) ခု၊ ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း(၁၀၉) ခု၊ စက်မှုလုပ်ငန်း (၁၆၄) ခု၊ လျှပ်စစ် ဓာတ်အားလုပ်ငန်း (၅)ခု၊ ဆောက်လုပ်ရေးလုပ်ငန်း(၂)ခု၊ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေး လုပ်ငန်း (၁၆)ခု၊ ဟိုတယ်နှင့် ခရီးသွား လုပ်ငန်း (၄၅) ခု၊ အိမ်ရာ အဆောက်အအုံ တည်ဆောက်ဖွံ့ဖြိုးမှုလုပ်ငန်း (၁၉)ခု၊ စက်မှုဇုန် တည်ဆောက်မှုလုပ်ငန်း (၃)ခု နှင့် အခြားဝန်ဆောင်မှုလုပ်ငန်း(၆)ခု အသီးသီးဖြစ်ပါသည်။ ထိုလုပ်ငန်းများ တွင် ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ် မတ်လကုန်အထိစာရင်းများအရ နိုင်ငံခြားငွေဖြင့် အမေရိကန်ဒေါ်လာ

၄၀,၆၉၉ သန်း ရင်းနှီးမြှုပ်နှံ ခဲ့ပါသည်။ ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်အတွင်းနိုင်ငံခြား ရင်းနှီးမြှုပ်နှံမှု ဥပဒေအရ ခွင့်ပြု ခဲ့သော လုပ်ငန်းအရေအတွက်မှာ (၁၃)ခုဖြစ်ပြီး၊ အမေရိကန်ဒေါ်လာ ၄,၆၄၄ သန်း ရင်းနှီး မြှုပ်နှံခဲ့ပါသည်။

၂၁။ မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှုဥပဒေအရ ၁၉၉၄-၁၉၉၅ ဘဏ္ဍာနှစ် မှ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ် မတ်လကုန်အထိ လုပ်ငန်းပေါင်း (၈၄၀) ခုကို ဆောင်ရွက်ခွင့်ပြုခဲ့ပါသည်။ ခွင့်ပြုခဲ့သော လုပ်ငန်းများမှာ လယ်ယာလုပ်ငန်း (၅)ခု၊မွေးမြူရေးနှင့်ရေလုပ်ငန်း (၅၆)ခု၊ သတ္တုလုပ်ငန်း(၅၀)ခု၊ စက်မှုလုပ်ငန်း (၅၈၂)ခု၊လျှပ်စစ်ဓာတ်အားလုပ်ငန်း(၆)ခု၊ ဆောက်လုပ်ရေးလုပ်ငန်း(၅၂)ခု၊ ပို့ဆောင်ရေးလုပ်ငန်း (၁၇)ခု၊ ဟိုတယ်နှင့် ခရီးသွားလုပ်ငန်း (၂၃)ခု၊ အိမ်ရာအဆောက်အအုံ တည်ဆောက်ဖွံ့ဖြိုးမှုလုပ်ငန်း (၃၁)ခု ၊ စက်မှုဇုန် တည်ဆောက်မှုလုပ်ငန်း (၁) ခု နှင့် အခြား ဝန်ဆောင်မှုလုပ်ငန်း (၁၇) ခု တို့ ဖြစ်ပါသည်။ ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ် မတ်လကုန် အထိ ဖော်ပြပါလုပ်ငန်းများတွင် ကျပ် ၁,၆၅၉,၅၆၄သန်းရင်းနှီးမြှုပ်နှံခဲ့ပြီး နိုင်ငံခြားငွေဖြင့် ရင်းနှီးမြှုပ်နှံမှု အမေရိကန်ဒေါ်လာ ၂,၄၇၅ သန်း အပါအဝင် ဖြစ်ပါသည်။ ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ် အတွင်း ခွင့်ပြုခဲ့သော လုပ်ငန်း အရေအတွက်မှာ ( ၃၄ ) ခု နှင့် ဖော်ပြပါလုပ်ငန်းများအတွက် ကျပ် ၂၄၁,၅၇၆ သန်း ရင်းနှီးမြှုပ်နှံခဲ့ပြီး နိုင်ငံခြားငွေဖြင့် ရင်းနှီးမြှုပ်နှံမှု အမေရိကန်ဒေါ်လာ ၂၇၉ သန်း အပါအဝင်ဖြစ်ပါသည်။

၂၂။ နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုဥပဒေအရ ခွင့်ပြုထားသည့် စီးပွားရေးကဏ္ဍများတွင် ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ် မတ်လကုန်အထိ စက်မှုလုပ်ငန်း၊ ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း နှင့် သတ္တုတူးဖော်ရေးလုပ်ငန်းတို့တွင် အများဆုံး ရင်းနှီးမြှုပ်နှံထားကြပြီး နိုင်ငံအလိုက် ရင်းနှီးမြှုပ်နှံမှုတွင် စင်္ကာပူနိုင်ငံ၊ ထိုင်းနိုင်ငံ နှင့် ကိုရီးယားနိုင်ငံတို့မှ အများဆုံးရင်းနှီးမြှုပ်နှံနိုင်ခဲ့ပါသည်။

## ၂-၁-၅။ ဘဏ္ဍာရေးကဏ္ဍတိုးတက်မှု

### ၂-၁-၅-၁။ အစိုးရ၏ ရငွေနှင့် အသုံးစရိတ်များအခြေအနေ

၂၃။ ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ် မှစ၍ ပြည်ထောင်စု၏ အရအသုံးခန့်မှန်းခြေငွေစာရင်းတွင် ပါဝင်သော ဌာန/အဖွဲ့အစည်းများသည် ပြည်ထောင်စု၏ ဘဏ္ဍာရန်ပုံငွေ အစီအစဉ်ဖြင့် လုပ်ငန်းများကို ဆောင်ရွက်ကြရမည်ဖြစ်ပြီး၊ ရငွေများကို ပြည်ထောင်စု၏ ဘဏ္ဍာရန်ပုံငွေသို့ ပေးသွင်း၍ ထုတ်ပေးရန်ရှိသော သုံးငွေများကို ပြည်ထောင်စု၏ ဘဏ္ဍာရန်ပုံငွေမှထုတ်ယူသုံးစွဲရန် ဖြစ်ပါသည်။

၂၄။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အရ အသုံးခန့်မှန်းခြေငွေစာရင်းတွင် ပါဝင်သော ဌာန/ အဖွဲ့အစည်းများသည် တိုင်းဒေသကြီးသို့မဟုတ်ပြည်နယ်ဘဏ္ဍာရန်ပုံငွေအစီအစဉ်ဖြင့် လုပ်ငန်းများကို ဆောင်ရွက်ကြရမည်ဖြစ်ပြီး ၊ရငွေများကို တိုင်းဒေသကြီးသို့မဟုတ်ပြည်နယ်၏ ဘဏ္ဍာရန်ပုံငွေသို့ ပေးသွင်း၍ သုံးငွေများကို ထိုဘဏ္ဍာရန်ပုံငွေမှ ထုတ်ယူသုံးစွဲရန် ဖြစ်ပါသည်။ တိုင်းဒေသကြီး/ ပြည်နယ်များ၏ အရအသုံးခန့်မှန်းခြေငွေစာရင်းများတွင် ရငွေထက်သုံးငွေကပိုပြီး လိုငွေပေါ်ပေါက်လျက် ရှိပါသဖြင့် ဘဏ္ဍာရန်ပုံငွေမှ ထောက်ပံ့ခြင်း ၊ ချေးငွေများ ခွင့်ပြုခြင်းပြုလုပ်ပေးမည် ဖြစ်ပါသည်။

၂၅။ ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်အတွက် ပြည်ထောင်စု၏ဘဏ္ဍာငွေအရအသုံးစာရင်းတွင် နိုင်ငံတော်စီမံခန့်ခွဲရေး အဖွဲ့အစည်းများ၏ စုစုပေါင်း ရငွေ လျာထားချက်မှာ ကျပ် ၅,၄၁၇,၂၂၃ သန်း ဖြစ်ပြီး စုစုပေါင်းအသုံးစရိတ်မှာ ကျပ် ၇,၄၇၂,၅၉၃ သန်း ဖြစ်သဖြင့် လိုငွေ ကျပ် ၂,၀၅၅,၃၇၀ သန်း လျာထား ခဲ့သည်။ ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ် ယာယီစာရင်းများအရအသုံးစာရင်းတွင် နိုင်ငံတော်စီမံခန့်ခွဲရေး အဖွဲ့အစည်းများ၏ စုစုပေါင်း ရငွေမှာ ကျပ် ၆,၃၀၀,၄၆၄ သန်း ရရှိခဲ့ပြီး စုစုပေါင်း အသုံးစရိတ်မှာ ကျပ် ၈,၄၆၁,၅၇၇ သန်း ဖြစ်သဖြင့် အသားတင် လိုငွေ ကျပ် ၂,၁၆၁,၁၁၃ သန်း ဖြစ်ပေါ်ခဲ့ပါသည်။

၂၆။ ၂၀၁၁-၂၀၁၂ဘဏ္ဍာနှစ် ယာယီစာရင်းများအရ တပ်မြို့စည်ပင်သာယာရေးအဖွဲ့များ၏ ရငွေမှာ ကျပ် ၃၄၂ သန်း ဖြစ်ပြီး အသုံးစရိတ်မှာ ကျပ် ၄၉၀ သန်း ဖြစ်သဖြင့် လိုငွေ ကျပ် ၁၄၈ သန်း ဖြစ်ပေါ်ခဲ့ပါသည်။

၂၇။ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၏၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်အတွက် ပြည်ထောင်စု၏ဘဏ္ဍာငွေ အရ-အသုံးစာရင်းတွင် ယာယီစာရင်းများအရ ရငွေ ကျပ် ၅,၄၀၃ သန်း ဖြစ်ပြီး အသုံး စရိတ် မှာ ကျပ် ၃,၆၇၅ သန်း ဖြစ်သဖြင့် ပိုငွေကျပ် ၁,၇၂၈ သန်း ဖြစ်ပေါ် ခဲ့ပါသည်။

**၂-၁-၅-၂။ နိုင်ငံခြားငွေ အရ-အသုံးအခြေအနေ**

၂၈။ ၂၀၁၁-၂၀၁၂ဘဏ္ဍာနှစ်အတွက် နိုင်ငံခြားငွေအရ-အသုံးစာရင်း သာမန်စာရင်းပိုင်း တွင် ရငွေ ကျပ် ၅၃,၈၆၅ သန်းဖြစ်ပြီး အသုံးစရိတ်မှာ ကျပ် ၆၀,၅၂၅ သန်း ဖြစ်သဖြင့် သာမန်စာရင်း လိုငွေ ကျပ် ၆,၆၆၀ သန်း ဖြစ်ပေါ်ခဲ့ပါသည်။ ပြည်ပ ချေးငွေ ထောက်ပံ့ငွေ ရရှိမှုမှာ ကျပ် ၅,၂၈၂ သန်း ဖြစ်ပြီး ပြည်ပချေးငွေ အပေါ် အရင်းနှင့်အတိုး ပြန်ဆပ်ငွေ မှာ ကျပ် ၁,၀၃၅ သန်း ဖြစ်ပါ

သည်။ ပြည်ပ ရင်းနှီးမြှုပ်နှံမှုမှာ ကျပ် ၅,၃၄၉ သန်းဖြစ်ပါသည်။ ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ် အတွက် နိုင်ငံခြားငွေ အရ-အသုံး စာရင်း ပိုငွေမှာ ကျပ် ၆,၁၄၃ သန်း ဖြစ်ပါသည်။

## ၂-၁-၆။ ပြည်ပကုန်သွယ်မှုအခြေအနေ

၂၉။ မြန်မာနိုင်ငံသည် ကမ္ဘာ့ကုန်သွယ်မှုအဖွဲ့၏ အဖွဲ့ဝင်နိုင်ငံအဖြစ်လွတ်လပ်သော ပြည်ပ ကုန်သွယ်မှု မူဝါဒကို ကျင့်သုံးဆောင်ရွက်လျက်ရှိပြီး အကောက်ခွန်ဆိုင်ရာ ယေဘုယျ အခွင့်အရေး ပေးမှုစနစ် (GSP) အရ ကုန်သွယ်မှုအခွင့်အရေးများကို အထိုက်အလျောက် ခံစားခွင့် ရရှိလျက်ရှိ ပါသည်။ ထို့အပြင် အရှေ့တောင်အာရှနိုင်ငံများအသင်း(အာဆီယံ)တွင် အဖွဲ့ဝင်နိုင်ငံ တစ်နိုင်ငံ ဖြစ်သည်နှင့်အညီ အာဆီယံ လွတ်လပ်သော ကုန်သွယ်မှုဒေသ (ASEAN Free Trade Area) ထူထောင်ရေးတွင် ပါဝင်ဆောင်ရွက်လျက်ရှိရာ အာဆီယံအဖွဲ့ဝင်နိုင်ငံအချင်းချင်း အကောက်ခွန် နှုန်းလျှော့ချ/ ပယ်ဖျက်ပေးသည့် အစီအစဉ်ကို လိုက်နာဆောင်ရွက်လျက်ရှိပါသည်။

၃၀။ ပြည်ပကုန်သွယ်မှု တိုးမြှင့်လာစေရေး၊ အထူးသဖြင့် ပြည်ပပို့ကုန် တိုးချဲ့မြှင့်တင်ရေး အတွက် လယ်ယာထွက်ကုန်၊ ရေထွက်နှင့် သစ်တောထွက်ပစ္စည်းများ၏ ပို့ကုန်ဝင်ငွေအပေါ် ကောက်ခံသော ကုန်သွယ်လုပ်ငန်းခွန်နှင့် ပုဂ္ဂလိကလက်ခစားလုပ်ငန်း (CMP) စနစ်ဖြင့် ဆောင်ရွက်သော လုပ်ငန်း များမှ နိုင်ငံခြားငွေရရှိမှုအပေါ် ရရှိသည့် နိုင်ငံခြားငွေ အချိုးအစားဖြင့် ပေးဆောင်ရသော ဝင်ငွေခွန် တို့ကို ၁၀ ရာခိုင်နှုန်းမှ ၂ ရာခိုင်နှုန်း သို့ လျှော့ချပေးမှုအစီအစဉ်၊ ဆန်၊ ပဲမျိုးစုံ၊ ပြောင်း၊ နှမ်း၊ ရော်ဘာ၊ ရေထွက်ပစ္စည်းများ၊ တိရစ္ဆာန်နှင့် တိရစ္ဆာန်ထွက်ပစ္စည်းများ (ကန့်သတ်ကုန်ပစ္စည်း များမှအပ) သစ်၊ ဝါး၊ ကြိမ်ဖြင့်ပြုလုပ်သော တန်ဖိုးမြှင့်ကုန်ပစ္စည်းများအပေါ် ကောက်ခံသည့် ကုန်သွယ်လုပ်ငန်းခွန်ကို ကင်းလွတ်ခွင့်ပြုပြီး ဆန်၊ ဆန်ထွက်ပစ္စည်းများ၊ မြေပဲ၊ မြေပဲဆီ၊ နှမ်းနီ၊ နှမ်းညို၊ နှမ်းဆီများအား လွတ်လပ်စွာ တင်ပို့စေခြင်းစသည့် နိုင်ငံတော်မှ ပံ့ပိုးမှု များ ဆောင်ရွက် လျက်ရှိပါသည်။ ထို့ပြင် နိုင်ငံတော်အနေဖြင့် သွင်းကုန်ပစ္စည်းအချို့ (စက်သုံးဆီ၊ ယာဉ်၊ လူသုံးကုန် ပစ္စည်း) တင်သွင်းမှုကို ဖြေလျှော့ပေးပြီး နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေအရ အကောင်အထည်ဖော် ဆောင်ရွက်နေသည့် လုပ်ငန်းများ၏ သွင်းကုန်တင်သွင်းမှု အခြေအနေများပေါ် နိုင်ငံတော်အတွက် လိုအပ်သည့် သွင်းကုန်ပစ္စည်းများကို စိစစ်တင်သွင်းစေခဲ့ပါသည်။

၃၁။ ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်း ရည်မှန်းချက်တွင် ပြည်ပပို့ကုန် ဒေါ်လာ ၁၀,၅၆၄.၁ သန်းဖိုး တင်ပို့ရန်ရည်မှန်းခဲ့ပါသည်။ ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ် မတ်လကုန်

စာရင်းအရ ပြည်ပပို့ကုန်တင်ပို့မှုကို ၂၀၁၀-၂၀၁၁ ဘဏ္ဍာနှစ်၊ ရှေ့ပြေးအမှန်စာရင်းနှင့် နှိုင်းယှဉ်ပါက အောက်ပါအတိုင်း ပြောင်းလဲခဲ့ပါသည်။

- စုစုပေါင်း ပြည်ပပို့ကုန်တန်ဖိုး(Re-export အပါအဝင်) ကို ဒေါ်လာ ၈,၈၆၁.၀ သန်း မှ ဒေါ်လာ ၉,၁၃၅.၆ သန်း၊
- ပိုင်ဆိုင်မှုအခန်းအလိုက် ပြည်ပပို့ကုန်တန်ဖိုးများမှာ -
    - နိုင်ငံပိုင်အခန်းတွင် ဒေါ်လာ ၅,၃၀၇.၄ သန်း၊ အချိုးအစားအားဖြင့် ၅၉.၉ ရာခိုင်နှုန်း မှဒေါ်လာ ၅,၀၂၈.၂ သန်း ၊ အချိုးအစားအားဖြင့် ၅၅.၀ ရာခိုင်နှုန်း ၊
    - သမ/အဖွဲ့အစည်းပိုင်အခန်းတွင် ဒေါ်လာ ၁၃၂.၈ သန်း ၊ အချိုးအစား အားဖြင့် ၁.၅ ရာခိုင်နှုန်းမှ ဒေါ်လာ ၁၆၉.၀ သန်း၊ အချိုးအစားအားဖြင့် ၁.၉ ရာခိုင်နှုန်း ၊
    - ပုဂ္ဂလိကပိုင်အခန်းတွင် ဒေါ်လာ ၃,၄၂၀.၈ သန်း ၊ အချိုးအစားအားဖြင့် ၃၈.၆ ရာခိုင်နှုန်းမှ ဒေါ်လာ ၃,၉၃၈.၄ သန်း၊ အချိုးအစားအားဖြင့် ၄၃.၁ ရာခိုင်နှုန်း အသီးသီးပြောင်းလဲ တင်ပို့ နိုင်ခဲ့ပါသည်။

- အဓိကပို့ကုန်ပစ္စည်းများတင်ပို့မှုမှာ -

    - သဘာဝဓါတ်ငွေ့ကို ကုဗပေသန်းပေါင်း ၄၁၀၃၇၀ မှ ၄၀၀၀၃၃
    - ပဲအမျိုးမျိုးကို မက်ထရစ်တန်ထောင်ပေါင်း ၈၂၉ မှ ၁၂၉၆
    - ချုပ်ပြီးအထည်ကို ထည်ထောင်ပေါင်း ၇၉၈၈၇ မှ ၉၉၅၇၈
    - ငါးကို မက်ထရစ်တန် ထောင်ပေါင်း ၁၄၀ မှ ၁၈၃ နှင့်
    - ဆန်ကိုမက်ထရစ်တန် ထောင်ပေါင်း ၅၂၇ မှ ၆၃၇ အသီးသီး တင်ပို့နိုင်ခဲ့ပါသည်။

၃၂။ ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းရည်မှန်းချက်တွင် ပြည်ပသွင်းကုန်ကို ဒေါ်လာ ၇,၂၅၈.၆ သန်းဖိုး တင်သွင်းရန် ရည်မှန်းခဲ့ပါသည်။ ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ် မတ်လကုန်စာရင်းအရ ပြည်ပသွင်းကုန်တင်သွင်းမှုကို ၂၀၁၀-၂၀၁၁ ဘဏ္ဍာနှစ် ရှေ့ပြေးအမှန်စာရင်းနှင့် နှိုင်းယှဉ်ပါက-

- စုစုပေါင်း ပြည်ပသွင်းကုန်တန်ဖိုးမှာ ဒေါ်လာ ၆,၄၁၂.၇ သန်းမှ ဒေါ်လာ ၉,၀၃၅.၁ သန်း
- ပိုင်ဆိုင်မှုအခန်းအလိုက် ပြည်ပသွင်းကုန်တန်ဖိုးမှာ
    - နိုင်ငံပိုင်အခန်းတွင် ဒေါ်လာ ၁,၇၈၈.၄ သန်း၊ အချိုးအစားအားဖြင့် ၂၇.၉ ရာခိုင်နှုန်းမှ ဒေါ်လာ ၂,၄၂၅.၇ သန်း ၊ အချိုးအစားအားဖြင့် ၂၆.၈ ရာခိုင်နှုန်း၊

- သမ/အဖွဲ့အစည်းပိုင် အခန်းတွင် ဒေါ်လာ ၈၈.၉ သန်း ၊ အချိုးအစားအားဖြင့် ၁.၄ ရာခိုင်နှုန်းမှ ဒေါ်လာ ၇၇.၈ သန်း၊ အချိုးအစားအားဖြင့် ၀.၉ ရာခိုင်နှုန်း၊
- ပုဂ္ဂလိကပိုင်အခန်းတွင် ဒေါ်လာ ၄,၅၃၅.၄ သန်း၊ အချိုးအစားအားဖြင့် ၇၀.၇ ရာခိုင်နှုန်း မှ ဒေါ်လာ ၆,၅၁၁.၆ သန်း ၊ အချိုးအစားအားဖြင့် ၇၂.၃ ရာခိုင်နှုန်း အသီးသီးတင်သွင်းခဲ့ပါသည်။

၃၃။ ပြည်ပကုန်သွယ်မှုကို ဆောင်ရွက်ရာတွင် ပို့ကုန်မှ နိုင်ငံခြားငွေပိုမိုရရှိရေးကို တစ်ဖက်မှ ကြိုးပမ်းဆောင်ရွက်ခဲ့ပြီး တစ်ဖက်မှ ပို့ကုန်၊ သွင်းကုန် နှိုင်းယှဉ်ချက်တွင် လိုငွေဖြစ်ပေါ်မှု တဖြည်းဖြည်း လျော့နည်းအောင် ကြိုးပမ်းဆောင်ရွက်ခဲ့ပါသည်။ သို့ဖြစ်ပါ၍ ပို့ကုန်၊သွင်းကုန် နှိုင်းယှဉ်ချက်တွင် လိုငွေဖြစ်ပေါ်မှု အခြေအနေမှာ ၂၀၀၀-၂၀၀၁ ဘဏ္ဍာနှစ်နှင့် ၂၀၀၁-၂၀၀၂ ဘဏ္ဍာနှစ်တွင် လျော့နည်းလာပြီး ၂၀၀၂-၂၀၀၃ ဘဏ္ဍာနှစ်မှ စတင်၍ ပိုငွေ ဖြစ်ပေါ်ခဲ့ပါသည်။ ၂၀၁၀-၂၀၁၁ ဘဏ္ဍာနှစ် ရှေ့ပြေးအမှန်စာရင်းအရ ဒေါ်လာ ၂,၄၄၈.၃ သန်း ပိုမိုခဲ့ပြီး၊ ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ် မတ်လကုန်စာရင်းအရ ဒေါ်လာ ၁၀၀.၅ သန်း ပိုမိုခဲ့ပါသည်။



၃၄။ ပြည်ပဈေးကွက်တွင် ပို့ကုန်ပစ္စည်းဈေးနှုန်းနှင့် သွင်းကုန်ပစ္စည်းဈေးနှုန်းများ ပြောင်းလဲလျက်ရှိရာ မြန်မာနိုင်ငံအနေဖြင့် ပြည်ပကုန်သွယ်မှုတွင် နစ်နာမှုမရှိစေရန် ပို့ကုန်ဈေးကွက်အခြေအနေကို အမြဲမပြတ် လေ့လာသုံးသပ်ဆောင်ရွက်နေရန် လိုအပ်ပါသည်။ ထို့အပြင် ပြည်ပဈေးကွက်တွင် ဈေးကောင်းရရှိသည့် ပို့ကုန်ပစ္စည်းများ၊ အရည်အသွေး အဆင့်မြင့်သည့် ပို့ကုန်ပစ္စည်းများနှင့် ထပ်ဆင့်တိုးတန်ဖိုးရရှိသည့် ပို့ကုန်ပစ္စည်းများ ဦးစားပေး တိုးချဲ့တင်ပို့နိုင်ရေးကို အလေးပေး ဆောင်ရွက်ရန် လိုအပ်ပါသည်။ သွင်းကုန်ပစ္စည်းများ တင်သွင်းရာတွင်လည်း ထုတ်လုပ်မှုတိုးတက်ရေးကို အထောက်အကူပြုသည့် ကုန်ပစ္စည်းများ၊ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများအတွက် အဓိကလိုအပ်သည့် ရင်းနှီးကုန် ပစ္စည်းများ၊ လုပ်ငန်းတွင်းသုံးပစ္စည်းများနှင့် နိုင်ငံအတွက် မရှိမဖြစ် လိုအပ်သည့် စားသုံးကုန်ပစ္စည်းများကို ဦးစားပေး တင်သွင်းနိုင်ရေးအတွက် စီစဉ်ဆောင်ရွက်ရန်လိုအပ်ပါသည်။

၃၅။ မြန်မာနိုင်ငံ၏ ပြည်ပကုန်သွယ်မှုကို အာရှနိုင်ငံများနှင့် အများဆုံးပြုလုပ်လျက်ရှိရာ ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ် မတ်လကုန်စာရင်းအရ စုစုပေါင်း ပြည်ပပို့ကုန်တန်ဖိုး (Re-export အပါအဝင်) ဒေါ်လာ ၉,၁၃၅.၆ သန်း အနက် ဒေါ်လာ ၈,၆၀၇.၇ သန်း၊ အချိုးအစားအားဖြင့် ၉၄.၂ ရာခိုင်နှုန်းကို အာရှနိုင်ငံများသို့ တင်ပို့ခဲ့ပါသည်။ ယင်းအနက် ဒေါ်လာ ၄,၆၇၆.၇ သန်း၊ အချိုးအစားအားဖြင့် ၅၄.၃ ရာခိုင်နှုန်းကို အရှေ့တောင်အာရှနိုင်ငံများသို့ တင်ပို့ခဲ့ပါသည်။ စုစုပေါင်းသွင်းကုန် တန်ဖိုး ဒေါ်လာ ၉,၀၃၅.၁ သန်းအနက် ဒေါ်လာ ၈,၁၈၂.၃ သန်း၊ အချိုးအစားအားဖြင့် ၉၀.၆ ရာခိုင်နှုန်းကို အာရှနိုင်ငံများမှ တင်သွင်းခဲ့ပါသည်။ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ စင်္ကာပူနိုင်ငံ၊ ထိုင်းနိုင်ငံ၊ ဂျပန်နိုင်ငံ၊ ကိုရီးယားသမ္မတနိုင်ငံ နှင့် အိန္ဒိယနိုင်ငံတို့မှ သွင်းကုန်အများအပြား တင်သွင်းခဲ့ပါသည်။

၃၆။ ၂၀၁၁-၂၀၁၂ဘဏ္ဍာနှစ် တစ်မျိုးသားလုံးနှင့် ကဏ္ဍအလိုက် အသားတင်ထုတ်လုပ်မှု နှင့် ဝန်ဆောင်မှုတန်ဖိုး၊ပိုင်ဆိုင်မှုအခန်းနှင့် ကဏ္ဍအလိုက် ရင်းနှီးမြှုပ်နှံမှု အခြေအနေ၊ နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှု ဥပဒေနှင့်မြန်မာနိုင်ငံသားများရင်းနှီးမြှုပ်နှံမှုဥပဒေများအရ ခွင့်ပြုပြီးလုပ်ငန်းများအလိုက် ရင်းနှီးမြှုပ်နှံမှုအခြေအနေ ၊ ပြည်ထောင်စု၏ ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ် ဘဏ္ဍာငွေ အရ-အသုံး အခြေအနေ ၊ နိုင်ငံခြားငွေ အရ-အသုံးစာရင်း ၊ သွင်းကုန်ပမာဏ နှင့်ကုန်ပစ္စည်းအုပ်စုအလိုက် ပြောင်းလဲမှု၊ နိုင်ငံအလိုက် ကုန်ပစ္စည်းတင်သွင်းသည့်ပမာဏပြောင်းလဲမှု၊ပို့ကုန်ပမာဏနှင့် အမျိုးအစားပြောင်းလဲမှု၊ ကဏ္ဍအလိုက်ပြည်ပပို့ကုန် တင်ပို့မှု၊ နိုင်ငံအလိုက် ကုန်ပစ္စည်း တင်ပို့ရောင်းချသည့်ပမာဏပြောင်းလဲမှု၊ ပို့ကုန်သွင်းကုန် နှိုင်းယှဉ်ချက်၊ ပို့ကုန်သွင်းကုန် ဈေးဆနှုန်း အချိုးတို့ကို ဇယား(၁) မှ ဇယား (၁၆) အထိဖော်ပြထားပါသည်။

# အပိုင်း (၃)

## ကဏ္ဍဆိုင်ရာ ဖွံ့ဖြိုးမှုများ

### ၃-၁။ လယ်ယာကဏ္ဍကြီး

၁။ ပဉ္စမကာလတို ငါးနှစ်အမျိုးသားစီမံကိန်း၏ ပထမနှစ်ဖြစ်သည့် ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်၊ အမျိုးသားစီမံကိန်း တွင် ၂၀၁၀-၂၀၁၁ ဘဏ္ဍာနှစ် ပုံမှန်ဈေးနှုန်းများဖြင့် တွက်ချက်ထားသော လယ်ယာကဏ္ဍကြီး၏ အသားတင်ထုတ်လုပ်မှု တန်ဖိုးမှာ ကျပ်သန်း ၁၄,၇၂၇,၇၃၁.၀ ဖြစ်ပြီး တစ်မျိုးသားလုံး၏ ပြည်တွင်းအသားတင် ထုတ်လုပ်မှု နှင့် ဝန်ဆောင်မှု တန်ဖိုးတွင် ပါဝင်မှု ရာခိုင်နှုန်း ဒုတိယအများဆုံး ဖြစ်၍ ၃၄.၉ ရာခိုင်နှုန်း ဖြစ်ပါသည်။ လယ်ယာကဏ္ဍကြီးတွင် လယ်ယာကဏ္ဍသည် အသားတင်ထုတ်လုပ်မှု တန်ဖိုး ကျပ်သန်း ၁၀,၉၁၅,၁၂၈.၃ နှင့် ပါဝင်မှု ၇၄.၁ ရာခိုင်နှုန်း အများဆုံးဖြစ်ပြီး သားငါးကဏ္ဍသည် ကျပ်သန်း၃,၆၄၁,၇၅၀.၀နှင့် ပါဝင်မှု ၂၄.၇ရာခိုင်နှုန်း၊ သစ်တောကဏ္ဍသည် ကျပ်သန်း ၁၇၀,၈၅၂.၇ နှင့် ပါဝင်မှု ၁.၂ ရာခိုင်နှုန်း ဖြစ်ပါသည်။

**လယ်ယာကဏ္ဍကြီး၏ အကောင်အထည်ဖော်နိုင်မှု တန်ဖိုးနှင့်ရာခိုင်နှုန်း နှိုင်းယှဉ်ချက်**
**(၂၀၁၀ - ၂၀၁၁ ဘဏ္ဍာနှစ် နှင့် ၂၀၁၁- ၂၀၁၂ ဘဏ္ဍာနှစ် )**

(ကျပ်သန်း)



**၃-၁-၁။ လယ်ယာ ကဏ္ဍ**

၂။ ပဉ္စမကာလတို ငါးနှစ်အမျိုးသားစီမံကိန်း၏ ပထမနှစ်ဖြစ်သည့် ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်၊ အမျိုးသားစီမံကိန်း တွင် ၂၀၁၀-၂၀၁၁ ဘဏ္ဍာနှစ် ပုံမှန်ဈေးနှုန်းများဖြင့် တွက်ချက်ထားသော လယ်ယာကဏ္ဍ အသားတင်ထုတ်လုပ်မှုတန်ဖိုးကို ကျပ် ၁၁,၁၆၆,၂၁၁ သန်း ရရှိရန် ရည်မှန်းခဲ့ပါသည်။ ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ် မတ်လကုန် စာရင်းများအရ ကျပ် ၁၀,၉၁၅,၁၂၈ သန်းဖိုး ထုတ်လုပ်နိုင်ခဲ့သဖြင့် စီမံကိန်း ရည်မှန်းချက် အပေါ် ၉၇.၈ ရာခိုင်နှုန်း အကောင်အထည်ဖော်နိုင်ခဲ့ပါသည်။ ၂၀၁၀-၂၀၁၁ ဘဏ္ဍာနှစ် ရှေ့ပြေးအမှန် စာရင်းများနှင့် နှိုင်းယှဉ်ပါက ၁.၇ ရာခိုင်နှုန်း လျော့နည်းခဲ့ပါသည်။ ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ် မတ်လကုန် စာရင်းများအရ စိုက်ဧက ၅၅.၆ သန်း ဖြစ်ပြီး ၂၀၁၀-၂၀၁၁ ဘဏ္ဍာနှစ် ရှေ့ပြေးအမှန် စာရင်းများအရ စိုက်ဧက ၅၈.၂ သန်းဖြစ်သဖြင့် စိုက်ဧက ၂.၆ သန်း လျော့နည်းခဲ့ခြင်းကြောင့် ဖြစ်ပါသည်။

၃။ ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ် မတ်လကုန် စာရင်းများအရ အဓိကသီးနှံများ၏ စိုက်ပျိုးထွက်ရှိမှုများကို ၂၀၁၀-၂၀၁၁ ဘဏ္ဍာနှစ် ရှေ့ပြေးအမှန်စာရင်းများနှင့် နှိုင်းယှဉ်ပါက-

သီးနှံစိုက်ပျိုးမှုတွင်

| | | | |
|---|---|---|---|
| - စပါးစိုက်ဧကသန်းပေါင်း | ၁၉.၉ | မှ | ၁၈.၈ |
| - ပဲအမျိုးမျိုးဧကသန်းပေါင်း | ၁၁.၁ | မှ | ၁၀.၉ |
| - ချည်မျှင်ရှည်ဝါ ဧကထောင်ပေါင်း | ၆၆၄ | မှ | ၆၁၂ |
| - ငရုတ်ခြောက် ဧကထောင်ပေါင်း | ၃၁၅ | မှ | ၂၉၀ |
| - အာလူး ဧကထောင်ပေါင်း | ၉၆ | မှ | ၉၂ |
| - ကြက်သွန်နီ ဧကထောင်ပေါင်း | ၁၇၉ | မှ | ၁၇၈ |
| အသီးသီးလျော့နည်းစိုက်ပျိုးပြီး၊ | | | |
| - မြေပဲ ဧက ထောင်ပေါင်း | ၂၁၆၇ | မှ | ၂၁၉၂ |
| - အစေ့ထုတ်ပြောင်း ဧက ထောင်ပေါင်း | ၉၆၂ | မှ | ၁၀၁၇ |
| - နှမ်း ဧကထောင်ပေါင်း | ၃၉၁၈ | မှ | ၃၉၄၁ |
| - ဆီအုန်း ဧကထောင်ပေါင်း | ၃၀၈ | မှ | ၃၃၂ |
| - ကြက်ပေါင်စေး ဧကထောင်ပေါင်း | ၁၂၄၆ | မှ | ၁၃၄၂ |
| - ကော်ဖီ ဧကထောင်ပေါင်း | ၆၁ | မှ | ၆၂ |
| - လက်ဖက် ဧကထောင်ပေါင်း | ၂၃၄ | မှ | ၂၃၇ |
| - ငရုတ်ကောင်း ဧကထောင်ပေါင်း | ၁၁၅ | မှ | ၁၁၆ |

အသီးသီး တိုးတက်စိုက်ပျိုးနိုင်ခဲ့ပါသည်။

သီးနှံအထွက်တွင် _

| | | | |
|---|---|---|---|
| - စပါးစုစုပေါင်း တင်းသန်းပေါင်း | ၁၅၆၁ | မှ | ၁၄၆၃ |
| - ပဲအမျိုးမျိုး တင်းသန်းပေါင်း | ၁၈၂ | မှ | ၁၇၀ |
| - ချည်မျှင်ရှည်ဝါ ပိဿာ သန်းပေါင်း | ၃၁၄ | မှ | ၃၀၄ |
| - ငရုတ်ခြောက်ပိဿာသန်းပေါင်း | ၇၉ | မှ | ၇၂ |
| - အာလူး ပိဿာ သန်းပေါင်း | ၃၅၁ | မှ | ၃၄၆ |

အသီးသီးလျော့နည်းထွက်ရှိခဲ့ပြီး၊

| | | | |
|---|---|---|---|
| - အစေ့ထုတ်ပြောင်း တင်းသန်းပေါင်း | ၅၅ | မှ | ၆၀ |
| - နှမ်းတင်းသန်းပေါင်း | ၃၅ | မှ | ၃၇ |
| - ကြက်ပေါင်စေး ပေါင်သန်းပေါင်း | ၂၈၃ | မှ | ၃၃၀ |
| - ဆီအုန်းသီးခိုင်ပိဿာ သန်းပေါင်း | ၂၀၅ | မှ | ၂၆၈ |
| - ကြက်သွန်နီ ပိဿာသန်းပေါင်း | ၆၉၃ | မှ | ၇၀၀ |

အသီးသီး တိုးတက်ထွက်ရှိခဲ့ပါသည်။

၄။ လယ်ယာကဏ္ဍ၏ ၂၀၁၀-၂၀၁၁ ဘဏ္ဍာနှစ်ကို အခြေခံ တွက်ချက်ထားသော ထုတ်လုပ်မှုဆနှုန်းသည် ၂၀၁၁ - ၂၀၁၂ ဘဏ္ဍာနှစ် မတ်လကုန် စာရင်းများအရ ၉၈.၂ ဖြစ်ပေါ်ခဲ့ပါသည်။

## ၃-၁-၁-၁။ ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်အတွင်း လုပ်ငန်းဆောင်ရွက်ချက်များ

၅။ စီးပွားရေးဦးတည်ချက် (၄) ရပ်အနက် စိုက်ပျိုးရေးကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး ခေတ်မီ စက်မှုနိုင်ငံထူထောင်ရေးနှင့် အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေးမှာ နိုင်ငံစီးပွားရေးအတွက် အခြေခံကျသည့်အချက် ဖြစ်ပါသည်။ နိုင်ငံစီးပွားရေးတွင် လယ်ယာကဏ္ဍသည် ပဓာနအခြေခံအဖြစ် ရပ်တည်လျက်ရှိပြီး လူဦးရေ၏ ၇၀ ရာခိုင်နှုန်းခန့်မှာ ကျေးလက်တွင်နေထိုင်သူများဖြစ်ပြီး အများစုမှာ လယ်ယာကဏ္ဍတွင် အသက်မွေးဝမ်းကျောင်းပြုလျက်ရှိပါသည်။ သို့ဖြစ်၍ လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုသည် ကျေးလက်နေပြည်သူများ၏ လူနေမှုဘဝကို မြှင့်တင်ပေးနိုင်ပြီး၊ ကျေးလက်ဒေသဖွံ့ဖြိုးရေး၊ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် များစွာအထောက်အကူ ပြုလျက်ရှိပါသည်။

၆။ လယ်ယာကဏ္ဍ ထုတ်လုပ်မှုများတိုးတက်ရေးအတွက် စိုက်ပျိုးမြေသယံဇာတ ဖော်ထုတ်အသုံးချရေး၊ စိုက်ပျိုးရေ သယံဇာတဖော်ထုတ်အသုံးချရေး၊ စက်စွမ်းအားတိုးမြှင့် အသုံးချရေး၊ နည်းပညာဖွံ့ဖြိုးတိုးတက်ရေး၊ မျိုးကောင်းမျိုးသန့်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြောင်းလဲအသုံးပြုရေး ဟူသော လုပ်ငန်းစဉ်(၅)ရပ်ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။

၇။ စိုက်ပျိုးမြေတိုးချဲ့ဖော်ထုတ်ရေးဆောင်ရွက်ရာတွင် ပလပ်မြေနှင့်စိုက်ပျိုးနိုင်သောမြေရိုင်းများအားလုပ်ကိုင်ခွင့်ပေး၍ ဖော်ထုတ်တိုးချဲ့စိုက်ပျိုးခြင်း၊ ရေကြီးရေနက်ကွင်းများတွင် တာပတ်ခြင်း၊ ရေနုတ်မြောင်းများနှင့် စပါး-ငါးကန်များ တူးဖော်ပေးခြင်းဖြင့် လယ်ယာမြေများဖော်ထုတ်ခြင်း၊ မြေ၊ ရေ တိုက်စားမှုမှကာကွယ်ပေးနိုင်သည့် တောင်စောင်းဒေသမြေယာဖော်ထုတ်စိုက်ပျိုးမှုနှင့် ကုန်းမြင့်လယ်ယာမြေများ ဖော်ထုတ်စိုက်ပျိုးခြင်း စသည့်နည်းလမ်းများကို ကျင့်သုံးလျက်ရှိပါသည်။

၈။ ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ် မတ်လကုန် စာရင်းအရ ကုန်းမြင့်လယ်ယာမြေ ဖော်ထုတ်ခြင်းလုပ်ငန်းကို ဧက (၆၀၀) လျာထားခဲ့ရာ နေပြည်တော်တွင် (၉၄) ဧက၊ ရှမ်း(အရှေ့)တွင် (၆၇) ဧက၊ ရှမ်း(တောင်) တွင် (၁၀၀) ဧက၊ ရှမ်း(မြောက်) တွင် ဧက (၁၀၀) နှင့် ချင်းပြည်နယ်တွင် (၁၄၀) ဧက၊ စုစုပေါင်း ကုန်းမြင့်လယ်ယာမြေ (၅၀၁) ဧက ဖော်ထုတ်နိုင်ခဲ့ပါသည်။

၉။ မြေယာဖော်ထုတ်စိုက်ပျိုးခြင်းလုပ်ငန်းကို အချိန်တိုကာလအတွင်း တိုးတက်ဖြစ်ထွန်းလာစေရန် ရေနက်ကွင်း၊ ရေကြီးကွင်း ဧရိယာနှင့် မြေလွတ်မြေရိုင်းများတွင် တိုင်းရင်းသားစီးပွားရေးလုပ်ငန်းရှင်များ၊ ကုမ္ပဏီလုပ်ငန်းအဖွဲ့အစည်းများအား မြေယာဖော်ထုတ် လုပ်ကိုင်ခွင့်များ ချထားပေးပြီး ဆန်စပါး၊ ပဲမျိုးစုံ၊ ဆီထွက်သီးနှံ၊ စက်မှုသီးနှံနှင့် နှစ်ရှည်သီးနှံ၊ အမယ်သစ်သီးနှံနှင့် အခြားစားသုံးသီးပင်များ စိုက်ပျိုးစေလျက် ရှိပါသည်။

၁၀။ ၂၀၁၀-၂၀၁၁ ဘဏ္ဍာနှစ် ရှေ့ပြေးအမှန်စာရင်းအရ အသားတင်စိုက်ပျိုးနိုင်သည့် မြေဧရိယာ ဧက ၃၄.၀ သန်းနှင့် သီးထပ်သီးညှပ် စိုက်ပျိုးသည့်ဧရိယာ ဧက ၂၄.၂ သန်း ရှိခဲ့ရာမှ ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ် မတ်လကုန် စာရင်းများအရ အသားတင်စိုက်ပျိုးသည့် မြေဧရိယာ ဧက ၃၃.၆ သန်းနှင့် သီးထပ်သီးညှပ် စိုက်ပျိုးမှုတွင် ဧက ၂၂.၀ သန်း စိုက်ပျိုးခဲ့ပါသည်။ အသားတင် စိုက်ဧရိယာတွင် ဧက ၀.၄ သန်းခန့်နှင့် သီးထပ်သီးညှပ်စိုက်ဧရိယာတွင် ဧက ၂.၂ သန်း လျော့နည်း စိုက်ပျိုးခဲ့ပါသည်။ စုစုပေါင်းသီးနှံစိုက်ပျိုးသည့် ဧရိယာမှာ ဧက ၅၅.၆ သန်း ရှိသဖြင့် ယခင်နှစ်ထက် ဧက၂.၆ သန်းခန့်လျော့နည်းခဲ့ပါသည်။ သီးနှံစိုက်စွမ်းအားမှာ ၂၀၁၀-၂၀၁၁ ဘဏ္ဍာနှစ် ရှေ့ပြေးအမှန်တွင် ၁၇၁.၄ ရာခိုင်နှုန်း ရှိခဲ့ရာမှ ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ် မတ်လကုန် စာရင်းများအရ ၁၆၅.၆ ရာခိုင်နှုန်း ဖြစ်ပါသည်။

၁၁။ စိုက်ပျိုးရေသယံဇာတ တိုးမြှင့်ဖော်ထုတ် အသုံးချနိုင်အောင် ဆည်မြောင်းတာတမံအသစ်များ တည်ဆောက်ခြင်း၊ ရေဝေရေလဲဧရိယာမှ စီးဆင်းသည့်ရေများအား အပြည့်အဝသိုလှောင် အသုံးချရေးစီမံဆောင်ရွက်ပေးခြင်း၊တည်ဆောက်ပြီးဆည်မြောင်းတာတမံများမှ ဆည်ရေကို ထိရောက်စွာ ပေးသွင်းနိုင်ရေးနှင့် ရေပိုမိုသိုလှောင်နိုင်ရန် ပြုပြင်ခြင်း၊ မြစ်ချောင်းများမှ ရေလျှံချိန်တွင် အင်းအိုင်ချိုင့်ဝှမ်းများအတွင်းသို့ ရေသွင်းသိုလှောင်ထားရှိခြင်း၊ မြစ်ချောင်းများမှရေကို ရေစုပ်စက်ဖြင့် စုပ်တင်ခြင်းနှင့် မြေအောက်ရေထုတ်ယူသုံးစွဲခြင်းစသည့် နည်းလမ်း(၆)သွယ်ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။

၁၂။ မြန်မာနိုင်ငံတွင် ဆည်မြောင်းလုပ်ငန်းများကို ရှေးမြန်မာမင်းများ လက်ထက်ကပင် တည်ဆောက်ပြုပြင် ဆောင်ရွက်ခဲ့ပါသည်။ ၁၉၈၈ ခုနှစ်နောက်ပိုင်း နိုင်ငံတော်အစိုးရမှ ဆည်တမံတည်ဆောက်ရေး လုပ်ငန်းများကို တိုးချဲ့တည်ဆောက် ပေးလျက်ရှိသည့်အပြင် အလတ်စားနှင့် အသေးစားဆည်မြောင်းတာတမံများကို ပြည်သူလူထုနှင့် ပူးပေါင်းအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။ ထို့အပြင် စိုက်ပျိုးရေရရှိရေးအတွက် မြေအောက်ရေထုတ်ယူသုံးစွဲခြင်း၊ ရေလျှံတွင်းများမှရေရယူခြင်း၊ ချောင်းမြောင်းများပိတ်ဆို့၍ ရေတင်ခြင်းစသည့် အခြားရေရရှိရေး နည်းလမ်းများဖြင့်လည်း တိုးချဲ့ဆောင်ရွက်လျက်ရှိပါသည်။ ဆည်မြောင်းဦးစီးဌာနမှ ၁၉၈၈-၈၉ ဘဏ္ဍာနှစ် မှ ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ် မတ်လကုန် အထိ ကျပ်သန်းပေါင်း ၃၈၃,၂၄၀ အကုန်အကျခံ၍ ဆည်မြောင်း၊ ရေလှောင်တမံနှင့် တာတမံလုပ်ငန်းပေါင်း ၂၃၅ ခု တည်ဆောက်ပြီးစီးခဲ့ပါသည်။ ယင်းလုပ်ငန်း၂၃၅ ခုအနက် ဆည် ၄၅ ခုမှ ဧက ဝ.၆ သန်း၊ ရေလှောင်တမံ ၁၈၈ ခုမှ ဧက ၂.၁ သန်း၊ စုစုပေါင်း ရေပေးဝေနိုင်သည့် ဧရိယာဧက ၂.၇ သန်းနှင့် တာတမံလုပ်ငန်း ၂ ခု မှ ရေဘေးကာကွယ်နိုင်သည့် ဧရိယာဧက ဝ.၂ သန်း အသီးသီး တိုးတက်လာပါသည်။

၁၃။ ဆည်မြောင်းဦးစီးဌာနမှ ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ် မတ်လကုန် စာရင်းအရ ကညင်ရေလှောင်တမံနှင့် ကြီးအုံကြီးဝ ရေလှောင်တမံ ရေလှောင်ကန် ၂ ခု တိုးချဲ့တည်ဆောက်နိုင်ခဲ့ပြီး၊ ဧက ဝ.၀၃ သန်း ပိုမိုရေပေးဝေနိုင်ခဲ့ပါသည်။

၁၄။ စိုက်ပျိုးရေရရှိရေးအတွက် ရေအရင်းအမြစ်အသုံးချရေးဦးစီးဌာနမှလည်း ပြည်နယ်နှင့်တိုင်းဒေသကြီးများတွင် မြစ်ရေတင်လုပ်ငန်းများနှင့် မြေအောက်ရေတွင်းတူး လုပ်ငန်းများကို ဆက်လက်ဆောင်ရွက်လျက် ရှိရာ ၂၀၁၀-၂၀၁၁ ဘဏ္ဍာနှစ် ရွေ့ပြေးအမှန်စာရင်းများအရ ပြည်နယ်နှင့် တိုင်းဒေသကြီး (၁၆) ခု၌ မြစ်ရေတင်လုပ်ငန်း ၃၂၇ ခုမှ စုစုပေါင်း ဧက ဝ.၅ သန်းကို ရေပေးဝေနိုင်ခဲ့ပါသည်။ မြစ်ရေတင်လုပ်ငန်းများနှင့် မြေအောက်ရေတွင်းတူးလုပ်ငန်းများမှ ဧက ဝ.၆ သန်း

ရေပေးဝေနိုင်ခဲ့ပါသည်။ ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ် မတ်လကုန်စာရင်းများအရ ပြည်နယ်နှင့် တိုင်းဒေသကြီး (၁၂) ခုတွင် မြေအောက်ရေတွင်း ၈၃၁၂ တွင်းမှ စုစုပေါင်းစိုက်ပျိုးဧက ၀.၁ သန်းကို ရေပေးဝေနိုင်ခဲ့ပါသည်။

၁၅။ ရေသွင်းစိုက်ပျိုးမှုတွင် ဆည်မြောင်း၊ ရေကန်များနှင့် ရေစုပ်စက်ဖြင့် ရေသွင်းစိုက်ပျိုးမှုများ တိုးတက်လာသဖြင့် စုစုပေါင်း ရေသွင်းစိုက်ပျိုးသည့် မြေဧရိယာမှာ ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ် မတ်လကုန် စာရင်းများအရ ဧက ၅.၂ သန်း ဖြစ်ပါသည်။ ယခင်နှစ်နှင့်နှိုင်းယှဉ်ပါက ဧက ၀.၄ သန်း လျော့နည်းခဲ့ပါသည်။ သီးနှံအလိုက် ရေသွင်းစိုက်ပျိုးမှုမှာ ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ် မတ်လကုန် စာရင်းများအရ ဧက ၆.၇ သန်းခန့် ရှိသဖြင့် ၂၀၁၀-၂၀၁၁ ဘဏ္ဍာနှစ် ရှေ့ပြေးအမှန်စာရင်းထက် ဧက ၀.၆ သန်း လျော့နည်းခဲ့ပါသည်။ အသားတင်စိုက်ပျိုးသည့် မြေဧရိယာအပေါ် ရေသွင်း စိုက်ပျိုးသည့် မြေဧရိယာအချိုးအစားမှာ ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ် မတ်လကုန်စာရင်းအရ ၁၅.၆ ရာခိုင်နှုန်းဖြစ်ပါသည်။

၁၆။ တောင်သူလယ်သမားများ လယ်ယာလုပ်ငန်းခွင်တွင် စက်စွမ်းအားတိုးမြှင့်သုံးစွဲရေးကို အား ပေးဆောင်ရွက်လျက်ရှိရာတွင် အခြေခံကျသည့်ကျေးရွာများ၌ စံပြစက်မှု လယ်ယာကျေးရွာ (၂၄) ရွာကို တည်ထောင်ပေးထားပြီးဖြစ်ပါသည်။ နေပြည်တော်အပါအဝင် ပြည်နယ်တိုင်းဒေသအသီးသီး တွင် Fully Mechanized (၂၂၆၆) ဧက၊ Semi-Mechanized (၃၉၀) ဧက၊ စုစုပေါင်း စက်မှု လယ်ယာစနစ်ကျ လယ်ကွက် (၂၆၅၆) ဧက အကောင်အထည်ဖော် ဆောင်ရွက်ပေးနိုင်ခဲ့ပါသည်။ စက်မှုလယ်ယာဦးစီးဌာနမှ လယ်ယာသုံးစက်ကိရိယာ အသုံးချရေးဆိုင်ရာ နည်းပညာများ တောင် သူများသို့ ဖြန့်ဖြူးပေးခြင်း လုပ်ငန်းများဆောင်ရွက်လျက်ရှိပါသည်။

၁၇။ လယ်ယာကုန်ထုတ်လုပ်ငန်းများ ကျယ်ပြန့်လာသည့်အလျောက် စိုက်ပျိုးထုတ်လုပ်မှုလုပ်ငန်း အဆင့်ဆင့်တွင် နိုင်ငံတော်ပိုင်းမှသာမက ပုဂ္ဂလိကပိုင်းကပါ စက်စွမ်းအားတိုးမြှင့် သုံးစွဲလျက် ရှိပါ သည်။ နိုင်ငံ၏ ရေ၊ မြေ သဘာဝနှင့်အညီ ထွန်ယက်၊ ရိတ်သိမ်း၊ ခြွေလှေ့အခြောက်ခံမှုလုပ်ငန်းများ အတွက် လိုအပ်သော လယ်ယာသုံး စက်ကိရိယာများကို ပြည်တွင်းတွင် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနနှင့် စက်မှုဝန်ကြီးဌာနအောက်ရှိ စက်ရုံများနှင့် ပုဂ္ဂလိကစက်မှုလုပ်ငန်းများ မှ နှစ်စဉ်ထုတ်လုပ်ပေးလျက်ရှိသည့်အပြင် ပြည်ပမှလည်း ဝယ်ယူတင်သွင်း၍ တောင်သူလယ်သမား များသို့ ဖြန့်ဖြူးပေးလျက်ရှိပါသည်။

၁၈။ နည်းပညာဖွံ့ဖြိုးတိုးတက်ရေးအတွက် သီးနှံစိုက်ပျိုးပြုစုနည်းစနစ်များ၊ ဒေသရေမြေနှင့် ကိုက်ညီသော သီးနှံပုံစံများ၊ ပံ့ပိုးပစ္စည်းများ၊ သွင်းအားစုများကို အထိရောက်ဆုံး အသုံးချနိုင်မည့်

နည်းလမ်းများ၊ ပိုးမွှားရောဂါ ကာကွယ်နှိမ်နင်းရေး နည်းပညာများ အပါအဝင် သီးနှံစိုက်ပျိုးထုတ်လုပ်မှု တိုးတက်ရေး၊ ခေတ်မီနည်းပညာများကို တောင်သူလယ်သမားများ သိရှိလိုက်နာဆောင်ရွက်အောင် ပညာပေးဆောင်ရွက်လျက်ရှိပါသည်။ သီးနှံမျိုးစုံစိုက်စနစ်၊ စိုက်ချိန်၊ သဘာဝမြေဩဇာ၊ ဇီဝမြေဩဇာ ပြုလုပ်သုံးစွဲနည်းစနစ်များကို တောင်သူလယ်သမားများ လက်တွေ့လေ့လာနိုင်ရန် စံပြကွက်များ ပြုလုပ်ပြသလျက်ရှိပါသည်။

၁၉။ ဓါတ်မြေဩဇာအမျိုးမျိုးကို နိုင်ငံပိုင်အဖွဲ့အစည်းများနှင့် ပုဂ္ဂလိကလုပ်ငန်းရှင်များက ပြည်တွင်းပြည်ပမှ ထုတ်လုပ်ဝယ်ယူဖြန့်ဖြူးပေးလျက်ရှိပါသည်။ တစ်ဖက်မှလည်း မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းမှ ဇီဝမြေဩဇာများကို ထုတ်လုပ်ဖြန့်ဖြူးခြင်း၊ အီးအမ်ဘိုကာရှီ မြေဆွေးပြုလုပ်အသုံးပြုရန်နှင့် သဘာဝမြေဩဇာများ စနစ်တကျ စုစည်းအသုံးပြုလာစေရန် တောင်သူလယ်သမားများအား ဆက်လက်ပညာပေး စည်းရုံးခြင်းများကို ဆောင်ရွက်လျက်ရှိပါသည်။

၂၀။ မျိုးကောင်းမျိုးသန့်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် စပါး၊ အစေ့ထုတ်ပြောင်း၊ နှံစားပြောင်း၊ ဆီထွက်သီးနှံ၊ ပဲမျိုးစုံ၊ ဟင်းသီးဟင်းရွက်၊ သစ်သီးဝလံနှင့် ဝါ၊ ကြံ ၊ ဂုန်လျှော် စသည့် စက်မှုသီးနှံအမျိုးသစ်များ ရရှိရေးအတွက် ပြည်တွင်းပြည်ပမျိုးများ စုဆောင်းလေ့လာခြင်း၊ မိဘမျိုးလိုင်းများမွေးမြူရွေးချယ်ခြင်း၊ မျိုးကူးဆက်ခြင်း၊ မျိုးလိုင်းများရွေးချယ်ခြင်း၊ အလားအလာကောင်းသောမျိုးများ စမ်းသပ်ရွေးချယ်ခြင်းအတွက် အဆင့်ဆင့်ယှဉ်ပြိုင်ခြင်း၊ ဒေသအလိုက် ကိုက်ညီမှုစမ်းသပ်ခြင်း၊ မျိုးစေ့ပွားခြင်းလုပ်ငန်းများကိုလည်းကောင်း၊အစေ့ထုတ်ပြောင်း၊ နေကြာ၊ စပါး၊ ဝါနှင့်ပဲစဉ်းငုံစပ်မျိုး မျိုးသစ်များ ထုတ်လုပ်နိုင်ရေးအတွက် ပြည်တွင်းပြည်ပမျိုးများစုဆောင်းခြင်း၊ မိဘမျိုးလိုင်းများမွေးမြူရွေးချယ်ခြင်း၊ ပေါင်းစပ်စွမ်းရည်လေ့လာအကဲဖြတ်စမ်းသပ်ခြင်း၊ အလားအလာကောင်းသော မိဘမျိုးလိုင်းများမွေးမြူခြင်း၊ စပ်မျိုး မျိုးသစ်များစမ်းသပ် ထုတ်လုပ်ခြင်းအတွက် အဆင့်ဆင့် ယှဉ်ပြိုင်ခြင်း စသည့် လုပ်ငန်းများကို သုတေသနပြု ဆောင်ရွက်ခဲ့ပါသည်။

၂၁။ ရာသီဥတုပြောင်းလဲမှုနှင့် လိုက်လျောညီထွေရှိမှုရှိစေမည့် စပါး၊ ပြောင်း၊ ဆီထွက်သီးနှံနှင့် ပဲမျိုးစုံသီးနှံများအတွက် ရေငတ်ဒဏ်ခံ၊ ဆားငံဒဏ်ခံ၊ အပူချိန်မြင့်မားမှုဒဏ်ခံ၊ အအေးဒဏ်ခံ၊ ရေမြုပ်ခံသီးနှံမျိုးများ ရရှိစေရန်လည်း သုတေသနလုပ်ငန်းများ ဆောင်ရွက်ခဲ့ပါသည်။

၂၂။ စပ်မျိုးစပါးမျိုးစေ့ထုတ်လုပ်ခြင်းကို မိုးစပါးရာသီတွင် ဧက ၂၀၀ စိုက်ပျိုးခဲ့ပြီး၊ နွေရာသီတွင် ၈၅၃ ဧက၊ စုစုပေါင်း ဧက ၁၀၅၃ စိုက်ပျိုးနိုင်ခဲ့ပါသည်။ ရေဆင်း(၁) စပ်မျိုး နေကြာထုတ်လုပ်ခြင်းကို ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ် မတ်လကုန် စာရင်းများအရ မိုးရာသီ၌ (၁၄၉) ဧက စိုက်ပျိုးခဲ့ပြီး၊ ထွက်ရှိလာသော မျိုးစေ့များအား ဆောင်းရာသီနေကြာ စိုက်ဧရိယာများအတွက် ဖြန့်ဖြူးခဲ့ပါသည်။

၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ် မတ်လကုန် စာရင်းများအရ ဆောင်းရာသီတွင် စပ်မျိုးနေကြာ (၂၅၇) ဧက မျိုးစေ့ထုတ်လုပ်လျက်ရှိပါသည်။

၂၃။ ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်တွင် မြေကြီး၊ မြေပုံ မြေစာရင်းမှန်ကန်ရေးနှင့် မြေပုံများ ထုတ်လုပ်အသုံးပြုနိုင်ရေးအတွက် ဆောင်ရွက်ရာတွင် ကွင်းပေါင်း ၃၁၈ ကွင်း၊ ဧကထောင်ပေါင်း ၁၈၉ တိုင်းတာနိုင်ခဲ့ပြီး၊ သီးနှံစိုက်ပျိုးမြေ လက်ရှိဧရိယာထောင်ပေါင်း ၁၄၉ ဧကကို မြေတိုင်းတာခြင်းလုပ်ငန်း ဆောင်ရွက်နိုင်ခဲ့ပါသည်။

၂၄။ မြန်မာလယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ထုတ်ချေးသော စိုက်ပျိုးစရိတ်ချေးငွေနှင့် ပတ်သက်၍ စပါးသီးနှံတွင် ယခင်က တစ်ဧကတွင် ကျပ် ၂၀,၀၀၀ နှုန်းမှ ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်မှစ၍ တစ်ဧကလျှင် ကျပ် ၄၀,၀၀၀ အထိ တိုးမြှင့် ထုတ်ချေးခြင်းကြောင့် ၂၀၁၀-၂၀၁၁ ဘဏ္ဍာနှစ်ထက် ကျပ်သန်း ၁,၆၂၁,၀၄၁.၉ တိုးမြှင့်လာပါသည်။

၂၅။ ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို နိုင်ငံတော်မှ နှစ်စဉ်ငွေကြေး တိုးတက်ကျခံသုံးစွဲလျက်ရှိသည့်နည်းတူ ပြည်သူတို့၏ ပစ္စည်း၊ လုပ်အားနှင့် ငွေကြေးထည့်ဝင်ငွေများမှာလည်း သိသိသာသာ တိုးတက်လျက်ရှိပါသည်။ ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ် မတ်လကုန် စာရင်းများအရ နိုင်ငံတော်မှ ထည့်ဝင်ငွေ ကျပ် ၂၅၄.၅ သန်း နှင့် ပြည်သူလူထုထည့်ဝင်ငွေ ကျပ် ၂၈၅.၅ သန်း၊ စုစုပေါင်း ကျပ် ၅၄၀.၀ သန်း ဖြင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်း ၁၆၂ ခု ကို အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပါသည်။

၂၆။ ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်တွင် စာရင်းအင်းကိန်းဂဏန်းများ မှန်ကန်ရေးအတွက် မြေကြီးမြေပုံမှန်ကန်ရေးလုပ်ငန်း၊ မြေပြင်စာရင်းအမှန် ရရှိရေးအတွက် စာရင်းကောက်ယူရေးလုပ်ငန်းတို့ကို ဆောင်ရွက်ခဲ့ခြင်းကြောင့် ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ် မတ်လကုန်အထိ သီးနှံစိုက်ဧရိယာမှာ ယခင်နှစ်ကထက် ၂.၆ သန်း လျော့နည်းခဲ့ခြင်း၊ မိုးရွာသွန်းမှု များပြားခြင်းကြောင့် ရေကြီးနစ်မြုပ်၍ ထိခိုက်ပျက်စီးမှုများရှိခြင်း၊ အလေအလွင့်များပြားခြင်း၊ စိုက်ပျိုးမြေများတွင် ရေဝပ်ခြင်းတို့ကြောင့် ရိတ်သိမ်းဧကများ လျော့နည်းခြင်း၊ ရေသွင်းစိုက်ပျိုးသည့် မြေဧရိယာလျော့နည်းခြင်းကြောင့် သီးထပ်သီးညှပ် စိုက်ဧရိယာသည် ၂၀၁၀-၂၀၁၁ ဘဏ္ဍာနှစ် သီးထပ်သီးညှပ် စိုက်ဧရိယာထက် လျော့နည်းခြင်းတို့ကြောင့် ၂၀၁၀-၂၀၁၁ ဘဏ္ဍာနှစ် ရှေ့ပြေးအမှန်စာရင်းများနှင့် နှိုင်းယှဉ်ပါက ပဉ္စမကာလတို ငါးနှစ်အမျိုးသားစီမံကိန်း၏ ပထမနှစ်ဖြစ်သည့် ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းတွင် ၂၀၁၀-၂၀၁၁ ဘဏ္ဍာနှစ် ပုံမှန်ဈေးနှုန်းများဖြင့် တွက်ချက်ထားသော လယ်ယာ

ကဏ္ဍ၏ အသားတင်ထုတ်လုပ်မှု တန်ဖိုးသည် ၁.၇ ရာခိုင်နှုန်း လျော့နည်းရခြင်း ဖြစ်ကြောင်း သုံးသပ်တွေ့ရှိရပါသည်။

၂၇။ လယ်ယာကဏ္ဍ၏ အသေးစိတ်စာရင်းများကို ဇယား(၁၇) မှ (၃၄)အထိ တင်ပြထားပါသည်။

**၃-၁-၂။ သားငါး ကဏ္ဍ**

၂၈။ ပဥ္စမကာလတို ငါးနှစ်အမျိုးသားစီမံကိန်း၏ ပထမနှစ်ဖြစ်သည့် ၂၀၁၁-၂၀၁၂ဘဏ္ဍာနှစ်၊ စီမံကိန်း ရည်မှန်းချက်တွင် ၂၀၁၀-၂၀၁၁ ဘဏ္ဍာနှစ် ပုံမှန်ဈေးနှုန်းများဖြင့် တွက်ချက်ထားသော သားငါးကဏ္ဍ၏ အသားတင်ထုတ်လုပ်မှုတန်ဖိုးကို ကျပ် ၃,၅၈၂,၇၉၅ သန်း ရရှိရန် ရည်မှန်းခဲ့ပါသည်။ ၂၀၁၁-၂၀၁၂ဘဏ္ဍာနှစ်မတ်လကုန်စာရင်းများအရ ကျပ် ၃,၆၄၁,၇၅၀ သန်း ထုတ်လုပ်နိုင်ခဲ့သဖြင့် စီမံကိန်း ရည်မှန်းချက်ထက်ကျော်လွန်၍ ၁၀၁.၆ ရာခိုင်နှုန်း အကောင်အထည်ဖော်နိုင်ခဲ့ပါသည်။ ၂၀၁၀-၂၀၁၁ ဘဏ္ဍာနှစ် ရှေ့ပြေးအမှန် စာရင်းများနှင့် နှိုင်းယှဉ်ပါ က ၇.၄ ရာခိုင်နှုန်း တိုးတက်ခဲ့ပါသည်။ ထိုသို့ တိုးတက်ခဲ့ခြင်းမှာ ပုဂ္ဂလိကပိုင်အခန်းမှ တိရစ္ဆာန် မွေးမြူရေးနှင့် ငါး၊ ပုစွန်မွေးမြူရေးလုပ်ငန်းများကို အရှိန်အဟုန်တိုးမြှင့် ဆောင်ရွက်နိုင်ခဲ့သဖြင့် တိရစ္ဆာန် နှင့် တိရစ္ဆာန်ထွက်ပစ္စည်းများနှင့် ငါး၊ ပုစွန်များ တိုးတက်ထုတ်လုပ် နိုင်ခဲ့ခြင်းကြောင့် ဖြစ်ပါသည်။

၂၉။ ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ် မတ်လကုန် အခြေအနေကို ၂၀၁၀-၂၀၁၁ ဘဏ္ဍာနှစ် ရှေ့ပြေးအမှန် အခြေအနေနှင့် နှိုင်းယှဉ်ပါက-

- ခိုင်းကျွဲနွားကောင်ရေ ၁၀.၃ သန်းမှ ၁၀.၅ သန်း၊
- အခြားကျွဲနွားကောင်ရေ ၁၇.၁ သန်းမှ ၁၇.၇သန်း၊
- ဝက်ကောင်ရေ ၁၀.၆ သန်းမှ ၁၁.၄ သန်း၊
- ကြက်ကောင်ရေ ၁၉၅.၉ သန်းမှ ၂၁၆.၈ သန်း အသီးသီး မွေးမြူနိုင်ခဲ့ပါသည်။
- အသားထုတ်လုပ်မှုတွင်ပိဿာ ၁၂၀၃.၁ သန်းမှ ၁၂၇၅.၁ သန်း၊
- ရေချိုငါးထုတ်လုပ်မှုတွင် ပိဿာ ၁၁၈၄.၂ သန်းမှ ၁၂၇၈.၉ သန်း၊
- ရေငန်ငါးထုတ်လုပ်မှုတွင် ပိဿာ ၁၁၂၈.၄ သန်းမှ ၁၂၀၇.၆ သန်း၊
- ရေချို၊ရေငန်ပုစွန်ထုတ်လုပ်မှုတွင် ပိဿာ ၂၃၅.၄ သန်းမှ ၂၅၅.၉ သန်း၊
- ပုလဲတွင် ၂၉၁၆၉၄ မိုမီ မှ ၂၉၀၉၈၅ မိုမီ အသီးသီး ထုတ်လုပ်နိုင်ခဲ့ကြောင်းတွေ့ရှိရပါသည်။

၃၀။ သားငါးကဏ္ဍ၏ ၂၀၁၀-၂၀၁၁ ဘဏ္ဍာနှစ် ရွေ့ပြေးအမှန်ကို အခြေခံ၍ တွက်ချက်ထားသော ထုတ်လုပ်မှုဆန့်န်းသည် ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ် မတ်လကုန်တွင် ၁၀၇.၄ ဖြစ်ပေါ်ခဲ့ပါသည်။

**၃-၁-၂-၁။ ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်အတွင်း လုပ်ငန်းဆောင်ရွက်ချက်များ**

၃၁။ ပြည်တွင်းစားသုံးမှုဖူလုံရေးနှင့်ပြည်ပသို့တိုးချဲ့တင်ပို့ပြီး နိုင်ငံခြားငွေ တိုးတက် ရရှိရေးကို ဦးတည်၍ သားငါးမွေးမြူထုတ်လုပ်ရေး ဖွံ့ဖြိုးတိုးတက်လာစေရန်အတွက် ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်တွင် အောက်ပါနည်းလမ်းများဖြင့် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခဲ့ပါသည်။

- နိုင်ငံတကာစံနှုန်း နှင့် ကိုက်ညီသည့် တိရစ္ဆာန်နှင့် တိရစ္ဆာန်ထွက် ပစ္စည်း ထုတ်လုပ်နိုင်ရေးအတွက် တိရစ္ဆာန်မွေးမြူခြင်းနှင့် ကူးစက်ရောဂါ ကာကွယ်ထိန်းချုပ်ခြင်း လုပ်ငန်းများကို နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် တိရစ္ဆာန် ကူးစက်ရောဂါ ကာကွယ်ဆေး ထုတ်လုပ် ခြင်းကို တိုးတက် ဆောင်ရွက်နိုင်ခဲ့ပါသည်။
- ဝန်ဆောင်မှုအနေဖြင့် တိရစ္ဆာန်ရောဂါ ကာကွယ်ဆေးထိုးပေးခြင်း၊ ကုသပေးနိုင်မှု၊ မျိုးမြင့်သားစပ်ပေးနိုင်မှုတွင် မေထုန်မဲ့သားစပ်ခြင်း တို့ကို အကောင်အထည် ဖော်ဆောင်ရွက်နိုင်ခဲ့ပါသည်။
- မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနအနေဖြင့် အသားကဏ္ဍထုတ်လုပ်မှု ဖွံ့ဖြိုးတိုးတက်စေရန်အတွက် မွေးမြူရေးဆိုင်ရာ ထုတ်လုပ်မှုသင်တန်း၊ ကူးစက်ရောဂါ ကာကွယ်ထိန်းချုပ်ရေးဆိုင်ရာ သင်တန်းများ ဖွင့်လှစ်ဆောင်ရွက် လျှက်ရှိရာ ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ် မတ်လကုန်တွင် ဌာနတွင်း နှင့် အရပ်သား (၁၃၈၆)ဦးကို သင်တန်း ပို့ချပေးနိုင်ခဲ့ပါသည်။
- တိုင်းရင်းကြက်မျိုးထိန်းမျိုးပွားခြံများထူထောင်၍ မျိုးကောင်းမျိုးသန့် ဖြန့်ဖြူးခြင်းလုပ်ငန်းကို ဆောင်ရွက်လျက်ရှိရာ ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ် မတ်လကုန်အထိ (၆၆၃၀) ကောင် ဖြန့်ဖြူးနိုင်ခဲ့ပါသည်။
- ဒေသနှင့်ကိုက်ညီသည့်တိရစ္ဆာန်များ မွေးမြူဖြန့်ဖြူးနိုင်ရန်အတွက် မွေးမြူရေးခြံများ ထူထောင်ဆောင်ရွက်လျက်ရှိရာ ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ် အတွင်း တိရစ္ဆာန်နှင့် တိရစ္ဆာန်ထွက်ပစ္စည်းများ ပြည်ပသို့ ပိုမိုတင်ပို့နိုင်ခဲ့ပါသည်။
- ကျေးလက်ဒေသဖွံ့ဖြိုးရေးအတွက် တစ်ပိုင်တစ်နိုင်ဟင်းစားမှ စီးပွားဖြစ်မွေးမြူရေး အစုအဖွဲ့များအဖြစ် တိုးချဲ့ဖွဲ့စည်းခြင်းနှင့် ပေါင်းစည်းလယ်ယာစနစ်

တိုးတက်ဖော်ဆောင်ခြင်းတို့ကို ဆောင်ရွက်ခြင်းဖြင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးနှင့်ဆင်းရဲမှုလျှော့ချရေးစီမံချက်တွင် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၊ နေပြည်တော်ကောင်စီနယ်မြေနှင့် တိုင်းဒေသကြီး / ပြည်နယ်များ၏ ပေါင်းစည်းလယ်ယာ (၂၂၂) ဖွဲ့နှင့် မွေးမြူရေးအစုအဖွဲ့ (၁၁၁၇) ဖွဲ့ တို့ဖြင့် ဖွဲ့စည်းဆောင်ရွက်နိုင်ခဲ့ပါသည်။

- ပျားရည်နှင့်ပျားထွက်ပစ္စည်းများ တိုးတက်ထုတ်လုပ်ရေးနှင့် ပြည်ပသို့ ပျားရည်တင်ပို့မှု တိုးတက်တင်ပို့နိုင်ရေးကို ဆောင်ရွက်နိုင်ခဲ့ပါသည်။
- မွေးမြူရေး အစားအစာနှင့် နို့ထွက်ပစ္စည်း လုပ်ငန်းအနေဖြင့် ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ် မတ်လကုန်တွင် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေး လုပ်ငန်းစဉ်(၈)ရပ်နှင့် ပတ်သက်၍ သားငါးကဏ္ဍဆိုင်ရာ အစုအဖွဲ့များ၏ အကျိုးအမြတ် တိုးတက်ရရှိမှု၊ ဝင်ငွေတိုးတက်ရရှိမှုတို့ကို ဆောင်ရွက်နိုင်ခဲ့ပါသည်။ အသားကဏ္ဍ အစုအဖွဲ့အနေဖြင့် အစု(၂၇၀)တွင် လူဦးရေ (၆၀၉၉)ယောက်ဖြင့်လည်းကောင်း၊ ငါးကဏ္ဍ အစုအဖွဲ့အနေဖြင့် အစု(၁၇)တွင် လူဦးရေ (၂၀၀)ယောက်ဖြင့်လည်းကောင်း၊ ပေါင်းစည်း လယ်ယာ (၅)စု ဖြင့်လည်းကောင်း ဆောင်ရွက်နိုင်ခဲ့ပါသည်။
- နိုင်ငံခြားငွေတိုးတက်ရရှိရေးအတွက် ငါးလုပ်ငန်းဦးစီးဌာနအနေဖြင့် ပြည်ပသို့ ငါး၊ပုစွန် တိုးချဲ့တင်ပို့နိုင်ရေး ပုဂ္ဂလိကလုပ်ငန်းရှင်များအား ကူညီပံ့ပိုး၍ တွန်းအားပေးဆောင်ရွက်နိုင်ခဲ့ပါသည်။
- ပြည်ပသို့တင်ပို့သော ရေထွက်ပစ္စည်းများပြုပြင်ထုတ်လုပ်မှုအား မြှင့်တင်ရန် အပြည်ပြည်ဆိုင်ရာတွင် ကျင့်သုံးနေသော စနစ်များအတိုင်းအကောင်အထည်ဖော် ဆောင်ရွက်နိုင်ခဲ့ပါသည်။
- ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ် မတ်လကုန်အထိ ငါးလုပ်ငန်းဦးစီးဌာန သားပေါက်စခန်းများမှ မျိုးကောင်း မျိုးသန့် ငါးသားပေါက်ထုတ်လုပ်မှု၊ ငါးသားပေါက်ရောင်းချမှု၊ ငါးသားပေါက် မျိုးစိုက်ထည့်မှုတို့ကို တိုးတက် အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခဲ့ပါသည်။

၃၂။ ပဉ္စမ ကာလတို ငါးနှစ် အမျိုးသား စီမံကိန်းကာလ၏ ပထမနှစ် ဖြစ်သော ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ် အတွင်း သားငါးထုတ်လုပ်မှု ဘက်စုံဖွံ့ဖြိုးတိုးတက်စေရန်နှင့် ကျေးလက်ဒေသဖွံ့ဖြိုးမှု အထောက်အကူပြု မွေးမြူရေးတိုးတက်စေရန် လုပ်ငန်းစဉ်များ ချမှတ်ဆောင်ရွက်လျက်ရှိပါသည်။

သား၊ ငါးမျိုးကောင်းမျိုးသန့်များ ထုတ်လုပ်ဖြန့်ဖြူးရေး နှင့် ရင်းနှီးမြှုပ်နှံမှုများကို တိုးချဲ့၍ စီးပွားဖြစ် မွေးမြူ ထုတ်လုပ်ရေး လုပ်ငန်းများ ထွန်းကားလာစေရန် ဆောင်ရွက်လျက်ရှိပါသည်။ ဈေးကွက်စီးပွားရေး နှင့် ကိုက်ညီပြီး တွက်ချေကိုက်သော တိရစ္ဆာန် နှင့် တိရစ္ဆာန်ထွက်ပစ္စည်းများကို ဦးတည် ထုတ်လုပ်နိုင်ရန် ဆောင်ရွက်နိုင်ခဲ့ပါသည်။

၃၃။ သဘာဝမြစ်ချောင်းအင်းအိုင်များနှင့် မြန်မာ့ပင်လယ်ပြင်တွင် ငါးသယံဇာတများ မပြုန်းတီးစေဘဲ ငါး၊ပုစွန် တိုးတက်ထုတ်လုပ်နိုင်ရန် ခေတ်မီတိုးတက်လာသော နည်းပညာများဖြင့် တိရစ္ဆာန်အစားအစာများ ဖြန့်ဖြူးခြင်း၊ ကာကွယ်ကုသဆေးများ အသုံးပြုခြင်း၊ စည်းမျဉ်းဥပဒေ၊ နည်းဥပဒေများဖြင့် ငါးမျိုးမပြုန်းတီးရန် ကာကွယ်ပေးခြင်းတို့ကို ဆောင်ရွက်နိုင်ခဲ့ပါသည်။

၃၄။ တိရစ္ဆာန်မွေးမြူရေးလုပ်ငန်းတွင် ၁၉၉၆-၉၇ဘဏ္ဍာနှစ်မှစ၍ နိုင်ငံပိုင်မွေးမြူရေးခြံအချို့ကို ပုဂ္ဂလိကများသို့ လွှဲပြောင်း ဆောင်ရွက်စေလျက်ရှိသည့်အပြင် လက်ရှိနိုင်ငံပိုင် မွေးမြူရေးခြံများမှလည်း ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ် မတ်လကုန်အတွင်း နို့စားနွား၊ ဝက်၊ ကြက်၊ ဘဲမျိုးကောင်းမျိုးသန့်များ ဆက်လက်ဖြန့်ဖြူးပေးနိုင်ခဲ့ပါသည်။

၃၅။ နွားမျိုးကောင်းမျိုးသန့် ရရှိရေးအတွက် မေထုန်မဲ့သားစပ်နည်းဖြင့် ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်အတွင်း ၅၇၂၃ ကြိမ် ဆောင်ရွက်ပေးခဲ့ပါသည်။ ကြက်မွေးမြူထုတ်လုပ်ရေးတွင်လည်း တိုင်ရင်းကြက်မွေးမြူရေးသာမက နိုင်ငံခြားမျိုးဖြစ်သော အာဘာအေကာနှင့် အာရ်အိုင်အာရ် မျိုးထိန်းကြက်များကို တိုးချဲ့မွေးမြူလာနိုင်ခဲ့ပါသည်။

၃၆။ တိရစ္ဆာန်ရောဂါ ကြိုတင်ကာကွယ်မှုနှင့် ကုသမှုလုပ်ငန်းများကို တိုးချဲ့ဆောင်ရွက်လျက်ရှိရာ ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ် တွင် ရောဂါကြိုတင်ကာကွယ်ရေးနှင့် ပတ်သက်၍ ကျွဲ၊ နွား တွင် ကြိမ်ရေ ၇.၉ သန်း၊ ဝက်တွင် ကြိမ်ရေ ၀.၈ သန်း၊ ကြက်တွင် ကြိမ်ရေ ၁၂၅.၇ သန်း ဆောင်ရွက်ပေးခဲ့ပြီး၊ ရောဂါကုသရေးနှင့်ပတ်သက်၍ ကျွဲ၊ နွား တွင် ကြိမ်ရေ ၀.၇ သန်း၊ ဝက်တွင် ကြိမ်ရေ၀.၉ သန်း၊ ကြက်တွင် ကြိမ်ရေ ၂.၂ သန်း အသီးသီး ကုသပေးနိုင်ခဲ့ပါသည်။

၃၇။ တိရစ္ဆာန်အစားအစာ ဖူလုံရေးကို အထောက်အကူပြုစေနိုင်ရန် ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်တွင် ပုဂ္ဂလိက မွေးမြူသူများမှ စားကျက်မြေ ၄၁၃ ဧက ပြုစုပျိုးထောင်နိုင်ခဲ့သဖြင့်၊ တစ်နိုင်ငံလုံးတွင် ဌာနပိုင်နှင့် ပုဂ္ဂလိကပိုင် စားကျက်မြေများ ပိုမိုပြုစုပျိုးထောင်နိုင်ခဲ့ပါသည်။

၃၈။ တိရစ္ဆာန်မွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေရန်အတွက် ကရင်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ရှမ်းပြည်နယ်နှင့် နေပြည်တော်တို့တွင် မွေးမြူရေးဇုန်များကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်အတွင်း မွေးမြူရေး ဇုန် ၂၆ ဇုန် တွင် မြေ ၉၈၆၃ ဧက ဖြင့် နွား၊ ဆိတ်၊ သိုး၊ ဝက်၊ ကြက်၊ ဘဲ မွေးမြူရေးလုပ်ငန်းများ တိုးချဲ့ဆောင်ရွက်နိုင်ခဲ့ပါသည်။

၃၉။ ငါး၊ပုစွန်မွေးမြူရေးလုပ်ငန်းသည်နိုင်ငံခြားငွေရရှိပြီး၊မွေးမြူသူများအနေဖြင့်စီးပွားရေးတွက်ခြေကိုက်သော လုပ်ငန်းဖြစ်သည့်အားလျော်စွာ နိုင်ငံတော်မှလည်း ပံ့ပိုးကူညီပေးလျက်ရှိသဖြင့် ၂၀၁၁-၂၀၁၂ဘဏ္ဍာနှစ် မတ်လကုန် စာရင်းအရ ငါး၊ပုစွန်ပိဿာ ၂၇၄၂.၄ သန်း အထိ တိုးတက်ထုတ်လုပ်နိုင်ခဲ့ပါသည်။

၄၀။ မြန်မာ့မွေးမြူရေးနှင့် ရေလုပ်ငန်းဖွံ့ဖြိုးရေးဘဏ် လီမိတက်သည် ပုဂ္ဂလိက အသားနှင့်ငါးထုတ်လုပ်မှုလုပ်ငန်းများအတွက် လိုအပ်သည့် ငွေကြေးအရင်းအနှီးများ ဖြည့်ဆည်းပေးနိုင်ရန် ဘဏ်လုပ်ငန်းများကို ဆက်လက် ဆောင်ရွက်ပေးနိုင်ခဲ့ပါသည်။

၄၁။ မြန်မာ့ပုလဲ မွေးမြူရေးလုပ်ငန်းမှ ပြည်တွင်းပြည်ပ ကုမ္ပဏီများနှင့် ပူးပေါင်း၍ ထုတ်လုပ်မှုအပေါ် ခွဲဝေ ခံစားသည့်စနစ်ဖြင့် ပုလဲမွေးမြူထုတ်လုပ်မှုလုပ်ငန်းနှင့် မုတ်ကောင်သားဖောက်လုပ်ငန်းများကို ဆက်လက်ဆောင်ရွက်ပေးနိုင်ခဲ့ပါသည်။

၄၂။ သားငါးကဏ္ဍ ထုတ်လုပ်မှုတိုးတက်လာခဲ့သဖြင့် ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ် မတ်လကုန်တွင် လူတစ်ဦးလျှင် တစ်နှစ်ပျှမ်းမျှ အသားစားသုံးနိုင်မှုမှာ ၂၀.၁ ပိဿာ ဖြစ်ပြီး၊ ငါး၊ပုစွန် စားသုံးနိုင်မှုမှာ ၄၃.၄ ပိဿာ ဖြစ်သဖြင့် ယခင်နှစ်ထက် အသားတွင် ၁.၀ ပိဿာ၊ ငါး၊ပုစွန်တွင် ၂.၄ပိဿာ အသီးသီးပိုမို စားသုံးနိုင်ခဲ့ပါသည်။

၄၃။ ခြုံငုံသုံးသပ်မည်ဆိုပါက သားငါးကဏ္ဍထုတ်လုပ်မှုတွင် ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ် မတ်လကုန်အခြေအနေကို ၂၀၁၀-၂၀၁၁ ဘဏ္ဍာနှစ် ရှေ့ပြေးအမှန်နှင့် နှိုင်းယှဉ်ပါက အသားကဏ္ဍ ထုတ်လုပ်မှုအနေဖြင့် မွေးမြူရေးဇုန်များတွင် တိုးချဲ့မွေးမြူခြင်း၊ တိရစ္ဆာန်ရောဂါ ကာကွယ်ဆေးထိုးပေးနိုင်ခြင်းနှင့် ကုသပေးနိုင်မှုများကြောင့် ရောဂါဖြစ်ပွားမှု လျော့ကျခြင်း၊ မွေးမြူရေးဆိုင်ရာ သင်တန်းများနှင့် ကူးစက်ရောဂါ ကာကွယ်ထိန်းချုပ်ရေးဆိုင်ရာ သင်တန်းများ ဖွင့်လှစ်ဆောင်ရွက်ပေးခြင်းဖြင့် မွေးမြူရေးဆိုင်ရာ အသိပညာများ ရရှိ၍ တိရစ္ဆာန်များ မွေးမြူတတ်လာခြင်း တို့ကြောင့်

အသားကဏ္ဍာထုတ်လုပ်မှု တိုးတက်လာခြင်း ဖြစ်ပါသည်။ ငါးထုတ်လုပ်မှုတွင် အင်းများ၌ ငါးမျိုးများ ချန်လှပ်၍ ဖမ်းဆီးရေးကို အခြေခံသော မွေးမြူရေးစနစ်ဖြင့် ငါးမွေးမြူခြင်း၊ စပါးခင်းများနှင့် မြစ်ချောင်းရေပြင်များအတွင်း ငါးမျိုးများ စိုက်ထည့်မွေးမြူခြင်းတို့ကြောင့် ငါးထုတ်လုပ်မှု တိုးတက်လာခြင်း ဖြစ်ပါသည်။

၄၄။ သားငါးကဏ္ဍ၏ အသေးစိတ်စာရင်းများကို ဇယား (၃၅) မှ (၄၃) အထိ တင်ပြထားပါသည်။

**၃-၁-၃။ သစ်တောကဏ္ဍ**

၄၅။ ပဥ္စမကာလတို ငါးနှစ် အမျိုးသားစီမံကိန်း၏ ပထမနှစ်ဖြစ်သည့် ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်၊ အမျိုးသားစီမံကိန်း ရည်မှန်းချက်တွင် ၂၀၁၀-၂၀၁၁ ဘဏ္ဍာနှစ်၊ ပုံမှန်ဈေးနှုန်းများဖြင့် တွက်ချက်ထားသော သစ်တော ကဏ္ဍ၏ အသားတင်ထုတ်လုပ်မှု တန်ဖိုးကို ကျပ် ၁၅၈,၃၃၅ သန်းရရှိရန် ရည်မှန်းခဲ့ပါသည်။ မတ်လကုန်စာရင်းအရ ကျပ် ၁၇၀,၈၅၃ သန်း ထုတ်လုပ်နိုင်ခဲ့သဖြင့် စီမံကိန်းရည်မှန်းချက်ထက် ကျော်လွန်၍ ၁၀၇.၉ ရာခိုင်နှုန်း အကောင်အထည်ဖော်နိုင်ခဲ့ပါသည်။ ၂၀၁၀-၂၀၁၁ ဘဏ္ဍာနှစ် ရှေ့ပြေးအမှန်စာရင်းများနှင့် နှိုင်းယှဉ်ပါက ၇.၉ ရာခိုင်နှုန်း တိုးတက်ခဲ့ပါသည်။ ထိုသို့တိုးတက်ခဲ့ခြင်းမှာ ကျွန်းနှင့်အခြား သစ်တောထွက်ပစ္စည်းများ တိုးတက်ထုတ်လုပ်ခဲ့သောကြောင့် ဖြစ်ပါသည်။

၄၆။ ၂၀၁၁-၂၀၁၂ဘဏ္ဍာနှစ်၊ မတ်လကုန်စာရင်းများအရ အဓိကသစ်တောထွက် ပစ္စည်းများ ထုတ်လုပ်မှုကို ၂၀၁၀-၂၀၁၁ ဘဏ္ဍာနှစ် ရှေ့ပြေးအမှန်စာရင်းများနှင့် နှိုင်းယှဉ်ပါ က-

- ကျွန်းထုတ်လုပ်မှုတွင် ကုဗတန်ထောင်ပေါင်း ၂၃၄ မှ ၂၉၀
- သစ်မာတွင် ကုဗတန် ၂.၂ သန်း မှ ၂.၃ သန်း
- ထင်းတွင် ကုဗတန် ၂၃.၇ သန်း မှ ၂၂.၅ သန်း
- မီးသွေးတွင် ကုဗတန် ထောင်ပေါင်း ၂၁၂ မှ ၂၀၁
- ဝါးတွင်လုံးရေ ၁၃၄၆ သန်းမှ ၁၂၆၄ သန်း
- ကြိမ်တွင် လုံးရေ ၃၉ သန်းမှ ၃၆သန်း
- ခနဲ-သက်ငယ်တွင် ပျစ် ၁၀၆၄ သန်း မှ ၁၀၀၃ သန်း အသီးသီးဖြစ်ပေါ်ခဲ့ ပါသည်။

၄၇။ သစ်တောကဏ္ဍ၏ ၂၀၁၀-၂၀၁၁ ဘဏ္ဍာနှစ် ကို အခြေခံ၍ တွက်ချက် ထားသော ထုတ်လုပ်မှု ဆန္ဒန်းသည် ၂၀၁၁-၂၀၁၂ဘဏ္ဍာနှစ်၊ မတ်လကုန်စာရင်းများအရ ၁၀၈.၁ ဖြစ်ပေါ်ခဲ့ပါသည်။

## ၃-၁-၃-၁။ ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်အတွင်း လုပ်ငန်းဆောင်ရွက်ချက်များ

၄၈။ သစ်တောထွက်ပစ္စည်းများကို သစ်တောသယံဇာတများမပြုန်းတီးဘဲ ရေရှည်စီးပွားဖြစ်ထုတ်လုပ်နိုင်ရေး၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းကာကွယ်ရေးနှင့်ရာသီဥတုမျှတရေး၊ထပ်ဆင့်တိုးတန်ဖိုးရရှိစေရန် သစ်အချောထည်ပစ္စည်းများ တိုးချဲ့ထုတ်လုပ်ရေးစသည့် ဦးတည်ချက်များအောင်မြင်ရေး အတွက် အောက်ပါနည်းလမ်းများဖြင့် ဆောင်ရွက်ခဲ့ပါသည်။

- တည်ဆဲသစ်တောဥပဒေများနဲ့အညီ သစ်တောများထိန်းသိမ်းကာကွယ်ခြင်း၊ စိုက်ပျိုးခြင်းနှင့်ပြုစုပျိုးထောင်ခြင်းလုပ်ငန်းများအပြင် ကျွန်း၊သစ်မာနှင့်အခြားသစ်တောထွက်ပစ္စည်းများ ထုတ်ယူ သုံးစွဲခြင်းလုပ်ငန်းများကိုစနစ်တကျ ကြီးကြပ်ကွပ်ကဲခြင်း၊

- နှစ်စဉ် လူထုလှုပ်ရှားမှုဖြင့် သစ်ပင်များစိုက်ပျိုးနိုင်ရေးအတွက် ပျိုးပင်များဖြန့်ဝေခြင်း၊ သစ်တောထိန်းသိမ်းမှုလုပ်ငန်းများတွင်ပြည်သူအများပူးပေါင်းပါဝင်ရန် ပညာပေးခြင်းလုပ်ငန်းများအား စည်းရုံးဆောင်ရွက်လျက်ရှိခြင်း၊

- သဘာဝတောမှ သစ်ထုတ်လုပ်မှုအားဖြည့်စွက်ပေးနိုင်ရေးအတွက် စီးပွားရေး စိုက်ခင်းများကိုလည်းကောင်း၊ကျေးလက်ပြည်သူများ၏ အခြေခံသစ်တောထွက်ပစ္စည်း လိုအပ်ချက်များဖြည့်ဆည်းပေးနိုင်ရေးအတွက် သစ်တောစိုက်ခင်း နှင့် ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တောများကိုလည်းကောင်းစနစ်တကျ တိုးချဲ့တည်ထောင်ပေးလျက်ရှိခြင်း၊

- ၁၉၉၄ခုနှစ် တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များ ကာကွယ်ရေးနှင့် သဘာဝနယ်မြေများထိန်းသိမ်းရေးဥပဒေနှင့်အညီ တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များကာကွယ်ခြင်း၊ သဘာဝနယ်မြေများထိန်းသိမ်းခြင်းလုပ်ငန်းကိုစနစ်တကျ တိုးချဲ့၍ စီမံဆောင်ရွက်လျက်ရှိခြင်း၊

- မြန်မာပြည်အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေး၊ ထင်းအစားထိုးလောင်စာနှင့် စွမ်းအားမြင့်မီးဖိုများအသုံးချရေး၊ ရေရရှိရေးလုပ်ငန်းများကို ဆက်လက်တိုးချဲ့ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိခြင်း၊

- သစ်တောကြိုးဝိုင်းတိုးချဲ့ခြင်းလုပ်ငန်းများအပြင် ၁၉၉၆ ခုနှစ်မှ စတင်၍ ကြိုးပြင် ကာကွယ်တော တိုးချဲ့ခြင်းလုပ်ငန်းများကိုလည်းဆောင်ရွက်လျက်ရှိခြင်း၊

- သစ်တောကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရန် ခေတ်မီနည်းပညာအသစ်များရရှိရေးနှင့် ဝန်ထမ်း များလုပ်ငန်းစွမ်းဆောင်ရည် မြင့်မားရေးတို့အတွက် စနစ်တကျ စီမံဆောင်ရွက် လျက်ရှိခြင်း၊

- မြန်မာ့သစ်လုပ်ငန်း၊သစ်တောဦးစီးဌာန နှင့် အများပြည်သူတို့ ပူးပေါင်းကာ ဖွဲ့စည်း တည်ထောင်ထားသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ သစ်တောထွက်ပစ္စည်းဖက်စပ် ကော်ပိုရေးရှင်းလီမိတက်မှ သစ်တောထွက်ပစ္စည်းထုတ်လုပ်၍ ပြည်တွင်း၊ ပြည်ပသို့ ဆက်လက်ရောင်းချလျက်ရှိခြင်း၊

- သစ်တောထွက်ပစ္စည်းများမှ ထပ်ဆင့်တိုးတန်ဖိုးရရှိစေမည့် သစ်အခြေခံ ကုန်ချော ပစ္စည်းများထုတ်လုပ်ရောင်းချရေးလုပ်ငန်းများ နှင့် သဘာဝအခြေခံ ခရီးသွားလုပ်ငန်း များကိုလည်းဆောင်ရွက်လျက်ရှိခြင်း၊

၄၉။ သစ်တောထိန်းသိမ်းမှုလုပ်ငန်းတွင် ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်မတ်လကုန် အထိ သစ်တော ကြိုးဝိုင်းဧရိယာ ၆၃၉၇၇ စတုရန်းမိုင် ကို ဖွဲ့စည်းပြီးဖြစ်ပါသည်။ သစ်တောထွက်ပစ္စည်းများ ရေရှည် ထုတ်လုပ်နိုင်ရေးအတွက် သစ်တောဦးစီးဌာန နှင့် အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေး ဦးစီးဌာန တို့မှ ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်အတွင်း ဓမ္မတာမျိုးဆက်ခြင်းဖြင့် ဧရိယာ ၅၃၆၁၉ ဧက တွင် အဖိုးတန်သစ်ပင်များကို ပြုစု ထိန်းသိမ်းခဲ့ပြီး၊ ပဝတ္တိမျိုးဆက်နည်းဖြင့် သစ်တော စိုက်ခင်း ဧရိယာ ၄၁၀၀၀ ဧက ပြုစုပျိုးထောင်နိုင်ခဲ့ပါသည်။ထို့အတူ သစ်တောဦးစီးဌာန အနေဖြင့် ကျွန်း စိုက်ခင်း ဧရိယာ ၂၄၅၅၀ ဧကတွင် ကျွန်းပင်ပေါင်း ၁၁ သိန်း ကိုလည်းကောင်း၊ သစ်တောဦးစီးဌာန နှင့် အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေးဦးစီးဌာနတို့မှ သစ်မာစိုက်ခင်းဧရိယာ ၁၆၄၅၀ ဧကၡ် အပင် ပေါင်း ၇ သိန်း ကိုလည်းကောင်း စိုက်ပျိုး ခဲ့ပါသည်။ စိုက်ပျိုးခဲ့သောသစ်မာစိုက်ခင်းဧရိယာ ၁၆၄၅၀ ဧက တွင် ပျဉ်းကတိုး၊ ပိတောက်နှင့် ထင်းရှူးပင်၊ အစရှိသည့် စီးပွားရေးစိုက်ခင်း ၁၉၅၀ ဧက ၊ ထင်း၊ မီးသွေး လိုအပ်ချက်ကို ဖြည့်ဆည်းနိုင်ရန် ကျေးရွာသုံးစိုက်ခင်း ၇၃၀၀ ဧက၊ ဆည်မြောင်း တာတမံများ ရေရှည်တည်တံ့ရန်နှင့် ရေစီးရေလာကောင်းမွန်ရန် ရေဝေရေလဲစိုက်ခင်း ၄၄၀၀ ဧက နှင့် အရိပ်ပင်စိုက်ခင်း ၂၈၀၀ ဧက တို့ပါဝင်ပါသည်။ ထို့အပြင် ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ် အတွင်း သစ်တော ပြုစုထိန်းသိမ်းရေး ကော်မတီများ၏ ကြီးကြပ်မှုဖြင့် ပြည်သူလူထုသို့ ပျိုးပင်ပေါင်း ၁၄ သန်း ကို ဖြန့်ဖြူး၍ ဒေသ အသီးသီးတွင် စိုက်ပျိုးခဲ့ ပါသည်။

၅၀။ စိုက်ပျိုးထားသော သစ်တောများရှင်သန်ကြီးထွားစေရန်အတွက် ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်အတွင်း အုပ်မိုးကာဆိုင်းလှဲခြင်း ဧက ၀.၂ သိန်း၊ ပေါင်းသင်ရှင်းလင်းခြင်း ဧက၂.၆ သိန်း၊ သစ်တောလမ်းများပြင်ဆင်ခြင်း ၁၄၀၀ မိုင်၊ မီးကာကွယ်ခြင်း ဧက ၃.၂ သိန်း အစရှိသည့် သစ်တောကာကွယ်ထိန်းသိမ်းရေး လုပ်ငန်းများကို ဆောင်ရွက်ခဲ့ပါသည်။ ကျွန်းပင်၂.၃သိန်းကို ကျွန်းစိုရိုက်မှတ်ပေးခြင်းနှင့် သစ်မာပင် ၉ သိန်း ကို ပင်ထောင်တံဆိပ် ရိုက်မှတ် ပေးနိုင်ခဲ့ပါသည်။

၅၁။ တောရိုင်းတိရစ္ဆာန်နှင့်သဘာဝအပင်များကာကွယ်ခြင်းနှင့် သဘာဝနယ်မြေထိန်းသိမ်းခြင်း လုပ်ငန်းများကို ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်၊ မတ်လကုန် တွင် ၁၄၆၃၁.၁၄ စတုရန်းမိုင်အထိ ထိန်းသိမ်းတည်ထောင်ခဲ့ပါသည်။ယင်းတို့အနက် ၁၁၅၀၈.၀၆ စတုရန်းမိုင်ကို တောရိုင်း တိရစ္ဆာန်ဘေးမဲ့တော (၃၀) ခု အဖြစ်လည်းကောင်း၊ ၂၃၆၈.၂၁ စတုရန်းမိုင်ကို အမျိုးသား ဥယျာဉ်( ၄ )ခု အဖြစ်လည်းကောင်း၊ ၅၂.၂၂ စတုရန်းမိုင်ကို ဥယျာဉ် (၃) ခု အဖြစ်လည်းကောင်း၊ ၆၅၆.၃၇ စတုရန်းမိုင်ကို သဘာဝကြိုးဝိုင်း (၁) ခု အဖြစ်လည်းကောင်း၊ ၄၆.၂၈ စတုရန်းမိုင်ကို သဘာဝနယ်မြေ (၂) ခု အဖြစ်လည်းကောင်း တည်ထောင်၍ ထိန်းသိမ်းစောင့်ရှောက်ခဲ့ပါသည်။ နိုင်ငံခြားဝင်ငွေရရှိစေရန် အတွက် ပဲခူးရိုးမရှိ စိမ်းရေသစ်တောစခန်း နှင့် ပုပ္ပါးတောင် အဆင့်မြင့်အနားယူစခန်းတို့ကို သဘာဝ အခြေခံ ခရီးသွားလုပ်ငန်းများအဖြစ် ဆက်လက် ဆောင်ရွက်လျက်ရှိပါသည်။

၅၂။ နိုင်ငံတကာဈေးကွက်သို့ အဆင့်မီတန်ဖိုးမြင့် သစ်ကုန်ချောပစ္စည်းများ တိုးချဲ့ တင်ပို့နိုင်ရေးအတွက် သစ်အခြေခံ စက်မှုလုပ်ငန်းများ၏ သစ်ကုန်ကြမ်း လိုအပ်ချက်ကို မြန်မာ့သစ်လုပ်ငန်းနှင့် သစ်တောထွက်ပစ္စည်း ဖက်စပ်ကော်ပိုရေးရှင်းလီမိတက်တို့မှ ဖြည့်ဆည်း ဆောင်ရွက်ပေးလျက်ရှိပါသည်။

၅၃။ သစ်တောကဏ္ဍ၏အသေးစိတ်စာရင်းများကို ဇယား( ၄၄ ) မှ ဇယား( ၅၃ ) အထိ တင်ပြထားပါသည်။

## ၃-၂။ စက်မှုကဏ္ဍကြီး

၅၄။ ပဉ္စမကာလတို ငါးနှစ်အမျိုးသားစီမံကိန်း၏ ပထမနှစ်ဖြစ်သည့် ၂၀၁၁–၂၀၁၂ ဘဏ္ဍာနှစ် မတ်လကုန်စာရင်းများအရ ၂၀၁၀-၂၀၁၁ ဘဏ္ဍာနှစ် ပုံမှန်ဈေးနှုန်းများဖြင့် တွက်ချက်ထားသော စက်မှုကဏ္ဍကြီး၏ အသားတင်ထုတ်လုပ်မှု တန်ဖိုးမှာ ကျပ်သန်း ၁၁,၅၈၉,၉၀၂.၆ ဖြစ်ပြီး တစ်မျိုးသားလုံး၏ ပြည်တွင်းအသားတင်ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးတွင် တတိယ

အများဆုံးပါဝင်ပြီး ပါဝင်မှု ရာခိုင်နှုန်းမှာ ၂၇.၄ ရာခိုင်နှုန်း ဖြစ်ပါသည်။ စက်မှုကဏ္ဍကြီးတွင် စက်မှုလက်မှုကဏ္ဍ၏ အသားတင်ထုတ်လုပ်မှု တန်ဖိုး ကျပ်သန်း ၈,၇၃၉,၁၇၀.၂ ဖြစ်ပြီး ပါဝင်မှု ရာခိုင်နှုန်းမှာအများဆုံးဖြစ်၍ ၇၅.၄ ရာခိုင်နှုန်း ဖြစ်ပါသည်။ ဆောက်လုပ်မှုကဏ္ဍ၏ အသားတင် ထုတ်လုပ်မှု တန်ဖိုးမှာ ကျပ်သန်း ၂,၀၀၄,၈၄၇.၃ နှင့် ပါဝင်မှု ရာခိုင်နှုန်းမှာ ၁၇.၃ ဖြစ်ပြီး ဒုတိယအများဆုံး ဖြစ်ပါသည်။ လျှပ်စစ်ဓာတ်အားကဏ္ဍ၏ အသားတင်ထုတ်လုပ်မှု တန်ဖိုးမှာ ကျပ်သန်း ၄၄၁,၉၄၈.၆ ဖြစ်ပြီး ပါဝင်မှု ရာခိုင်နှုန်းမှာ တတိယအများဆုံး ဖြစ်၍ ၃.၈ ပါဝင်ပါသည်။

**စက်မှုကဏ္ဍကြီးတွင်ကဏ္ဍအလိုက် ပါဝင်မှု အချိုးအစား နှိုင်းယှဉ်ချက်**
**(၂၀၁၀-၂၀၁၁ဘဏ္ဍာနှစ် နှင့် ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်)**







## ၃-၂-၁။ စွမ်းအင်ကဏ္ဍ

၅၅။ ပဥ္စမကာလတို ငါးနှစ်အမျိုးသားစီမံကိန်း၏ ပထမနှစ်ဖြစ်သည့် ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ် အမျိုးသား စီမံကိန်း ရည်မှန်းချက်တွင် ၂၀၁၀-၂၀၁၁ ဘဏ္ဍာနှစ် ပုံမှန်ဈေးနှုန်းများဖြင့် တွက်ချက် ထားသော စွမ်းအင်ကဏ္ဍ၏ အသားတင်ထုတ်လုပ်မှု တန်ဖိုးကို ကျပ် ၆၅၉၅၉ သန်း ရရှိရန်ရည်မှန်း ခဲ့ပါသည်။ မတ်လကုန် စာရင်းများအရ ကျပ် ၆၃၈၀၈သန်း ထုတ်လုပ်နိုင်မည်ဟု ခန့်မှန်းရရှိသဖြင့် စီမံကိန်းရည်မှန်းချက်အပေါ် ၉၆.၇ ရာခိုင်နှုန်း အကောင်အထည်ဖော်နိုင်ခဲ့ပါသည်။ ၂၀၁၀-၂၀၁၁ ဘဏ္ဍာနှစ် ရွှေ့ပြေးအမှန်စာရင်းများနှင့် နှိုင်းယှဉ်ပါက ၄.၈ ရာခိုင်နှုန်း လျော့နည်းခဲ့ပါသည်။ စွမ်းအင် ကဏ္ဍ၏ ထုတ်လုပ်မှုတန်ဖိုး လျော့နည်းခဲ့သည့် အဓိကအကြောင်းရင်းမှာ ကုန်းတွင်းနှင့် ကမ်းလွန်ရေနံစိမ်း ထုတ်လုပ်မှု လျော့နည်းလာခြင်းကြောင့် ဖြစ်ပါသည်။

၅၆။ ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ် မတ်လကုန်စာရင်းအရ စွမ်းအင်ကဏ္ဍ၏ ထုတ်လုပ်မှု အခြေအနေကို စီမံကိန်း၏ အခြေခံနှစ်ဖြစ်သည့် ၂၀၁၀-၂၀၁၁ဘဏ္ဍာနှစ် ရှေ့ပြေးအမှန် ထုတ်လုပ်မှုနှင့် နှိုင်းယှဉ်ပါက ရေနံစိမ်းထုတ်လုပ်မှု၌ ကုန်းတွင်းနှင့်ကမ်းလွန်များတွင် လျော့နည်းပါသည်။ သဘာဝဓာတ်ငွေ့ထုတ်လုပ်မှု၌ ကုန်းတွင်းနှင့် ကမ်းလွန်များတွင် တိုးတက်ပါသည်။ ဖူးသွင်း သဘာဝဓာတ်ငွေ့ထုတ်လုပ်မှုတွင်လည်း တိုးတက်ပါသည်။

(က) ရေနံစိမ်းတွင် အမေရိကန်စည် ၇.၅ သန်းမှ ၇.၁ သန်း၊
 - (၁) ကုန်းတွင်းပိုင်းထုတ်လုပ်မှုတွင် အမေရိကန်စည် ၃.၅ သန်းမှ ၃.၃ သန်း၊
 - (၂) ကမ်းလွန်ထုတ်လုပ်မှုတွင် အမေရိကန်စည် ၄.၀ သန်းမှ ၃.၈ သန်း၊

(ခ) သဘာဝဓာတ်ငွေ့တွင် ကုဗပေသန်း ၄၃၄၉၈၄ မှ ၄၄၈၂၃၉ သန်း၊ ယင်းအနက်-
 - (၁) ကုန်းတွင်းပိုင်းထုတ်လုပ်မှုတွင် ကုဗပေ ၁၅၂၈၀ မှ ၁၆၇၉၄ သန်း၊
 - (၂) ကမ်းလွန်ထုတ်လုပ်မှုတွင် ကုဗပေ ၄၁၉၇၀၄ မှ ၄၃၁၄၄၅ သန်း၊

(ဂ) ဖူးသွင်းသဘာဝဓာတ်ငွေ့ ထုတ်လုပ်မှုတွင် ကုဗပေ ၇၀၄၀ မှ ၇၁၅၄ သန်း အသီးသီး ထုတ်လုပ် နိုင်ခဲ့ပါသည်။

၅၇။ စွမ်းအင်ကဏ္ဍ၏ ၂၀၁၀-၂၀၁၁ ဘဏ္ဍာနှစ်ကို အခြေခံတွက်ထားသော ထုတ်လုပ်မှုဆနှုန်းသည် ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်၊ မတ်လကုန်စာရင်းအရ ၉၄.၇ ဖြစ်ပေါ်ခဲ့ပါသည်။

**၃-၂-၁-၁။ ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်အတွင်း လုပ်ငန်းဆောင်ရွက်ချက်များ**

၅၈။ ရေနံနှင့် သဘာဝဓာတ်ငွေ့များကို ပြည်တွင်းလိုအပ်ချက် လုံလောက်စွာ ဖြည့်ဆည်းနိုင်ရန်နှင့် အပိုအလျှံများကို ပြည်ပသို့တင်ပို့နိုင်ရန်အတွက် တိုးတက်ထုတ်လုပ်နိုင်ရေးကို ဦးတည်ပြီး အောက်ပါ လုပ်ငန်းစဉ် များဖြင့် ဆောင်ရွက်ခဲ့ပါသည်။

(က) ရေနံနှင့် သဘာဝဓာတ်ငွေ့ရှာဖွေ ထုတ်လုပ်ရေး လုပ်ငန်းကို မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း အနေဖြင့်လည်းကောင်း၊ ကုန်းတွင်းနှင့်ကမ်းလွန်ဒေသများ တွင်ကန်ထရိုက် စာချုပ်များ ချုပ်ဆိုပြီး နိုင်ငံခြားရေနံကုမ္ပဏီများနှင့် ပူးပေါင်း၍ လည်းကောင်း ဆောင်ရွက်ခဲ့ပါသည်။

(ခ) လက်ရှိတွင်းဟောင်းများ အထွက်တိုးရေးအတွက် ကြိုးပမ်းဆောင်ရွက်ခြင်းနှင့် ကုန်းတွင်းပိုင်း ရေနံမြေသစ်များ တိုးချဲ့ရှာဖွေတူးဖော်လျက်ရှိခြင်း၊ အလေအလွင့်များ လျော့နည်းရေးအတွက် ဆောင်ရွက်ခဲ့ပါသည်။

၅၉။ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းအနေဖြင့် လက်ပံတို၊ ရေနံချောင်း၊ မန်း၊ ချောက်၊ ရေနံမ၊ ဒဟတ်ပင်၊ ထန်းကိုင်း၊ထောက်ရှာပင် ရေနံမြေများ အပါအဝင် ရေနံမြေများတွင် အစမ်းတွင်းများ ထပ်မံတူးဖော် ဆောင်ရွက်လျက်ရှိပါသည်။ ကုန်းတွင်းပိုင်းနှင့် ကမ်းလွန်ဒေသများ၌ နိုင်ငံခြားကုမ္ပဏီများနှင့် အကျိုးတူ ပူးပေါင်း ဆောင်ရွက်လျက်ရှိရာ ကုန်းတွင်းဒေသဖြစ်သော ချောက်၊ ရေနံချောင်း၊ မန်းနှင့် လမ်းရွာ ရေနံမြေ များတွင် ရေနံတွင်းဟောင်းများ အထွက်တိုးရေး လုပ်ငန်းများနှင့် ကမ်းလွန်ဒေသတွင်လည်း သဘာဝဓာတ်ငွေ့ များ ပိုမိုထွက်ရှိရေး လုပ်ငန်းများကို ကြိုးပမ်းဆောင်ရွက် လျက်ရှိပါသည်။ သဘာဝဓာတ်ငွေ့ကို စီးပွားဖြစ် ထုတ်လုပ်တင်ပို့ ရောင်းချနိုင်ရန်နှင့် ပြည်တွင်းလိုအပ်ချက် ဖြည့်ဆည်းနိုင်ရန် ကမ်းလွန်ဒေသဖြစ်သည့် ဧရာဝတီတိုင်းဒေသကြီးနှင့် တနင်္သာရီတိုင်းဒေသကြီး ကမ်းလွန်(ရတနာ)နှင့် ကမ်းလွန်(ရဲတံခွန်) လုပ်ငန်းတွင် ပိုက်လိုင်းတပ်ဆင်မှု လုပ်ငန်းများ ဆောင်ရွက်ခဲ့ပြီးဖြစ်သဖြင့် ဓာတ်ငွေ့များကိုပြည်တွင်းပြည်ပသို့ ဖြန့်ဖြူးရောင်းချ လျက်ရှိပါသည်။ ကမ်းလွန်ဒေသတွင် ရတနာသဘာဝဓာတ်ငွေ့မြေ စီမံကိန်းကို တိုတယ်ကုမ္ပဏီမှ ဆောင်ရွက်ပြီး နေ့စဉ်သဘာဝဓာတ်ငွေ့ထုတ်လုပ်မှု ကုဗပေသန်း ၉၀၀ ရှိပြီး ထိုင်းနိုင်ငံသို့ ကုဗပေသန်း ၇၀၀ နှင့် ပြည်တွင်းသုံးအတွက် ကုဗပေသန်း ၂၀၀ ခန့် ပုံမှန်ထုတ်လုပ်ပို့လွှတ်လျက် ရှိပါသည်။

၆၀။ စွမ်းအင်ကဏ္ဍ၏ အသေးစိတ်စာရင်းများကို ဇယား (၅၄) မှ ဇယား (၅၅) အထိ တင်ပြထားပါသည်။

## ၃-၂-၂။ သတ္တုနှင့်တွင်းထွက်ပစ္စည်းကဏ္ဍ

၆၁။ ပဉ္စမကာလတိုငါးနှစ်အမျိုးသားစီမံကိန်း၏ ပထမနှစ်ဖြစ်သည့် ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းတွင် သတ္တုနှင့်တွင်းထွက်ပစ္စည်းကဏ္ဍ၏ ၂၀၁၀-၂၀၁၁ ဘဏ္ဍာနှစ် ပုံမှန်ဈေးနှုန်းများဖြင့် တွက်ချက်ထားသော အသားတင်ထုတ်လုပ်မှုတန်ဖိုးကို ကျပ် ၃၂၅,၀၁၆ သန်း ရရှိရန် ရည်မှန်းခဲ့ပါ သည်။ ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်၊ မတ်လကုန်စာရင်းများအရ ကျပ် ၃၄၀,၁၂၉ သန်းဖိုး ထုတ်လုပ် နိုင်ခဲ့သဖြင့် စီမံကိန်း ရည်မှန်းချက်အပေါ် ၁၀၄.၆ ရာခိုင်နှုန်း အကောင်အထည်ဖော်နိုင်ခဲ့ပါသည်။ ၂၀၁၀-၂၀၁၁ ဘဏ္ဍာနှစ်၊ ရှေ့ပြေးအမှန်စာရင်းများနှင့် နှိုင်းယှဉ်ပါက ၁၃.၆ ရာခိုင်နှုန်း တိုးတက် ခဲ့ပါသည်။ ထိုသို့တိုးတက်ခဲ့ရခြင်းမှာ အဓိကအားဖြင့် ကြေးနီသတ္တုစင်၊ ခဲမဖြူသတ္တုစင် (၉၉.၉%) ၊ ကျောက်မျက်ရတနာ၊ ရွှေ၊ မင်းဂနိးစ်ဒိုင်အောက်ဆိုဒ်၊ သံမဏိတုံး၊ ကျောက်မီးသွေး နှင့် ဘရိုက်တီး ကျောက်များ ပိုမိုထုတ်လုပ်ခဲ့ခြင်းကြောင့် ဖြစ်ပါသည်။

၆၂။ ၂၀၁၁-၂၀၁၂ဘဏ္ဍာနှစ်၊ မတ်လကုန်စာရင်းအရ ရွေးချယ်ထားသော သတ္တုနှင့်တွင်းထွက်ပစ္စည်းများ၏ ထုတ်လုပ်မှုအခြေအနေကို ၂၀၁၀-၂၀၁၁ ဘဏ္ဍာနှစ်၊ရှေ့ပြေးအမှန်စာရင်း ထုတ်လုပ်မှုနှင့် နှိုင်းယှဉ်ပါက-

(က) ကြေးနီသတ္တုစင် မက်ထရစ်တန် ၅၀၉၇ မှ ၁၂၅၀၉

(ခ) ခဲမဖြူသတ္တုစင်(၉၉.၉%) မက်ထရစ်တန် ၁၅၁ မှ ၁၇၀

(ဂ) ကျောက်မျက်ရတနာ ကရက်ထောင် ၁၄၁၁၀ မှ ၁၄၆၀၅

(ဃ) ရွှေ ထရိုင်အောင်စ ၂၇၂၆၅ မှ ၃၃၇၈၃

(င) မင်းဂနီးစ်ဒိုင်အောက်ဆိုဒ် တန် ၇၁၂၉၃ မှ ၁၀၆၉၂၆

(စ) သံမဏိတုံး မက်ထရစ်တန် ၃၇၃၉၈ မှ ၄၁၃၃၇

(ဆ) ကျောက်မီးသွေး တန် ၈၇၁၁၅၇ မှ ၉၄၁၃၆၀

(ဇ) ဘရိုက်တီးကျောက် မက်ထရစ်တန် ၁၄၃၄၆ မှ ၃၀၁၂၀ အသီးသီး ထုတ်လုပ်နိုင်ခဲ့ပါသည်။

၆၃။ သတ္တုနှင့်တွင်းထွက်ပစ္စည်းများကဏ္ဍ၏ ၂၀၁၀-၂၀၁၁ ဘဏ္ဍာနှစ်၊ ရှေ့ပြေးအမှန်စာရင်းကို အခြေခံတွက်ချက်ထားသော ထုတ်လုပ်မှု၏ဆန္ဒန်းသည် ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်၊ မတ်လကုန်စာရင်းများအရ ၁၁၅.၀ ဖြစ်ပေါ်ခဲ့ပါသည်။

## ၃-၂-၂-၁။ ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ် အတွင်းလုပ်ငန်းဆောင်ရွက်ချက်များ

၆၄။ သတ္တုနှင့်တွင်းထွက်ပစ္စည်းများကို နှစ်စဉ်ရည်မှန်းချက်များ အောင်မြင်စေရေးအတွက် ဓာတ်သတ္တုသိုက်များ တိုးတက်ရှာဖွေ ထုတ်လုပ်ရေး၊ စီးပွားရေးဖွံ့ဖြိုး တိုးတက်စေရန် နိုင်ငံပိုင်များကို ပုဂ္ဂလိကပိုင်အခန်းကဏ္ဍသို့ ကူးပြောင်းရေး၊ နည်းပညာများနှင့် လုပ်ငန်းသုံးခေတ်မီပစ္စည်းများ ပံ့ပိုး ကူညီခြင်းတိုးမြှင့်ဆောင်ရွက်ရေး၊ ကျောက်မျက်ရတနာဈေးကွက်များကျင်းပ၍ နိုင်ငံခြားသုံးငွေနှင့် ပြည်တွင်းသုံးငွေများတိုးတက်ရှာဖွေပေးရေး၊ စံချိန်စံညွှန်းမီ ပုလဲများတိုးမြှင့် ထုတ်လုပ်ရောင်းချနိုင်ရေး၊ ဓာတ်သတ္တု ထုတ်လုပ်မှုကြောင့် ပတ်ဝန်းကျင် ထိခိုက်မှု မရှိစေရေး စသည့် ရည်မှန်းချက်များ အောင်မြင်စေရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ပါသည်။

၆၅။ သတ္တုနှင့်တွင်းထွက်ပစ္စည်းများကို ပုဂ္ဂလိကပိုင် ကဏ္ဍမြင့်မားရေးနှင့် တိုင်းရင်းသားလုပ်ငန်းရှင် ဓာတ်သတ္တုထုတ်လုပ်သူများ ထွန်းကားတိုးပွားလာရေး အားပေးဆောင်ရွက်ရန်

မူဝါဒနှင့်အညီ သတ္တုကဏ္ဍထုတ်လုပ်မှု လုပ်ငန်းများကို နိုင်ငံပိုင် ထုတ်လုပ်မှု အနေဖြင့် လည်းကောင်း၊ ပြည်တွင်း/ ပြည်ပကုမ္ပဏီများနှင့် အကျိုးတူ ဖက်စပ်လုပ်ငန်းများ ထူထောင်၍ ဆောင်ရွက်ခြင်းဖြင့် လည်းကောင်း အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။

၆၆။ သတ္တုနှင့်တွင်းထွက်ပစ္စည်းများကို နှစ်စဉ်စီမံကိန်း ရည်မှန်းချက်များ အောင်မြင်စေရေး အတွက် မြေပေါ်မြေအောက် သယံဇာတ ဓာတ်သတ္တုသိုက်များ တိုးတက်ရှာဖွေ ထုတ်လုပ်ပြီး၊ နိုင်ငံတော်၏အမျိုးသားဝင်ငွေ တိုးတက်စေရေး အထောက်အကူပြု ဆောင်ရွက်ရမည် ဆိုသည့် ရည်မှန်းချက်နှင့် အညီ ဒေသန္တရဘူမိဗေဒ မြေပုံရေးဆွဲရေးလုပ်ငန်း၊ ကျောက်မီးသွေး၊ ထုံးကျောက်၊ ဂေါဒန်ကျောက်၊ ရွှေ၊ ခနောက်စိမ်းသတ္တု၊ ခဲနှင့်ဆက်စပ်သတ္တု၊ မင်းဂနီးစ်ဒိုင်အောက်ဆိုဒ် သတ္တုနှင့် ကြေးနီ၊ ခဲ၊ သွပ် သတ္တု စူးစမ်းရှာဖွေ စမ်းသပ်တိုင်းတာခြင်း လုပ်ငန်းများကိုလည်းကောင်း၊ နမူနာများအား ဓာတ်ခွဲစစ်ဆေးခြင်းနှင့် အသေးစိတ် လေ့လာဆန်းစစ်ခြင်း လုပ်ငန်းများကို လည်းကောင်း၊ စမ်းသပ်တိုင်းတာရေး အစီရင်ခံစာစိစစ်ခြင်း လုပ်ငန်းများကို လည်းကောင်း အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပါသည်။

၆၇။ နိုင်ငံပိုင် ကဏ္ဍအနေဖြင့် ဘရိုက်တီးကျောက်၊ ဘရိုက်တီးကျောက်မှုန့် ၊ မုံရွာမြေဖြူ နှင့် ဂေါဒန်ကျောက် ထုတ်လုပ်မှုများ တန်ချိန်တိုးမြှင့်ထုတ်လုပ်နိုင်ခဲ့ပြီး၊ မြေဖယောင်းနှင့် ဒိုလိုမိုက်မှာ ဝယ်လိုအား မရှိသောကြောင့် ထုတ်လုပ်မှုတန်ချိန် လျော့နည်းခဲ့ပါသည်။ ပြင်ဦးလွင် ဘရိုက်တီးကျောက် ထုတ်လုပ်ရေးစခန်း နှင့် ကျောက်ပန်းတောင်း မြေဖယောင်း ထုတ်လုပ်ရေး စခန်းများအား ပုဂ္ဂလိကသို့ လွှဲပြောင်းနိုင်ရေးဆောင်ရွက်လျက်ရှိပါသည်။ ခဲမဖြူသတ္တုစင်(၉၉.၉%) မှာ တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်ဒေသနှင့် ကယားပြည်နယ် အသေးစားလုပ်ကွက်များမှ သတ္တုပိုမိုတိုးတက် ထုတ်လုပ်နိုင်ခဲ့ပါသည်။ မြန်မာကြွေထည်မြေထည်လုပ်ငန်းမှ ထုံးကျောက်၊ မြေဖြူစေး၊ မြေနီမြေနက် ထုတ်လုပ်မှုများ တန်ချိန်တိုးမြှင့် ထုတ်လုပ်နိုင်ပြီး၊ သံကျောက်၊ ဖန်ချက်သဲဖြူ၊ ရွှံ့စေးဖြူ၊ စကျင်ကျောက်တုံး၊ မြေဖြူဖွယ် ထုတ်လုပ်မှုများ လျော့နည်းခဲ့ပါသည်။ အကျဉ်းဦးစီးဌာန၏ ကျောက်ထုတ်လုပ်ငန်းများ မှ ကျောက်မာ ထုတ်လုပ်မှုများ လျော့နည်းပြီး၊ ခွန်၊ထိန်း/ကျောက်ထုတ် ဦးစီးဌာန ကျောက်ထုတ်လုပ်ငန်းမှ ကျောက်မာ ထုတ်လုပ်မှုများ တိုးမြှင့်ထုတ်လုပ်ခဲ့ပါသည်။

၆၈။ သမ/အဖွဲ့အစည်းများမှလည်း ကျောက်မျက်ရတနာ၊ မုံရွာမြေဖြူ၊ စကျင်ကျောက်၊ ကြွေကျောက်၊ ဂဝံအုတ်ပြား၊ ရေတွင်းကျောက်၊ ကျင်းကျောက် ထုတ်လုပ်မှုများ တိုးတက်ထုတ်လုပ်

နိုင်ခဲ့ပြီး၊ မြစ်သဲနှင့် ဂရက်နိုက် အလှဆင်ကျောက်တို့မှာ ထုတ်လုပ်မှု လျော့နည်းခဲ့ပါသည်။ ကျောက်စိမ်း ထုတ်လုပ်မှု လုပ်ငန်းများကို ကချင်ပြည်နယ်တွင်လုပ်ကိုင်လျက်ရှိရာ ဒေသအခြေအနေအရ ရပ်ဆိုင်းထားရသဖြင့် ထုတ်လုပ်မှု လျော့နည်းခဲ့ပါသည်။

၆၉။ ပုဂ္ဂလိကပိုင် ကဏ္ဍအနေဖြင့် ရွှေ၊ ကြေးနီသတ္တုစင်၊သံမဏိတုံး၊ ကြေးနီနှင့်ရောရာသတ္တုရိုင်း၊ သွပ်နှင့်ရောရာသတ္တုရိုင်း၊ ခနောက်စိမ်းနှင့်ရောရာသတ္တုရိုင်း၊ ကျောက်မျက်ရတနာ၊ မင်းဂနီးစ်ဒိုင်အောက်ဆိုဒ်၊ ကျောက်မီးသွေး၊ကျောက်မာ၊ထုံးကျောက်နှင့် ရွှံ့စေးဖြူထုတ်လုပ်မှုများ တိုးတက်ထုတ်လုပ်နိုင်ခဲ့ပါသည်။ ရွှေထုတ်လုပ်မှုတွင်လည်း အကြီးစားနှင့်အသေးစား ရွှေလုပ်ကွက်များမှ သတ္တု ပိုမိုတိုးတက်ထုတ်လုပ်နိုင်ခြင်း၊ ကြေးနီသတ္တုစင်ထုတ်လုပ်မှုတွင် မြန်မာ့စီးပွားရေးဦးပိုင်လီမိတက်သည် ပြည်ပဖက်စပ်အဖြစ် မြန်မာယန်စီကြေးနီကုမ္ပဏီလီမိတက်နှင့် ထုတ်လုပ်မှုအပေါ် အကျိုးတူပူးပေါင်း၍ တိုးတက်ထုတ်လုပ်လျက်ရှိခြင်း၊ သံမဏိတုံးထုတ်လုပ်မှုတွင် မြန်မာ့စီးပွားရေး ကော်ပိုရေးရှင်း၊ အမှတ်(၄)သံမဏိစက်ရုံမှ ထုတ်လုပ်မှုတိုးလာခြင်း၊ ကျောက်မျက်ရတနာ ထုတ်လုပ်မှုတွင် မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်းမှ မိုးကုတ်ရတနာမြေတွင် ကျောက်မျက်များတိုး၍ထုတ်လုပ်နိုင်ခြင်း၊ ကြေးနီနှင့်ရောရာသတ္တုရိုင်း၊ သွပ်နှင့်ရောရာ သတ္တုရိုင်း၊ ခနောက်စိမ်းနှင့်ရောရာသတ္တုရိုင်း၊ မင်းဂနီးစ်ဒိုင်အောက်ဆိုဒ်၊ ကျောက်မီးသွေး၊ ကျောက်မာ၊ ထုံးကျောက်နှင့် ရွှံ့စေးဖြူ ထုတ်လုပ်မှုများတွင် ပုဂ္ဂလိကလုပ်ငန်းရှင်များနှင့် ထုတ်လုပ်မှုအပေါ် ခွဲဝေခံစားသည့်စနစ်ဖြင့် ပြည်တွင်းဖက်စပ်လုပ်ငန်းများကို တိုး၍လုပ်ကိုင် ဆောင်ရွက်လာခြင်းတို့ကြောင့်ဖြစ်ပါသည်။

၇၀။ သတ္တုနှင့်တွင်းထွက်ပစ္စည်းကဏ္ဍ၏ အသေးစိတ်စာရင်းများကို ဇယား(၅၆) နှင့် ဇယား (၅၇) တို့တွင် တင်ပြထားပါသည်။

## ၃-၂-၃။ စက်မှုလက်မှုကဏ္ဍ

၇၁။ ပဥ္စမ ကာလတို ငါးနှစ် အမျိုးသားစီမံကိန်း၏ ပထမနှစ်ဖြစ်သော ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းတွင် ၂၀၁၀-၂၀၁၁ ဘဏ္ဍာနှစ်၊ ပုံမှန်ဈေးနှုန်းများဖြင့် တွက်ချက်ထားသော စက်မှုလက်မှုကဏ္ဍ၏ အသားတင်ထုတ်လုပ်မှု တန်ဖိုးကို ကျပ် ၈,၇၃၈,၁၅၃ သန်း ရရှိရန် ရည်မှန်းခဲ့ပါသည်။ မတ်လကုန်စာရင်းများအရ ကျပ် ၈,၇၃၉,၁၇၀ သန်းဖိုး ထုတ်လုပ်နိုင်ခဲ့သဖြင့်

စီမံကိန်း ရည်မှန်းချက် အပေါ် ၁၀၀.၀ ရာခိုင်နှုန်း အကောင်အထည်ဖော်နိုင်ခဲ့ပါသည်။ ၂၀၁၀-၂၀၁၁ ဘဏ္ဍာနှစ် ရှေ့ပြေးအမှန်စာရင်းများနှင့် နှိုင်းယှဉ်ပါက ၁၀.၆ ရာခိုင်နှုန်း တိုးတက်ခဲ့ပါသည်။

၇၂။ ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ် မတ်လကုန်စာရင်းများအရ ရွေးချယ်ထားသော စက်မှုထုတ်ကုန်ပစ္စည်းများ၏ ထုတ်လုပ်မှုကို ၂၀၁၀-၂၀၁၁ ဘဏ္ဍာနှစ် ရှေ့ပြေးအမှန်စာရင်းများနှင့် နှိုင်းယှဉ်ပါက-

- ကျွန်းခွဲသားတွင် ကုဗတန် ၁၄၀၅၇ မှ ၁၉၈၃၈
- စက္ကူတွင် မက်ထရစ်တန် ၁၄၅၀၃၄ မှ ၄၉၆၀၉၈
- ဓာတ်မြေဩဇာတွင် မက်ထရစ်တန် ၃.၈ သိန်း မှ ၇.၉ သိန်း
- စီးကရက်တွင် လိပ်ရေ ၉၇၉၉ သန်း မှ ၁၃၃၄၁ သန်း
- ဘိလပ်မြေတွင် မက်ထရစ်တန် ၂၀၂၄၃၉ မှ ၂၁၂၃၈၅၅
- ချည်ခင်တွင် မက်ထရစ်တန် ၃၂၆၀၀ မှ ၄၉၇၀၀
- ဆပ်ပြာတွင် မက်ထရစ်တန် ၁၃၇၂၄၉ မှ ၁၅၃၅၀၃
- မီးထိုးဆီတွင် ဂါလန် ၁၁.၅ သန်း မှ ၁၂.၅ သန်း အသီးသီးတိုးတက်ဖြစ်ပေါ်ခဲ့ပြီး
- ဆန်တွင် မက်ထရစ်တန် ၁၇၈.၀ သိန်း မှ ၁၆၆.၁ သိန်း
- စားဆီတွင် ပိဿာ ၅၃၂.၉ သန်း မှ ၄၉၃.၈ သန်း
- သကြားတွင် မက်ထရစ်တန် ၁၈၃၇၅၀ မှ ၁၈၂၆၃၇
- သစ်မာခွဲသားတွင် ကုဗတန် ၄၄.၇ သိန်း မှ ၃၀.၃ သိန်း
- ဓာတ်ဆီတွင် ဂါလန် ၁၂၉.၃ သန်း မှ ၁၂၆.၃ သန်း
- ဒီဇယ်ဆီတွင် ဂါလန် ၆၃.၁ သန်း မှ ၄၇.၀ သန်း
- မော်တော်ကားတွင် ၁၅၂၄၄ စီး မှ ၁၂၃၁၆ စီး
- လက်တွန်းလယ်ထွန်စက်တွင် ၁၃၂၉၁ စီး မှ ၁၁၁၂၈ စီး အသီးသီး လျော့နည်းဖြစ်ပေါ်ခဲ့ပါသည်။

၇၃။ စက်မှုလက်မှုကဏ္ဍ၏ ၂၀၁၀-၂၀၁၁ ဘဏ္ဍာနှစ်ကို အခြေခံတွက်ချက်ထားသော ထုတ်လုပ်မှု၏ ဆနှုန်းသည် ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ် မတ်လကုန် စာရင်းများအရ ၁၁၀.၆ အထိ ဖြစ်ပေါ်ခဲ့ပါသည်။

**၃-၂-၃-၁။ ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ် အတွင်း လုပ်ငန်း ဆောင်ရွက်ချက်များ**

၇၄။ အမှတ်(၁) စက်မှုဝန်ကြီးဌာနနှင့် အမှတ်(၂)စက်မှုဝန်ကြီးဌာနတို့ကို ပေါင်းစည်း၍ ပြင်ဆင်ဖွဲ့စည်းထားသည့် စက်မှုဝန်ကြီးဌာနသည် မြန်မာနိုင်ငံဆေးဝါးလုပ်ငန်းစက်ရုံဝင်းအတွင်း အထူးဆေးဝါးများ ထုတ်လုပ်ရေးစီမံကိန်းမှ ငှက်ဖျားရောဂါကာကွယ်ကုသဆေး (Quinine Sulphate) များကို စက်စမ်းသပ် လည်ပတ်ထုတ်လုပ်လျက်ရှိပါသည်။

၇၅။ မှန်စက်ရုံစီမံကိန်း(ကျောက်ဆည်)ကို တစ်နှစ်လျှင် မှန်(၄၁၇၀၀)တန် ထုတ်လုပ်ရန်အတွက် China CAMC Engineering Co. Ltd နှင့် ဆောင်ရွက်ခဲ့ရာ Section အလိုက် စက်များကို F.A.C (Final Acceptance Certificate) ထုတ်ပေးနိုင်ရန် အဖွဲ့ဖြင့် စမ်းသပ်လည်ပတ်ဆောင်ရွက်လျက်ရှိပါသည်။

၇၆။ အကြီးစားဒီဇယ်အင်ဂျင်စီမံကိန်းအတွက် Assembly & Machine Shop နှင့် Foundry, Welding & Heat Treatment Shop တည်ဆောက်ရေး လုပ်ငန်းစဉ်များ ဆောင်ရွက်လျက်ရှိပါသည်။

၇၇။ စက်မှုဇုန်များမှ ထုတ်လုပ်သည့် မော်တော်ယာဉ်များကို စနစ်တကျ ထုတ်လုပ်နိုင်ရေးအတွက် ခွင့်ပြုချက်ဖြင့် ထုတ်လုပ်မည့် ဂျစ်၊ ဘတ်စ်၊ ထရပ်နှင့် ဘက်စုံသုံးမော်တော်ယာဉ် ဒီဇိုင်းပုံစံသစ် (၁၃၀) မျိုးအား သတ်မှတ်စံချိန်စံညွှန်းများအတိုင်း ထုတ်လုပ်နိုင်ရေးအတွက် စံသတ်မှတ်ချက်ပုံစံများကို စစ်ဆေး အတည်ပြုပေးခဲ့ပါသည်။

၇၈။ အမှတ်(၂)အကြီးစားစက်မှုလုပ်ငန်းမှ နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် နေရောင်ခြည်မှ လျှပ်စစ်ဓာတ်အား ရယူသုံးစွဲနိုင်ရန် Solar ပြားနှင့် ဆက်စပ်ပစ္စည်းများ၊ Solar လမ်းမီးတိုင်များ ထုတ်လုပ်ဖြန့်ဖြူးခြင်းနှင့် LED မီးအုပ်ဆောင်းများ ထုတ်လုပ် ဖြန့်ဖြူးခဲ့ပါသည်။

၇၉။ မြန်မာ့စက်မှုလက်မှု ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၏ ကြီးကြပ်မှုဖြင့် တိုင်းဒေသကြီးနှင့် ပြည်နယ် ၉ ခုရှိ စုစုပေါင်း စက်မှုဇုန် ၁၈ ဇုန်တွင် ကုန်ပစ္စည်းများ ထုတ်လုပ်လျက်ရှိပါသည်။ ပုဂ္ဂလိက စက်မှုလုပ်ငန်းရှင်များအတွက် ငွေကြေးအရင်းအနှီး ကုန်ကြမ်းနှင့် စက်ကိရိယာများ

ခေတ်မီကုန်ထုတ်နည်းပညာများရရှိရေး၊ လျှပ်စစ်ဓာတ်အား၊ ဆက်သွယ်ရေးစနစ်၊ အဆောက်အဦ စသော အခြေခံအဆောက်အအုံများ တိုးတက်ဖြည့်ဆည်းရေးစသည့် လုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိပါသည်။ ပုဂ္ဂလိကစက်မှုလုပ်ငန်းများ ဖွံ့ဖြိုးလာစေရန် နည်းလမ်းအမျိုးမျိုးဖြင့် ပံ့ပိုးကူညီဆောင်ရွက်ပေးလျက်ရှိပါသည်။

၈၀။ စက်မှုလုပ်ငန်းများတွင် ပုဂ္ဂလိကပိုင်အခန်း ကျယ်ကျယ်ပြန့်ပြန့် ပါဝင်လာနိုင်စေရန် နိုင်ငံပိုင်စက်ရုံ အချို့ကို ငှားရမ်းခြင်းနှင့် ပုဂ္ဂလိကလုပ်ငန်းရှင်များနှင့် အကျိုးတူ ပူးပေါင်းဆောင်ရွက်ခြင်းတို့ကို ဆောင်ရွက်လျက်ရှိပါသည်။

၈၁။ ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ် မတ်လကုန်စာရင်းများအရ စက်မှုလက်မှုကဏ္ဍတွင် လုပ်ငန်းဦးရေ စုစုပေါင်း (၁၂၆၉၅၈) ဖြင့် ဆောင်ရွက်လျက်ရှိရာ နိုင်ငံပိုင်အခန်းမှ (၆၅၀) ရာခိုင်နှုန်းအားဖြင့်(၀.၅)၊ သမ/အဖွဲ့အစည်းပိုင်အခန်းမှ (၇၉) ရာခိုင်နှုန်းအားဖြင့် (၀.၁)၊ ပုဂ္ဂလိကပိုင်အခန်းမှ (၁၂၆၂၂၉) ရာခိုင်နှုန်းအားဖြင့် (၉၉.၄) အသီးသီးပါဝင်ပါသည်။ စက်မှုလက်မှုကဏ္ဍတွင် ပုဂ္ဂလိကပိုင်အခန်းမှ ပိုမို ကျယ်ပြန့်စွာ ပါဝင်ဆောင်ရွက်နိုင်သည့်အလျောက် ပုဂ္ဂလိကပိုင် လုပ်ငန်းဦးရေမှာ ၂၀၁၀-၂၀၁၁ ဘဏ္ဍာနှစ်၊ ရွှေ့ပြေးအမှန်စာရင်းများအရ ( ၁၂၁၂၉၀) ရှိခဲ့ရာမှ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ် မတ်လကုန် စာရင်းများအရ (၁၂၆၂၂၉) အထိ တိုးတက်ခဲ့ပါသည်။

၈၂။ ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ် မတ်လကုန်တွင် ပုဂ္ဂလိကပိုင် လုပ်ငန်းဦးရေ (၁၂၆၂၂၉) ရှိသည့် အနက် အထွေထွေစက်မှုလုပ်ငန်းဦးရေသည် (၅၂၉၇၉) ဖြစ်၍ စုစုပေါင်းလုပ်ငန်းဦးရေ၏ (၄၂) ရာခိုင်နှုန်း ဖြစ်ပါသည်။ စားသောက်ရေးဆိုင်ရာပစ္စည်းထုတ်လုပ်သည့် လုပ်ငန်းဦးရေသည် (၃၅၃၁၃) ရှိသည့်အတွက် စုစုပေါင်းလုပ်ငန်းဦးရေ၏ (၂၈) ရာခိုင်နှုန်းဖြစ်ပါသည်။ စာပေနှင့် အနုပညာဆိုင်ရာလုပ်ငန်းဦးရေသည် (၈၅၈၄) ရှိ၍ စုစုပေါင်းလုပ်ငန်းဦးရေ၏ (၆.၈) ရာခိုင်နှုန်း ဖြစ်ပါသည်။ လူသုံးကုန်ပစ္စည်းထုတ်လုပ်သည့် လုပ်ငန်းဦးရေသည် (၅၂၆၇) ရှိသည့်အတွက် စုစုပေါင်းလုပ်ငန်းဦးရေ၏ (၄.၂) ရာခိုင်နှုန်း ဖြစ်ပါသည်။ လုပ်သားဦးရေအလိုက် ခွဲခြားထားသော စက်မှုလုပ်ငန်းများကိုကြည့်လျှင် အလုပ်သမားဦးရေ (၁၀) ယောက်အောက်ရှိသော ပုဂ္ဂလိက လုပ်ငန်း ဦးရေမှာ (၁၁၄၆၁၆) ဖြစ်ပြီး စုစုပေါင်းလုပ်ငန်းဦးရေ (၁၂၆၂၂၉) ၏ (၉၀.၈) ရာခိုင်နှုန်း ဖြစ်ပါသည်။ အလုပ်သမားဦးရေ (၁၀၀) ယောက်အထက်ရှိသော ပုဂ္ဂလိက လုပ်ငန်း ဦးရေမှာ (၆၆၅) ဖြစ်၍ စုစုပေါင်းပုဂ္ဂလိကလုပ်ငန်းဦးရေ၏ (၀.၅) ရာခိုင်နှုန်း သာရှိပါသည်။ စက်မှုလက်မှုလုပ်ငန်း

များသည် နည်းပညာအဆင့်မြင့်ထုတ်လုပ်သော လုပ်ငန်းများမဟုတ်ဘဲ အသေးစားလုပ်ငန်းများသာ များပြား ကြောင်း တွေ့ရှိရပါသည်။

၈၃။ နိုင်ငံသားတိုင်း အလုပ်အကိုင်အခွင့်အလမ်း ရရှိစေရန်နှင့် ခေတ်မီ နည်းပညာ အခြေခံသော စက်မှုထုတ်ကုန်များ တိုးတက်ထုတ်လုပ်ရန်အတွက် အသေးစားနှင့် အလတ်စား စက်မှုလုပ်ငန်းများ (SMEs) ကို နည်းပညာအကူအညီများ ပံ့ပိုးပေးခြင်း၊ ပြည်ပတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုများ ဖိတ်ခေါ်၍ ချေးငွေ၊ ထောက်ပံ့ငွေများဖြင့် စက်မှုလက်မှုလုပ်ငန်းကြီးများကို တိုးချဲ့ထူထောင်ခြင်းတို့ဖြင့် စက်မှုလက်မှုကဏ္ဍပိုမို ဖွံ့ဖြိုးတိုးတက်လာစေမည် ဖြစ်ပါသည်။

၈၄။ စက်မှုလက်မှုကဏ္ဍ၏ အသေးစိတ်စာရင်းများကို ဇယား (၅၈) မှ ဇယား (၆၂) အထိ တင်ပြထားပါသည်။

## ၃-၂-၄။ လျှပ်စစ်ဓာတ်အားကဏ္ဍ

၈၅။ ပဥ္စမကာလတိုငါးနှစ်အမျိုးသားစီမံကိန်း၏ ပထမနှစ်ဖြစ်သည့် ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်၊ အမျိုးသားစီမံကိန်းတွင် ၂၀၁၀-၂၀၁၁ ဘဏ္ဍာနှစ်၊ ပုံမှန်ဈေးနှုန်းများဖြင့် တွက်ချက်ထားသော လျှပ်စစ်ဓာတ်အားကဏ္ဍ၏ အသားတင်ထုတ်လုပ်မှုတန်ဖိုး ကျပ် ၄၇၅,၂၁၂ သန်းရရှိရန် ရည်မှန်းခဲ့ပါသည်။ မတ်လကုန် စာရင်းများအရ ကျပ် ၄၄၁,၉၄၉ သန်းဖြစ်သဖြင့် စီမံကိန်းရည်မှန်းချက် အပေါ် ၉၃.၀ ရာခိုင်နှုန်း အကောင်အထည်ဖော်နိုင်ခဲ့ပါသည်။ ၂၀၁၀-၂၀၁၁ ဘဏ္ဍာနှစ် ရှေ့ပြေးအမှန်စာရင်းများနှင့် နှိုင်းယှဉ်ပါက ၄.၈ ရာခိုင်နှုန်း တိုးတက်ခဲ့ပါသည်။

၈၆။ ထိုသို့တိုးတက်ရခြင်းမှာ ပဲခူးတိုင်းဒေသကြီး(အရှေ့ပိုင်း)တွင် ရွှေကျင်ရေအားလျှပ်စစ်စက်ရုံနှင့် မကွေးတိုင်း ဒေသကြီးတွင် ကြီးအုံကြီး၀ ရေအားလျှပ်စစ်စက်ရုံများကို တိုးချဲ့ဖွင့်လှစ်ခဲ့ပြီး ထိုစက်ရုံများမှ ထုတ်လုပ်သော လျှပ်စစ်ဓာတ်အားများကို မဟာဓာတ်အားလိုင်း ပေါ်သို့တင်၍ ပြည်နယ်နှင့်တိုင်းဒေသကြီး အသီးသီးသို့ ပို့လွှတ်ဖြန့်ဖြူးပေးသဖြင့် တိုးတက်သုံးစွဲနိုင်ခြင်းကြောင့် ဖြစ်ပါသည်။

၈၇။ ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်၊ မတ်လကုန်စာရင်းအရ လျှပ်စစ်ဓာတ်အားကဏ္ဍ၏ လျှပ်စစ်ဓါတ်အားတပ်ဆင်မှု၊ ထုတ်လုပ်မှု နှင့် အသုံးပြုမှုကို အခြေခံနှစ်ဖြစ်သည့် ၂၀၁၀-၂၀၁၁ ဘဏ္ဍာနှစ် ရှေ့ပြေးအမှန်နှင့် နှိုင်းယှဉ်ပါက -

(က) လျှပ်စစ်ဓာတ်အားတပ်ဆင်သည့် စက်အင်အားတွင် ၃၃၈၄ မဂ္ဂါဝပ်မှ ၃၅၂၈ မဂ္ဂါဝပ်

(ခ) ထုတ်လုပ်သော လျှပ်စစ်ဓာတ်အားတွင် ကီလိုဝပ်နာရီ ၇၄၅၄ သန်းမှ ၉၇၁၁ သန်း

(ဂ) အသုံးပြုသော လျှပ်စစ်ဓာတ်အားတွင် ကီလိုဝပ်နာရီ ၆၃၁၂ သန်းမှ ၇၇၀၃ သန်း အသီးသီးတိုးတက် ဖြစ်ပေါ်ခဲ့ပါသည်။

၈၈။ လျှပ်စစ်ဓာတ်အားကဏ္ဍ၏ ၂၀၁၀-၂၀၁၁ ဘဏ္ဍာနှစ်ရှေ့ပြေးအမှန်ကို အခြေခံ၍ တွက်ချက်ထားသောအသုံးပြုမှုဆနွှန်းသည် ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ် မတ်လကုန်စာရင်းအရ ၁၁၃.၁ ဖြစ်ပေါ်ခဲ့ပါသည်။

## ၃-၂-၄-၁။ ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်အတွင်း လုပ်ငန်းဆောင်ရွက်ချက်များ

၈၉။ လျှပ်စစ်ဓာတ်အားထုတ်လုပ်သည့် စက်အင်အားများတိုးချဲ့တပ်ဆင်ရေး၊ ကုန်ထုတ်လုပ်ငန်းများ၊ လူမှုရေး လုပ်ငန်းများနှင့် လုပ်သားပြည်သူများအနေဖြင့် လျှပ်စစ်ဓာတ်အား ပိုမိုသုံးစွဲနိုင်ရေး ဦးတည်ချက်များ အောင်မြင်စေရန် အောက်ပါလုပ်ငန်းစဉ်များ ချမှတ်ဆောင်ရွက်ခဲ့ပါသည်။

(က) ပင်မဓာတ်အားလိုင်းနယ်နိမိတ်ဘောင်အတွင်း လျှပ်စစ်ဓာတ်အင်အား တိုးချဲ့နိုင်ရန်အတွက် အလတ်စားနှင့် အကြီးစားရေအားလျှပ်စစ်အရင်းအမြစ်များကို ရေတိုရေရှည်စီမံချက်ဖြင့် ဖော်ထုတ်ဆောင်ရွက်လျက်ရှိခြင်း၊

(ခ) သဘာဝဓာတ်ငွေ့အရင်းအမြစ်များကို အခြေခံသည့် လျှပ်စစ်ဓာတ်အား ထုတ်လုပ်သည့် လုပ်ငန်းများ တိုးချဲ့ရန် စီစဉ်ဆောင်ရွက်လျက်ရှိခြင်း၊

(ဂ) အဆင့်မြင့်စက်မှုနည်းပညာများဖြင့် သဘာဝဓာတ်ငွေ့သုံး ဓာတ်အားပေးစက်များမှ စွန့်ပစ်အပူများကိုအသုံးပြုသည့် ရေနွေးငွေ့ဓာတ်အားပေးစနစ်အရ ဆောင်ရွက်လျက်ရှိခြင်း၊

(ဃ) ပင်မဓာတ်အားလိုင်း နယ်နိမိတ်ဘောင်ပြင်ပဒေသများတွင် ဒီဇယ်စက်ဖြင့် ဓာတ်အားထုတ်လုပ်ပေးသည့်အပြင် အသေးစားရေအားလျှပ်စစ်ဓာတ်အားပေးစက်များ တိုးချဲ့တပ်ဆင် ပေးလျက်ရှိခြင်း၊

၉၀။ ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်၊ မတ်လကုန်စာရင်းများအရ အမှတ်(၁)နှင့် အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာနများမှ တပ်ဆင်ထားသည့်စက်အင်အား ၃၅၂၈ မဂ္ဂါဝပ်တွင်ရေအားဖြင့်၂၆၃၃ မဂ္ဂါဝပ် အချိုးအစားအားဖြင့် ၇၄ ရာခိုင်နှုန်း၊ ရေနွေးငွေ့အားဖြင့် ၂၈၅ မဂ္ဂါဝပ် အချိုးအစားအားဖြင့် ၈ ရာခိုင်နှုန်း၊ သဘာဝဓာတ်ငွေ့အားဖြင့် ၅၅၀ မဂ္ဂါဝပ် အချိုးအစားအားဖြင့် ၁၆ ရာခိုင်နှုန်း ၊ ဒီဇယ်

အားဖြင့် ၆၀ မဂ္ဂါဝပ် အမျိုးအစားအားဖြင့် ၂ ရာခိုင်နှုန်း အသီးသီးပါဝင်ပါသည်။ တပ်ဆင်ခဲ့သော အင်အားမှာ ၂၀၁၀-၂၀၁၁ ဘဏ္ဍာနှစ်တွင် ၃၃၈၄ မဂ္ဂါဝပ် ရှိခဲ့ရာ မှ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ် တွင် ၃၅၂၈ မဂ္ဂါဝပ်အထိ တိုးတက်ခဲ့ပါသည်။ ဤသို့တိုးတက်ရခြင်းမှာ ရွှေကျင် ရေအားလျှပ်စစ် ဓာတ်အားပေးစက်ရုံ နှင့် ကြီးအုံကြီးဝ ရေအားလျှပ်စစ် ဓာတ်အားပေး စက်ရုံများကို တိုးချဲ့တပ်ဆင် ခဲ့ခြင်းတို့ကြောင့် ဖြစ်ပါသည်။

၉၁။ အမှတ်(၁) နှင့် အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာနများမှ ထုတ်ပေးသောလျှပ်စစ် ဓာတ်အားမှာ ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ် မတ်လကုန်စာရင်းများအရ ကီလိုဝပ်နာရီ ၉၇၁၁ သန်း ဖြစ်သဖြင့် ၂၀၁၀-၂၀၁၁ ဘဏ္ဍာနှစ် ရှေ့ပြေးအမှန်စာရင်းထက် ကီလိုဝပ်နာရီ ၂၂၅၇ သန်း ပိုမို ထုတ်လုပ်နိုင်ခဲ့ပါသည်။ ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်၊ မတ်လကုန်စာရင်းအရ အမျိုးအစား အလိုက် ဓာတ်အားထုတ်လုပ်မှုမှာ ရေအားတွင် ကီလိုဝပ်နာရီ ၆၈၀၅ သန်း အမျိုးအစားအားဖြင့် ၇၀ ရာခိုင်နှုန်း၊ ရေနွေးငွေ့အားတွင် ကီလိုဝပ်နာရီ ၇၅၀ သန်း အမျိုးအစားအားဖြင့် ၇ ရာခိုင်နှုန်း၊ သဘာဝဓာတ်ငွေ့အားတွင် ကီလိုဝပ်နာရီ ၂၁၁၈ သန်း အမျိုးအစားအားဖြင့် ၂၂ ရာခိုင်နှုန်း၊ ဒီဇယ်အားတွင် ကီလိုဝပ်နာရီ ၃၈ သန်း အမျိုးအစားအားဖြင့် ၁ ရာခိုင်နှုန်း အသီးသီးဖြစ်ပါသည်။

၉၂။ ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်၊ မတ်လကုန်တွင် လျှပ်စစ်ဓာတ်အား သုံးစွဲမှု ကီလိုဝပ်နာရီ ၇၇၀၃ သန်း ဖြစ်သဖြင့် ၂၀၁၀-၂၀၁၁ ဘဏ္ဍာနှစ် ရှေ့ပြေးအမှန်ထက် ကီလိုဝပ်နာရီ ၁၃၉၁ သန်း ပိုမိုသုံးစွဲခဲ့ပြီး စုစုပေါင်းသုံးစွဲသည့် ကီလိုဝပ်နာရီ ၇၇၀၃ သန်းအနက် စက်ရုံ သုံးတွင် ကီလိုဝပ်နာရီ ၂၇၁၃ သန်းအမျိုးအစားအားဖြင့် ၃၅ရာခိုင်နှုန်း၊ အိမ်သုံးတွင် ကီလိုဝပ်နာရီ ၃၃၈၁ သန်း အမျိုး အစားအားဖြင့် ၄၄ ရာခိုင်နှုန်း၊ ဆေးရုံ၊ ရုံး၊ ကျောင်းစသည့် အသုံးတွင် ကီလိုဝပ်နာရီ ၁၅၃၂ သန်း အမျိုးအစားအားဖြင့် ၂၀ ရာခိုင်နှုန်း၊ အထွေထွေသုံးတွင် ကီလိုဝပ်နာရီ ၇၇ သန်း အမျိုးအစား အားဖြင့် ၁ ရာခိုင်နှုန်း အသီးသီး သုံးစွဲခဲ့ကြောင်း တွေ့ရှိရပါသည်။

၉၃။ လျှပ်စစ်ဓာတ်အားပျောက်ဆုံးမှုနှုန်း ကျဆင်းရေး အတွက် ၁၉၉၀ ပြည့်နှစ်၊ လျှပ်စစ်ဥပဒေကို ပြင်ဆင်သည့် ဥပဒေနှင့်အညီ စနစ်တကျကြီးကြပ် ဆောင်ရွက်ရန် လိုအပ်သည့်နည်းတူ ရေရှည်တွင် ဓာတ်အားပျောက်ဆုံးမှုနှုန်းထား ကျဆင်းရေးအတွက် ဓာတ်အားဖြန့်ဖြူးရေးလိုင်းကြိုးများ ပြင်ဆင် ထိန်းသိမ်းခြင်းလုပ်ငန်းကို အလေးပေး ဆောင်ရွက်ရန် လိုအပ်ပါသည်။

၉၄။ အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန အနေဖြင့် ဓာတ်အားပို့လွှတ်ဖြန့်ဖြူးမှုကို တိုးချဲ့ ဆောင်ရွက်ခဲ့ရာ ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်၊ မတ်လကုန်တွင် ၃၇၃၇၀ မိုင် ဖြစ်သဖြင့် ၂၀၁၀-၂၀၁၁ ဘဏ္ဍာနှစ် ရှေ့ပြေးအမှန်ထက် ၉၈၂ မိုင် တိုးချဲ့သွယ်တန်းနိုင်ခဲ့ပါသည်။ ထို့ကြောင့် ပင်မဓာတ်အား လိုင်းနယ်နိမိတ်အနေဖြင့်စတုရန်းမိုင်ပေါင်း ၇၁၈၈၃ အထိတိုးချဲ့နိုင်ခဲ့ပါသည်။

၉၅။ ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်၊ မတ်လကုန်စာရင်းအရ လျှပ်စစ်မီးလင်းသည့်မြို့မှာ မြို့နယ်ခွဲ အပါ အဝင် ၄၈၅ မြို့နှင့် ကျေးရွာ ၂၈၇၈ ရွာ မီးလင်းအောင် ဆောင်ရွက်နိုင်ခဲ့ပါသည်။ တစ်နိုင်ငံလုံး၌ ကျေးရွာပေါင်း (၆) သောင်းကျော်ရှိ၍ ကျေးရွာစုစုပေါင်း၏ ၄.၇ ရာခိုင်နှုန်းသာ လျှပ်စစ်မီးရရှိ သောကြောင့် မီးလင်းမှုရာခိုင်နှုန်းမှာ နည်းနေပါသဖြင့် တိုးတက်လာသော လူဦးရေနှင့် အညီ တိုးမြင့်လိုအပ်လာမည့် လျှပ်စစ်ဓာတ်အားကို ဖြည့်ဆည်းနိုင်ရန် ဆက်လက်တိုးချဲ့ ဆောင်ရွက် သွားရမည် ဖြစ်ပါသည်။

၉၆။ လျှပ်စစ်ဓာတ်အားကဏ္ဍ၏ အသေးစိတ်စာရင်းကို ဇယား (၆၃) မှ ဇယား(၇၀) အထိ တင်ပြ ထားပါသည်။

## ၃-၂-၅။ ဆောက်လုပ်မှုကဏ္ဍ

၉၇။ ပဉ္စမကာလတိုငါးနှစ်အမျိုးသားစီမံကိန်း၏ ပထမနှစ်ဖြစ်သည့် ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်၊ အမျိုးသားစီမံကိန်းတွင် ၂၀၁၀-၂၀၁၁ ဘဏ္ဍာနှစ် ပုံမှန်ဈေးနှုန်းများဖြင့် တွက်ချက်ထားသော ဆောက်လုပ်မှုကဏ္ဍ၏ အသားတင်ဆောက်လုပ်မှုတန်ဖိုးကို ကျပ် ၂,၀၀၆,၅၈၅ သန်းရရှိရန် ရည်မှန်း ခဲ့ပါသည်။ မတ်လကုန်စာရင်းများအရ ကျပ် ၂,၀၀၄,၈၄၇ သန်းဖိုး ဆောင်ရွက်နိုင်ခဲ့ပါသည်။ စီမံကိန်း ရည်မှန်းချက်အပေါ် ၉၉.၉ ရာခိုင်နှုန်း အကောင်အထည်ဖော်နိုင်ခဲ့ပါသည်။ ၂၀၁၀-၂၀၁၁ ဘဏ္ဍာနှစ်၊ ရှေ့ပြေးအမှန် စာရင်းများနှင့်နှိုင်းယှဉ်ပါက ၉.၀ ရာခိုင်နှုန်း တိုးတက်ခဲ့ပါသည်။ ထိုသို့ တိုးတက်ရခြင်းမှာ နိုင်ငံတော် ဖွံ့ဖြိုးရေးကို အထောက်အကူပြုစေမည့် ဆောက်လုပ်မှု လုပ်ငန်းများကို နိုင်ငံတော်ပိုင်းကသာမက ပြည်တွင်းပြည်ပ ပုဂ္ဂလိကအပိုင်းကလည်း ဆောင်ရွက်ခဲ့ခြင်းကြောင့် ဖြစ်ပါသည်။

၉၈။ ဆောက်လုပ်ရေးလုပ်ငန်းများနှင့် ပတ်သက်၍ ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ် မတ်လကုန် စာရင်းများကို အခြေခံနှစ်ဖြစ်သည့် ၂၀၁၀-၂၀၁၁ ဘဏ္ဍာနှစ် ရှေ့ပြေးအမှန်စာရင်းများနှင့် နှိုင်းယှဉ်ပါက

- စုစုပေါင်းဆောက်လုပ်မှုပမာဏတွင် ကျပ် ၄,၃၉၇,၅၉၈ သန်း မှ ကျပ် ၅,၁၉၇,၆၁၃ သန်းဖိုး၊
- နိုင်ငံပိုင်အခန်း ဆောက်လုပ်မှုပမာဏတွင် ကျပ် ၂,၉၆၀,၅၃၃ သန်း မှ ကျပ် ၂,၆၈၆,၀၂၅ သန်းဖိုး၊
- သမဝါယမပိုင်အခန်း ဆောက်လုပ်မှုပမာဏတွင် ကျပ် ၇၄၃ သန်း မှ ကျပ် ၇၇၀ သန်းဖိုး၊

- ပုဂ္ဂလိကပိုင် အခန်း ဆောက်လုပ်မှု ပမာဏတွင် ကျပ် ၁,၄၃၆,၃၂၂ သန်း မှ ကျပ် ၂,၅၁၀,၈၁၈ သန်းဖိုး ဆောက်လုပ်နိုင်ခဲ့ပါသည်။

## ၃-၂-၅-၁။ ၂၀၁၁ - ၂၀၁၂ ဘဏ္ဍာနှစ်အတွင်း လုပ်ငန်းဆောင်ရွက်ချက်များ

၉၉။ နိုင်ငံတော်၏ ဖွံ့ဖြိုးတိုးတက်ရေးနှင့် တိုက်ရိုက်ဆက်စပ်လျက်ရှိသော လမ်း၊ တံတား၊ မြို့ပြဖွံ့ဖြိုးရေး၊ အိမ်ရာဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ဆောင်ရွက်လျက်ရှိရာ နိုင်ငံပိုင်အခန်းတွင် မြေလမ်းမှ အမာခံလမ်းအဆင့် (၁၂၃)မိုင်၊ မြေလမ်း/အမာခံလမ်း အဆင့်မှ (၁၂)ပေအကျယ် ကတ္တရာလမ်းအဆင့်(၁၀၇၈)မိုင် (၁)ဖာလုံ အဆင့်ဆင့်တိုးမြှင့် ဖောက်လုပ်ခဲ့ပါသည်။ နိုင်ငံတကာဆက်သွယ်မှု လမ်းပေါ်ရှိ တံတား(၁၁)စင်း၊ ဆောင်ရွက်ဆဲ ပြည်ထောင်စုလမ်းမကြီးပေါ်ရှိ တံတား(၂၄၂)စင်း၊ ဆောင်ရွက်ဆဲ လမ်းသစ်ပေါ်ရှိ တံတား (၁၄)စင်း၊ စုစုပေါင်း (၂၆၇)စင်းအား (၂၄) ပေအကျယ် သံကူကွန်ကရစ်တံတားများအဖြစ် အဆင့်ဆင့်တိုးမြှင့် တည်ဆောက်ပြီးစီးခဲ့ပါသည်။

၁၀၀။ မြို့ပြဖွံ့ဖြိုးရေးစီမံကိန်း အကောင်အထည်ဖော်ရန်အတွက် မြန်မာနိုင်ငံ၏ လူဦးရေ အများဆုံးဖြစ်သည့် ရန်ကုန်မြို့၏ ရည်မှန်းပုံစံ-၂၀၄၀ကို ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီနှင့် ဌာနဆိုင်ရာအသီးသီးတို့၏ ပူးပေါင်းပါဝင်မှုဖြင့် စနစ်တကျ လေ့လာဆန်းစစ် ရေးဆွဲ လျက်ရှိပါသည်။ ထို့အပြင် မြန်မာနိုင်ငံ၏ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များ၊ လူဦးရေ တစ်သိန်းအထက်မြို့ကြီးများ၏ လက်ရှိလူမှုစီးပွားရေးနှင့် မြို့ပြဆောင်တာ အခြေအနေများကို လေ့လာဆန်းစစ်ပြီး အနာဂတ်ဖွံ့ဖြိုးတိုးတက်မှုအတွက် ဖြည့်ဆည်းရမည့် အနေအထားများနှင့် အလားအလာများကို ဂျာမဏီနိုင်ငံ ကိုလုံးတက္ကသိုလ်၏ နည်းပညာအကူအညီရယူ ဆောင်ရွက်လျက်ရှိပါသည်။ ကုလသမဂ္ဂ လူနေမြို့ရွာများ ဖွံ့ဖြိုးမှုအစီအစဉ်၏ အထောက်အပံ့ဖြင့် မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်း၊ မြန်မာနိုင်ငံဗိသုကာအသင်းတို့နှင့် ပူးပေါင်းရေးဆွဲလျက်ရှိသော အဆောက်အဦ-ကုဒ်နှင့် စီမံကိန်းစည်းမျဉ်း ဥပဒေမူကြမ်းများ ရေးဆွဲခြင်းကို ဆောင်ရွက်လျက်ရှိပါသည်။

၁၀၁။ မြို့ပြဖွံ့ဖြိုးမှုဆိုင်ရာ သုတေသနသိပ္ပံကို ကုလသမဂ္ဂ လူနေမြို့ရွာများ ဖွံ့ဖြိုးမှုအစီအစဉ် ထူထောင်ပြီး ပြည်တွင်းပြည်ပမှ ပညာရှင်များ၏အကူညီဖြင့် ပညာရပ်ပိုင်းဆိုင်ရာ အတွေ့အကြုံ ရရှိမည့် သင်တန်းများနှင့် မြို့ပြစီမံကိန်းရေးဆွဲခြင်း သင်တန်းများ ဖွင့်လှစ်သင်ကြားလျက်ရှိပါသည်။ စစ်ကိုင်းတိုင်းဒေသကြီးရှိ မုံရွာမြို့၊ စစ်ကိုင်း၊ ရွှေဘို၊ ကလေးမြို့များ၏ မြို့ပြစီမံကိန်း ရေးဆွဲရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါသည်။ နေပြည်တော်အိမ်ရာစီမံကိန်းနှင့် ဖွံ့ဖြိုးရေး

စီမံကိန်းများ ဆောင်ရွက်ခြင်း၊ ရတနာပုံနည်းပညာမြို့သစ်စီမံကိန်း၊ ထားဝယ် အထူးစီးပွားရေးဇုန် စီမံကိန်းတို့၏ အထောက်အကူပြုလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ အစိုးရဝန်ထမ်းများ နှင့် အခြေခံ ပြည်သူများအတွက် တန်ဖိုးနည်းအိမ်ရာများ ဆောက်လုပ်ခြင်းတို့ကို ဆောင်ရွက်လျက်ရှိပါသည်။

၁၀၂။ ဆောက်လုပ်ရေး လုပ်ငန်းများကို နိုင်ငံပိုင်အခန်းမှ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း အပါအဝင် အခြားနိုင်ငံပိုင်အဖွဲ့အစည်းများ၊ သမ/အဖွဲ့အစည်းပိုင်အခန်းမှ ဆောက်လုပ်ရေး သမဝါယမအသင်းများ၊ ပုဂ္ဂလိကပိုင်အခန်းမှ ဖက်စပ်လုပ်ငန်းများနှင့် မှတ်ပုံတင်ပုဂ္ဂလိက ကန်ထရိုက်တာများပါ ကျယ်ပြန့်စွာပါဝင် ဆောင်ရွက်လျက်ရှိပါသည်။ ထို့အပြင် နိုင်ငံတော်၏ ပံ့ပိုးကူညီမှုဖြင့် ပြည်သူလူထုအပိုင်းမှလည်း ကိုယ့်အားကိုယ်ကိုးစနစ်ဖြင့် လမ်းများတိုးတက် ကောင်းမွန်အောင် ဆောင်ရွက်လျက်ရှိပါသည်။

၁၀၃။ ဒေသတစ်ခုနှင့်တစ်ခု မျှတစွာ ဖွံ့ဖြိုးမှုအတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် လမ်းသစ်များဖောက်လုပ်ခြင်း၊ ပိုမိုကောင်းမွန်အောင် ပြုပြင်ခြင်းနှင့် တံတားများတည်ဆောက် မွမ်းမံခြင်းလုပ်ငန်းများကို ဦးစားပေးဆောင်ရွက်ခဲ့ပါသည်။ ကာလတိုငါးနှစ်စီမံကိန်းအတွင်း လမ်းမ ကြီးများအား အဆင့်မြှင့်တင်ခြင်းနှင့် တိုးချဲ့ဖောက်လုပ်ခြင်းများ ဆောင်ရွက်ခဲ့ရာ အခြေခံနှစ်ဖြစ် သော ၂၀၁၀-၂၀၁၁ ဘဏ္ဍာနှစ်တွင် ပြည်ထောင်စုလမ်းမကြီး ၁၁၅၈၁ မိုင်နှင့် လမ်းမကြီး၁၀၇၂၆ မိုင် ရှိခဲ့ရာမှ ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်တွင် ပြည်ထောင်စုလမ်းမကြီး ၁၁၆၁၂ မိုင်နှင့် လမ်းမကြီး ၁၁၉၇၀ မိုင် အသီးသီးတိုးတက် ဖောက်လုပ်နိုင်ခဲ့ပါသည်။ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ တာဝန်ယူဆောက်လုပ်ခဲ့သည့် တံတားစင်းရေမှာ ၂၀၁၀-၂၀၁၁ ဘဏ္ဍာနှစ်တွင် ၄၆၁ စင်း ရှိခဲ့ရာမှ ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်တွင် ၄၇၃ စင်းအထိ တိုးတက်တည်ဆောက်ပေးနိုင်ခဲ့ပါသည်။

၁၀၄။ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနမှ အိမ်ရာမြေကွက်စီမံကိန်းအရ ၂၀၁၁-၂၀၁၂ ဘဏ္ဍာ နှစ်အထိ ဖော်ထုတ်ပေးနိုင်ခဲ့သည့် မြေကွက်စုစုပေါင်းမှာ ( ၃၃၄၀၁၄ ) ရှိခဲ့ပါသည်။

၁၀၅။ ဆောက်လုပ်မှုကဏ္ဍ၏ အသေးစိတ်စာရင်းများကို ဇယား(၇၁) မှ ဇယား(၇၃) အထိ တင်ပြ ထားပါသည်။

## ၃-၃။ ဝန်ဆောင်မှု ကဏ္ဍကြီး

၁၀၆။ ပဉ္စမကာလတို ငါးနှစ်အမျိုးသားစီမံကိန်း၏ ပထမနှစ်ဖြစ်သည့် ၂၀၁၁–၂၀၁၂ ဘဏ္ဍာနှစ် မတ်လကုန်စာရင်းများအရ ၂၀၁၀-၂၀၁၁ ဘဏ္ဍာနှစ် ပုံမှန်ဈေးနှုန်းများဖြင့် တွက်ချက်ထားသော ဝန်ဆောင်မှုကဏ္ဍကြီး ၏ အသားတင်ထုတ်လုပ်မှု တန်ဖိုးမှာ ကျပ် ၁၅,၉၁၀,၈၇၀.၀ သန်း ဖြစ်ပြီး တစ်မျိုးသားလုံး၏ ပြည်တွင်းအသားတင် ထုတ်လုပ်မှု နှင့် ဝန်ဆောင်မှု တန်ဖိုးတွင် ပါဝင်မှု ရာခိုင်နှုန်းမှာ ၃၇.၇ ဖြစ်ပြီး ပါဝင်မှုအများဆုံးကဏ္ဍကြီး ဖြစ်ပါသည်။ဝန်ဆောင်မှုကဏ္ဍကြီးတွင် ကုန်သွယ်မှု ကဏ္ဍ၏ အသားတင် ဝန်ဆောင်မှု တန်ဖိုး ကျပ် ၈,၃၉၃,၈၈၉.၈ သန်း ဖြစ်ပြီး ပါဝင်မှု ရာခိုင်နှုန်းမှာ ၅၂.၈ ဖြစ်ပါသည်။ ပို့ဆောင်ရေးကဏ္ဍ၏ အသားတင်ဝန်ဆောင်မှု တန်ဖိုးမှာ ကျပ် ၅,၄၁၀,၄၇၄ သန်း ဖြစ်ပြီး ပါဝင်မှု ရာခိုင်နှုန်းမှာ ၃၄.၀ ဖြစ်ပါသည်။ ငှားရမ်းခနှင့်အခြား ဝန်ဆောင်မှု ကဏ္ဍ၏ အသားတင် ဝန်ဆောင်မှု တန်ဖိုးမှာ ကျပ် ၈၅၀,၇၂၉.၁ သန်း ဖြစ်ပြီး ပါဝင်မှု ရာခိုင်နှုန်းမှာ ၅.၃ ဖြစ်ပါသည်။

**ဝန်ဆောင်မှုကဏ္ဍကြီးတွင်ကဏ္ဍအလိုက်ပါဝင်မှုအချိုးအစားနှိုင်းယှဉ်ချက်**
**(၂၀၁၀-၂၀၁၁ဘဏ္ဍာနှစ် နှင့် ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်)**







## ၃-၃-၁။ ပို့ဆောင်ရေးကဏ္ဍ

၁၀၇။ ပဉ္စမကာလတို ငါးနှစ်အမျိုးသားစီမံကိန်း၏ ပထမနှစ်ဖြစ်သည့် ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ် ၊ အမျိုးသားစီမံကိန်းတွင် ၂၀၁၀-၂၀၁၁ ဘဏ္ဍာနှစ် ပုံမှန်ဈေးနှုန်းများဖြင့် တွက်ချက် ထားသော ပို့ဆောင်ရေးကဏ္ဍ၏ အသားတင်ဝန်ဆောင်မှု တန်ဖိုးကို ကျပ် ၅,၆၄၈,၅၅၆ သန်း ရရှိရန် ရည်မှန်းခဲ့ပါသည်။ မတ်လကုန် စာရင်းများအရ ကျပ် ၅,၄၁၀,၄၇၄ သန်း ဆောင်ရွက် နိုင်ခဲ့သဖြင့်

စီမံကိန်းရည်မှန်းချက်အပေါ် ၉၅.၈ ရာခိုင်နှုန်း အကောင်အထည် ဖော်နိုင်ခဲ့ ပါသည်။ ၂၀၁၀-၂၀၁၁ ဘဏ္ဍာနှစ်ရှေ့ပြေးအမှန်စာရင်းများနှင့် နှိုင်းယှဉ်ပါက ၁၁.၈ ရာခိုင်နှုန်း တိုးတက်ခဲ့ပါသည်။ ထိုသို့ တိုးတက်ရခြင်းမှာ မြန်မာ့မီးရထားနှင့် ကုန်းလမ်းပို့ဆောင်ရေးလုပ်ငန်းမှ ခရီးသည် ပို့ဆောင်မှု လုပ်ငန်းများ တိုးတက်လာခြင်း၊ သမ/ အဖွဲ့အစည်းပိုင် အခန်းမှ ရေယာဉ်ဖြင့် ပို့ဆောင်မှု လုပ်ငန်း တိုးတက်လာခြင်း၊ ပုဂ္ဂလိကပိုင်အခန်း ရေယာဉ်ဖြင့် ပို့ဆောင်မှုလုပ်ငန်းမှ ခရီးသည်နှင့် ကုန်စည် ပို့ဆောင်မှု လုပ်ငန်းများ ပိုမိုလုပ်ဆောင်နိုင်ခဲ့ခြင်းတို့ကြောင့် ဖြစ်ပါသည်။

၁၀၈။ ပို့ဆောင်ရေးလုပ်ငန်းများ၏ဆောင်ရွက်မှုအခြေအနေများကို ၂၀၁၀-၂၀၁၁ ဘဏ္ဍာနှစ် ရှေ့ပြေးအမှန်စာရင်းများနှင့် နှိုင်းယှဉ်ပါက

**နိုင်ငံပိုင်အခန်းတွင်**

- မြန်မာ့မီးရထားအနေဖြင့် ခရီးသည်မိုင် ၃,၃၂၉ သန်း မှ ၃,၈၂၅ သန်း၊ ကုန်တန်မိုင် ၆၉၈ သန်းမှ ၇၃၁ သန်း၊
- ပြည်တွင်း ရေကြောင်းပို့ဆောင်ရေး အနေဖြင့် ခရီးသည်မိုင် ၉၀၂ သန်းမှ ၅၃၁သန်း၊ ကုန်တန်မိုင် ၇၅၄ သန်းမှ ၅၂၀ သန်း၊
- လေကြောင်းပို့ဆောင်ရေးအနေဖြင့် မြန်မာ့လေကြောင်း နှင့် ပြည်ပလေကြောင်း ကုမ္ပဏီများ ဖက်စပ်ဆောင်ရွက်လျက်ရှိသည့် ပြည်တွင်းခရီးစဉ်တွင် ခရီးသည်မိုင် ၁၄၀ သန်းမှ ၁၇၆ သန်း၊ ကုန်တန်မိုင်တွင် ၀.၂ သန်း၊ ပြည်ပ ပို့ဆောင်မှုတွင် ခရီးသည်မိုင် ၂၀၇ သန်း မှ ၃၂၉ သန်း၊ ကုန်တန်မိုင် ၁.၄ သန်း မှ ၂.၂ သန်း၊
- ကုန်းလမ်းပို့ဆောင်ရေးအနေဖြင့် ဘတ်စ်ကားခရီးသည်မိုင် ၁,၄၀၇ သန်းမှ ၁,၄၁၂ သန်း၊ ကုန်တန်မိုင် ၃၁၆ သန်း မှ ၃၂၀ သန်းအသီးသီးတိုးတက် ပို့ဆောင်ပေးနိုင်ခဲ့ပါသည်။

**သမ/အဖွဲ့အစည်းအခန်းတွင်**

- မော်တော်ယာဉ်ပို့ဆောင်ရေးလုပ်ငန်း အနေဖြင့် ခရီးသည်မိုင် ၂၇၁ သန်းမှ ၂၆၂ သန်း၊ ကုန်တန် မိုင် ၁၉၄ သန်းမှ ၁၉၈ သန်း၊
- ရေကြောင်း ပို့ဆောင်ရေးအနေဖြင့် ခရီးသည်မိုင် ၆၂ သန်းမှ ၇၁ သန်း၊ကုန်တန်မိုင် ၁၀၇ သန်းမှ ၁၂၇ သန်း အသီးသီးပို့ဆောင်ပေးနိုင်ခဲ့ပါသည်။

**ပုဂ္ဂလိကပိုင်အခန်းတွင်**

- ခရီးသည်တင်မော်တော်ယာဉ် ၂၆၆၇၉၅ စီး၊ ကုန်တင်မော်တော်ယာဉ် ၉၂၇၇၂ စီး၊
- ရေယာဉ်စီးရေ ၁၀၀၂၆ စီး အသီးသီး မှတ်ပုံတင် ဆောင်ရွက်ပေးခဲ့ ပါ သည်။

၁၀၉။ ၂၀၁၀-၂၀၁၁ ဘဏ္ဍာနှစ်ကို အခြေခံ၍ တွက်ချက်ထားသော ပို့ဆောင်ရေးကဏ္ဍ၏ ဝန်ဆောင်မှုဆန့်နှုန်းသည် ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ် ၊ မတ်လကုန် စာရင်းများအရ ၁၀၄.၁ ဖြစ်ပေါ်ခဲ့ပါသည်။

**၃-၃-၁-၁။ ၂၀၁၁– ၂၀၁၂ ဘဏ္ဍာနှစ်အတွင်းလုပ်ငန်းဆောင်ရွက်ချက်များ**

၁၁၀။ ပို့ဆောင်ရေးကဏ္ဍသည် နိုင်ငံတော်၏စီးပွားရေး ၊ လူမှုရေးဖွံ့ဖြိုးတိုးတက်မှုနှင့် လမ်းပန်းဆက်သွယ်ရေး ခက်ခဲသည့် နယ်စပ်ဒေသများ၏ လူမှုဘဝဖွံ့ဖြိုးတိုးတက်စေရေးအတွက် အရေးပါသောအခန်းကဏ္ဍမှ ပါဝင်လျက်ရှိပါသည်။ ထို့ကြောင့်ပို့ဆောင်ရေးလုပ်ငန်းများ တိုးတက်လာစေရန်အောက်ပါ လုပ်ငန်းစဉ်များဖြင့် ဆောင်ရွက်ခဲ့ပါသည်။

- မြန်မာ့မီးရထားအနေဖြင့် အထူးစီမံကိန်းများချမှတ်၍ရထားလမ်းသစ်များ တိုးချဲ့ဖောက်လုပ်ခြင်းနှင့် နေပြည်တော်ဘူတာသစ် တည်ဆောက်ရေးစီမံကိန်းများ အကောင်အထည်ဖော်ခြင်း၊ ခရီးစဉ်များကို တိုးချဲ့ပြေးဆွဲခြင်း၊ ကားရထား များဖြင့် ပြေးဆွဲခြင်း၊ ကုန်တင်တွဲများ ပြည်ပမှ ဝယ်ယူအသုံးပြုခြင်း၊ ရထားလမ်းဟောင်း များအားဇလီဖား၊ ကျောက်ဖြည့်တင်း၍ အဆင့်မြှင့်တင်ခြင်း၊ သံလမ်းဆက်စပ် ပစ္စည်းများနှင့်ကွန်ကရစ်ဇလီဖားများ၊ ကွန်ကရစ်တံတားဘောင်များ၊ သံမဏိ တံတားဘောင်များ ထုတ်လုပ်၍ တိုးချဲ့လာသော ရထားလမ်းပိုင်း များတွင် အဆောက်အဦနှင့် အခြားလိုအပ်ချက်များ ဖြည့်တင်းဆောင်ရွက်ခြင်း၊
- ပြည်တွင်းရေကြောင်း ပို့ဆောင်ရေးအနေဖြင့် ရေယာဉ်များကို ပြည်တွင်းတွင်ပြင်ဆင်မွမ်းမံ တည်ဆောက်ရေးလုပ်ငန်းများကိုဆောင်ရွက်လျက်ရှိခြင်း၊
- မြန်မာ့ဆိပ်ကမ်း အာဏာပိုင် အနေဖြင့် နိုင်ငံတကာ အဆင့်မီ ဆိပ်ခံတံတားများ တည်ဆောက်ခြင်းဖြင့် မြန်မာနိုင်ငံရှိ ဆိပ်ကမ်း အသီးသီးသို့ ပင်လယ်ကူး သင်္ဘောကြီးများ၏ ကုန်များ သယ်ဆောင်ရန် အတွက် ဝင်/ထွက်သွားလာရာတွင် တိုတောင်းသော အချိန်ကာလအတွင်း ကုန်တင်၊ကုန်ချ ပြုလုပ်နိုင်ခြင်း၊ တဆင့်လွှဲပြောင်းကုန်များ လက်ခံပေးပို့ခြင်းစသည့် ဝန်ဆောင်မှုလုပ်ငန်းများအပြင် ရေယာဉ်အကြီးစား ပြင်ဆင်

ခြင်း ရေယာဉ် တည်ဆောက်ခြင်း၊ ကုန်သေတ္တာ စခန်းကြီးများ တည်ဆောက်၍ ဝန်ဆောင်မှု လုပ်ငန်းများ တိုးချဲ့ဆောင်ရွက်လျက်ရှိခြင်း၊

- မြန်မာ့လေကြောင်းအနေဖြင့် ပြည်တွင်းပြည်ပလေကြောင်း ပို့ဆောင်မှုလုပ်ငန်းတွင် နိုင်ငံပိုင် လေကြောင်းအပြင် ပြည်တွင်းပြည်ပ ပုဂ္ဂလိကလုပ်ငန်းရှင်များနှင့် ပူးပေါင်း၍ လေကြောင်းလိုင်းများ ပျံသန်းလျက်ရှိခြင်း၊
- လေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနအနေဖြင့် ခေတ်မီအပြည်ပြည် ဆိုင်ရာ လေဆိပ်များ တိုးချဲ့တည်ဆောက်ခြင်း၊ တိုင်းဒေသကြီးနှင့်ပြည်နယ် အသီးသီးရှိ လေဆိပ်များကို တိုးချဲ့ခြင်း၊ အဆင့်မြှင့်ခြင်းနှင့် အသစ် တည်ဆောက်ခြင်း၊

၁၁၁။ မြန်မာ့မီးရထားမှ ရထားလမ်းများ တိုးချဲ့ဖောက်လုပ်လျက်ရှိရာ ၂၀၁၀-၂၀၁၁ ဘဏ္ဍာနှစ်တွင် သံလမ်းမိုင် ၄၇၂၉ မိုင်ရှိပြီး၊ ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ် မတ်လကုန်စာရင်းအရ စုစုပေါင်း သံလမ်းမိုင် ၄၇၈၁ မိုင် အထိ တိုးတက်လာခဲ့ပါသည်။ ရထားပို့ဆောင်ရေးလုပ်ငန်းများကို ရေနွေးငွေ့စက်ခေါင်း ၃၇ လုံး၊ ဒီဇယ်စက်ခေါင်း ၃၉၄ လုံး၊ လူစီးတွဲ ၁၂၇၇ တွဲ၊ ကုန်တင်တွဲ ၃၂၃၆ တွဲ တို့ဖြင့် ဆောင်ရွက်လျက် ရှိပါသည်။ ထို့ပြင် ခရီးတိုလမ်းပိုင်းများ၌ ကားရထား များဖြင့် ပြေးဆွဲလျက်ရှိရာ ကားရထား ၁၈၉ စီး ဖြင့် ပြေးဆွဲလျက်ရှိပါသည်။ နေပြည်တော်ကိုဗဟိုပြု၍ နေပြည်တော်မှ ရန်ကုန်၊ မန္တလေး၊ ပုဂံ၊ ပြည်၊ မြင်းခြံ၊ မော်လမြိုင်၊ ချောက်မြို့များ သို့လည်းကောင်း၊ ရန်ကုန်-ထားဝယ် အမြန်ရထား၊ ရန်ကုန်-ပုဂံ အထူးအမြန်ရထား၊ မန္တလေး-မြစ်ကြီးနား အထူးအမြန်ရထား များကိုလည်း တိုးချဲ့ပြေးဆွဲလျက် ရှိပါသည်။

၁၁၂။ ပြည်တွင်းရေကြောင်းပို့ဆောင်ရေးအနေဖြင့် စက်တပ်ရေယာဉ် ၂၂၇ စီး၊ စက်မဲ့ရေယာဉ် ၁၉၃ စီးဖြင့် ပြေးဆွဲလျက်ရှိပြီး ရန်ကုန်-မန္တလေး ခရီးစဉ်တွင် ဈေးသင်္ဘောများ ပြေးဆွဲ လျက်ရှိပါသည်။ မြန်မာ့ကြယ်ငါးပွင့် သင်္ဘောလုပ်ငန်းအား ၂၀၁၀ ခုနှစ် ဧပြီလ(၁)ရက်မှစ၍ ပြည်ထောင်စု မြန်မာနိုင်ငံ စီးပွားရေးဦးပိုင်လီမိတက် သို့လုပ်ငန်းလွှဲပြောင်းပြီးဖြစ်ပါသည်။

၁၁၃။ ကုန်းလမ်းပို့ဆောင်ရေးမှခရီးသည်ပို့ဆောင်ရေးယာဉ် ၄၄၅ စီး၊ ကုန်စည်ပို့ဆောင်ရေး ယာဉ် ၁၅၂၀စီး တို့ဖြင့် ပို့ဆောင်ပေးလျက်ရှိပါသည်။

၁၁၄။ လေကြောင်းပို့ဆောင်ရေး အနေဖြင့် မြန်မာ့လေကြောင်းမှ ပြည်တွင်းခရီးစဉ်တွင် ဖော်ကာ အက်ဖ်-၂၈ လေယာဉ် (၃) စီး၊ အေတီအာ-၄၂ လေယာဉ်(၁)စီး ၊ အေတီအာ-၇၂ လေယာဉ်(၂) စီး ၊

MA-60 လေယာဉ်(၃) စီး ၊ Beech 1900 D လေယာဉ်(၂) စီး တို့ဖြင့် ပုံမှန်ပို့ဆောင် ပေးလျက်ရှိပါသည်။ ထို့ပြင် မြန်မာ့လေကြောင်းနှင့် ဖက်စပ် ဆောင်ရွက် လျက်ရှိသည့် အပြည်ပြည်ဆိုင်ရာ မြန်မာလေကြောင်းလုပ်ငန်းအနေဖြင့် ရန်ကုန် - ကွာလာလမ်ပူ - ရန်ကုန်၊ ရန်ကုန် - စင်္ကာပူ - ရန်ကုန်၊ ရန်ကုန် - ဘန်ကောက် - ရန်ကုန်၊ ရန်ကုန် - ဂါယာ - ရန်ကုန်၊ ရန်ကုန် - ကမ္ဘောဒီးယား (ဆီယမ်ရစ်ပ်) နှင့် ရန်ကုန်-ကွမ်ကျိုး ခရီးစဉ်များကို ပြေးဆွဲခဲ့ပါသည်။ ထို့ပြင် အဲယားမန္တလေး လေကြောင်း အနေဖြင့် ပြည်တွင်းခရီးစဉ်များဖြစ်သည့် ရန်ကုန် မှ မန္တလေး၊ ပုဂံ၊ ဟဲဟိုး၊ သံတွဲ၊ စစ်တွေ၊ ထားဝယ်၊ မြိတ်၊ ကော့သောင်းမြို့များသို့ လည်းကောင်း၊ စင်းလုံးငှားခရီးစဉ်အဖြစ် ရန်ကုန်မှ တာချီလိတ် မြို့သို့လည်းကောင်း ပျံသန်းပို့ဆောင်ပေးခဲ့ပါသည်။ အဲပုဂံလီမိတက်မှလည်း ပြည်တွင်းခရီးစဉ် (၁၉) ခုအပြင် ပြည်ပခရီးစဉ်အဖြစ် ရန်ကုန်-ချင်းမိုင်-ရန်ကုန် နှင့် စင်းလုံးငှား ခရီးစဉ်အဖြစ် ရန်ကုန်-ကွာလာလမ်ပူ-ရန်ကုန်၊ ရန်ကုန်-ဖူးကက်-ရန်ကုန်၊ မန္တလေး-ဂါယာ-မန္တလေး ခရီးစဉ် များကို ပြေးဆွဲပေးခဲ့ပါသည်။

၁၁၅။ လေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနအနေဖြင့် ဒေသအသီးသီးတွင်လေယာဉ်ကွင်းသစ် များတည်ဆောက်ခြင်း၊ လေယာဉ်ကွင်းများအဆင့်မြှင့်ခြင်း၊ တိုးချဲ့မွမ်းမံပြင်ဆင်ခြင်း များကို ဆောင်ရွက်ခဲ့ ပါသည်။

၁၁၆။ သမ/အဖွဲ့အစည်းပိုင်အခန်းအနေဖြင့် ၂၀၁၁-၂၀၁၂ဘဏ္ဍာနှစ်မတ်လကုန်စာရင်းအရရေယာဉ် ၁၉၉ စီး နှင့် မော်တော်ယာဉ် ၄၃၃ စီးတို့ဖြင့် ပို့ဆောင်ပေးလျက်ရှိပါသည်။

၁၁၇။ ပုဂ္ဂလိကပိုင်အခန်းအနေဖြင့် မြစ်ကြောင်းသွား စက်တပ်ရေယာဉ် ၅၁၀၈ စီး၊ ကမ်းရိုးတန်းသွားရေယာဉ် ၄၉၁၈ စီး၊ ခရီးသည်တင်မော်တော်ယာဉ် ၂၆၆၇၉၅ စီး၊ ကုန်တင်မော်တော်ယာဉ် ၉၂၇၇၂ စီးတို့ဖြင့် မှတ်ပုံတင်ပြေးဆွဲလျက်ရှိပါသည်။

၁၁၈။ ပို့ဆောင်ရေးကဏ္ဍအနေဖြင့် ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်တွင် သမ/အဖွဲ့အစည်းပိုင် ကုန်တင် မော်တော်ယာဉ်စီးရေ လျော့နည်းရခြင်းမှာ ယာဉ်အိုယာဉ်ဟောင်းများ အစီအစဉ်အရ အပ်နှံခြင်း ကြောင့် အဆိုပါမော်တော်ယာဉ်များမှာ ပယ်ဖျက်အကွဲရာပါဝင်ခြင်းနှင့် အသင်းပိုင်ကားများ ရောင်းချခြင်းတို့အတွက် မော်တော်ယာဉ်များ လျော့နည်းသွားခြင်းကြောင့် ဖြစ်ပါသည်။

၁၁၉။ ပုဂ္ဂလိကပိုင်အခန်းအနေဖြင့် ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်တွင် ခရီးသည်တင်မော်တော်ယာဉ် နှင့် ကုန်တင်မော်တော်ယာဉ် စီးရေ လျော့နည်းရခြင်းမှာ အနှစ် ၂၀ နှစ်အထက် ယာဉ်အိုယာဉ်ဟောင်းများ အပ်နှံမှုအရ ကားစီးရေ လျော့နည်းသွားရခြင်းကြောင့် ဖြစ်ပါသည်။

၁၂၀။ မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနတွင် အချိန်ပိုင်းစခန်းများ ဖြစ်သည့် မိုးရေချိန်စခန်း၊ ရာသီစခန်းနှင့် အချိန်ပိုင်းဇလဗေဒစခန်းများတွင် အခြေခံနှစ်ဖြစ်သည့် ၂၀၁၀-၂၀၁၁ ဘဏ္ဍာနှစ်တွင် ဖော်ပြထားသော မိုးရေချိန်စခန်း ၇၅၆ ရှိရာမှာ တိုင်းဒေသကြီး/ ပြည်နယ်များရှိ ခရိုင်/မြို့နယ် မြန်မာ့စိုက်ပျိုးရေး သုတေသနခြံများ၊ ဆည်မြောင်းဦးစီးဌာနများ၊ မြို့နယ်ဆေးရုံများ၊ မူလတန်းကျောင်းများ၊ မြို့နယ်/ကျေးရွာ အထွေထွေ အုပ်ချုပ်ရေးရုံးများတွင် ဖွင့်လှစ်ခဲ့သည့် စခန်းများ ဖြစ်ပြီး ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်တွင်ဖော်ပြထားသော မိုးရေချိန်စခန်း ၁၈၈ စခန်းမှာ မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှု ဦးစီးဌာနပိုင် စခန်းများ ဖြစ်ပါသည်။

၁၂၁။ ပို့ဆောင်ရေးကဏ္ဍ၏ အသေးစိတ်စာရင်းများကို ဇယား(၇၄) မှ ဇယား(၇၉) အထိ တင်ပြထားပါသည်။

## ၃-၃-၂။ ဆက်သွယ်ရေးကဏ္ဍ

၁၂၂။ ပဉ္စမကာလတိုငါးနှစ်အမျိုးသားစီမံကိန်း၏ ပထမနှစ်ဖြစ်သည့် ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်၊ အမျိုးသားစီမံကိန်းတွင် ၂၀၁၀-၂၀၁၁ ဘဏ္ဍာနှစ်၊ ပုံမှန်ဈေးနှုန်းများဖြင့် တွက်ချက်ထားသော ဆက်သွယ်ရေးကဏ္ဍ၏ အသားတင် ဝန်ဆောင်မှုတန်ဖိုးကို ကျပ် ၃၉၃,၁၆၉ သန်း ရရှိရန် ရည်မှန်းခဲ့ပါသည်။ မတ်လကုန် စာရင်းများ အရ ကျပ် ၄၀၀,၅၁၇ သန်း ဆောင်ရွက်နိုင်မည်ဟု ခန့်မှန်းရရှိသဖြင့် စီမံကိန်းရည်မှန်းချက်အပေါ် ၁၀၁.၉ ရာခိုင်နှုန်း အကောင်အထည် ဖော်နိုင်ခဲ့ပါသည်။ ၂၀၁၀-၂၀၁၁ ဘဏ္ဍာနှစ် ရှေ့ပြေးအမှန်စာရင်းနှင့် နှိုင်းယှဉ်ပါက ၂၃.၈ ရာခိုင်နှုန်း တိုးတက်ခဲ့ပါသည်။ ထိုသို့တိုးတက်ခဲ့ရခြင်းမှာ ခေတ်မီ ဆက်သွယ်ရေး နည်းစနစ်များ၊ ဆက်သွယ်ရေး ကိရိယာများ အော်တိုဖုန်းများ နှင့် မိုဘိုင်းတယ်လီဖုန်းများ တိုးချဲ့တပ်ဆင် အသုံးပြုခြင်း နှင့် ဆက်သွယ်ရေး စခန်းများ တိုးချဲ့ ဖွင့်လှစ်နိုင်ခဲ့ခြင်း တို့ကြောင့်ဖြစ်ပါသည်။

၁၂၃။ ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ် မတ်လကုန် စာရင်းအရ အဓိက ဆောင်ရွက်မှုအခြေအနေများကို ၂၀၁၀-၂၀၁၁ဘဏ္ဍာနှစ် ရှေ့ပြေးအမှန်စာရင်းများ နှင့် နှိုင်းယှဉ်ပါက-

- စာတိုက်ရုံး ၁၃၈၅ မှ ၁၃၈၉
- တယ်လီဖုန်းလုံးရေ ၁၆၄၃၃၉၇ မှ ၂၂၀၂၄၆၂
- ကြေးနန်းရုံး ၅၂၆ မှ ၅၃၇
- ဖက်စီမီလီ ၅၆၇၇ မှ ၅၉၃၃
- Internet/Internet E-mail Line ၇၇၄၃ မှ ၈၁၈၄
- တယ်လီဖုန်းအိတ်ချိန်းရုံး ၉၁၆ မှ ၉၁၄ အသီးသီး ဆောင်ရွက်နိုင်ခဲ့ကြောင်း တွေ့ရှိရပါသည်။

၁၂၄။ ဆက်သွယ်ရေးကဏ္ဍ၏ ၂၀၁၀-၂၀၁၁ ဘဏ္ဍာနှစ်ကို အခြေခံတွက်ချက်ထားသော ဝန်ဆောင်မှု ဆန္ဒန်း သည် ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ် မတ်လကုန်စာရင်းအရ ၁၂၁.၃ ဖြစ်ပေါ်ခဲ့ပါသည်။

### ၃-၃-၂-၁။ ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ် အတွင်း လုပ်ငန်းဆောင်ရွက်ချက်များ

၁၂၅။ နိုင်ငံတော်၏စီးပွားရေးနှင့်လူမှုရေးဖွံ့ဖြိုးတိုးတက်လာစေရန်ဆောင်ရွက်ရာတွင်ဆက်သွယ်ရေး ကဏ္ဍ အနေဖြင့် အရေးပါသော အခန်း ကဏ္ဍမှ ပါဝင်လျက် ရှိသည့် အလျောက် ဆက်သွယ်ရေး လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေရန် အောက်ပါ လုပ်ငန်းစဉ်များဖြင့် ဆောင်ရွက်ခဲ့ပါသည် ။

- စာတိုက်လုပ်ငန်းတွင် စာတိုက်ရုံးအသစ်ဖွင့်လှစ်ခြင်း၊ စာတိုက်အဆင့်မြှင့်တင်ခြင်း၊
- ကြေးနန်းလုပ်ငန်းတွင် ကြေးနန်းရုံးများ အသစ်ဖွင့်လှစ်ခြင်း၊ ကြေးနန်းရုံးများ အဆင့်မြှင့်ခြင်း၊
- တယ်လီဖုန်းဆက်သွယ်ရေးလုပ်ငန်းတွင်အော်တိုတယ်လီဖုန်းနှင့် မိုဘိုင်းတယ်လီဖုန်း များတိုးချဲ့တပ်ဆင်ပေးခြင်း၊
- ဖိုင်ဘာဆက်ကြောင်းများတည်ဆောက်ခြင်း၊ မြန်နှုန်းမြင့် မိုက်ခရိုဝေ့ဖ်ဆက်ကြောင်း များ တည်ဆောက်ခြင်း၊ သတင်းနှင့် အချက်အလက်များ ဗဟိုစုံစမ်းရေးဌာနတစ်ခု ကို ပုဂ္ဂလိကနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊
- အပြည်ပြည်ဆိုင်ရာ တယ်လီဖုန်းချယ်နယ်များ စိစစ်ငှားရမ်းခြင်း၊

၁၂၆။ ဆက်သွယ်ရေး လုပ်ငန်း များ ဖွံ့ဖြိုး တိုးတက် လာစေရန် အတွက် စာတိုက် လုပ်ငန်း တွင် ၂၀၁၁-၂၀၁၂ဘဏ္ဍာနှစ် မတ်လကုန်စာရင်းအရ စာတိုက်ရုံး ၁၃၈၉ ရုံး အထိ တိုးချဲ့ ဖွင့်လှစ် နိုင်ခဲ့ပါသည် ။ပြည်တွင်း အမြန်ငွေပို့လွှာ လုပ်ငန်းကို ၂၉၆ မြို့နယ်တွင် လည်းကောင်း၊ အမြန်ချောပို့

လုပ်ငန်းများ ကို ရန်ကုန်မြို့ မှ မြို့ပေါင်း ၁၀၃ မြို့သို့ လည်းကောင်း၊ မန္တလေးမြို့ မှ မြို့ပေါင်း ၆၆ မြို့သို့ လည်းကောင်း၊ နေပြည်တော် မှ မြို့ပေါင်း ၆၀ မြို့သို့ လည်းကောင်း ပို့ဆောင် ပေးလျက်ရှိပါသည်။ ထို့အတူ အပြည်ပြည်ဆိုင်ရာ အမြန်ချောပို့လုပ်ငန်းသည် ဝင်ပေါက် ထွက်ပေါက် အိတ်ချိန်း ( Gateway ) အဖြစ် စင်္ကာပူနိုင်ငံကို အသုံးပြု၍ ချောပစ္စည်းများ အား ရန်ကုန်-ဘန်ကောက်-စင်္ကာပူ လမ်းကြောင်းမှတဆင့် ကမ္ဘာ့ ၁၀၂ နိုင်ငံအထိ တိုးချဲ့ ပေးပို့ရန် ဆောင်ရွက် လျက်ရှိပါသည်။ MYANMAR DHL Ltd အနေဖြင့် ရန်ကုန်မြို့ နှင့်ကမ္ဘာ့နိုင်ငံ ၂၂၇ နိုင်ငံကြား အပြည်ပြည်ဆိုင်ရာ အမြန်ချောပို့ လုပ်ငန်းကို ဆောင်ရွက်ပေးလျက် ရှိပါသည်။

၁၂၇။ ကြေးနန်း ဆက်သွယ်ရေး လုပ်ငန်းတွင် ၂၀၁၁- ၂၀၁၂ ဘဏ္ဍာနှစ် မတ်လကုန် စာရင်းအရ ကြေးနန်းရုံး ၅၃၇ ရုံး အထိ တိုးချဲ့ဖွင့်လှစ်နိုင်ခဲ့ပါသည်။ ကွန်ပျူတာဖြင့် ကြေးနန်း ဆက်သွယ်ခြင်း လုပ်ငန်းကို မြို့ပေါင်း ၁၆၂ မြို့ တွင် လည်းကောင်း ၊ ဖက်စ်ဖြင့် ပြည်တွင်း ကြေးနန်း ဆက်သွယ်သည့် လုပ်ငန်းကို မြို့ပေါင်း ၃၆၄ မြို့ တွင် လည်းကောင်း တပ်ဆင်ဆောင်ရွက် ပေးလျက် ရှိပါသည်။

၁၂၈။ တယ်လီဖုန်း ဆက်သွယ်ရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေရန် ၂၀၁၁- ၂၀၁၂ ဘဏ္ဍာနှစ် မတ်လကုန် စာရင်းအရ တယ်လီဖုန်း လုံးရေ ၂၂၀၂၄၆၂ လုံးအထိ တိုးချဲ့ တပ်ဆင်နိုင်ခဲ့ပါသည်။ ၂၀၁၀-၂၀၁၁ ဘဏ္ဍာနှစ်ကုန်အထိ တယ်လီဖုန်းအိတ်ချိန်းပေါင်း ၉၁၆ ခု နှင့် တိုက်ရိုက်အိတ်ချိန်း လိုင်းပေါင်း ၁၆၄၀၇၇၀ လိုင်းရှိခဲ့ရာမှ တယ်လီဖုန်းအိတ်ချိန်းအသစ် ဖွင့်လှစ်ခြင်း၁၄ ရုံး၊ အိတ်ချိန်း ပိတ်သိမ်းခြင်း ၁၆ ရုံး၊ လိုင်းအင်အားတိုးချဲ့ခြင်း ၃၂ ရုံး ဆောင်ရွက်ခဲ့ပြီး တိုက်ရိုက်အိတ်ချိန်း လိုင်းပေါင်း ၅၂၁၀၉၂ လိုင်း အသစ်တပ်ဆင်ခဲ့သဖြင့် ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်ကုန်တွင် တယ်လီဖုန်း အိတ်ချိန်းပေါင်း ၉၁၄ ခုရှိပြီး တိုက်ရိုက်အိတ်ချိန်းလိုင်းပေါင်း ၂၁၆၁၈၆၂ လိုင်း ရှိလာပြီ ဖြစ်ပါသည်။

၁၂၉။ ရန်ကုန်-ပြည်-မကွေး-သစ်ရာကောက်-တောင်တွင်းကြီး-နတ်မောက်-ပျော်ဘွယ်- နေပြည်တော် မြို့ချင်းဆက် ဖိုင်ဘာဆက်ကြောင်း၊ တောင်တွင်းကြီး-ညောင်ဦး -မြင်းခြံ- တံတားဦး- မန္တလေး အဆင့်မြင့် နည်းပညာသုံး ဖိုင်ဘာ ဆက်ကြောင်း နှင့် မန္တလေး-စစ်ကိုင်း-မြင်းမူ-ချောင်းဦး-မုံရွာ အဆင့်မြင့် နည်းပညာသုံး ဖိုင်ဘာ ဆက်ကြောင်း၊ထားဝယ်-မြိတ်-ကော့သောင်း ဖိုင်ဘာ ဆက်ကြောင်း များမှာ ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။

၁၃၀။ ရန်ကုန်-ပြည်-မကွေး-နေပြည်တော်၊ ရန်ကုန်-မအူပင်-မြောင်းမြ-ပုသိမ်၊ မော်လမြိုင်-ထားဝယ်၊ မန္တလေး-ကလေး၊ မန္တလေး-မူဆယ်၊ မိတ္ထီလာ-တောင်ကြီး၊ တောင်ကြီး-ကျိုင်းတုံ-တာချီလိတ်၊

မန္တလေး-မြင်းမူ-ချောင်းဦး-မုံရွာ၊ မြန်နှုန်းမြင့် မိုက်ကရိုဝေ့ဗ် ဆက်ကြောင်းများကို တည်ဆောက်ပြီးစီးခဲ့ပြီး မကွေး-ရေနံချောင်း-ပုပ္ပါး-မြင်းခြံ-မန္တလေး မြန်နှုန်းမြင့် မိုက္ကရိုဝေ့ဗ် ဆက်ကြောင်းများမှာ ဆက်လက်ဆောင်ရွက်လျက်ရှိပါသည်။ ထို့အပြင် သတင်းအချက်အလက် ဗဟိုစုံစမ်းရေးဌာနတစ်ခုအဖြစ် ရတနာပုံ Call Center ကို ရတနာပုံတယ်လီပို့ ကုမ္ပဏီလီမိတက်နှင့် ပူးပေါင်း၍ ၂ဝ၁၁ ခုနှစ်အတွင်း နိုဝင်ဘာလမှစ၍ ဝန်ဆောင်မှုများ ဆောင်ရွက်ပေးလျက်ရှိပါသည်။

၁၃၁။ ခေတ်မီ ဆက်သွယ်ရေးစနစ်ဖြင့် ဒေသဖွံ့ဖြိုး လာစေရန်၊ ပြည်ပနိုင်ငံများ နှင့် ဆက်သွယ်ရေးလွယ်ကူ လျင်မြန်စေရန်အတွက် အောက်ပါအတိုင်း ဆောင်ရွက်လျက်ရှိပါသည်။

- Thaicom IA ဂြိုဟ်တု မှ တဆင့် မြန်မာနိုင်ငံအတွင်း နယ်စပ်ဒေသများနှင့် ဝေးလံဒေသများ၏ ဆက်သွယ်ရေးအတွက် ပြည်တွင်း ဂြိုဟ်တု ဆက်သွယ်ရေး(VSAT - Very Small Aperture Terminal ) ဂြိုဟ်တုဆက်သွယ်ရေးစက်ပစ္စည်း စခန်းများ တပ်ဆင် ဆောင်ရွက် ပေးလျက်ရှိရာ ရန်ကုန် တယ်လီဖုန်းနံပါတ် အသုံးပြု ဂြိုဟ်တု ဆက်သွယ်ရေးစက်ပစ္စည်း စခန်း ၉ ခု ၊ နယ်အော်တိုအိတ်ချိန်းများ၏ ဆက်သွယ်ရေး အိတ်ချိန်းတစ်ခု နှင့် တစ်ခုအကြား လိုင်း ၃ဝ ပါ တယ်လီဖုန်း ချယ်နယ် ချိတ်ဆက်ခြင်း (E1 Trunking) အဖြစ် အသုံးပြု ရန်အတွက် ဂြိုဟ်တုဆက်သွယ်ရေးစက်ပစ္စည်း စခန်း ၃ ခု ၊ စုစုပေါင်း ၁၂ ခု တပ်ဆင်ထားပြီး ဖြစ်ပါသည်။
- ပြည်တွင်းဂြိုလ်တု ဆက်သွယ်ရေးအတွက် မြန်မာ့ ဆက်သွယ်ရေးလုပ်ငန်း၏ ဂြိုဟ်တု ဆက်သွယ်ရေး စက်ပစ္စည်း စခန်းများ( MPT Satellite Terminal ) ၌ Thaicom 4 ( IP STAR) ကို အသုံးပြု၍ တိုးကြောင်ကလေး Ku -Band မြန်မာ့ဆက်သွယ်ရေး ဂြိုလ်တု ဝင်ပေါက် ထွက်ပေါက် အိတ်ချိန်း မှ တဆင့် Ku -Band မြန်မာ့ဆက်သွယ်ရေး လုပ်ငန်း၏ ဂြိုဟ်တု ဆက်သွယ်ရေး စက်ပစ္စည်းစခန်း ၁၅၃၁ ခု ကို လည်းကောင်း၊ Thaicom 5 ဂြိုလ်တု အသုံးပြု၍ တောင်တွင်းကြီး C - Band ဝင်ပေါက် ထွက်ပေါက် အိတ်ချိန်းမှတဆင့် C - Band မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၏ ဂြိုဟ်တု ဆက်သွယ်ရေး စက်ပစ္စည်း စခန်း ၅၇၃ ခုကိုလည်းကောင်း တပ်ဆင်ပြီး ဖြစ်ပါသည်။
- အင်တာနက် စီမံကိန်း အရ ၂ဝ၁၁-၂ဝ၁၂ ဘဏ္ဍာနှစ် မတ်လကုန်တွင် အင်တာနက် အီးမေးလ်လိုင်း ၈၁၈၄ လိုင်း တပ်ဆင်ပြီး ဖြစ်ပါသည်။
- ပြည်ပနိုင်ငံ ၁၃ နိုင်ငံမှ တစ်ဆင့်နိုင်ငံတကာသို့ ဆက်သွယ်နိုင်သည့်တယ်လီဖုန်းချယ်နယ် စုစုပေါင်း ၄၆၈၇ ခု တပ်ဆင် ဆက်သွယ် ဆောင်ရွက်လျက် ရှိပါသည်။ အာရှ-ဥရောပ

ရေအောက်ကေဘယ်လ် (SEA ME WE 3) စနစ် ချိတ်ဆက်၍လည်း ဆောင်ရွက်လျက်ရှိရာ ဂျပန်နိုင်ငံ နှင့် တယ်လီဖုန်း ချယ်နယ် ၁၁၈ ၊ စင်္ကာပူနိုင်ငံနှင့်တယ်လီဖုန်း ချယ်နယ် ၃၅၇၊ ထိုင်းနိုင်ငံနှင့် တယ်လီဖုန်းချယ်နယ် ၃၂၉၊ မလေးရှားနိုင်ငံနှင့် တယ်လီဖုန်း ချယ်နယ် ၇၄၄၊ အင်္ဂလန်နိုင်ငံနှင့် တယ်လီဖုန်း ချယ်နယ် ၃၀၊ ဘယ်လ်ဂျီယံနိုင်ငံနှင့် တယ်လီဖုန်း ချယ်နယ် ၅၈၊ ကိုရီးယားနိုင်ငံနှင့် တယ်လီဖုန်း ချယ်နယ် ၅၉၊ ဟောင်ကောင် နိုင်ငံနှင့် တယ်လီဖုန်း ချယ်နယ် ၆၁၊ သီရိလင်္ကာ နိုင်ငံနှင့် တယ်လီဖုန်း ချယ်နယ် ၆၁ တို့ဖြင့်ဆက်သွယ်ဆောင်ရွက်လျက် ရှိပါ သည်။

၁၃၂။ ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်၊ မတ်လကုန်စာရင်းအရ ဆောင်ရွက်မှု အခြေအနေများကို ၂၀၁၀-၂၀၁၁ ဘဏ္ဍာနှစ် ရှေ့ပြေးအမှန် စာရင်းများနှင့် နှိုင်းယှဉ်မည်ဆိုပါက စာတိုက်များတွင် ၁၃၈၉ ရုံး၊ ၁၀၀.၃ ရာခိုင်နှုန်းသို့လည်းကောင်း၊ တယ်လီဖုန်းများ (တိုက်ရိုက်အိတ်ချိန်းလိုင်း)တွင် ၂၁၆၁၈၆၂ လိုင်း၊ ၁၃၁.၈ ရာခိုင်နှုန်းသို့လည်းကောင်း၊ တယ်လီဖုန်းများ(လုံးရေစုစုပေါင်း)တွင် ၂၂၀၂၄၆၂ လုံး၊ ၁၃၄.၀ ရာခိုင်နှုန်းသို့လည်းကောင်း၊ အပြည်ပြည်ဆိုင်ရာ တယ်လီဖုန်းချယ်နယ်များတွင် ၄၆၈၇ ခု၊ ၁၁၀.၀ ရာခိုင်နှုန်းသို့လည်းကောင်း၊ တယ်လီဖုန်းအိတ်ချိန်းများတွင် ၉၁၄ ခု၊ ၉၉.၈ ရာခိုင်နှုန်းသို့ လည်းကောင်း၊ ကြေးနန်းရုံးများတွင် ၅၃၇ ရုံး၊ ၁၀၂.၁ ရာခိုင်နှုန်းသို့လည်းကောင်း၊ ဖက်စီမီလီတွင် ၅၉၃၃၊ ၁၀၄.၅ ရာခိုင်နှုန်းသို့လည်းကောင်း၊ မိုက္ကရိုဝေ့ဗ်စခန်းများတွင် ၃၄၀ ခု၊ ၁၀၃.၀ ရာခိုင်နှုန်းသို့ လည်းကောင်း၊ Internet/Internet-E-mail Line တွင် ၈၁၈၄၊ ၁၀၅.၇ ရာခိုင်နှုန်းသို့ လည်းကောင်း၊ အလိုအလျောက် တယ်လီဖုန်းတပ်ဆင်ပြီးသည့်မြို့တွင် ၃၁၂ မြို့၊ ၁၂၁.၉ ရာခိုင်နှုန်းသို့လည်းကောင်း အသီးသီးတိုးချဲ့ ဆောင်ရွက်ထားရှိပါသည်။

၁၃၃။ ဆက်သွယ်ရေးကဏ္ဍ၏ အသေးစိတ် စာရင်းများကို ဇယား (၈၀) နှင့် ဇယား (၈၁) တို့တွင် တင်ပြထားပါသည်။

### ၃-၃-၃။ ငွေရေးကြေးရေးကဏ္ဍ

၁၃၄။ ပဉ္စမကာလတိုငါးနှစ် အမျိုးသားစီမံကိန်း၏ ပထမနှစ်ဖြစ်သည့် ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ် အမျိုးသား စီမံကိန်းတွင် ၂၀၁၀-၂၀၁၁ ဘဏ္ဍာနှစ် ပုံမှန်ဈေးနှုန်းများဖြင့် တွက်ချက်ထားသော ငွေရေးကြေးရေး ကဏ္ဍ၏ အသားတင်ဝန်ဆောင်မှုတန်ဖိုးကို ကျပ် ၄၉,၄၅၁ သန်း ရရှိရန် ရည်မှန်းခဲ့ပါသည်။ ၂၀၁၁-၂၀၁၂ဘဏ္ဍာနှစ်မတ်လကုန်စာရင်းအရ ကျပ် ၅၄,၈၈၃ သန်း ရှိသဖြင့်

စီမံကိန်း ရည်မှန်းချက် အပေါ်၁၁၁.၀ရာခိုင်နှုန်း အကောင်အထည်ဖော်နိုင်ခဲ့ပါသည်။၂၀၁၀-၂၀၁၁ ဘဏ္ဍာနှစ် ရှေ့ပြေး အမှန် စာရင်းနှင့် နှိုင်းယှဉ်ပါက ၄၅.၅ ရာခိုင်နှုန်း တိုးတက်ခဲ့ ပါသည်။ ထိုသို့ တိုးတက်ရခြင်းမှာ နိုင်ငံပိုင် ဘဏ်များ၊ ပုဂ္ဂလိကဘဏ်များ တိုးတက်လာခဲ့ပြီး ဝင်ငွေများ ပိုမိုရရှိခြင်းကြောင့် ဖြစ်ပါသည်။

၁၃၅။ ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ် မတ်လကုန်စာရင်းအရ နိုင်ငံပိုင် ငွေရေးကြေးရေး အဖွဲ့အစည်းများ၏ ဝင်ငွေကို ၂၀၁၀-၂၀၁၁ ဘဏ္ဍာနှစ် ရှေ့ပြေးအမှန်စာရင်းများနှင့် နှိုင်းယှဉ်ပါက-

- မြန်မာနိုင်ငံတော်ဗဟိုဘဏ်တွင် ကျပ် ၂၄၆,၅၀၄.၀သန်း မှ ၂၅၆,၆၉၀.၉သန်း
- မြန်မာ့စီးပွားရေးဘဏ်တွင် ကျပ် ၉၀,၉၁၆.၉ သန်းမှ ၁၂၉,၃၀၉.၀ သန်း
- မြန်မာ့ရင်းနှီးမြှုပ်နှံမှုနှင့် ကူးသန်းရောင်းဝယ်ရေးဘဏ်တွင် ကျပ် ၃,၄၀၈.၉ သန်းမှ ၃,၉၃၃.၇ သန်း
- မြန်မာ့အာမခံလုပ်ငန်းတွင် ကျပ် ၂၀,၇၂၀.၈ သန်း မှ၂၄,၂၃၂.၀ သန်း
- မြန်မာ့အသေးစား ငွေရေးကြေးရေး ကြီးကြပ်စစ်ဆေးရေးလုပ်ငန်းတွင် ကျပ် ၂,၈၂၈.၁ သန်း မှ ၃,၂၆၂.၈ သန်း
- မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်တွင် ကျပ် ၂၂,၉၆၀.၅ သန်းမှ ၃၀,၀၀၀.၀ သန်း အသီးသီး တိုးတက်ခဲ့ပါသည်။

## ၃-၃-၃-၁။ ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်အတွင်း လုပ်ငန်းဆောင်ရွက်ချက်များ

၁၃၆။ ငွေရေးကြေးရေးကဏ္ဍအနေဖြင့် ပြည်တွင်းငွေကြေး တည်ငြိမ်ခိုင်မာမှု ရှိစေရန်နှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူဖြစ်စေမည့် ဘဏ္ဍာရေးနှင့် ငွေကြေးဝန်ဆောင်မှု လုပ်ငန်းများ ဖွံ့ဖြိုးလာစေရန် အောက်ပါလုပ်ငန်းစဉ်များကို ချမှတ်ဆောင်ရွက်ခဲ့ပါသည်။

- နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးကို ထိရောက်စွာ အထောက်အကူ ပြုနိုင်သည့် ခေတ်မီဘဏ်လုပ်ငန်းစနစ် ဖွံ့ဖြိုး တိုးတက်ရေး ဆောင်ရွက်ခြင်း နှင့် နိုင်ငံတကာ နှင့် ရင်ဘောင်တန်း ဆောင်ရွက်နိုင်ရေး ကြိုးပမ်း ဆောင်ရွက်ခြင်း၊
- နိုင်ငံတော် ဈေးကွက်စီးပွားရေးစနစ်နှင့်အညီ ငွေရေးကြေးရေးကဏ္ဍကို ပြုပြင်ပြောင်းလဲ ဆောင်ရွက်ရာတွင် တိုးတက် ပြောင်းလဲလာသော ငွေရေးကြေးရေးကဏ္ဍအား စည်းစနစ်တကျ ကြီးကြပ်ကွပ်ကဲမှုပြုနိုင်ရေးအတွက် ရေးဆွဲထားသော ဥပဒေများ၊ နည်းဥပဒေများ

အား ပြင်ဆင်ခြင်း၊ ဖြည့်စွက်ခြင်း၊ အသစ်ထပ်မံရေးဆွဲခြင်း၊ အမိန့်နှင့်ညွှန်ကြားချက်များကိုထုတ်ပြန်ခြင်းများအားနိုင်ငံတကာအဆင့်အတန်းနှင့်အညီဖြစ်စေရေးဆောင်ရွက်ခြင်း၊
- နိုင်ငံတကာရှိဘဏ်လုပ်ငန်းများနှင့် ယှဉ်ပြိုင်လုပ်ကိုင်နိုင်ရေး ကြိုးပမ်းဆောင်ရွက်ခြင်း၊
- အီလက်ထရောနစ်ဘဏ်လုပ်ငန်းအကောင်အထည်ဖော်နိုင်ရေးကြိုးပမ်းဆောင်ရွက်ခြင်း၊
- အရင်းအနှီးဈေးကွက် ဖွံ့ဖြိုးတိုးတက်စေရေး ကြိုးပမ်းဆောင်ရွက်ခြင်း၊
- နိုင်ငံခြားငွေ လဲလှယ်နှုန်းပေါင်းစည်းရေး ကြိုးပမ်းဆောင်ရွက်ခြင်း၊
- ပြည်တွင်းပြည်ပ ငွေပေးချေမှုများ၊ စာရင်းရှင်းလင်းမှုများ အဆင်ပြေစေရေး နည်းလမ်းရှာဖွေ ဆောင်ရွက်ခြင်း၊
- ငွေကြေးစီးဆင်းမှုလွယ်ကူချောမွေ့ အဆင်ပြေစေရေး ကြိုးပမ်းဆောင်ရွက်ခြင်း၊
- လုံခြုံရေးသတင်းကွန်ယက် တိုးချဲ့ဆောင်ရွက်ခြင်း၊
- ကျေးလက်ဒေသ ဖွံ့ဖြိုးရေး နှင့် ဆင်းရဲနွမ်းပါးမှု လျော့ချရေး အတွက် အသေးစား ငွေရေးကြေးရေး ဥပဒေထုတ်ပြန်ထားပြီး ဖြစ်၍ အဆိုပါ ဥပဒေနှင့် စပ်လျဉ်းသည့် လုပ်ထုံး လုပ်နည်းများ ညွှန်ကြားချက်များ ထုတ်ပြန်နိုင်ရေးဆောင်ရွက်ခြင်း၊
- အသေးစားငွေရေးကြေးရေးအဖွဲ့အစည်းများ စနစ်တကျဖွဲ့စည်းပေါ်ပေါက်ရေးနှင့်ထိုအဖွဲ့အစည်းများအား စနစ်တကျ ကြီးကြပ်ကွပ်ကဲမည့် အသေးစား ငွေရေးကြေးရေးလုပ်ငန်းကြီးကြပ်မှုကော်မတီ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်၊ နေပြည်တော်ကောင်စီနယ်မြေတို့တွင် အသေးစားငွေရေးကြေးရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီကို စနစ်တကျ ဖွဲ့စည်းကာ ကြပ်မတ်ဆောင်ရွက်ခြင်း၊

၁၃၇။ ထို့အပြင် ဘဏ်ဝန်ဆောင်မှုလုပ်ငန်းများ တိုးတက်လာစေရန် နှင့် ပုဂ္ဂလိကဘဏ် ဝန်ဆောင်မှုလုပ်ငန်းများ စနစ်တကျ လုပ်ငန်းဆောင်ရွက်နိုင်လာစေရန်အတွက်လည်း ပြဋ္ဌာန်းထားသော ဥပဒေများနှင့်အညီ ဆောင်ရွက်ပေးလျက် ရှိပါသည်။

### ၃-၃-၄။ လူမှုရေးနှင့် စီမံခန့်ခွဲရေးကဏ္ဍ

၁၃၈။ ပဉ္စမကာလတို ငါးနှစ်စီမံကိန်း၏ ပထမနှစ်ဖြစ်သော ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်၊ စီမံကိန်းတွင် ၂၀၁၀-၂၀၁၁ ဘဏ္ဍာနှစ်၊ ပုံမှန်ဈေးနှုန်းများဖြင့် တွက်ချက်ထားသော လူမှုရေးနှင့်စီမံခန့်ခွဲရေးကဏ္ဍ၏ အသားတင်ဝန်ဆောင်မှု တန်ဖိုးကို ကျပ် ၈၆၇,၃၂၂ သန်းရရှိရန် ရည်မှန်းခဲ့ရာ ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်၊ မတ်လကုန်စာရင်းများအရ ကျပ် ၈၀၀,၃၇၆ သန်းဖိုး ဆောင်ရွက်နိုင်သဖြင့်

စီမံကိန်းရည်မှန်းချက်၏ ၉၂.၃ ရာခိုင်နှုန်း အကောင်အထည် ဖော်နိုင်ခဲ့ပါသည်။ ၂၀၁၀-၂၀၁၁ ဘဏ္ဍာနှစ် စာရင်းများနှင့် နှိုင်းယှဉ်ပါက ၁.၅ ရာခိုင်နှုန်း တိုးတက် ခဲ့ပါသည်။

၁၃၉။ ၂၀၁၁-၂၀၁၂ဘဏ္ဍာနှစ် နှစ်စဉ်စီမံကိန်းတွင် လူမှုရေးနှင့်စီမံခန့်ခွဲရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရန် အတွက် နိုင်ငံပိုင်အခန်းမှ ကျပ် ၁,၄၁၄,၀၈၆ သန်း စုစုပေါင်း နိုင်ငံပိုင်အခန်းရင်းနှီးမြှုပ်နှံမှု၏ ၅၆.၆ ရာခိုင်နှုန်းလျာထားခဲ့ရာ၊ ယာယီစာရင်းများအရ ကျပ် ၁,၇၀၃,၃၇၁ သန်း၊ စုစုပေါင်း နိုင်ငံပိုင် အခန်း၏ ၅၆.၁ ရာခိုင်နှုန်းခန့် သုံးစွဲနိုင်ခဲ့ပါသည်။

## ၃-၃-၅။ ငှားရမ်းခနှင့်အခြားဝန်ဆောင်မှုကဏ္ဍ

၁၄၀။ ပဉ္စမကာလတိုငါးနှစ်အမျိုးသားစီမံကိန်း၏ ပထမနှစ်ဖြစ်သော ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းရည်မှန်းချက်တွင် ၂၀၁၀-၂၀၁၁ ဘဏ္ဍာနှစ် ပုံမှန်ဈေးနှုန်းများဖြင့် တွက်ချက်ထားသော ငှားရမ်းခ နှင့် အခြားဝန်ဆောင်မှုကဏ္ဍ၏ အသားတင်ဝန်ဆောင်မှုတန်ဖိုးကို ကျပ် ၈၄၄,၅၁၆ သန်း ရရှိရန် ရည်မှန်းခဲ့ပါသည်။ မတ်လကုန် စာရင်းများအရ ဝန်ဆောင်မှုတန်ဖိုး ကျပ် ၈၅၀,၇၂၉ သန်း ရရှိခဲ့သဖြင့် စီမံကိန်းရည်မှန်းချက်အပေါ် ၁၀၀.၇ ရာခိုင်နှုန်း အကောင်အထည် ဖော်နိုင်ခဲ့ပါသည်။ ၂၀၁၀-၂၀၁၁ ဘဏ္ဍာနှစ် ရှေ့ပြေးအမှန်စာရင်းများ နှင့် နှိုင်းယှဉ်ပါ က ၁၅.၂ ရာခိုင်နှုန်း တိုးတက်ခဲ့ပါသည်။

၁၄၁။ ထိုသို့တိုးတက်ရခြင်းမှာ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်း၏ ဝန်ဆောင်မှုများ ပိုင်ဆိုင်မှုကဏ္ဍ အသီးသီးတွင် တိုးတက်လာခြင်း၊ ပုဂ္ဂလိကကဏ္ဍရှိ ဆေးရုံ၊ ဆေးခန်း စသည့် ကျန်းမာရေးဝန်ဆောင်မှုလုပ်ငန်းများ၊ ပညာရေးဝန်ဆောင်မှုလုပ်ငန်းများ၊ အခြားကဏ္ဍတွင် မပါဝင်သော ပုဂ္ဂလိကဝန်ဆောင်မှုလုပ်ငန်းများ၏ ဝင်ငွေများ တိုးလာခြင်းကြောင့် ဖြစ်ပါသည်။

၁၄၂။ ကမ္ဘာလှည့်ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ပြီး နိုင်ငံခြားဝင်ငွေ ပိုမိုရရှိစေရန် ဟိုတယ် နှင့် ခရီးသွားလာရေးလုပ်ငန်းများတွင် ပုဂ္ဂလိကလုပ်ငန်းရှင်များအား လုပ်ငန်းလိုင်စင်များ ထုတ်ပေးလျက်ရှိရာ ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ် မတ်လကုန်အထိ ပုဂ္ဂလိကဟိုတယ် နှင့် တည်းခိုရိပ်သာ ၇၄၀ ခု၊ ခရီးသွားလုပ်ငန်း ၈၀၁ ခု၊ ပို့ဆောင်ရေးလုပ်ငန်း ၁၇၄ ခု နှင့် ဧည့်လမ်းညွှန် ၃၁၆၁ ဦး တို့အား လုပ်ငန်းလိုင်စင်များ ထုတ်ပေးပြီးဖြစ်ပါသည်။ ကမ္ဘာလှည့်ခရီးသည်ဦးရေမှာ ၂၀၁၀-၂၀၁၁

ဘဏ္ဍာနှစ်တွင် ၃၃၇၆၈၇ ဦး ဝင်ရောက်ခဲ့ပြီး ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ် မတ်လကုန် စာရင်းအရ ၄၂၉၆၉၈ ဦး ဝင်ရောက် ခဲ့ပါသည်။

၁၄၃။ သမဝါယမဝန်ကြီးဌာနမှ ဆောင်ရွက်သော ဝန်ဆောင်မှုလုပ်ငန်းများမှာ ဆံသလုပ်ငန်း၊ တည်းခိုခန်းလုပ်ငန်း၊ စားသောက်ဆိုင်လုပ်ငန်း အထွေထွေ ဝန်ဆောင်မှု လုပ်ငန်း စသည်တို့ဖြစ်ပြီး အဆိုပါ ဝန်ဆောင်မှုလုပ်ငန်းဝင်ငွေများ တိုးတက်ခြင်းကြောင့် သမဝါယမပိုင်အခန်းတွင် ၈.၁ ရာခိုင်နှုန်း တိုးတက်ခဲ့ပါသည်။

၁၄၄။ ပုဂ္ဂလိကပိုင်အခန်းသည် ငှားရမ်းခ နှင့် အခြားဝန်ဆောင်မှုကဏ္ဍတွင် ၉၆ ရာခိုင်နှုန်းကျော် ပါဝင်နေပြီး ပြောင်းလဲလာသော ခေတ်စနစ်နှင့်အညီ ပြောင်းလဲတိုးတက်လာသော ဝန်ဆောင်မှု လိုအပ်ချက်များအရ ပညာရေးဝန်ဆောင်မှု၊ ကျန်းမာရေးဝန်ဆောင်မှု၊ စားသောက်ဆိုင်၊ Internet Café၊ ကွန်ပျူတာ စာစီ၊ မိတ္တူလုပ်ငန်းများ၊ လူမှုရေး စီးပွားရေးအတွက် အကျိုးဆောင်ဝန်ဆောင်မှု လုပ်ငန်းများ ပိုမိုများပြားလာခြင်းကြောင့် ပုဂ္ဂလိကပိုင်အခန်း ဝန်ဆောင်မှု ဝင်ငွေများ ၁၄.၉ ရာခိုင်နှုန်း တိုးတက်ခဲ့ ပါသည်။

**၃-၃-၅-၁။ ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်အတွင်းလုပ်ငန်းဆောင်ရွက်ချက်များ**

၁၄၅။ နိုင်ငံတော်၏ စီးပွားရေး၊ လူမှုရေး တိုးတက်ရေးသည် ဝန်ဆောင်မှုကဏ္ဍ တိုးတက်ရေးနှင့် တိုက်ရိုက် ဆက်နွယ်မှု ရှိသည့်အတွက် ငှားရမ်းခနှင့် အခြား ဝန်ဆောင်မှုကဏ္ဍ တိုးတက်စေရန် အောက်ပါ လုပ်ငန်းစဉ်များ ဆောင်ရွက်ခဲ့ပါသည်။

၁၄၆။ နိုင်ငံပိုင်အခန်းတွင် ဟိုတယ် နှင့် ခရီးသွားလာရေးလုပ်ငန်း၊ မြန်မာ့ရုပ်ရှင်လုပ်ငန်း၊ မြို့ရွာ နှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန နှင့် မြန်မာ့ဆိပ်ကမ်းအာဏာပိုင် တို့ပါဝင်ပြီး အဖွဲ့အစည်း အသီးသီး၏ ဝင်ငွေများ တိုးတက်ရရှိအောင် ဆောင်ရွက် နိုင်ခဲ့ပါသည်။

၁၄၇။ ဟိုတယ် နှင့် ခရီးသွားလာရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်စေရန် နိုင်ငံပိုင်အဖွဲ့အစည်း နှင့် ပြည်တွင်းပြည်ပ လုပ်ငန်းရှင်များ ပူးပေါင်းဆောင်ရွက်ခြင်း၊ လူသားအရင်းအမြစ် ဖွံ့ဖြိုး တိုးတက် စေရေးအတွက် ဘာသာရပ်အလိုက် ပြည်တွင်းသင်တန်း(၁၆)ကြိမ် ဖွင့်လှစ် သင်ကြားပေးခြင်း နှင့် ပြည်ပ(၇) နိုင်ငံသို့ ဝန်ထမ်း(၇)ဦး စေလွှတ်ခြင်းစသည်တို့ ဆောင်ရွက်နိုင်ခဲ့ပါသည်။

၁၄၈။ ခရီးသည်များ အဆင်ပြေချောမွေ့စွာ ဝင်ရောက်နိုင်ရေးနှင့် ပတ်သက်၍ မြန်မာနိုင်ငံ ခရီးစဉ် ဒေသဖြစ်သည့် ပုဂံဒေသသို့ ခရီးသည် ပိုမို လာရောက် စေရန် လေဆိပ်ရှိ Information Counter ပြုပြင်မွမ်းမံခြင်း ကမ္ဘာလှည့် ခရီးသည်များ သွားရောက်သည့်ဒေသများတွင် အလွယ်တကူ အသုံးပြုနိုင်သည့် ရေအိမ်များတည်ဆောက်ပေးခြင်း၊ Internet ဆက်သွယ်ရေးစနစ် ပိုမို ကောင်းမွန် အောင် ပူးပေါင်းဆောင်ရွက်ခြင်းစသည်တို့ကို ဆောင်ရွက် ခဲ့ပါသည်။

၁၄၉။ ပုဂ္ဂလိကပိုင် ဝန်ဆောင်မှုလုပ်ငန်းများအနေဖြင့် ပုဂ္ဂလိကကျောင်းများ၊ ဘာသာရပ်ဆိုင်ရာ ပညာရေးဝန်ဆောင်မှုများ၊ အသက်မွေးဝမ်းကျောင်း ပညာဆိုင်ရာသင်တန်းများ၊ ပုဂ္ဂလိက ဆေးရုံကြီးများ၊ ဆေးခန်းများ၊ စားသောက်ဆိုင်များ၊ Internet Café များအရေအတွက် များပြားလာသကဲ့သို့ အဆိုပါဝန်ဆောင်မှုလုပ်ငန်းများ၏ဝင်ငွေသည်လည်း တိုးတက် လာ ပါသည်။

၁၅၀။ စာရင်းဇယားစုစည်းရရှိမှု၊လွှမ်းခြုံမှု ပိုမိုစုံလင်စွာပါဝင်လာခြင်းကြောင့်လည်း ယခင်နှစ်ထက် တိုးတက်မှုများဖြစ်ပေါ်ခဲ့ပါသည်။

၁၅၁။ ငှားရမ်းခ နှင့် အခြားဝန်ဆောင်မှုကဏ္ဍ၏ အသေးစိတ်စာရင်းများကို ဇယား(၈၂) နှင့် ဇယား(၈၃) ဖြင့် တင်ပြပါသည်။

## ၃-၃-၆။ ကုန်သွယ်ရေးကဏ္ဍ

၁၅၂။ ပဉ္စမကာလတို ငါးနှစ်အမျိုးသားစီမံကိန်း၏ ပထမနှစ်ဖြစ်သည့် ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ် စီမံကိန်းရည်မှန်းချက်တွင် ၂၀၁၀-၂၀၁၁ ဘဏ္ဍာနှစ် ပုံမှန်ဈေးနှုန်းများဖြင့် တွက်ချက် ထားသော ကုန်သွယ်မှုတန်ဖိုးကို ကျပ် ၈,၆၀၂,၅၁၄ သန်း ရရှိရန်ရည်မှန်း ခဲ့ပါသည်။ မတ်လကုန် စာရင်းများ အရ ကျပ် ၈,၃၉၃,၈၉၀ သန်း ဖြစ်သဖြင့် စီမံကိန်း ရည်မှန်းချက်အပေါ် ၉၇.၆ ရာခိုင်နှုန်း အကောင် အထည်ဖော်နိုင်ခဲ့ပါသည်။ ၂၀၁၀-၂၀၁၁ ဘဏ္ဍာနှစ် ရွေ့ပြေးအမှန် စာရင်းများနှင့် နှိုင်းယှဉ်ပါက ၅.၅ ရာခိုင်နှုန်း တိုးတက်ခဲ့ပါသည်။

၁၅၃။ ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ် မတ်လကုန်စာရင်းများအရ နှစ်အလိုက်ထုတ်လုပ်သူဈေးနှုန်း များဖြင့် တွက်ချက်ထားသည့် ပြည်တွင်းကုန်သွယ်မှုပမာဏမှာ ကျပ် ၆၇,၉၆၆,၅၂၉ သန်း ဖြစ်ရာ ယခင်နှစ်ထက် ကျပ် ၉,၂၂၇,၁၉၁ သန်း ရာခိုင်နှုန်းအားဖြင့် ၁၅.၇ ရာခိုင်နှုန်း တိုးတက်ခဲ့

ပါသည်။ နှစ်အလိုက်ဈေးနှုန်းများအရ ပြည်တွင်းထုတ်လုပ်သည့် ကုန်ပစ္စည်းများ၏ ကုန်သွယ်မှု ပမာဏမှာကျပ် ၆၀,၆၆၆,၂၀၀ သန်း၊ ပြည်ပမှသွင်းကုန်ပစ္စည်းများ၏ပမာဏမှာကျပ် ၇,၃၀၀,၃၂၉ သန်း ဖိုးအသီးသီးခန့်မှန်းရရှိသဖြင့် ယခင်နှစ်ကထက် ပြည်တွင်းထုတ်လုပ်သည့် ကုန်ပစ္စည်းများ၏ ကုန်သွယ်မှုပမာဏတွင် ကျပ် ၇,၀၅၇,၀၂၂ သန်း၊ ရာခိုင်နှုန်းအားဖြင့် ၁၃.၂ ရာခိုင်နှုန်းတိုးတက်ပြီး ပြည်ပမှ သွင်းကုန်ပစ္စည်းများ၏ ကုန်သွယ်မှုပမာဏတွင် ကျပ် ၂,၁၇၀,၁၆၉ သန်း၊ ရာခိုင်နှုန်းအား ဖြင့် ၄၂.၃ ရာခိုင်နှုန်း တိုးတက်ခဲ့ပါသည်။ ပြည်တွင်းထုတ်လုပ်သည့် ကုန်ပစ္စည်းများ၏ ကုန်သွယ်မှု ပမာဏ တိုးတက်ခဲ့ခြင်းမှာ ကုန်ထုတ်ကဏ္ဍများဖြစ်သည့် လယ်ယာ၊ သားငါး၊ သစ်တော၊ စွမ်းအင်၊ သတ္တုနှင့်တွင်းထွက်ပစ္စည်းနှင့်စက်မှုလက်မှုကဏ္ဍတို့၏ ထုတ်လုပ်မှုများ တိုးတက်လာခဲ့ခြင်းကြောင့် ဖြစ်ပါသည်။

၁၅၄။ ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ် မတ်လကုန်စာရင်းများအရ ပိုင်ဆိုင်မှုအခန်းအလိုက် ကုန်သွယ်မှု ပမာဏမှာနိုင်ငံပိုင်အခန်းမှ ကျပ် ၃,၂၆၂,၅၇၁ သန်း၊ အချိုးအစားအားဖြင့် ၄.၈ ရာခိုင်နှုန်း၊ သမဝါယမပိုင်အခန်းမှ ကျပ် ၄၈၄,၈၆၄ သန်း၊ အချိုးအစားအားဖြင့် ၀.၇ ရာခိုင်နှုန်း၊ ပုဂ္ဂလိကပိုင် အခန်းမှ ကျပ် ၆၄,၂၁၉,၀၉၄ သန်း၊အချိုးအစားအားဖြင့် ၉၄.၅ ရာခိုင်နှုန်း အသီးသီးပါဝင်ပါသည်။

### ၃-၃-၆-၁။ ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်အတွင်း လုပ်ငန်းဆောင်ရွက်ချက်များ

၁၅၅။ ကုန်သွယ်မှုလုပ်ငန်းများ တိုးတက်ဖွံ့ဖြိုးရေးအတွက် နိုင်ငံပိုင်၊သမ/အဖွဲ့အစည်းပိုင် နှင့် ပုဂ္ဂလိကပိုင်အခန်းတို့မှကုန်သွယ်ရေးဆိုင်ရာအခြေခံမှုများနှင့်အညီ အောက်ဖော်ပြပါလုပ်ငန်းစဉ်များ ဖြင့် ဆောင်ရွက်ခဲ့ပါသည်။

- ပင်လယ်ရေကြောင်း ကုန်သွယ်မှု သာမကနယ်စပ်ကုန်သွယ်ရေး လုပ်ငန်းများကို တိုးမြှင့် ဆောင်ရွက်ခြင်း၊
- ဈေးကွက်စီးပွားရေးစနစ်နှင့်အညီခိုင်မာသည့်ကုန်သွယ်မှုဆိုင်ရာမူဝါဒများကိုစနစ်တကျ ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊
- ကုန်သွယ်မှုလုပ်ငန်းများ အဆင်ပြေချောမွေ့စွာဆောင်ရွက်နိုင်ရေးအတွက် ပံ့ပိုးကူညီ ဆောင်ရွက်ခြင်း၊
- ပို့ကုန်တိုးမြှင့်ရေး ဦးစားပေးဆောင်ရွက်ခြင်း၊
- ပြည်တွင်းထုတ်လုပ်မှု၊ စားသုံးမှုနှင့် ပိုလျှံမှုတို့အပေါ် မူတည်၍ပို့ကုန်၊ သွင်းကုန် များကို

ထိန်းညှိခြင်းဖြင့် ကုန်စည်စီးဆင်းမှုနှင့် ကုန်ဈေးနှုန်း တည်ငြိမ်စေရေးအတွက် ထိန်းကြောင်းပေးခြင်း၊

- ကုန်ပစ္စည်းတင်ပို့ရောင်းချခြင်းအပြင် ဝန်ဆောင်မှုလုပ်ငန်းများမှ နိုင်ငံခြားငွေတိုးတက်ရရှိရေးအတွက် အားပေးဆောင်ရွက်ခြင်း၊

၁၅၆။ ပုဂ္ဂလိကလုပ်ငန်းရှင်များအား ဆန်စပါးနှင့် ရေထွက်ပစ္စည်းများကို ရန်ကုန်မြို့ မှ ပြည်ပနိုင်ငံများသို့ တင်ပို့ရောင်းချခြင်းအပြင် သံတွဲ၊ စစ်တွေ၊ ပုသိမ်၊ မော်လမြိုင်၊ မြိတ် နှင့် ကော့သောင်းမြို့များမှလည်း တိုက်ရိုက်တင်ပို့ ရောင်းချခွင့်ပြုလျက်ရှိပါသည်။

၁၅၇။ နှစ်စဉ်ပုံမှန် ကျင်းပလျက်ရှိသည့် ကျောက်မျက်ရတနာ ပြပွဲများတွင် ၁၉၉၀ ခုနှစ်မှ စ၍ နိုင်ငံပိုင်အဖွဲ့အစည်းများသာမက နိုင်ငံသားများနှင့် ဖက်စပ်လုပ်ငန်းများ၊ ၁၉၉၄ ခုနှစ်မှ စတင်၍ အထူးအစီအစဉ်ဖြင့် ပြပွဲများဖွင့်လှစ် ရောင်းချပေးခဲ့ပြီး၊ ၁၉၉၅ ခုနှစ်မှ စတင်၍ စီးပွားရေးဦးပိုင်လီမိတက်မှ ပြည်တွင်းပြည်ပပြပွဲများ ကျင်းပကာ ကျောက်စိမ်း နှင့် ကျောက်မျက်ရတနာများ ကို ရောင်းချခဲ့ပါသည်။ ၂၀၁၂ ခုနှစ်အထိ ပုံမှန်ကျောက်မျက်ရတနာ နှင့် ပုလဲပြပွဲ ၄၉ ကြိမ်ကျင်းပခဲ့ ပြီး ဈေးပြိုင်စနစ်ဖြင့် ရတနာကုန်သည်များနှင့် ပြည်တွင်းပုဂ္ဂလိက လုပ်ငန်းရှင်များသို့ ရောင်းချ ပေးခဲ့ပါသည်။

၁၅၈။ ကုန်သွယ်ရေးကဏ္ဍ၏ အသေးစိတ်စာရင်းများကို ဇယား ( ၈၄ ) မှ ဇယား ( ၉၀ ) အထိ တင်ပြထားပါသည်။

## အပိုင်း(၄)

## ဒေသအလိုက်စီးပွားရေးအခြေအနေ

### ၄-၁။ ကချင်ပြည်နယ်

၁။ ပဉ္စမကာလတိုငါးနှစ်အမျိုးသားစီမံကိန်း၏ ပထမနှစ်ဖြစ်သည့် ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်၊ မတ်လကုန်စာရင်းများအရ ၂၀၁၀-၂၀၁၁ ဘဏ္ဍာနှစ် ပုံမှန်ဈေးနှုန်းများဖြင့် တွက်ချက် ထားသော ပြည်တွင်းအသားတင်ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှု တန်ဖိုးမှာ ကျပ် ၉၈၇၃၅၉.၁ သန်း ဖြစ်ပြီး၊ ၂၀၁၀-၂၀၁၁ ဘဏ္ဍာနှစ် ရှေ့ပြေးအမှန် စာရင်းနှင့် နှိုင်းယှဉ်ပါက ၄.၆ ရာခိုင်နှုန်း လျော့နည်းခဲ့ပါသည်။ လျော့နည်းရခြင်းမှာ လယ်ယာ၊ သစ်တော၊ သတ္တု၊ လျှပ်စစ်၊ ဆောက်လုပ်မှု၊ ဆက်သွယ်ရေးနှင့် ကုန်သွယ်ရေးကဏ္ဍများ လျော့နည်းခြင်းကြောင့် ဖြစ်ပါသည်။ လယ်ယာကဏ္ဍကြီး၏ အသားတင်ထုတ်လုပ်မှုတန်ဖိုးမှာ ကျပ် ၄၃၄၃၆၅.၆ သန်း ဖြစ်၍ ပါဝင်မှုမှာ ၄၄.၀ ရာခိုင်နှုန်းနှင့် ပထမအများဆုံး၊ ဝန်ဆောင်မှုကဏ္ဍကြီး၏ အသားတင် ဝန်ဆောင်မှုတန်ဖိုးမှာ ကျပ် ၃၃၇၅၉၇.၄ သန်း၊ ပါဝင်မှုမှာ ၃၄.၂ ရာခိုင်နှုန်းနှင့် ဒုတိယအများဆုံး၊ စက်မှုကဏ္ဍကြီး၏ အသားတင်ထုတ်လုပ်မှုတန်ဖိုးမှာ ကျပ် ၂၁၅၃၉၆.၁ သန်း၊ ပါဝင်မှုမှာ ၂၁.၈ ရာခိုင်နှုန်းနှင့် တတိယအများဆုံး ဖြစ်ပါသည်။

၂။ လယ်ယာကဏ္ဍကြီးတွင် လယ်ယာကဏ္ဍ၏အသားတင်ထုတ်လုပ်မှုတန်ဖိုး မှာ ကျပ် ၃၃၄၂၉၆.၈ သန်း ဖြစ်ပြီး ပါဝင်မှုမှာ ၇၇.၀ ရာခိုင်နှုန်းနှင့် ပထမအများဆုံး၊ သားငါးကဏ္ဍ၏ အသားတင်ထုတ်လုပ်မှုတန်ဖိုးမှာ ကျပ် ၈၃၀၀၇.၀ သန်း ဖြစ်ပြီး ပါဝင်မှု မှာ ၁၉.၁ ရာခိုင်နှုန်းနှင့် ဒုတိယအများဆုံး၊ သစ်တောကဏ္ဍ၏ အသားတင်ထုတ်လုပ်မှုတန်ဖိုးမှာ ကျပ် ၁၇၀၆၁.၈သန်း၊ ပါဝင်မှုမှာ ၃.၉ ရာခိုင်နှုန်းနှင့် တတိယအများဆုံး ဖြစ်ပါသည်။

### ၄-၂။ ကယားပြည်နယ်

၃။ ပဉ္စမကာလတို ငါးနှစ်အမျိုးသားစီမံကိန်း၏ ပထမနှစ်ဖြစ်သည့် ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်၊ မတ်လကုန်စာရင်းများအရ ၂၀၁၀-၂၀၁၁ ဘဏ္ဍာနှစ် ပုံမှန်ဈေးနှုန်းများဖြင့် တွက်ချက်ထားသော ပြည်တွင်းအသားတင်ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးမှာ ကျပ် ၁၅၄၆၅၇.၅ သန်း ဖြစ်ပြီး ၂၀၁၀-၂၀၁၁ ဘဏ္ဍာနှစ် ရှေ့ပြေးအမှန်စာရင်းနှင့် နှိုင်းယှဉ်ပါက ၁.၈ ရာခိုင်နှုန်း တိုးတက်ခဲ့ပါသည်။ လယ်ယာကဏ္ဍကြီး၏ အသားတင်ထုတ်လုပ်မှု တန်ဖိုးမှာ ကျပ် ၇၅၅၀၉.၂ သန်း ဖြစ်၍ ပါဝင်မှု မှာ ၄၈.၈ ရာခိုင်နှုန်းနှင့် ပထမအများဆုံး၊ ဝန်ဆောင်မှုကဏ္ဍကြီး၏ အသားတင်ဝန်ဆောင်မှုတန်ဖိုး မှာ

ကျပ် ၅၄၁၁၅.၃ သန်း၊ ပါဝင်မှုမှာ ၃၅.၀ ရာခိုင်နှုန်း နှင့် ဒုတိယအများဆုံး၊ စက်မှုကဏ္ဍကြီး၏ အသားတင်ထုတ်လုပ်မှုတန်ဖိုးမှာ ကျပ် ၂၅၀၃၃.၀ သန်း၊ ပါဝင်မှုမှာ ၁၆.၂ ရာခိုင်နှုန်းနှင့် တတိယ အများဆုံး ဖြစ်ပါသည်။

၄။ လယ်ယာကဏ္ဍကြီးတွင် လယ်ယာကဏ္ဍ၏ အသားတင်ထုတ်လုပ်မှုတန်ဖိုး မှာ ကျပ် ၅၄၈၈၅.၉ သန်းဖြစ်ပြီး ပါဝင်မှု ၇၂.၇ ရာခိုင်နှုန်းနှင့် ပထမအများဆုံး၊ သားငါးကဏ္ဍ၏ အသားတင်ထုတ်လုပ်မှုတန်ဖိုး မှာ ကျပ် ၁၉၁၈၂.၈ သန်းဖြစ်ပြီး ပါဝင်မှုမှာ ၂၅.၄ ရာခိုင်နှုန်း နှင့် ဒုတိယအများဆုံး၊ သစ်တောကဏ္ဍ၏ အသားတင်ထုတ်လုပ်မှုတန်ဖိုး မှာ ကျပ် ၁၄၄၀.၅သန်း၊ ပါဝင်မှုမှာ ၁.၉ ရာခိုင်နှုန်း နှင့် တတိယအများဆုံး ဖြစ်ပါသည်။

## ၄-၃။ ကရင်ပြည်နယ်

၅။ ပဥ္စမကာလတိုငါးနှစ်အမျိုးသားစီမံကိန်း၏ ပထမနှစ်ဖြစ်သည့် ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်၊ မတ်လကုန်စာရင်းများအရ ၂၀၁၀-၂၀၁၁ ဘဏ္ဍာနှစ် ပုံမှန် ဈေးနှုန်းများဖြင့် တွက်ချက်ထားသော ပြည်တွင်းအသားတင်ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးမှာ ကျပ် ၇၄၆၄၉၅.၅ သန်း ဖြစ်ပြီး၊ ၂၀၁၀-၂၀၁၁ ဘဏ္ဍာနှစ် ရှေ့ပြေးအမှန်စာရင်းနှင့် နှိုင်းယှဉ်ပါက ၈.၈ ရာခိုင်နှုန်း တိုးတက်ခဲ့ပါသည်။ လယ်ယာကဏ္ဍကြီး၏ အသားတင်ထုတ်လုပ်မှု တန်ဖိုးမှာ ကျပ် ၃၀၁၂၅၃.၆ သန်း ဖြစ်၍ ပါဝင်မှု မှာ ၄၀.၄ ရာခိုင်နှုန်းနှင့် ပထမအများဆုံး၊ဝန်ဆောင်မှုကဏ္ဍကြီး၏ အသားတင်ဝန်ဆောင်မှုတန်ဖိုး ကျပ် ၂၈၆၀၉၉.၈ သန်း၊ ပါဝင်မှုမှာ ၃၈.၃ ရာခိုင်နှုန်းနှင့် ဒုတိယအများဆုံး၊ စက်မှုကဏ္ဍကြီး၏ အသားတင်ထုတ်လုပ်မှုတန်ဖိုးမှာ ကျပ် ၁၅၉၁၄၂.၁ သန်း ၊ပါဝင်မှုမှာ ၂၁.၃ ရာခိုင်နှုန်း နှင့် တတိယအများဆုံး ဖြစ်ပါသည်။

၆။ လယ်ယာကဏ္ဍကြီးတွင် လယ်ယာကဏ္ဍ၏ အသားတင်ထုတ်လုပ်မှုတန်ဖိုးမှာ ကျပ် ၂၄၇,၁၅၁.၁ သန်း ဖြစ်ပြီး ပါဝင်မှု မှာ ၈၂.၀ ရာခိုင်နှုန်းနှင့် ပထမအများဆုံး၊ သားငါးကဏ္ဍ၏ အသားတင်ထုတ်လုပ်မှုတန်ဖိုးမှာ ကျပ် ၅၁,၅၂၀.၀ သန်း ဖြစ်ပြီး ပါဝင်မှု မှာ ၁၇.၁ ရာခိုင်နှုန်း နှင့် ဒုတိယအများဆုံး၊ သစ်တောကဏ္ဍ ၏ အသားတင်ထုတ်လုပ်မှုတန်ဖိုးမှာ ကျပ် ၂,၅၈၂.၅ သန်း ၊ ပါဝင်မှု မှာ ၀.၉ ရာခိုင်နှုန်းနှင့် တတိယအများဆုံး ဖြစ်ပါသည်။

## ၄-၄။ ချင်းပြည်နယ်

၇။ ပဥ္စမကာလတိုငါးနှစ်အမျိုးသားစီမံကိန်း၏ ပထမနှစ်ဖြစ်သည့် ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်၊ မတ်လကုန်စာရင်းများအရ ၂၀၁၀-၂၀၁၁ ဘဏ္ဍာနှစ် ပုံမှန် ဈေးနှုန်းများဖြင့် တွက်ချက်ထားသော

ပြည်တွင်းအသားတင် ထုတ်လုပ်မှုနှင့်ဝန်ဆောင်မှုတန်ဖိုးမှာ ကျပ် ၁၃၈၄၃၄.၇ သန်း ဖြစ်ပြီး ၂၀၁၀-၂၀၁၁ ဘဏ္ဍာနှစ် ရွှေ့ပြေး အမှန်စာရင်း နှင့်နှိုင်းယှဉ်ပါက ၆.၅ ရာခိုင်နှုန်း လျော့နည်းခဲ့ပါသည်။ လျော့နည်းရခြင်းမှာ လယ်ယာကဏ္ဍ၏ စိုက်ကေနှင့် အထွက်လျော့နည်းခြင်းကြောင့် စက်မှုကဏ္ဍမှာလည်း လျော့နည်းခြင်းကြောင့် ဖြစ်ပါသည်။ လယ်ယာကဏ္ဍကြီး၏ အသားတင်ထုတ်လုပ်မှုတန်ဖိုးမှာ ကျပ် ၇၉၆၀၁.၆ သန်း ဖြစ်၍ ပါဝင်မှုမှာ ၅၇.၅ ရာခိုင်နှုန်းနှင့် ပထမအများဆုံး၊ ဝန်ဆောင်မှုကဏ္ဍကြီး၏ အသားတင်ဝန်ဆောင်မှုတန်ဖိုး မှာ ကျပ် ၄၃၀၀၃.၁ သန်း၊ ပါဝင်မှုမှာ ၃၁.၁ ရာခိုင်နှုန်း နှင့် ဒုတိယအများဆုံး၊ စက်မှုကဏ္ဍကြီး၏ အသားတင်ထုတ်လုပ်မှုတန်ဖိုးမှာ ကျပ် ၁၅၈၃၀.၀ သန်း၊ ပါဝင်မှုမှာ ၁၁.၄ ရာခိုင်နှုန်း နှင့် တတိယအများဆုံး ဖြစ်ပါသည်။

၈။ လယ်ယာကဏ္ဍကြီးတွင် လယ်ယာကဏ္ဍ၏ အသားတင်ထုတ်လုပ်မှုတန်ဖိုးမှာ ကျပ် ၄၁၃၃၇.၅ သန်း၊ ပါဝင်မှုမှာ ၅၂.၀ ရာခိုင်နှုန်းနှင့် ပထမအများဆုံး၊ သားငါးကဏ္ဍ၏ အသားတင်ထုတ်လုပ်မှုတန်ဖိုးမှာကျပ် ၃၆၀၀၃.၈ သန်းဖြစ်ပြီး ပါဝင်မှုမှာ ၄၅.၂ ရာခိုင်နှုန်းနှင့်ဒုတိယအများဆုံး၊ သစ်တောကဏ္ဍ ၏ အသားတင်ထုတ်လုပ်မှုတန်ဖိုးမှာ ကျပ် ၂၂၆၀.၃ သန်း ၊ပါဝင်မှု ၂.၈ ရာခိုင်နှုန်းနှင့် တတိယအများဆုံးဖြစ်ပါသည်။

## ၄-၅။ စစ်ကိုင်းတိုင်းဒေသကြီး

၉။ ပဉ္စမကာလတိုင်းနှစ်အမျိုးသားစီမံကိန်း၏ ပထမနှစ် ဖြစ်သည့် ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်၊ မတ်လကုန်စာရင်းများအရ ၂၀၁၀-၂၀၁၁ ဘဏ္ဍာနှစ် ပုံမှန်ဈေးနှုန်းများဖြင့် တွက်ချက်ထားသော ပြည်တွင်းအသားတင် ထုတ်လုပ်မှုနှင့်ဝန်ဆောင်မှု တန်ဖိုးမှာ ကျပ် ၄၉၅၈၀၃၈.၃သန်း ဖြစ်ပြီး၊ ၂၀၁၀-၂၀၁၁ ဘဏ္ဍာနှစ် ရွှေ့ပြေးအမှန်စာရင်းနှင့် နှိုင်းယှဉ်ပါက ၈.၆ရာခိုင်နှုန်း တိုးတက်ခဲ့ပါသည်။ လယ်ယာကဏ္ဍကြီး၏ အသားတင်ထုတ်လုပ်မှုတန်ဖိုးမှာ ကျပ် ၂၃၆၉၉၉၅.၆သန်း ဖြစ်၍ ပါဝင်မှုမှာ ၄၇.၈ရာခိုင်နှုန်းနှင့် ပထမအများဆုံး၊ ဝန်ဆောင်မှုကဏ္ဍကြီး၏ အသားတင်ဝန်ဆောင်မှုတန်ဖိုးမှာ ကျပ် ၁၃၃၆၆၆၁.၀ သန်း၊ ပါဝင်မှုမှာ ၂၇.၀ ရာခိုင်နှုန်းနှင့် ဒုတိယအများဆုံး၊ စက်မှုကဏ္ဍကြီး၏ အသားတင်ထုတ်လုပ်မှုတန်ဖိုးမှာ ကျပ် ၁၂၅၁၃၈၁.၇ သန်း၊ ပါဝင်မှုမှာ ၂၅.၂ ရာခိုင်နှုန်း နှင့် တတိယအများဆုံး ဖြစ်ပါသည်။

၁၀။ လယ်ယာကဏ္ဍကြီးတွင် လယ်ယာကဏ္ဍ၏ အသားတင်ထုတ်လုပ်မှုတန်ဖိုးမှာ ကျပ် ၂၀၀၆၇၇၄.၈ သန်းဖြစ်ပြီး ပါဝင်မှုမှာ ၈၄.၇ ရာခိုင်နှုန်းနှင့် ပထမအများဆုံး၊ သားငါးကဏ္ဍ၏ အသားတင်ထုတ်လုပ်မှုတန်ဖိုးမှာ ကျပ် ၃၂၀၂၇၇.၉ သန်း ဖြစ်ပြီး ပါဝင်မှု မှာ ၁၃.၅ ရာခိုင်နှုန်းနှင့်

ဒုတိယအများဆုံး၊ သစ်တောကဏ္ဍ၏ အသားတင်ထုတ်လုပ်မှုမှာ တန်ဖိုးကျပ် ၄၂၉၄၂.၉သန်း၊ ပါဝင်မှုမှာ ၁.၈ ရာခိုင်နှုန်း နှင့် တတိယအများဆုံး ဖြစ်ပါသည်။

### ၄-၆။ တနင်္သာရီတိုင်းဒေသကြီး

၁၁။ ပဉ္စမကာလတိုင်ငါးနှစ်အမျိုးသားစီမံကိန်း၏ ပထမနှစ်ဖြစ်သည့် ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်၊ မတ်လကုန်စာရင်းများအရ ၂၀၁၀-၂၀၁၁ ဘဏ္ဍာနှစ် ပုံမှန်ဈေးနှုန်းများဖြင့် တွက်ချက်ထားသော ပြည်တွင်းအသားတင် ထုတ်လုပ်မှုနှင့်ဝန်ဆောင်မှု တန်ဖိုးမှာ ကျပ် ၁၅၁၀၆၆၅.၉သန်း ဖြစ်ပြီး၊ ၂၀၁၀-၂၀၁၁ဘဏ္ဍာနှစ် ရှေ့ပြေးအမှန်စာရင်းနှင့် နှိုင်းယှဉ်ပါက ၁၂.၂ရာခိုင်နှုန်း တိုးတက်ခဲ့ပါသည်။ လယ်ယာကဏ္ဍကြီး၏ အသားတင်ထုတ်လုပ်မှုတန်ဖိုးမှာ ကျပ် ၈၈၉၅၉၆.၀သန်း ဖြစ်၍ ပါဝင်မှုမှာ ၅၈.၉ရာခိုင်နှုန်းနှင့် ပထမအများဆုံး၊ ဝန်ဆောင်မှုကဏ္ဍကြီး၏ အသားတင်ဝန်ဆောင်မှုတန်ဖိုးမှာ ကျပ် ၄၁၃၄၁၁.၈ သန်း၊ ပါဝင်မှုမှာ ၂၇.၄ ရာခိုင်နှုန်းနှင့် ဒုတိယအများဆုံး၊ စက်မှုကဏ္ဍကြီး၏ အသားတင်ထုတ်လုပ်မှုတန်ဖိုးမှာ ကျပ် ၂၀၇၆၅၈.၁ သန်း၊ ပါဝင်မှုမှာ ၁၃.၇ ရာခိုင်နှုန်းနှင့် တတိယ အများဆုံး ဖြစ်ပါသည်။

၁၂။ လယ်ယာကဏ္ဍကြီးတွင် သားငါးကဏ္ဍ၏ အသားတင်ထုတ်လုပ်မှုတန်ဖိုးမှာ ကျပ် ၅၇၄၀၇၁.၁ သန်းဖြစ်ပြီး ပါဝင်မှုမှာ ၆၄.၅ ရာခိုင်နှုန်းနှင့် ပထမအများဆုံး၊ လယ်ယာကဏ္ဍ၏ အသားတင်ထုတ်လုပ်မှုတန်ဖိုးမှာ ကျပ် ၃၀၇၉၂၂.၁ သန်း ဖြစ်ပြီး ပါဝင်မှုမှာ ၃၄.၆ ရာခိုင်နှုန်းနှင့် ဒုတိယအများဆုံး၊ သစ်တောကဏ္ဍ၏ အသားတင်ထုတ်လုပ်မှုတန်ဖိုးမှာ ကျပ် ၇၆၀၂.၈သန်း၊ ပါဝင်မှုမှာ ၀.၉ ရာခိုင်နှုန်း နှင့် တတိယအများဆုံး ဖြစ်ပါသည်။

### ၄-၇။ ပဲခူးတိုင်းဒေသကြီး

၁၃။ ပဉ္စမကာလတိုင်ငါးနှစ်အမျိုးသားစီမံကိန်း၏ ပထမနှစ်ဖြစ်သည့် ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်၊ မတ်လကုန်စာရင်းများအရ ၂၀၁၀-၂၀၁၁ ဘဏ္ဍာနှစ် ပုံမှန်ဈေးနှုန်းများဖြင့် တွက်ချက်ထားသော ပြည်တွင်းအသားတင်ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးမှာ ကျပ် ၃၆၂၄၉၃၇.၉သန်း ဖြစ်ပြီး၊ ၂၀၁၀-၂၀၁၁ ဘဏ္ဍာနှစ် ရှေ့ပြေးအမှန်စာရင်းနှင့် နှိုင်းယှဉ်ပါက ၀.၂ရာခိုင်နှုန်း တိုးတက်ခဲ့ပါသည်။ လယ်ယာကဏ္ဍကြီး၏ အသားတင်ထုတ်လုပ်မှုတန်ဖိုးမှာ ကျပ်၁၄၆၂၅၄၆.၃သန်းဖြစ်၍ ပါဝင်မှုမှာ ၄၀.၃ရာခိုင်နှုန်းနှင့် ပထမအများဆုံး၊ ဝန်ဆောင်မှုကဏ္ဍကြီး၏ အသားတင်ဝန်ဆောင်မှုတန်ဖိုးမှာ ကျပ် ၁၃၅၀၄၃၃.၂ သန်း၊ ပါဝင်မှုမှာ ၃၇.၃ ရာခိုင်နှုန်းနှင့် ဒုတိယအများဆုံး၊ စက်မှုကဏ္ဍကြီး၏ အသားတင်ထုတ်လုပ်မှုတန်ဖိုးမှာ ကျပ် ၈၁၁၉၅၈.၄ သန်း၊ ပါဝင်မှုမှာ ၂၂.၄ ရာခိုင်နှုန်းနှင့် တတိယ အများဆုံး ဖြစ်ပါသည်။

၁၄။ လယ်ယာကဏ္ဍကြီးတွင် လယ်ယာကဏ္ဍ၏ အသားတင်ထုတ်လုပ်မှုတန်ဖိုးမှာ ကျပ် ၁၀၄၂၁၈၅.၅ သန်းဖြစ်ပြီး ပါဝင်မှုမှာ ၇၁.၂ရာခိုင်နှုန်းနှင့် ပထမအများဆုံး၊ သားငါးကဏ္ဍ၏ အသားတင်ထုတ်လုပ်မှုတန်ဖိုးမှာ ကျပ် ၃၉၂၈၅၅.၇ သန်း ဖြစ်ပြီး ပါဝင်မှုမှာ ၂၆.၉ ရာခိုင်နှုန်းနှင့် ဒုတိယအများဆုံး၊ သစ်တောကဏ္ဍ၏ အသားတင်ထုတ်လုပ်မှုတန်ဖိုးမှာ ကျပ် ၂၇၅၀၅.၁သန်း၊ ပါဝင်မှုမှာ ၁.၉ ရာခိုင်နှုန်း နှင့် တတိယအများဆုံး ဖြစ်ပါသည်။

## ၄-၈။ မကွေးတိုင်းဒေသကြီး

၁၅။ ပဉ္စမကာလတိုငါးနှစ် အမျိုးသားစီမံကိန်း၏ ပထမနှစ်ဖြစ်သည့် ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်၊ မတ်လကုန် စာရင်းများ အရ ၂၀၁၀-၂၀၁၁ ဘဏ္ဍာနှစ် ပုံမှန်ဈေးနှုန်းများဖြင့် တွက်ချက်ထားသော ပြည်တွင်း အသားတင်ထုတ်လုပ်မှု နှင့် ဝန်ဆောင်မှုတန်ဖိုးမှာ ကျပ် ၄၁၆၇၆၅၅.၁ သန်း ဖြစ်ပြီး ၂၀၁၀-၂၀၁၁ ဘဏ္ဍာနှစ် ရှေ့ပြေးအမှန်စာရင်းနှင့် နှိုင်းယှဉ်ပါက ၈.၉ ရာခိုင်နှုန်းတိုးတက်ခဲ့ပါသည်။ လယ်ယာကဏ္ဍကြီး၏ အသားတင်ထုတ်လုပ်မှုတန်ဖိုးမှာ ကျပ် ၂၀၆၆၉၄၇.၆ သန်းဖြစ်၍ ပါဝင်မှုမှာ ၄၉.၆ ရာခိုင်နှုန်းနှင့် ပထမအများဆုံး၊ ဝန်ဆောင်မှုကဏ္ဍကြီး၏အသားတင်ဝန်ဆောင်မှု တန်ဖိုးမှာ ကျပ် ၁၁၆၂၅၇၃.၁ သန်း၊ ပါဝင်မှုမှာ ၂၇.၉ ရာခိုင်နှုန်းနှင့် ဒုတိယအများဆုံး၊ စက်မှုကဏ္ဍကြီး၏ အသားတင်ထုတ်လုပ်မှုတန်ဖိုးမှာ ကျပ် ၉၃၈၁၃၄.၃သန်း၊ ပါဝင်မှုမှာ ၂၂.၅ ရာခိုင်နှုန်းနှင့် တတိယ အများဆုံး ဖြစ်ပါသည်။

၁၆။ လယ်ယာကဏ္ဍကြီးတွင် လယ်ယာကဏ္ဍ၏ အသားတင်ထုတ်လုပ်မှုတန်ဖိုးမှာ ကျပ် ၁၈၁၅၃၆၅.၂သန်း ဖြစ်ပြီး ပါဝင်မှုမှာ ၈၇.၈ ရာခိုင်နှုန်းနှင့် ပထမအများဆုံး၊ သားငါးကဏ္ဍ၏ အသားတင်ထုတ်လုပ်မှုတန်ဖိုးမှာ ကျပ်၂၄၂၄၁၁.၄ သန်း ဖြစ်ပြီး ပါဝင်မှုမှာ ၁၁.၇ ရာခိုင်နှုန်း နှင့် ဒုတိယအများဆုံး၊ သစ်တောကဏ္ဍ၏ အသားတင်ထုတ်လုပ်မှုတန်ဖိုး မှာ ကျပ် ၉၁၇၁.၀ သန်း ၊ ပါဝင်မှု မှာ ၀.၅ ရာခိုင်နှုန်း နှင့် တတိယအများဆုံး ဖြစ်ပါသည်။

## ၄-၉။ မန္တလေးတိုင်းဒေသကြီး

၁၇။ ပဉ္စမကာလတိုငါးနှစ်အမျိုးသားစီမံကိန်း၏ ပထမနှစ်ဖြစ်သည့် ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ် မတ်လကုန် စာရင်းများအရ ၂၀၁၀-၂၀၁၁ ဘဏ္ဍာနှစ် ပုံမှန်ဈေးနှုန်းများဖြင့် တွက်ချက်ထားသော ပြည်တွင်းအသားတင်ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှု တန်ဖိုးသည် ကျပ် ၄၆၆၈၀၄၇.၃ သန်း ဖြစ်ပြီး ၂၀၁၀-၂၀၁၁ ဘဏ္ဍာနှစ်ရှေ့ပြေးအမှန်စာရင်းများနှင့် နှိုင်းယှဉ်ပါက ၄.၄ ရာခိုင်နှုန်း တိုးတက်ခဲ့ ပါသည်။ ဝန်ဆောင်မှုကဏ္ဍကြီး၏ အသားတင်ဝန်ဆောင်မှုတန်ဖိုး မှာကျပ် ၂၀၅၄၅၇၉.၆ သန်း ၊

ပါဝင်မှုမှာ ၄၄.၀ရာခိုင်နှုန်းနှင့်ပထမအများဆုံး၊စက်မှုကဏ္ဍကြီး၏ အသားတင်ထုတ်လုပ်မှုတန်ဖိုးမှာ ကျပ် ၁၃၃၁၉၄၄.၉ သန်း ၊ ပါဝင်မှု ၂၈.၅ ရာခိုင်နှုန်းနှင့် ဒုတိယအများဆုံး၊ လယ်ယာကဏ္ဍကြီး၏ အသားတင်ထုတ်လုပ်မှုတန်ဖိုးမှာ ကျပ် ၁၂၈၁၅၂၂.၈ သန်း၊ ပါဝင်မှုမှာ ၂၇.၅ ရာခိုင်နှုန်းနှင့် တတိယ အများဆုံး ဖြစ်ပါသည်။

၁၈။ ဝန်ဆောင်မှုကဏ္ဍကြီးတွင် ပို့ဆောင်ရေးကဏ္ဍ၏ အသားတင် ဝန်ဆောင်မှုတန်ဖိုးမှာ ကျပ် ၉၈၇၆၉၀.၇ သန်း ဖြစ်ပြီး ပါဝင်မှုမှာ ၄၈.၁ ရာခိုင်နှုန်း၊ ကုန်သွယ်မှုကဏ္ဍ၏ အသားတင် ဝန်ဆောင်မှုတန်ဖိုးမှာ ကျပ် ၈၄၃၁၀၂.၇ သန်း ဖြစ်ပြီး ပါဝင်မှုမှာ ၄၁.၀ ရာခိုင်နှုန်းနှင့် ဒုတိယ အများဆုံး၊ ငှားရမ်းခနှင့် အခြားဝန်ဆောင်မှုကဏ္ဍ၏ အသားတင် ဝန်ဆောင်မှု တန်ဖိုးမှာ ကျပ် ၈၈၈၆၉.၂ သန်း၊ ပါဝင်မှုမှာ ၄.၃ ရာခိုင်နှုန်းနှင့် တတိယအများဆုံး ဖြစ်ပါသည်။

## ၄-၁၀။ မွန်ပြည်နယ်

၁၉။ ပဉ္စမကာလတိုငါးနှစ်အမျိုးသားစီမံကိန်း၏ ပထမနှစ်ဖြစ်သည့် ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ် မတ်လကုန် စာရင်းများအရ ၂၀၁၀-၂၀၁၁ ဘဏ္ဍာနှစ် ပုံမှန်ဈေးနှုန်းများဖြင့် တွက်ချက်ထားသော ပြည်တွင်းအသားတင်ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးသည် ကျပ် ၁၈၅၆၉၈၃.၅ သန်း ဖြစ်ပြီး ၂၀၁၀-၂၀၁၁ ဘဏ္ဍာနှစ်ရှေ့ပြေးအမှန်စာရင်းများနှင့် နှိုင်းယှဉ်ပါက ၇.၉ ရာခိုင်နှုန်း တိုးတက်ခဲ့ ပါသည်။ လယ်ယာကဏ္ဍကြီး၏ အသားတင်ထုတ်လုပ်မှုတန်ဖိုး မှာကျပ် ၇၂၄၀၆၅.၆ သန်း ဖြစ်၍ ပါဝင်မှုမှာ ၃၉.၀ ရာခိုင်နှုန်းနှင့် ပထမအများဆုံး၊ ဝန်ဆောင်မှုကဏ္ဍကြီး၏ အသားတင်ဝန်ဆောင်မှု တန်ဖိုးမှာ ကျပ် ၆၈၆၂၅၄.၅ သန်း ၊ ပါဝင်မှုမှာ ၃၆.၉ ရာခိုင်နှုန်း နှင့် ဒုတိယအများဆုံး၊ စက်မှုကဏ္ဍကြီး၏ အသားတင်ထုတ်လုပ်မှုတန်ဖိုးမှာ ကျပ် ၄၄၆၆၆၃.၄ သန်း၊ ပါဝင်မှုမှာ ၂၄.၁ ရာခိုင်နှုန်း နှင့် တတိယ အများဆုံး ဖြစ်ပါသည်။

၂၀။ လယ်ယာကဏ္ဍကြီးတွင် လယ်ယာကဏ္ဍ၏ အသားတင် ထုတ်လုပ်မှု တန်ဖိုးမှာ ကျပ် ၅၄၆၄၆၁.၈ သန်း ဖြစ်ပြီး ပါဝင်မှုမှာ ၇၅.၅ ရာခိုင်နှုန်းနှင့်ပထမအများဆုံး၊ သားငါးကဏ္ဍ၏ အသားတင်ထုတ်လုပ်မှုတန်ဖိုးမှာ ကျပ် ၁၇၃၇၆၁.၇ သန်း ဖြစ်ပြီး ပါဝင်မှုမှာ ၂၄.၀ ရာခိုင်နှုန်းနှင့် ဒုတိယအများဆုံး၊ သစ်တောကဏ္ဍ၏ အသားတင်ထုတ်လုပ်မှုတန်ဖိုးမှာ ကျပ် ၃၈၄၂.၁ သန်း၊ ပါဝင်မှု မှာ ၀.၅ရာခိုင်နှုန်းနှင့် တတိယအများဆုံး ဖြစ်ပါသည်။

## ၄-၁၁။ ရခိုင်ပြည်နယ်

၂၁။ ပဉ္စမကာလတိုင်းနှစ်အမျိုးသားစီမံကိန်း၏ ပထမနှစ်ဖြစ်သည့်၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ် မတ်လကုန်စာရင်းများအရ ၂၀၁၀-၂၀၁၁ ဘဏ္ဍာနှစ် ပုံမှန် ဈေးနှုန်းများဖြင့် တွက်ချက်ထားသော ပြည်တွင်းအသားတင်ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးမှာ ကျပ် ၁၆၇၁၁၂၆.၄ သန်း ဖြစ်ပြီး ၂၀၁၀-၂၀၁၁ ဘဏ္ဍာနှစ် ရွေ့ပြေးအမှန်စာရင်းများနှင့် နှိုင်းယှဉ်ပါက ၂.၁ ရာခိုင်နှုန်း တိုးတက်ခဲ့ပါသည်။ ဝန်ဆောင်မှုကဏ္ဍကြီး၏ အသားတင်ဝန်ဆောင်မှုတန်ဖိုး မှာကျပ် ၈၀၈၉၅၄.၄ သန်း ဖြစ်၍ ပါဝင်မှုမှာ ၄၈.၄ ရာခိုင်နှုန်းနှင့် ပထမအများဆုံး၊ လယ်ယာကဏ္ဍကြီး၏ အသားတင်ထုတ်လုပ်မှု တန်ဖိုးမှာ ကျပ် ၅၀၃၁၁၅.၉ သန်း ၊ ပါဝင်မှုမှာ ၃၀.၁ ရာခိုင်နှုန်း နှင့် ဒုတိယအများဆုံး ၊ စက်မှုကဏ္ဍကြီး၏ အသားတင်ထုတ်လုပ်မှုတန်ဖိုးမှာ ကျပ် ၃၅၉၀၅၆.၁ သန်း၊ ပါ ဝင်မှုမှာ ၂၁.၅ ရာခိုင်နှုန်း နှင့် တတိယအများဆုံး ဖြစ်ပါသည်။

၂၂။ ဝန်ဆောင်မှုကဏ္ဍကြီးတွင် ပို့ဆောင်ရေးကဏ္ဍ၏ အသားတင်ဝန်ဆောင်မှုတန်ဖိုးမှာ ကျပ် ၅၁၇၃၉၂.၉ သန်း ဖြစ်ပြီး ပါဝင်မှုမှာ ၆၄.၀ ရာခိုင်နှုန်းနှင့် ပထမအများဆုံး၊ ကုန်သွယ်မှုကဏ္ဍ၏ အသားတင်ဝန်ဆောင်မှုတန်ဖိုးမှာ ကျပ် ၂၀၈၈၈၈.၇ သန်း ဖြစ်ပြီး ပါဝင်မှုမှာ ၂၅.၈ ရာခိုင်နှုန်းနှင့် ဒုတိယ အများဆုံး၊ ငှားရမ်းခနှင့် အခြားဝန်ဆောင်မှုကဏ္ဍ၏ အသားတင်ဝန်ဆောင်မှုတန်ဖိုးမှာ ကျပ် ၄၇၅၉၁.၈ သန်း ၊ ပါဝင်မှုမှာ ၅.၉ ရာခိုင်နှုန်း နှင့် တတိယအများဆုံး ဖြစ်ပါသည်။

## ၄-၁၂။ ရန်ကုန်တိုင်းဒေသကြီး

၂၃။ ပဉ္စမကာလတိုင်းနှစ်အမျိုးသားစီမံကိန်း၏ ပထမနှစ်ဖြစ်သည့် ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ် မတ်လကုန်စာရင်းများအရ ၂၀၁၀-၂၀၁၁ ဘဏ္ဍာနှစ် ပုံမှန်ဈေးနှုန်းများဖြင့် တွက်ချက်ထားသော ပြည်တွင်းအသားတင်ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးသည် ကျပ် ၉၂၆၅၈၇၅.၀ သန်း ဖြစ်ပြီး ၂၀၁၀-၂၀၁၁ ဘဏ္ဍာနှစ်ရွေ့ပြေးအမှန်စာရင်းများနှင့် နှိုင်းယှဉ်ပါက ၁၁.၉ ရာခိုင်နှုန်း တိုးတက်ခဲ့ပါသည်။ စက်မှုကဏ္ဍကြီး၏ အသားတင်ထုတ်လုပ်မှုတန်ဖိုး မှာကျပ် ၄၃၇၈၄၁၀.၄ သန်း ဖြစ်၍ ပါဝင်မှုမှာ ၄၇.၃ရာခိုင်နှုန်းနှင့် ပထမအများဆုံး၊ ဝန်ဆောင်မှုကဏ္ဍကြီး၏ အသားတင်ဝန်ဆောင်မှု တန်ဖိုးမှာ ကျပ် ၄၂၀၆၈၄၃.၉ သန်း ဖြစ်ပြီး ပါဝင်မှုမှာ ၄၅.၄ ရာခိုင်နှုန်း နှင့် ဒုတိယအများဆုံး၊ လယ်ယာကဏ္ဍကြီး၏ အသားတင်ထုတ်လုပ်မှုတန်ဖိုးမှာ ကျပ် ၆၈၀၆၂၀.၇ သန်း ၊ ပါဝင်မှုမှာ ၇.၃ ရာခိုင်နှုန်းနှင့် တတိယအများဆုံး ဖြစ်ပါသည်။

၂၄။ စက်မှုကဏ္ဍကြီးတွင် စက်မှုလက်မှုကဏ္ဍ၏ အသားတင် ထုတ်လုပ်မှု တန်ဖိုးမှာ ကျပ် ၃၇၅၇၂၇၈.၈ သန်း ဖြစ်ပြီး ပါဝင်မှုမှာ ၈၅.၈ ရာခိုင်နှုန်းနှင့် ပထမအများဆုံး၊ ဆောက်လုပ်မှု

ကဏ္ဍ၏ အသားတင်ထုတ်လုပ်မှုတန်ဖိုးမှာ ကျပ် ၅၂၈၆၆၇.၈ သန်း ဖြစ်ပြီး ပါဝင်မှုမှာ ၁၂.၁ ရာခိုင်နှုန်းနှင့် ဒုတိယ အများဆုံး၊ လျှပ်စစ်ဓာတ်အားကဏ္ဍ၏ အသားတင် ထုတ်လုပ်မှု တန်ဖိုးမှာ ကျပ် ၈၃၄၆၂.၁ သန်း ၊ပါဝင်မှုမှာ ၁.၉ ရာခိုင်နှုန်း နှင့် တတိယအများဆုံး ဖြစ်ပါသည်။

## ၄-၁၃။ ရှမ်းပြည်နယ်

၂၅။ ပဥ္စမကာလတိုင်းနှစ်အမျိုးသားစီမံကိန်း၏ ပထမနှစ်ဖြစ်သည့် ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ် မတ်လကုန်စာရင်းများအရ ၂၀၁၀-၂၀၁၁ဘဏ္ဍာနှစ် ပုံမှန်ဈေးနှုန်းများဖြင့် တွက်ချက်ထားသော ပြည်တွင်းအသားတင်ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးမှာ ကျပ် ၃၀၃၅၇၈၂.၇ သန်းဖြစ်ပြီး ၂၀၁၀-၂၀၁၁ ဘဏ္ဍာနှစ် ရွေ့ပြေးအမှန်စာရင်းနှင့် နှိုင်းယှဉ်ပါ က ၁.၉ ရာခိုင်နှုန်း တိုးတက်ခဲ့ ပါသည်။ လယ်ယာကဏ္ဍကြီး၏ အသားတင်ထုတ်လုပ်မှုတန်ဖိုးမှာ ကျပ်၁၂၉၇၀၇၉.၄ သန်းဖြစ်၍ ပါဝင်မှုမှာ ၄၂.၇ ရာခိုင်နှုန်းနှင့် ပထမအများဆုံး၊ ဝန်ဆောင်မှုကဏ္ဍကြီး၏ အသားတင်ဝန်ဆောင်မှု တန်ဖိုးမှာ ကျပ် ၁၀၆၂၇၇၈.၄ သန်း၊ ပါဝင်မှုမှာ ၃၅.၀ ရာခိုင်နှုန်း နှင့် ဒုတိယအများဆုံး၊ စက်မှုကဏ္ဍကြီး၏ အသားတင်ထုတ်လုပ်မှုတန်ဖိုးမှာ ကျပ် ၆၇၅၉၂၄.၉ သန်း၊ ပါဝင်မှုမှာ ၂၂.၃ ရာခိုင်နှုန်းနှင့် တတိယအများဆုံး ဖြစ်ပါသည်။

၂၆။ လယ်ယာကဏ္ဍကြီးတွင် လယ်ယာကဏ္ဍ၏ အသားတင် ထုတ်လုပ်မှု တန်ဖိုးမှာ ကျပ် ၁၀၆၅၅၆၄.၃ သန်းဖြစ်ပြီး ပါဝင်မှုမှာ ၈၂.၁ ရာခိုင်နှုန်းနှင့် ပထမအများဆုံး၊သားငါးကဏ္ဍ၏ အသားတင်ထုတ်လုပ်မှုတန်ဖိုးမှာ ကျပ် ၁၉၈၁၀၀.၁ သန်းဖြစ်ပြီး ပါဝင်မှုမှာ ၁၅.၃ ရာခိုင်နှုန်း နှင့် ဒုတိယအများဆုံး၊ သစ်တောကဏ္ဍ၏ အသားတင်ထုတ်လုပ်မှုတန်ဖိုးမှာ ကျပ် ၃၃၄၁၅.၀ သန်း၊ ပါဝင်မှုမှာ ၂.၆ ရာခိုင်နှုန်းနှင့် တတိယအများဆုံး ဖြစ်ပါသည်။

## ၄-၁၄။ ဧရာဝတီတိုင်းဒေသကြီး

၂၇။ ပဥ္စမကာလတိုင်းနှစ်အမျိုးသားစီမံကိန်း၏ ပထမနှစ်ဖြစ်သည့် ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ် မတ်လကုန်စာရင်းများအရ ၂၀၁၀-၂၀၁၁ဘဏ္ဍာနှစ် ပုံမှန်ဈေးနှုန်းများဖြင့် တွက်ချက်ထားသော ပြည်တွင်းအသားတင်ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးမှာ ကျပ် ၄၉၁၉၈၀၈.၆ သန်းဖြစ်ပြီး ၂၀၁၀-၂၀၁၁ ဘဏ္ဍာနှစ် ရွေ့ပြေးအမှန်စာရင်း နှင့် နှိုင်းယှဉ်ပါ က ၀.၈ ရာခိုင်နှုန်း လျော့နည်းခဲ့ ပါသည်။လျော့နည်းရခြင်းမှာ လယ်ယာကဏ္ဍ၏ စိုက်ဧကနှင့် အထွက်လျော့နည်းခြင်း၊ သစ်တောကဏ္ဍ၊ သတ္တုကဏ္ဍများ လျော့နည်းခြင်းကြောင့် ဖြစ်ပါသည်။ လယ်ယာကဏ္ဍကြီး၏ အသားတင်ထုတ်လုပ်မှုတန်ဖိုးမှာ ကျပ်၂၄၀၇၉၄၂.၈ သန်းဖြစ်၍ ပါဝင်မှုမှာ ၄၉.၀ ရာခိုင်နှုန်းနှင့် ပထမအများဆုံး၊ဝန်ဆောင်မှုကဏ္ဍကြီး၏အသားတင်ဝန်ဆောင်မှုတန်ဖိုးမှာကျပ်၁၈၇၅၄၇၀.၃သန်း၊

ပါဝင်မှုမှာ ၃၈.၁ ရာခိုင်နှုန်း နှင့် ဒုတိယအများဆုံး၊ စက်မှုကဏ္ဍကြီး၏ အသားတင် ထုတ်လုပ်မှု တန်ဖိုးမှာ ကျပ်၆၃၆၃၉၅.၅ သန်း၊ ပါဝင်မှုမှာ ၁၂.၉ ရာခိုင်နှုန်းနှင့် တတိယအများဆုံး ဖြစ်ပါသည်။

၂၈။ လယ်ယာကဏ္ဍကြီးတွင် လယ်ယာကဏ္ဍ၏ အသားတင်ထုတ်လုပ်မှုတန်ဖိုးမှာ ကျပ် ၁၅၆၆၀၃၇.၆သန်းဖြစ်ပြီး ပါဝင်မှုမှာ ၆၅.၀ ရာခိုင်နှုန်း နှင့် ပထမအများဆုံး၊ သားငါးကဏ္ဍ၏ အသားတင်ထုတ်လုပ်မှုတန်ဖိုးမှာ ကျပ် ၈၃၀၇၈၄.၆ သန်းဖြစ်ပြီး ပါဝင်မှုမှာ ၃၄.၅ ရာခိုင်နှုန်း နှင့် ဒုတိယအများဆုံး၊ သစ်တောကဏ္ဍ၏ အသားတင်ထုတ်လုပ်မှုတန်ဖိုးမှာ ကျပ် ၁၁၁၂၀.၆ သန်း၊ ပါဝင်မှု မှာ ၀.၅ ရာခိုင်နှုန်း နှင့် တတိယအများဆုံး ဖြစ်ပါသည်။

## ၄-၁၅။ နေပြည်တော်ကောင်စီနယ်မြေ

၂၉။ ပဥ္စမကာလတိုငါးနှစ်အမျိုးသားစီမံကိန်း၏ ပထမနှစ်ဖြစ်သည့် ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ် မတ်လကုန်စာရင်းများအရ ၂၀၁၀-၂၀၁၁ဘဏ္ဍာနှစ် ပုံမှန်ဈေးနှုန်းများဖြင့် တွက်ချက်ထားသော ပြည်တွင်း အသားတင်ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးမှာ ကျပ် ၅၂၂၆၃၆.၂ သန်း ဖြစ်ပြီး ၂၀၁၀-၂၀၁၁ ဘဏ္ဍာနှစ် ရှေ့ပြေးအမှန်စာရင်းနှင့် နှိုင်းယှဉ်ပါ က ၁၇.၆ ရာခိုင်နှုန်း တိုးတက်ခဲ့ပါ သည်။ ဝန်ဆောင်မှုကဏ္ဍကြီး၏ အသားတင်ဝန်ဆောင်မှုတန်ဖိုးမှာ ကျပ် ၂၃၂၀၉၄.၂ သန်းဖြစ်၍ ပါဝင်မှုမှာ ၄၄.၄ ရာခိုင်နှုန်း နှင့် ပထမအများဆုံး၊ လယ်ယာကဏ္ဍကြီး၏ အသားတင် ထုတ်လုပ်မှု တန်ဖိုးမှာ ကျပ် ၁၅၃၅၆၈.၃ သန်းဖြစ်၍ ပါဝင်မှုမှာ ၂၉.၄ ရာခိုင်နှုန်း နှင့် ဒုတိယ အများဆုံး၊ စက်မှုကဏ္ဍကြီး၏ အသားတင် ထုတ်လုပ်မှု တန်ဖိုးမှာ ကျပ် ၁၃၆၉၇၃.၇ သန်း၊ ပါဝင်မှုမှာ ၂၆.၂ ရာခိုင်နှုန်း နှင့် တတိယ အများဆုံး ဖြစ်ပါသည်။

၃၀။ ဝန်ဆောင်မှုကဏ္ဍကြီးတွင် ပို့ဆောင်ရေးကဏ္ဍ၏ အသားတင် ဝန်ဆောင်မှု တန်ဖိုးမှာ ကျပ် ၆၄၂၆၂.၂ သန်း ဖြစ်ပြီး ပါဝင်မှုမှာ ၂၇.၇ ရာခိုင်နှုန်း နှင့် ပထမအများဆုံး၊ ကုန်သွယ်မှုကဏ္ဍ၏ အသားတင်တန်ဖိုးမှာ ကျပ် ၆၂၉၂၄.၅ သန်းဖြစ်ပြီး ပါဝင်မှုမှာ ၂၇.၁ ရာခိုင်နှုန်း နှင့် ဒုတိယ အများဆုံး၊ ဆက်သွယ်ရေးကဏ္ဍ၏ ဝန်ဆောင်မှုတန်ဖိုးမှာ ကျပ် ၂၃၉၁၃.၅ သန်း၊ ပါဝင်မှုမှာ ၁၀.၃ ရာခိုင်နှုန်း နှင့် တတိယအများဆုံး ဖြစ်ပါသည်။

၃၁။ ဒေသများကို ကြည့်ရှုပါက ရန်ကုန်တိုင်းဒေသကြီးတွင် စက်မှုကဏ္ဍကြီး၏ ပါဝင်မှုအချိုးအစားများပြီး ကျန်တိုင်းဒေသကြီး/ပြည်နယ်အများစုမှာ လယ်ယာကဏ္ဍကြီးပေါ်တွင် မှီခိုနေရကြောင်းတွေ့ရှိရ၍ စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်စေရေးကို ပိုမိုဆောင်ရွက်သင့်ကြောင်း တွေ့ရှိရပါသည်။ မန္တလေးတိုင်းဒေသကြီး၊ရခိုင်ပြည်နယ်နှင့် နေပြည်တော်ကောင်စီတို့တွင် ဝန်ဆောင်မှုကဏ္ဍ

၏ ပါဝင်မှုအချိုးအစားများပြီး ပို့ဆောင်ရေးကောင်းမွန်ကြောင်း တွေ့ရှိရပါသည်။ ကျန်တိုင်းဒေသကြီး/ပြည်နယ်များတွင်လည်း ပို့ဆောင်ရေးတိုးတက်ကောင်းမွန်ရန် လိုအပ်ပါသည်။ ပို့ဆောင်ရေးကောင်းမွန်ပါက ကုန်စည်စီးဆင်းမှု လျှင်မြန်လာပြီး တိုင်းဒေသကြီး/ပြည်နယ်များ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်ပါသည်။

၃၂။ ဒေသများ၏ ကဏ္ဍကြီးအလိုက်အရေးပါမှုနှင့် စီးပွားရေးအဆောက်အအုံ ပြောင်းလဲမှုများကို ဇယား( ၉၁ ) မှ ဇယား ( ၉၆ ) အထိ ဖော်ပြထားပါသည်။

# အပိုင်း (၅)

# လူမှုရေး ဖွံ့ဖြိုးမှု

## ၅-၁။ ပညာရေး နှင့် လူ့စွမ်းအား အရင်းအမြစ် ဖွံ့ဖြိုးရေး

၁။ ပညာရေး မူဝါဒ၊ ရည်မှန်းချက်များနှင့်အညီ တစ်မျိုးသားလုံး၏ ပညာရည်မြင့်မားရေး ဆိုင်ရာလုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာတွင် "လူတိုင်းအတွက် ပညာရေး" လုပ်ငန်းများကို ကမ္ဘာ့နိုင်ငံအသီးသီးနှင့် ပူးပေါင်း၊ အကောင်အထည်ဖော် ဆောင်ရွက် လျက်ရှိပါသည်။ နိုင်ငံတစ်နိုင်ငံ၏ ပညာရေးအဆင့်အတန်းသည် ထိုနိုင်ငံ၏ လူ့စွမ်းအား ဖွံ့ဖြိုး တိုးတက်မှုတွင် အဓိကအခန်းကဏ္ဍမှ ပါဝင်နေသောကြောင့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် အစိုးရ၊ ပညာရေးဝန်ကြီးဌာနအနေဖြင့် အခြေခံပညာနှင့် အဆင့်မြင့်ပညာရပ်များကို ပုဂ္ဂလိက ကျောင်းများတွင်ပါ သင်ကြားခွင့် ရှိနိုင်စေရေးအတွက် ၂၀၁၁ ခုနှစ်၊ ဒီဇင်ဘာလ (၂) ရက်မှစ၍ ပုဂ္ဂလိကကျောင်းများ ထူထောင်ခွင့်ဥပဒေကို ထုတ်ပြန်ဆောင်ရွက်လျက်ရှိခြင်း၊ အခြေခံပညာရေး တွင် အခမဲ့မသင်မနေရ မူလတန်းပညာရေးစနစ်ကို ချမှတ် အကောင်အထည်ဖော်ခြင်း၊ ကုလသမဂ္ဂ ထောင်စုနှစ် ရည်မှန်းချက်များ ပြည့်မီရေးဆောင်ရွက်ခြင်း တို့ကို ပြုလုပ်လျက် ရှိပါသည်။

၂။ ပညာရေးလုပ်ငန်းနှင့်စပ်လျဉ်း၍ ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ် မတ်လကုန်စာရင်းများအရ အခြေခံပညာရေးအဆင့်၌ မူလတန်းကျောင်း ၂၉၀၂၂၊ ဘုန်းတော်ကြီးသင် မူလတန်းကျောင်း ၁၁၀၈၊ မူလတန်းလွန်ကျောင်း ၆၆၇၆၊ ဘုန်းတော်ကြီးသင် မူလတန်းလွန်ကျောင်း ၂၉၃၊ အလယ်တန်းကျောင်း ၃၂၄၈၊ ဘုန်းတော်ကြီးသင် အလယ်တန်းကျောင်း ၁၁၂၊ အထက်တန်း ကျောင်း ၂၄၁၅၊ ဘုန်းတော်ကြီးသင်အထက်တန်းကျောင်း ၂ ကျောင်းတို့မှ စုစုပေါင်း ကျောင်းသား ၈၃၁၅၀၃၉ ဦး ပညာသင်ကြားလျက်ရှိပြီး ရာခိုင်နှုန်း အားဖြင့် ၉၃.၅၇ ရာခိုင်နှုန်းဖြစ်ပါသည်။ သိပ္ပံကျောင်းများ၊ သူနာပြုသင်တန်းကျောင်းများ၊ စက်မှုလက်မှုနှင့် အခြားသက်မွေး သင်တန်း ကျောင်းများ တွင် ကျောင်းသား ၁၇၈၄၅ ဦး ပညာသင်ကြားလျက်ရှိပြီး ရာခိုင်နှုန်းအားဖြင့် ၀.၂၀ ရာခိုင်နှုန်း ရှိပါသည်။ အဆင့်မြင့် ပညာရေး အနေဖြင့် တက္ကသိုလ်နှင့် ကောလိပ်ပေါင်း ၁၅၆ ခုတွင် ကျောင်းသား ၅၅၃၁၆၀ ဦး ပညာသင်ကြားလျက်ရှိပြီး ရာခိုင်နှုန်းအားဖြင့် ၆.၂၃ ရာခိုင်နှုန်း ပညာ သင်ကြားလျက် ရှိပါသည်။

၃။ ပညာရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်မှ ကျခံခဲ့သည့် အသုံးစရိတ်မှာ ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ် မတ်လကုန် စာရင်းအရ ပညာရေး ဝန်ကြီးဌာနမှ ကျပ် ၃၁၀,၀၁၉.၉ သန်း၊ အခြားဝန်ကြီးဌာနများမှ ပညာရေးအသုံးစရိတ်ကျပ် ၄၀,၂၆၉.၉ သန်း၊ စုစုပေါင်း ၃၅၀,၂၈၉.၈ သန်းဖြစ်ရာ ယခင်နှစ်ကထက် ၃၈,၈၀၂.၈ သန်း ပိုမိုခဲ့ပါသည်။

၄။ ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်၊ စီမံကိန်းဥပဒေပါ လုပ်ငန်းစဉ်များအပေါ် ၂၀၁၂ ဘဏ္ဍာနှစ်၊ မတ်လကုန်ပိုင်းအထိ ပညာရေးဆိုင်ရာ အကောင်အထည်ဖော်နိုင်မှု အခြေအနေမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

**၅-၁-၁။ အခြေခံပညာကဏ္ဍ**

(၁) အခမဲ့ မသင်မနေရ မူလတန်း ပညာရေးစနစ်ကို အစပျိုး ဆောင်ရွက်မှုအဖြစ် နိုင်ငံတော်မှ မူလတန်း ကျောင်းသုံး စာအုပ် ၂၁.၅၇ သန်း (တန်ဖိုးငွေ ကျပ် ၁,၈၃၅.၅၁ သန်းကျော်) ကျခံ၍ မူလတန်းအဆင့် ကျောင်းသား၊ ကျောင်းသူ ၅ သန်းကျော်သို့ အခမဲ့ ထောက်ပံ့ပေးနိုင်ခဲ့ပါသည်။ ကျောင်းသုံးစာအုပ်များကို အခမဲ့ ထောက်ပံ့ပေးခြင်းဖြင့် မူလတန်း ပညာ သင်ယူမှု အခွင့်အလမ်းများ ပိုမို တိုးတက်ရရှိစေပြီး ကျောင်းနေနှုန်း မြင့်မားစေရန် ဆောင်ရွက်နိုင်ခဲ့ပါသည်။

(၂) ၂၀၁၂-၁၃ ပညာသင်နှစ်တွင် အခြေခံပညာ အထက်တန်း ပညာသင်ဆုနှင့် အလယ်တန်း ပညာသင်ဆုများ ချီးမြှင့်ပေးနိုင်ရေးအတွက် ပညာသင်ဆု စာမေးပွဲများ ကျင်းပခဲ့ပြီး ပညာသင်ဆုချီးမြှင့်ပေးမည့် ကျောင်းသား၊ ကျောင်းသူများအား စိစစ်ရွေးချယ်ခဲ့ပါသည်။ ဉာဏ်ပညာထက်မြက်ပြီး ပညာဆက်လက် သင်ယူရန် အခက်အခဲရှိသည့် ကျောင်းသား၊ ကျောင်းသူများအား ပညာသင်ထောက်ပံ့ကြေးများ ပေးအပ်နိုင်ရေးအတွက် စီစဉ် ဆောင်ရွက်နိုင်ခဲ့ပါသည်။

(၃) ကျောင်းသား၊ ကျောင်းသူများ၏ သင်ယူတတ်မြောက်မှု အရည်အသွေးများနှင့် ကိုယ်ရည်ကိုယ်သွေး မြင့်မားတိုးတက်လာရေး အတွက် ၂၀၁၂-၂၀၁၃ ပညာသင်နှစ်မှ ၂၀၁၅-၂၀၁၆ ပညာသင်နှစ်အတွင်း တစ်နိုင်ငံလုံး အတိုင်းအတာအရ မူလတန်းအဆင့်တွင် ကလေးဗဟိုပြု သင်ယူမှုချဉ်းကပ်နည်းဖြင့် လေ့ကျင့်သင်ကြားပေးနိုင်ရန် ပြင်ဆင်ဆောင်ရွက်လျက်ရှိပါသည်။ နှစ်စဉ် နွေရာသီ ကျောင်းပိတ်ရက်များတွင် စီမံချက် မြို့နယ်အလိုက် မူလတန်းသင်ဆရာ၊ ဆရာမများအတွက် သင်ကြားရေး မွမ်းမံ သင်တန်းများ ဖွင့်လှစ်လေ့ကျင့်ပေးမည်ဖြစ်ရာ ၂၀၁၂-၂၀၁၃ ပညာသင်နှစ် မစတင်မီ ကလေးဗဟိုပြု

သင်ယူမှု ချဉ်းကပ်နည်းဖြင့် လေ့ကျင့်သင်ကြားရေး ဗဟိုအဆင့်နည်းပြ သင်တန်းကို ၂၀၁၂ ဘဏ္ဍာနှစ်၊ မတ်လကုန်ပိုင်းတွင် ဖွင့်လှစ် ခဲ့ပါသည်။

(၄) အခြေခံပညာကျောင်းသား၊ ကျောင်းသူများ၏ သင်ယူတတ်မြောက်မှု အရည်အသွေး မြင့်မားရေးအတွက် လက်တွေ့သရုပ်ပြ သင်ကြားနိုင်ရန် သင်ထောက်ကူ ပစ္စည်းများ၊ Media ခန်းသုံးပစ္စည်းများ၊ သိပ္ပံလက်တွေ့ခန်းသုံး ပစ္စည်းများကို အခြေခံပညာ ကျောင်းများသို့ ဖြန့်ဝေပေးနိုင်ခဲ့ပါသည်။ အဆိုပါပစ္စည်းများအတွက် အသုံးစရိတ်ကို ၂၀၁၀-၂၀၁၁ ဘဏ္ဍာရေးနှစ်တွင် ကျပ်သန်း ၃၀၇.၅၉၉ သုံးစွဲခဲ့ရာမှ ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်တွင် ငွေကျပ် သန်း ၃၃၇.၄၄၆ ကျခံ သုံးစွဲခဲ့သဖြင့် ယခင်နှစ်ကထက် ၁၀ ရာခိုင်နှုန်းခန့် တိုးမြှင့်ကျခံသုံးစွဲခဲ့ပါသည်။

(၅) အခြေခံပညာကျောင်းများ၏ ကျောင်းဥပဓိရုပ် ကောင်းမွန်ရေး၊ စာသင်ဆောင်၊ ပရိဘောဂများ ပြည့်စုံရေးတို့အတွက် တည်ဆောက်ရေးနှင့် ပြုပြင်ထိန်းသိမ်းရေး အသုံးစရိတ်များကို ယခင်နှစ်က ငွေကျပ် ၈,၂၈၆.၉ သန်း ကျခံသုံးစွဲခဲ့ရာမှ ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်တွင် ၄၃,၃၆၈.၉ သန်းခန့်အထိ တိုးမြှင့် သုံးစွဲခဲ့သဖြင့် ယခင်နှစ်က ထက် ၄ ဆကျော် ကျခံသုံးစွဲခဲ့ပါသည်။

(၆) စာတတ်မြောက်ရေးလုပ်ငန်းများကို တိုင်းဒေသကြီး/ပြည်နယ်နှင့် ဒေသအလိုက် စီမံချက်များ ရေးဆွဲဆောင်ရွက်နိုင်ခဲ့သဖြင့် ၂၀၁၁ခုနှစ်၊ စာတတ်မြောက်မှုနှုန်းမှာ ၉၅.၀၁ ရာခိုင်နှုန်းထိ တိုးတက်လာခဲ့ပါသည်။ စဉ်ဆက်ပညာရေးကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် ၂၀၁၁ ခုနှစ်တွင် ရပ်ရွာ ပညာပဒေသာဌာန ၂၇၄၂ အထိတိုးချဲ့ ဖွင့်လှစ်နိုင်ခဲ့ပါသည်။

### ၅-၁-၂။ အဆင့်မြင့်ပညာကဏ္ဍ

(၁) အမျိုးသားလူ့စွမ်းအားဖွံ့ဖြိုးမှုဌာန နှင့် တက္ကသိုလ်၊ဒီဂရီကောလိပ်များရှိ အမျိုးသား လူ့စွမ်းအား ဖွံ့ဖြိုးမှုဌာန အသီးသီးတွင် သင်တန်းများ တိုးချဲ့ဖွင့်လှစ် လျက်ရှိရာ ၁-၄-၂၀၁၁ ရက်နေ့မှ ၃၁-၃-၂၀၁၂ ရက်နေ့အထိ ဖွင့်လှစ်ပြီး ဖွင့်လှစ်ဆဲ သင်တန်း အမျိုးအစား(၄၈)မျိုးတွင် တက်ရောက်သင်ကြားသော သင်တန်းသားဦးရေမှာ တစ်ဖက်ပါ အတိုင်းဖြစ်ပါသည်-

| စဉ် | သင်တန်း အမျိုးအစား | တက်ရောက်ပြီး သင်တန်းသား | တက်ရောက်ဆဲ သင်တန်းသား | စုစုပေါင်း သင်တန်းသား |
|---|---|---|---|---|
| ၁ | မဟာဘွဲ့ | ၃၅ | ၂၃၀ | ၂၆၅ |
| ၂ | ဒီပလိုမာ | ၂၂၉၅ | ၁၄၂၄ | ၃၇၁၉ |
| ၃ | လက်မှတ်ရ | ၄၆၃၈ | ၅၇၈၇ | ၁၀၄၂၅ |
|  | စုစုပေါင်း | ၆၉၆၈ | ၇၄၄၁ | ၁၄၄၀၉ |

ဇာစ်မြစ်။ ပညာရေးဝန်ကြီးဌာန

(၂) တက္ကသိုလ်တည်ရှိရာဒေသ၏ ရေမြေသဘာဝနှင့် ကိုက်ညီ၍ လက်တွေ့စီးပွားရေး လုပ်ငန်းတွင် ဆက်စပ်အသုံးချနိုင်သော ပညာရပ်များသင်ကြားမှုအဖြစ် ဧရာဝတီ တိုင်းဒေသကြီးရှိ တက္ကသိုလ်များတွင် ငါးမွေးမြူရေးဆိုင်ရာ ပညာရပ်များ၊ တနင်္သာရီ တိုင်းဒေသကြီးရှိ တက္ကသိုလ်များတွင် အဏ္ဏဝါသိပ္ပံဆိုင်ရာ ပညာရပ်များ၊ ရန်ကုန်တိုင်း ဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးရှိ တက္ကသိုလ်များတွင် စက်မှုလုပ်ငန်း၊ စီးပွားရေး လုပ်ငန်းများအတွက် ကုန်ထုတ်လုပ်မှု၊ စီမံခန့်ခွဲမှုဆိုင်ရာ ပညာရပ်များ၊ ဈေးကွက် သုတေသနပြု လေ့လာရေးဆိုင်ရာပညာရပ်များ၊ နိုင်ငံတော်၏ တိုးတက် ပြောင်းလဲမှုနှင့် အညီ လိုအပ်သော Tourism Management, Journalism ဆိုင်ရာ ဘွဲ့ကြို/ဘွဲ့လွန် သင်တန်းများ၊ ဒီပလိုမာ သင်တန်းများ ဆောင်ရွက်လျက်ရှိပါသည်။

(၃) တက္ကသိုလ် ပညာရေးဆိုင်ရာ အရည်အသွေးတိုးတက်ရန်အတွက် ကျောင်းသား ကျောင်းသူများ၏ အရည်အသွေးတိုးတက်ရေး၊ ဆရာ/ဆရာမများ အရည်အသွေး တိုးတက်ရေး၊ စီမံခန့်ခွဲရေးဝန်ထမ်းများ အရည်အသွေး တိုးတက်ရေးကို ကဏ္ဍအလိုက် ဆောင်ရွက်နိုင်ခဲ့ပါသည်။ ပညာရပ်ကို နက်နဲကျယ်ပြန့်စွာဖြင့် တတ်မြောက်ရေး အတွက် ကျောင်းသား ကျောင်းသူများ၏ တတ်မြောက်မှု အရည်အသွေး၊ သင်ကြားမှု နည်းစနစ်များ မှန်ကန်စေရန် ဗဟိုဆင့်ပွားသင်တန်းများ ဖွင့်လှစ်ခြင်း၊ ဆရာ ဆရာမများ အရည်အသွေး တိုးတက်ရေးအတွက် အင်္ဂလိပ်စာသင်တန်းများ၊ မဟာဘွဲ့သင်တန်း၊ Ph.D သင်တန်းများ တက်ရောက်စေခြင်း၊ သုတေသနလုပ်ငန်းများ အားပေး ဆောင်ရွက် စေခြင်း၊ ပြည်တွင်းပြည်ပ သင်တန်းများ၊ Seminar များ၊ Workshop များ စေလွှတ်ခြင်း များ ဆောင်ရွက်နိုင်ခဲ့ပါသည်။

(၄) သုတေသနလုပ်ငန်းများ အနေဖြင့် နိုင်ငံ့အကျိုးပြု၊ ဒေသအကျိုးပြု၊ ဘာသာ ရပ်ဆိုင်ရာ အကျိုးပြု သုတေသနများအနက် ဆောင်ရွက်ပြီး သုတေသန (၆၅၀၉)ခု၊ ဆောင်ရွက်ဆဲ

သုတေသန (၃၂၁၅) ခု ရှိပါသည်။ အဆင့်မြင့်ပညာ ဦးစီးဌာနများ အနေဖြင့် ဦးစီး ထုတ်ဝေသည့် Universities Research Journal (၈၃၉) ခု၊ မြန်မာနိုင်ငံဝိဇ္ဇာနှင့် သိပ္ပံပညာရှင်အဖွဲ့က ဦးစီးထုတ်ဝေသည့် Journal of the Myanmar Academy of Arts and Science (၁၀၀၈) ခု၊ တက္ကသိုလ် တစ်ခုစီက ဆောင်ရွက်ခဲ့သော သုတေသန စာတမ်းများကို စုစည်းဖော်ပြသည့် တက္ကသိုလ် သုတေသနဂျာနယ်တွင် သုတေသန စာတမ်းပေါင်း (၁၂၇၅) ခု စုစုပေါင်း သုတေသန စာတမ်းပေါင်း (၃၁၂၂) ခု ပါဝင်သည့် သုတေသနဂျာနယ်များကို ထုတ်ဝေ နိုင်ခဲ့ပါသည်။

(၅) အဝေးသင် သင်တန်းများအနေဖြင့် Assignment, Text book များကို ကျောင်းသား ကျောင်းသူများအား အချိန်မီ ဖြန့်ဝေပေးခြင်း၊ Assignment ဖြေဆိုမှုများကို ထိထိ ရောက်ရောက် စစ်ဆေးပေးခြင်း၊ အနီးကပ်သင်တန်းများ၊ အပတ်စဉ် လက်တွေ့ သင်တန်းများ ပို့ချပေးခြင်း၊ အချိန်ပိုင်း သင်တန်းများအနေဖြင့် အင်္ဂလိပ်စာသင်တန်း၊ ICT သင်တန်း၊ ဘာသာစကားသင်တန်း၊ ဥပဒေဆိုင်ရာ သင်တန်း၊ စိတ်ပညာ ဘာသာရပ်သင်တန်း၊ စီမံခန့်ခွဲမှုဆိုင်ရာ သင်တန်း၊ Tourism/ Journalism သင်တန်း များကို ထိရောက်စွာ သင်ကြားပို့ချ ဆောင်ရွက်လျက် ရှိပါသည်။

(၆) ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်တွင် အဆင့်မြင့် ပညာသင်ကြားမှုဆိုင်ရာ အဆောက်အအုံ အနေဖြင့် တက္ကသိုလ်၊ ဒီဂရီကောလိပ်(၅)ခုတွင် (၂)ထပ်စာသင်ဆောင် (၆)ဆောင် အတွက် ရန်ပုံငွေ ကျပ် ၁,၅၄၆.၀၅၆ သန်း၊ မန္တလေးတက္ကသိုလ်တွင် စာကြည့်တိုက်(၁) လုံးအတွက် ၇၈.၃ သန်း၊ တက္ကသိုလ်(၅)ခုတွင် အားကစားရုံ၊ ဘောလုံးကွင်း ပြုပြင်ခြင်းအတွက် ရန်ပုံငွေကျပ် ၃၆၆.၈၀၁ သန်း ကျခံသုံးစွဲခဲ့ပါသည်။ စစ်တွေတက္ကသိုလ်တွင် ဆောင်ရွက်ဆဲ (၃)ထပ် စာသင်ဆောင်အတွက် ငွေကျပ် ၁,၈၈၅.၈၂၇ သန်း သုံးစွဲခဲ့ပြီး၊ တက္ကသိုလ်၊ ဒီဂရီ ကောလိပ် (၁၅) ခုရှိ အဆောက်အအုံများအား မွမ်းမံ ဆေးသုတ်ခြင်းအတွက် ငွေ ကျပ် ၆၃၄.၁၇၅ သန်း ကိုလည်း ကျခံ၍ ပညာရပ် ပတ်ဝန်းကျင်ကောင်းများ ဖြစ်လာအောင် ဆောင်ရွက်ခဲ့ပါသည်။ ICT center, Learning center, Language Lab,Resource center အဆောက်အအုံများ ပြုပြင်မွမ်းမံခြင်းနှင့် ပတ်ဝန်းကျင်စိမ်းလန်း စိုပြည်ရေးလုပ်ငန်းများအတွက် ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်တွင် ငွေကျပ် ၁,၈၀၂.၇၇၈ သန်း ကို လည်းကောင်း၊ ဘာသာရပ်ဆိုင်ရာ စာအုပ်များအတွက် ငွေကျပ် ၇၃.၉၈၂ သန်း၊ ဓာတ်ခွဲခန်းနှင့် သုတေသနလုပ်ငန်းများတွင် အသုံးပြုရန် လက်တွေ့ခန်းသုံး ပစ္စည်းများ အတွက် ငွေကျပ် ၁,၀၂၇.၀၆၅ သန်း၊ စက်နှင့်စက်ပစ္စည်းများ၊ ရုံးသုံး စက်ကိရိယာများ၊

ရုံးသုံးပရိဘောဂ၊ ရုံးသုံးယာဉ်များအတွက် ငွေကျပ် ၈၂၆.၄၆၇ သန်း တို့ကို ကျခံဆောင်ရွက်ခဲ့ပါသည်။

(၇) နိုင်ငံတကာ ပညာရေးနယ်ပယ်များနှင့် ဆက်သွယ်ဆောင်ရွက်နိုင်သည့် အဆင့်မြင့်ပညာသင်ကြားမှုဆိုင်ရာ ဘွဲ့ကြို ဘွဲ့လွန် သင်တန်းများသို့လည်း ဆရာ၊ ဆရာမ များကို အပြန်အလှန် စေလွှတ်နိုင်ခဲ့ပါသည်။ ပြည်ပသို့ ဧည့်ပါမောက္ခများ စေလွှတ် ခြင်း၊ ပြည်ပမှ ဧည့်ပါမောက္ခများနှင့် ပါရဂူကျမ်း ကြီးကြပ်ခြင်း၊ စာတမ်းဖတ်ပွဲများ ကျင်းပခြင်းတို့ကိုလည်း ဆောင်ရွက်နိုင်ခဲ့ပါသည်။ ရန်ကုန် နိုင်ငံခြားဘာသာ တက္ကသိုလ်တွင် တရုတ်ဘာသာစကား သင်တန်းကို ပါရဂူအဆင့်အထိ ပို့ချ ဆောင်ရွက်လျက် ရှိပါသည်။

(၈) (၁၅) ကြိမ်မြောက် အာဆီယံတက္ကသိုလ် ပေါင်းစုံ ပြိုင်ပွဲကို ထိုင်းနိုင်ငံ ချင်းမိုင်မြို့တွင် ၁၂-၁၂-၂၀၁၀ ရက်နေ့မှ ၂၃-၁၂-၂၀၁၀ ရက်နေ့အထိ ကျင်းပပြုလုပ်ခဲ့ရာ အားကစားနည်း (၈) မျိုးတွင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပြီး ဘောလုံး၊ ပိုက်ကျော်ခြင်း နှင့် တင်းနစ် ပြိုင်ပွဲများတွင် ငွေတံဆိပ်ဆုများ ဆွတ်ခူးနိုင်ခဲ့ပါသည်။ ဆက်လက်၍လည်း တက္ကသိုလ်များတွင် ဉာဏ်ရည် ထက်မြက်ရုံသာမက ကျန်းမာကြံ့ခိုင်သော နိုင်ငံ့သားကောင်းများ ဖြစ်ထွန်းလာရေးအတွက် တက္ကသိုလ်အဆင့်၊ ဇုန်အဆင့်၊ ဦးစီးဌာနအဆင့် အားကစားပြိုင်ပွဲမျိုးစုံကို ကျင်းပနိုင်ခဲ့ပါသည်။ တက္ကသိုလ် ဒီဂရီ ကောလိပ်များတွင် ကျပန်းစကားပြောပြိုင်ပွဲများ၊ စာစီစာကုံးပြိုင်ပွဲများ၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ ဟောပြောပွဲများ၊ မူးယစ်ဆေးဝါး ပပျောက်ရေးနှင့် မျိုးချစ်စိတ်ဓာတ် ရှင်သန် ထက်မြက်ရေးအတွက် ဟောပြောပွဲများ၊ ပညာပေး လုပ်ငန်းများကိုလည်း ဆောင်ရွက်ပေးလျက် ရှိပါသည်။

၅။ ပညာရေးဝန်ကြီး ဌာနအနေဖြင့် ထောင်စုနှစ်ရည်မှန်းချက်များ ပြည့်မီရေးအတွက် ဆောင်ရွက်လျက်ရှိရာတွင် ထောင်စုနှစ် ရည်မှန်းချက်ပန်းတိုင်(၂)ရှိ မူလတန်းပညာရေးတွင် အသားတင်ကျောင်းနေနှုန်းသည် ၁၉၉၀ ခုနှစ်တွင် ၆၅.၇ ရာခိုင်နှုန်းရှိခဲ့ရာမှ ၂၀၁၁ ခုနှစ်တွင် ၈၄.၆၀ ရာခိုင်နှုန်းသို့ တိုးတက်လာခဲ့ပြီး ၂၁ နှစ် ကာလအတွင်း တိုးတက်မှုနှုန်းမှာ ၁၈.၉၀ ရာခိုင်နှုန်းဖြစ်ပြီး ၁ နှစ် ပျမ်းမျှတိုးတက်မှုနှုန်းမှာ ၀.၉၀ ရာခိုင်နှုန်းရှိသည်ကို တွေ့ရှိရပါသည်။ ၂၀၁၅ ခုနှစ်တွင် အသားတင်ကျောင်းနေနှုန်း ရာနှုန်းပြည့်မီရေးအတွက် ကြိုးပမ်းရန်လိုအပ်ပါသည်။ အဆင့် ၁ (သူငယ်တန်း)မှ အဆင့် ၅ (စတုတ္ထတန်း)အထိ ရောက်ရှိလာသော ကျောင်းသား များ အချိုးသည် ၁၉၉၀ ခုနှစ်တွင် ၂၄.၅ ရာခိုင်နှုန်း ရှိခဲ့ရာမှ ၂၀၁၁ ခုနှစ်တွင် ၆၈.၆ ရာခိုင်နှုန်းသို့

တိုးတက်လာခဲ့ပြီး ၂၁ နှစ်ကာလအတွင်း တိုးတက်မှုနှုန်းမှာ ၄၄.၁ ရာခိုင်နှုန်း ဖြစ်ပြီး တစ်နှစ်ပျမ်းမျှ တိုးတက်မှုနှုန်းမှာ ၂.၁ ရာခိုင်နှုန်း ရှိသည်ကို တွေ့ရှိရပါသည်။

၆။ ထောင်စုနှစ် ရည်မှန်းချက် အမှတ် ၃ ဖြစ်သည့် ဖြစ်နိုင်ပါက ၂၀၀၅ ခုနှစ်တွင် မူလတန်း၊ အလယ်တန်းနှင့် အထက်တန်း ပညာရေး၌ ကျား၊ မ အခွင့်အရေး မတူညီမှု ပပျောက် စေရန်နှင့် ၂၀၁၅ ခုနှစ်ထက် နောက်မကျစေဘဲ ပညာရေးအဆင့်အားလုံး၌ ဖယ်ရှားပြီး ဖြစ်ရန်အတွက် မူလတန်း၊ အလယ်တန်း၊ အထက်တန်းနှင့် အဆင့်မြင့် ပညာရေးရှိ မိန်းကလေးနှင့် ယောကျ်ားကလေးများ အချိုးတွင် ၁၉၉၀ ခုနှစ် မူလတန်း၌ ၉၂.၈၃ ရာခိုင်နှုန်း၊ အလယ်တန်း၌ ၉၂.၄၅ ရာခိုင်နှုန်း၊ အထက်တန်း၌ ၉၇.၁၉ ရာခိုင်နှုန်း၊ အဆင့်မြင့်ပညာရေး၌ ၁၅၀.၆၄ ရာခိုင်နှုန်းမှ ၂၀၁၁ ခုနှစ် တွင် မူလတန်း၌ ၉၆.၆ ရာခိုင်နှုန်း၊ အလယ်တန်း၌ ၁၀၀.၄၄ ရာခိုင်နှုန်း၊ အထက်တန်း၌ ၁၁၆.၄၉ ရာခိုင်နှုန်း၊ အဆင့်မြင့် ပညာရေး၌ ၁၄၈.၄၃ ရာခိုင်နှုန်းသို့ ရောက်ရှိခဲ့ ပါသည်။

၇။ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်မှ အောက်ဖော်ပြပါ ကော်မတီများကို ဖွဲ့စည်းကာ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိ ပါသည်။

(က) လူ့စွမ်းအား အရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်း ရေးဆွဲ အကောင် အထည် ဖော်ရေး ကော်မတီ

(ခ) လူ့စွမ်းအား အရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်းရေးဆွဲရေး လုပ်ငန်း ကော်မတီ

(ဂ) ပညာရေး အဆင့်အတန်း မြင့်မားသော လူ့စွမ်းအား အရင်းအမြစ်များ တိုးတက် ပေါ်ထွန်းရေး လုပ်ငန်းကော်မတီ

(ဃ) သိပ္ပံနှင့်နည်းပညာဆိုင်ရာ လူ့စွမ်းအား အရင်းအမြစ်များ တိုးတက် ပေါ်ထွန်းရေး လုပ်ငန်းကော်မတီ

(င) ကျန်းမာရေးဆိုင်ရာ လူ့စွမ်းအား အရင်းအမြစ်များ တိုးတက်ပေါ်ထွန်းရေး လုပ်ငန်း ကော်မတီ

(စ) စီမံခန့်ခွဲရေးဆိုင်ရာ လူ့စွမ်းအား အရင်းအမြစ်များ တိုးတက်ပေါ်ထွန်းရေး လုပ်ငန်း ကော်မတီ

(ဆ) စီးပွားရေးလုပ်ငန်းများဆိုင်ရာ လူ့စွမ်းအားအရင်းအမြစ်များ တိုးတက် ပေါ်ထွန်းရေး လုပ်ငန်း ကော်မတီ

(ဓ) လူမှုရေး၊ စာပေယဉ်ကျေးမှု၊ သတင်းမီဒီယာဆိုင်ရာ လူ့စွမ်းအား အရင်းအမြစ်များ တိုးတက်ပေါ်ထွန်းရေးလုပ်ငန်း ကော်မတီ

(ဈ) ပို့ဆောင်ဆက်သွယ်ရေး လုပ်ငန်းများဆိုင်ရာ လူ့စွမ်းအားအရင်းအမြစ်များ တိုးတက်ပေါ်ထွန်းရေး လုပ်ငန်းကော်မတီ

(ည) လူသားအရင်းအမြစ် ကျွမ်းကျင်မှု လေ့ကျင့်ရေးနှင့် အလုပ်အကိုင် အခွင့်အလမ်း ရှာဖွေရေး လုပ်ငန်းကော်မတီ

## ၅-၁-၃။ ပညာရေးကဏ္ဍ ဖွံ့ဖြိုးမှုအတွက် အဟန့်အတားများ

၈။ အချို့ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ကျောင်းများတွင် ကျောင်းဆရာ/ဆရာမ အရေအတွက် မလုံလောက်သဖြင့် ကျောင်းအကျိုးဆောင်အဖွဲ့၏ အစီအစဉ်ဖြင့် လုပ်အားပေး ဆရာ/ဆရာမများ ခန့်ထားရသည့် အခြေအနေကို လေ့လာတွေ့ရှိရပေသည်။ အရည်အသွေး ပြည့်ဝသော ပညာရေးအဆင့်အတန်း ရရှိနိုင်စေရန်အတွက် အခြေခံပညာကျောင်းများတွင် သင်ကြားသူ ဆရာ/ဆရာမများ၏စာရင်းများကို ယင်းကျောင်းများရှိ ဆရာ၊ ကျောင်းသားအချိုးဖြင့် ဆန်းစစ်ကာ ဆရာ/ဆရာမ အင်အား လုံလောက်မှုအားနည်းသော ဒေသများတွင် ဆရာ/ဆရာမများ ထပ်မံခန့်ထားပေးရေးကို ဦးစားပေး ဆောင်ရွက်ရန် လိုအပ်ပါသည်။

၉။ ဒေသအသီးသီးတွင် ဆရာ/ဆရာမ မလုံလောက်၍ လုပ်အားပေး ဆွဲခန့်ထားရသော ဆရာ/ဆရာမ များ၏ ဘာသာရပ် ဆိုင်ရာကျွမ်းကျင်မှု အားနည်းနေသေးခြင်း၊ သင်ကြားသူ ဆရာ/ဆရာမများ အားလုံး၏ ကျွမ်းကျင်မှု မြှင့်တင်ရေး ဆောင်ရွက်ရန်လိုအပ်ခြင်း စသည်တို့နှင့် ရင်ဆိုင်နေရပါသည်။ အနာဂါတ် ပညာရေး အဆင့်အတန်းမြင့်မားစေရန် ရည်ရွယ်၍ ကျေးလက်ဒေသနှင့် မြို့နယ်အသီးသီးတွင် ဘာသာရပ်ဆိုင်ရာ မွမ်းမံသင်တန်းများ၊ ဆရာ/ဆရာမများ၏ အသိပညာ အမြင်ဖလှယ်မှု သင်တန်းများကို အမျိုးသားရေး အသွင်ဖြင့် တစ်နိုင်ငံလုံး အတိုင်းအတာအရ မဟာဗျူဟာများ Strategic Plans ချမှတ်ကာ စီစဉ်ဆောင်ရွက်ရေး အတွက် လိုအပ်လျက်ရှိပါသည်။

၁၀။ မူလတန်းပညာသင်ကြားရမည့် အသက်အရွယ်ရှိသူတိုင်း ရာနှုန်းပြည့် သင်ကြားနိုင်မှု မရှိသေးသူများနှင့် အတန်းပြီးမြောက်မှုနှုန်း ကျဆင်းသွားခြင်း၊ ကျောင်းထွက်နှုန်း ရှိနေသေးခြင်း စသည်တို့ကို ရင်ဆိုင်နေရပါသည်။ ဒေသအသီးသီးတွင် ရပ်မိရပ်ဖများ၊ အာဏာပိုင်များပါဝင်သော Community အသိုင်းအဝန်းဖွဲ့စည်းကာ မိဘများအား induced investment in education ပညာရေးအတွက် ရင်းနှီးမြှုပ်နှံမှုကို ဆွဲဆောင်မြှုပ်နှံစေသည့် အလေ့အကျင့်များ မွေးမြူပေးခြင်းဖြင့် Community based knowledge sharing ရရှိပြီး ကလေးများ၏ ပညာရေး အဆင့်အတန်းမြင့်မားရေးကို တွန်းအားပေး ဆောင်ရွက်စေသင့်ပါသည်။ မူလတန်း ပညာရေး သင်ကြားရမည့် အသက်အရွယ်များအား အလုပ်လုပ်ကိုင်ခွင့် မပေးဘဲ ဥပဒေသတ်မှတ်၍ ဟန့်တား ထားသင့် ပေသည်။ သို့မှသာ နိုင်ငံတော်၏ စာမတတ်သူဦးရေများ ပပျောက်သွားကာ ကျန်းမာရေး စောင့်ရှောက်မှု အသိပညာလည်း မြင့်မားလာပြီး လူ့စွမ်းအား ဖွံ့ဖြိုးမှုအတွက် အထောက်အကူ ပြုလာနိုင်မည်ဖြစ်ပါသည်။ ကျောင်းထွက်နှုန်းမြင့်မားမှုကို ဖြစ်ပေါ်စေသော အကြောင်းအချက် များအား ဒေသအသီးသီးရှိ Community အသိုင်းအဝန်းမှ လေ့လာဆန်းစစ်စေပြီး ဒေသများ အလိုက် ဖြစ်လေ့ဖြစ်ထ ရှိသော အကြောင်းအရင်းများအနက် ကျောင်းနှင့်နေအိမ် ဝေးကွာမှု ကြောင့်ဖြစ်ပါက ကျောင်းတစ်ကျောင်းရှိရမည့် အကွာအဝေး စံသတ်မှတ်ချက်နှင့် ကိုက်ညီစေရန် ဖြေရှင်းဆောင်ရွက်ပေးခြင်း၊ မိသားစု စီးပွားရေးကြောင့် ဖြစ်ပါက income generation ကောင်းမွန်စေရန် အစုအဖွဲ့ဖြင့် ဖြေရှင်းဆောင်ရွက်ပေးခြင်း၊ မိရိုးဖလာအမြင်ကြောင့် ကလေးများအား ကျောင်းထားရန် ခက်ခဲနေပါက အသိပညာ ဗဟုသုတ ဖြန့်ဖြူးပေး၍ ဆွဲဆောင်စေခြင်းများ ပြုလုပ်ပေးသင့်ပါ သည်။

၁၁။ အခြေခံပညာရေးတွင်လည်းကောင်း၊ အလယ်တန်းနှင့် အထက်တန်း ပညာရေးတွင်လည်း ကောင်း၊ အင်္ဂလိပ် ဘာသာစကားနှင့် အင်္ဂလိပ်ဘာသာရပ်ကို သင်ကြားသူ ဆရာ/ဆရာမများ၏ အရည်အသွေး တိုးတက်စေရေးအတွက် အင်္ဂလိပ်ဘာသာဘွဲ့ရများအား ပို့ချသူများအဖြစ် ဥပဒေပြဋ္ဌာန်း၍ သင်ကြားပို့ချစေခြင်းကိုလည်း ဦးစားပေးဆောင်ရွက်သင့်ပါသည်။ ဘာသာရပ် ဆိုင်ရာ သင်ရိုးညွှန်းတမ်းများအား အကဲဖြတ်စစ်ဆေးခြင်း၊ အဆင့်မြှင့်တင်ခြင်း၊ သင်ကြားမှု၊ သင်ယူမှု အရည်အသွေးများ မြှင့်တင်ခြင်းတို့ကိုလည်း အလေးပေးဆောင်ရွက်သင့်ပါသည်။

၁၂။ အဆင့်မြင့်ပညာရေး အရည်အသွေးနှင့် အဆင့်အတန်း မြင့်မားစေရန် သင်ရိုးညွှန်းတမ်းများအား အကဲဖြတ်စစ်ဆေးခြင်း၊ အဆင့်မြှင့်တင်ခြင်း၊ သင်ကြားမှု၊ သင်ယူမှု အရည်အသွေးများမြှင့်တင်ခြင်း၊ အကဲဖြတ်စစ်ဆေးခြင်း၊ အင်္ဂလိပ်စာဘာသာရပ်နှင့် အင်္ဂလိပ်စကား ကျွမ်းကျင်မှုရှိစေရေးလေ့ကျင့်သင်ကြားစေခြင်း၊ အသိအမြင်ဖလှယ်မှုများနှင့် ဆွေးနွေးပွဲများ ပိုမိုပြုလုပ်စေခြင်း၊ သုတေသနပိုမိုပြုလုပ်စေခြင်း တို့ကို အလေးပေးဆောင်ရွက်သင့်ပါသည်။

၁၃။ ပညာရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သည့် ကိစ္စရပ်များကို ဦးစားပေးဆောင်ရွက်ရာတွင် ထောင်စုနှစ် ရည်မှန်းချက်များ ပြည့်မီရေးနှင့် အာဆီယံ၌ အလယ်အလတ်နိုင်ငံအဖြစ်သို့ ရောက်ရှိရေးအတွက် အောက်ဖော်ပြပါ ကိစ္စရပ်များအား တိုးတက် ဆောင်ရွက်ရန်လိုအပ်ပါသည်။

- ဝေးလံ၍သွားလာရေးခက်ခဲသော ဒေသများတွင် ဒေသခံပြည်သူများမှ ကျောင်းများဆောက်လုပ်ပေးသော်လည်း သင်ကြားပေးမည့် ဆရာ/ဆရာမများ နည်းပါးခြင်းကို အလေးပေးဆောင်ရွက်ရေး၊
- ကျောင်းသား/ဆရာ အချိုးကို တိုင်းဒေသကြီး/ပြည်နယ်များနှင့် အချိုးချ သကဲ့သို့ မြို့နယ်/ကျေးရွာအလိုက် အချိုးများချရန် လိုအပ်ပြီး၊ အဆိုပါ လိုအပ်ချက်အရ ဖြစ်ပေါ်နေသည့် နယ်ပယ်ဒေသများတွင် ဆရာ/ဆရာမများ ပြောင်းရွှေ့ခန့်ထားရေး နှင့် တိုးချဲ့ခန့်ထားရေး၊
- ဝေးလံခေါင်သီသော ဒေသများတွင် ရပ်ရွာအခြေပြု ဆရာ၊ ဆရာမများ ခန့်ထားပေးရေးနှင့် အရည်အချင်းမီသည့် သင်တန်းများ ပို့ချပေးရေး၊
- ကျောင်းဥပဓိရုပ် ကောင်းမွန်ရေးအတွက် လိုအပ်သည့် ပရိဘောဂများ ဖြည့်တင်းရေးနှင့် သင်ထောက်ကူ ပစ္စည်းများရရှိရေး တို့ကို ဆောင်ရွက်သင့်ပါသည်။

## ၅-၂။ ကျန်းမာရေး

၁၄။ ကျန်းမာရေး စောင့်ရှောက်မှု လုပ်ငန်းများ ထိရောက်ရန်နှင့် ဖွံ့ဖြိုးရန်အတွက် အမျိုးသားကျန်းမာရေး ကော်မတီ၏ ဦးဆောင်မှုဖြင့် ဆောင်ရွက်လျက်ရှိရာ ပြည်သူတိုင်း သက်တမ်းစေ့နေနိုင်ရေး၊ ပြည်သူတိုင်း ရောဂါဘယကင်းရှင်းရေးဟူသော ရည်မှန်းချက်ကို အကောင်အထည်

ဖော်လျက်ရှိပါသည်။ ဤသို့ဆောင်ရွက်ရာတွင် ပဏာမကျန်းမာရေး စောင့်ရှောက်မှုကို အခြေခံ၍ အကောင်အထည်ဖော်ရန်၊ ကျေးလက်နှင့် မြို့ပြ ကျန်းမာရေး စောင့်ရှောက်မှု ကွာဟချက် ကျဉ်းမြောင်းလာစေရန်၊ ရောဂါကာကွယ်ရေးနှင့် ကုသရေး လုပ်ငန်းများကို တစ်ပြိုင်နက် မြင့်တင်ပေးပြီး ကာကွယ်ရေးလုပ်ငန်းများကို ဦးစားပေး ဆောင်ရွက်ရန်၊ ကူးစက်ရောဂါများ ပပျောက်သွားစေရန် ကြိုးပမ်းခဲ့ပါသည်။ သို့ရာတွင် ထောင်စုနှစ်ရည်မှန်းချက်ပါ အချို့ညွှန်ကိန်း များ တိုးတက်ရရှိရေးသည် စိန်ခေါ်မှု တစ်ရပ်ဖြစ်နေပြီး အထူးသဖြင့် သားဖွားမိခင် သေဆုံးမှုမှာ ကျန်းမာရေးဝန်ကြီးဌာန၏ စာရင်းအရ ၂၀၁၁-၂၀၁၂ ခုနှစ်တွင် အရှင်မွေး ၁၀၀,၀၀၀ တွင် ၂၀၀ ဦး ရှိသဖြင့် သားဖွားမိခင်သေနှုန်း လျှော့ချရေး ကြိုးပမ်းရန် လိုအပ်ပါသေးသည်။

၁၅။ ကျန်းမာရေး လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ပဏာမ ကျန်းမာရေး စောင့်ရှောက် မှုလုပ်ငန်းများ၊ ဆေးရုံအဆင့် တိုးမြှင့်ခြင်း၊ ဆေးရုံအသစ်များ ဖွင့်လှစ်ခြင်းများကို ဆောင်ရွက် ခဲ့ပါသည်။ ၂၀၀၈ ခုနှစ် အတွင်း နေပြည်တော်တွင် ကုတင် ၁၀၀၀ ဆေးရုံသစ်ကြီးကို ဖွင့်လှစ် နိုင်ခဲ့ခြင်းကြောင့် မြန်မာနိုင်ငံ အလယ်ပိုင်းဒေသအတွက် ရောဂါအလိုက် အထူးကုသမှုများကို ခံယူနိုင်ပြီဖြစ်ပါသည်။

၁၆။ တိုင်းရင်းဆေးပညာ ဦးစီးဌာနအနေဖြင့် မြန်မာနိုင်ငံ တစ်ဝှမ်းလုံးတွင် တိုင်းရင်းဆေး ဥယျာဉ်ပေါင်း ၉ ခုကို ဖွင့်လှစ်၍ ပရဆေးပင်များကို ပြုစုပျိုးထောင် ထားပါသည်။ နေပြည်တော်ရှိ ပရဆေးဥယျာဉ်တွင် တိုင်းရင်းဆေးပြတိုက် (၂)ခုနှင့် မန္တလေး တိုင်းရင်းဆေးတက္ကသိုလ်တွင် ပြတိုက်(၁)ခု စုစုပေါင်း(၃)ခုကို ဖွင့်လှစ်ထားရှိပြီး ဖြစ်ပါသည်။

၁၇။ ကျန်းမာရေး လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန် နိုင်ငံတော်မှ ကျန်းမာရေး အသုံး စရိတ်များကို နှစ်စဉ်ကျခံသုံးစွဲလျက်ရှိရာ ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ် မတ်လကုန် စာရင်းအရ ကျန်းမာရေးဝန်ကြီးဌာနမှ ကျပ် ၉၁,၀၃၃.၆ သန်း၊ အခြားဝန်ကြီးဌာနများမှ ကျန်းမာရေး အသုံးစရိတ်ငွေ ကျပ် ၉,၃၃၇.၁ သန်း၊ စုစုပေါင်း ကျပ် ၁၀၀,၃၇၀.၇ သန်း ဖြစ်ရာ ယခင်နှစ်ထက် ကျပ် ၁၃,၈၂၃.၅ သန်း ပိုမိုခဲ့ပါသည်။

၁၈။ **ကူးစက်ရောဂါများ ကာကွယ်နှိမ်နင်းရေး။** ။ငှက်ဖျားရောဂါ၊တီဘီရောဂါ၊ခုခံအားကျဆင်းမှု ကူးစက်ရောဂါ အပါအဝင် ကပ်ရောဂါ အသွင်ဖြစ်ပွားသော ကူးစက်ရောဂါများ၊ အသစ်ဖြစ်ပေါ် လာသော ကူးစက်ရောဂါများ၊ ကာကွယ်ဆေးဖြင့် ကာကွယ်၍ရသော ရောဂါများ ကာကွယ် နှိမ်နင်းခြင်း၊ ရောဂါရှာဖွေကုသခြင်းနှင့် စောင့်ကြပ်ကြည့်ရှုခြင်း လုပ်ငန်း များကို အရှိန်အဟုန်မြှင့်

ဆောင်ရွက်နိုင်ခဲ့ပါသည်။ အစုလိုက် ဝက်သက်ကာကွယ် ဆေးထိုးလုပ်ငန်းကို ၂၀၁၂ ခုနှစ်၊ မတ်လတွင် တစ်နိုင်ငံလုံး၌ ဆောင်ရွက်နိုင်ခဲ့ပါသည်။

၁၉။ **ကူးစက်မဟုတ်သောရောဂါများ ကာကွယ်ထိန်းသိမ်းရေး။** ။ အဓိက ကူးစက်ရောဂါ မဟုတ်သော ရောဂါများနှင့် အခြေအနေများ ကာကွယ် ထိန်းသိမ်းခြင်းဆိုင်ရာ ပြီးပြည့်စုံသော မူဝါဒနှင့် စီမံကိန်းများ ရေးဆွဲခြင်း၊ ရောဂါကာကွယ် ထိန်းသိမ်းခြင်း၊ စောင့်ကြပ် ကြည့်ရှုခြင်း လုပ်ငန်းများကို ဌာနပေါင်းစုံ ပူးပေါင်းပါဝင် ဆောင်ရွက်ခြင်း နည်းလမ်းများ ဖြင့် ဆောင်ရွက်ခဲ့ပါသည်။

၂၀။ **မိခင်ကလေး၊ မွေးကင်းစကလေး နှင့် ဘဝသက်တမ်းတစ်လျှောက် ကျန်းမာရေး တိုးတက်ရေး။** မိခင်ကလေး ကျန်းမာရေး၊ မျိုးဆက်ပွား ကျန်းမာရေး၊ ဆယ်ကျော်သက် ကျန်းမာရေး၊ ကျောင်းကျန်းမာရေးနှင့် သက်ကြီးရွယ်အို ကျန်းမာရေး လုပ်ငန်းများကို စီမံကိန်း ရည်မှန်းချက်များနှင့်အညီ လုပ်ငန်းဆိုင်ရာ အသိပေး ဆွေးနွေးခြင်း၊ ကျန်းမာရေး ဝန်ထမ်းများနှင့် စေတနာ့ဝန်ထမ်း ကျန်းမာရေး လုပ်သားများအား ကျွမ်းကျင်မှု သင်တန်းပေးခြင်း၊ ဆေးနှင့် ဆေးပစ္စည်း ကိရိယာများ ထောက်ပံ့ခြင်းနှင့် စောင့်ရှောက်မှု လုပ်ငန်းစဉ်များကို ဆောင်ရွက် နိုင်ခဲ့ပါသည်။

၂၁။ **ကုသမှု အရည်အသွေး မြှင့်တင်ရေးနှင့် လွှမ်းခြုံမှု တိုးတက်ရေး။** ။ဆေးရုံများတိုးချဲ့ဖွင့်လှစ်ခြင်း၊ အဆင့်မြှင့်တင်ခြင်း၊ ဆရာဝန်၊ သူနာပြုနှင့် ဆေးဘက်ဆိုင်ရာ ကျွမ်းကျင်သူများ တိုးချဲ့ခန့်ထားခြင်း၊ ဆေးဝါး၊ ဆေးပစ္စည်း၊ ရောဂါရှာဖွေရေးနှင့် ခေတ်မီဓါတ်ခွဲခန်း နည်းပညာများ ဖြည့်ဆည်းပေးခြင်းတို့ကို ဆောင်ရွက်နိုင်ခဲ့ပါသည်။ ပုဂ္ဂလိက ကျန်းမာရေး စောင့်ရှောက်မှု လုပ်ငန်းများအား ကြီးကြပ်ထိန်းသိမ်းခြင်း လုပ်ငန်းများကိုလည်း ဆောင်ရွက်နိုင်ခဲ့ပါသည်။

၂၂။ **တိုင်းရင်းဆေးပညာဖွံ့ဖြိုးတိုးတက်ရေး။** ။(၁၆)ကုတင်ဆံ့ တိုင်းရင်း ဆေးရုံ(၁)ရုံ အား ခုတင် (၅၀)ဆံ့ ဆေးရုံသို့လည်းကောင်း၊ ခုတင်(၅၀)ဆံ့ တိုင်းရင်းဆေးရုံ(၂)ရုံအား ခုတင် (၁၀၀)ဆံ့ ဆေးရုံသို့ လည်းကောင်း အဆင့်မြှင့်တင် ပေးနိုင်ခဲ့ပါသည်။ တိုင်းရင်းဆေး တက္ကသိုလ်မှ မြန်မာ့တိုင်းရင်းဆေးပညာ ဘွဲ့ရ (၁၄၀)ဦးအား လေ့ကျင့်မွေးထုတ်ပေးနိုင်ခဲ့ပြီး မြန်မာ့တိုင်းရင်း ဆေးပညာ ဘွဲ့လွန်သင်တန်းကိုလည်း စတင်ဖွင့်လှစ်နိုင်ခဲ့ပါသည်။ တိုင်းရင်းဆေး သမားတော်များ ညီလာခံနှင့် စာတမ်းဖတ်ပွဲ(နေပြည်တော်)၊ တိုင်းရင်းဆေးသုတေသန စာတမ်းဖတ်ပွဲ(မန္တလေး) နှင့် တိုင်းရင်း ဆေးနှင့် ဆေးပစ္စည်းပြပွဲ(ရန်ကုန်) တို့ကို ဆောင်ရွက် နိုင်ခဲ့ပါသည်။

၂၃။ **ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးရေး။** ။ ဆရာဝန်(၁၉၇၃)ဦး၊ သွားဘက်ဆိုင်ရာ ဆရာဝန်(၂၈၅)ဦး၊ ဆေးဝါးပညာရှင်(၂၂၈)ဦး၊ ဆေးဘက်ပညာရှင်(၂၄၇)ဦး၊ သူနာပြု သိပ္ပံဘွဲ့ (၃၆၀) ဦး၊ ကျန်းမာရေးသိပ္ပံဘွဲ့ (အခြေခံ ကျန်းမာရေး) (၁၂၂) ဦး၊ သူနာပြုဒီပလိုမာ (၁၁၉၆)ဦး၊ သားဖွား(၉၁၃)ဦး၊ အမျိုးသမီး ကျန်းမာရေးဆရာမ(၆၁)ဦး၊ ဘွဲ့လွန် ဆေးပညာ ရှင်များအနေဖြင့် ဒီပလိုမာ (၁၀၁) ဦး၊ ဆေးပညာ မဟာသိပ္ပံ(၂၈၈)ဦး၊ ဆေးလက်တွေ့ အခြေခံပါရဂူ(၁၀)ဦးနှင့် ဆေးလက်တွေ့ ပါရဂူ (၁၇)ဦး တို့ကို မွေးထုတ်နိုင်ခဲ့ပါသည်။

၂၄။ **ကျန်းမာရေးသုတေသနဖွံ့ဖြိုးရေး။** ။ ရောဂါဆိုင်ရာသုတေသန၊ ကျန်းမာရေးစနစ် သုတေသန၊ ပတ်ဝန်းကျင် ကျန်းမာရေး သုတေသန၊ တိုင်းရင်းဆေးသုတေသန၊ နည်းပညာ ဆိုင်ရာ သုတေသနနှင့် သုတေသန စွမ်းအားမြှင့်တင်ရေး စသည့် သုတေသနလုပ်ငန်း (၁၉၀) နှင့် သုတေသနဆိုင်ရာ စာတမ်းဖတ်ပွဲ၊ ဆွေးနွေးပွဲနှင့် သုတေသန တွေ့ရှိချက်များ ပုံနှိပ်ဖြန့်ဝေခြင်းတို့ကို ဆောင်ရွက်နိုင်ခဲ့ပါသည်။

၂၅။ **ကျန်းမာခြင်းကို အထောက်အကူပြုစေသည့် အခြေအနေများကို တိုးတက် ကောင်းမွန်စေရေး။** ပတ်ဝန်းကျင်ကြောင့် ပြည်သူ့ကျန်းမာရေး ထိခိုက်စေမှုအန္တရာယ်၊ လုပ်ငန်းခွင်နှင့် စက်မှုလုပ်ငန်းဆိုင်ရာ ကျန်းမာရေးအန္တရာယ်များ ထိန်းသိမ်းကာကွယ်ရေး၊ လေထု/ရေထု ညစ်ညမ်းမှု ကာကွယ်ရေး၊ ကျေးလက်ကျန်းမာရေးဌာနများ ရေရရှိရေး၊ ပတ်ဝန်းကျင် သန့်ရှင်းရေး၊ အစားအသောက်၊ ဆေးဝါးနှင့် အလှကုန်ပစ္စည်းများ ထိန်းသိမ်းရေး၊ စားသုံးသူများ ကာကွယ်စောင့်ရှောက်ရေး၊ ဆေးလိပ်နှင့် ဆေးရွက်ကြီး အန္တရာယ် ကင်းဝေးရေးနှင့် ပြည်သူလူထု၏ ကျန်းမာမှုအဆင့် မြှင့်တင်ရေးလုပ်ငန်းများကို နီးနွယ်ဌာန များ၊ အဖွဲ့အစည်း များ၊ ပြည်သူများနှင့် ပူးပေါင်းဆောင်ရွက် နိုင်ခဲ့ပါသည်။

၂၆။ **အာဟာရဖွံ့ဖြိုးရေး။** ။ ပရိုတင်းအင်အား ချို့တဲ့မှုကာကွယ်ရေး၊ အိုင်အိုဒင်းချို့တဲ့ ရောဂါ ပပျောက်ရေး၊ ဗီတာမင်အေချို့တဲ့မှု ပပျောက်ရေး၊ သံဓါတ်ချို့တဲ့ သွေးအားနည်း ရောဂါ ကာကွယ်ရေး လုပ်ငန်းများနှင့် အစားအစာနှင့်အာဟာရ စောင့်ကြပ်ကြည့်ရှုခြင်း လုပ်ငန်းများကို ဆောင်ရွက်နိုင်ခဲ့ပါသည်။

၂၇။ **ကျန်းမာရေးစနစ် အားဖြည့်ဆောင်ရွက်ရေး။** ။ မိခင်ကလေးကျန်းမာရေး၊ အာဟာရ ဖွံ့ဖြိုးရေး၊ ပတ်ဝန်းကျင် သန့်ရှင်းရေးနှင့် ကာကွယ်ဆေးထိုးလုပ်ငန်းများ ပေါင်းစည်း ဆောင်ရွက်ခြင်းကို ပေါင်းစည်းမြို့နယ်ကျန်းမာရေး စီမံချက်ရေးဆွဲပြီး ဝေးလံခက်ခဲသော

ဒေသများအထိ ဆောင်ရွက်ခြင်း၊ ဆင်းရဲနွမ်းပါးသော မိခင်နှင့်ကလေးများအတွက် ဆေးရုံ ညွှန်းပို့ ကုသရန်ပံ့ငွေ ထူထောင်ပေးခြင်း၊ အခြေခံ ကျန်းမာရေး လုပ်ငန်းများအတွက် အဆောက်အဦ၊ လူအင်အား၊ ဆေးဝါးနှင့် ကျွမ်းကျင်မှု သင်တန်းများ ဆောင်ရွက်ခြင်း၊ ကျန်းမာရေး ဘဏ္ဍာငွေ ဖြည့်တင်းရေးဆိုင်ရာ ဆွေးနွေးပွဲနှင့် သုတေသနလုပ်ငန်း၊ ကျန်းမာရေး သတင်းစနစ် အရည်အသွေး တိုးတက်ကောင်းမွန်ရေး လုပ်ငန်းများနှင့် ကျန်းမာရေး လုပ်ငန်းများတွင် နိုင်ငံတကာ အဖွဲ့အစည်းများနှင့် ပူးပေါင်း ဆောင်ရွက်ခြင်း လုပ်ငန်းများကို ဆောင်ရွက် နိုင်ခဲ့ပါသည်။

၂၈။ **ကျေးလက် နယ်စပ်ဒေသနှင့် မြို့ပြဆင်ခြေဖုံးဒေသများ ပဏာမကျန်းမာရေး စောင့်ရှောက်ရေး နည်းလမ်းဖြင့် ကျန်းမာရေး စောင့်ရှောက်မှုပေးခြင်း လွှမ်းခြုံမှု မြှင့်တင်ရေး။** ။ ကျေးလက် ကျန်းမာရေးဌာန၊ ကျေးလက်ဆေးပေးခန်းနှင့် ဒေသန္တရ ကျန်းမာရေးဌာနခွဲများ တိုးချဲ့ဖွင့်လှစ်ခြင်း၊ နယ်စပ်ဒေသ ကျန်းမာရေး လုပ်ငန်းများ တိုးချဲ့ ဆောင်ရွက်ခြင်း၊ ဆရာဝန်၊ သူနာပြုနှင့် ကျန်းမာရေး ဝန်ထမ်းများ တိုးချဲ့ခန့်ထားခြင်း၊ ဆေးဝါးဆေးပစ္စည်းနှင့် ရောဂါရှာဖွေ စမ်းသပ်ရေးဆိုင်ရာ ပစ္စည်းများ ဖြည့်ဆည်းပေးခြင်းတို့ကို ဆောင်ရွက် နိုင်ခဲ့ပါသည်။

## ၅-၃။ အလုပ်အကိုင်ရရှိရေး နှင့် လူမှုဖူလုံရေး

၂၉။ အလုပ်သမား ညွှန်ကြားရေးဦးစီးဌာနအနေဖြင့် ပြည်တွင်းပြည်ပ အလုပ်အကိုင် ရှာဖွေရေး အဖွဲ့အစည်းများနှင့် ဆက်သွယ်၍ အလုပ်အကိုင်ရရှိရေးအတွက် ဆောင်ရွက်ပေး လျက်ရှိရာ ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ် မတ်လကုန် စာရင်းများအရ ပြည်တွင်းတွင် ၃၃၅၆၉၁ ဦး၊ ပြည်ပတွင် ၅၅၆၇၃ ဦးကို အလုပ်အကိုင် ရရှိစေခဲ့ပါသည်။ အလုပ်သမားများ လူမှုဖူလုံရေး အကျိုးခံစားခွင့် ရရှိနိုင်ရေးအတွက် လူမှုဖူလုံရေးအဖွဲ့တွင် မှတ်ပုံတင်ကြရာ ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်တွင် နိုင်ငံပိုင် ၂၀၄၀ ဌာန၊ သမဝါယမပိုင် ၁၃၉၂ ဌာန ၊ ပုဂ္ဂလိကပိုင် ၃၄၈၄၆ ဌာန၊ စုစုပေါင်း ၃၈၂၇၈ ဌာနမှ အလုပ်သမားဦးရေ ၅၇၀၄၇၃ ဦး မှတ်ပုံတင်ထားပြီး ဖြစ်ပါသည်။ မှတ်ပုံတင်ထားသည့် အလုပ်သမား ဦးရေများအနက် ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်၊ မတ်လကုန် စာရင်းများအရ ၆၂ ရာခိုင်နှုန်းကို အလုပ်အကိုင် ရရှိအောင် ဆောင်ရွက်ပေးနိုင်ခဲ့ပါသည်။ လူမှုဖူလုံရေးထည့်ဝင်ကြေးမှာ ကျပ် ၆,၈၂၂ သန်း ဖြစ်ပြီး အလုပ်သမားများ အကျိုးခံစားခွင့်မှာ ကျပ် ၃,၅၁၉ သန်း ဖြစ်၍ ရာခိုင်နှုန်းအားဖြင့် ၅၁.၆ ရာခိုင်နှုန်းရှိပါသည်။

## ၅-၄။ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေး

၃၀။ နယ်စပ်ဒေသများတွင် စီးပွားရေး၊ လူမှုရေး၊ လမ်းပန်းဆက်သွယ်ရေး လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေရန်နှင့် မူးယစ်ဆေးဝါး စိုက်ပျိုးမှုချုပ်ငြိမ်းသွားစေရန် ၁၉၈၉ ခုနှစ် မှ စတင်၍ ဗဟိုကော်မတီ၊ လုပ်ငန်းကော်မတီ၊ လုပ်ငန်းဆပ်ကော်မတီ၊ ဒေသဆိုင်ရာ လုပ်ငန်း ကော်မတီများ အဆင့်ဆင့်ဖွဲ့စည်းပြီး အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ ၂၀၁၁ ဘဏ္ဍာနှစ် မတ်လကုန်အထိ ဧရိယာစတုရန်းမိုင်ပေါင်း ၈၃၄၁၅၊ မြို့နယ်(၆၈)မြို့နယ်တွင် တိုင်းရင်းသား လူဦးရေ ၈.၂၃သန်း ခန့်အတွက် ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက် ရှိပါသည်။

၃၁။ နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစဉ်များအပေါ် ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်အတွင်း လုပ်ငန်းဆောင်ရွက်ချက်များမှာ အောက်ဖော်ပြပါ အတိုင်း ဖြစ်ပါသည်။

(က) နယ်စပ်ဒေသဖွံ့ဖြိုးရေးအတွက် အထူးဖွံ့ဖြိုးရေးဒေသများတွင် စီးပွားရေးနှင့် လူမှုရေး အခြေခံအဆောက်အဦများကို နှစ်အလိုက် စီမံကိန်းများဖြင့် တည်ထောင်ပေးခြင်း၊ လမ်းတံတားလုပ်ငန်း၊ ပညာရေးလုပ်ငန်း၊ ကျန်းမာရေး လုပ်ငန်း၊ မွေးမြူရေး လုပ်ငန်း၊ သစ်တောလုပ်ငန်း၊ စွမ်းအင်လုပ်ငန်း ၊ စိုက်ပျိုးရေး လုပ်ငန်း၊ ပြည်သူ့ဆက်ဆံရေးလုပ်ငန်း၊ ဆက်သွယ်ရေးလုပ်ငန်း၊ သတ္တုလုပ်ငန်း၊ သာသနာရေး လုပ်ငန်း၊ အိမ်ရာ ဆောက်လုပ်ရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊

(ခ) လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍ အနေဖြင့် နယ်စပ်ဒေသ အသီးသီးတွင် နေထိုင်သော တိုင်းရင်းသားလူငယ်များကို အခြေခံပညာ အလယ်တန်းမှ အထက်တန်းအထိ အခမဲ့ ပညာသင်ကြားစေခြင်း၊

(ဂ) အခြေခံပညာအထက်တန်း အောင်မြင်သည့် တိုင်းရင်းသား လူငယ်များကို ပြည်ထောင်စု တိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ် သို့ တက်ရောက် ပညာသင်ကြားနိုင်ရေး ဆောင်ရွက်ပေးခြင်း၊

(ဃ) ကျေးလက်လူမှုစီးပွား ဖွံ့ဖြိုးတိုးတက်ရေး ကဏ္ဍအနေဖြင့် ကျေးလက်ဒေသနေ ပြည်သူများအတွက် ကျေးရွာချင်းဆက်လမ်းများ ဖောက်လုပ်ပေးခြင်း ၊ ကျေးလက်နေ ပြည်သူများအတွက် သန့်ရှင်းသော သောက်သုံးရေရရှိရေး လုပ်ငန်းများကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ရန်ပုံငွေ၊ နိုင်ငံတော်မှ ထောက်ပံ့ရန်ပုံငွေ၊ အလှူရှင်

များမှ လှူဒါန်းငွေများနှင့် နိုင်ငံတကာ အဖွဲ့အစည်းများ၏ ပူးပေါင်း ပါဝင်မှုဖြင့် လုပ်ငန်းများ ကို ဆောင်ရွက်ခဲ့ပါသည်။

၃၂။ နယ်စပ်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများကို ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ် အထိ လုပ်ငန်း အလိုက် အောက်ပါအတိုင်း တိုးချဲ့ဆောင်ရွက်နိုင်ခဲ့ပါသည်။

- စိုက်ပျိုးရေးလုပ်ငန်းတွင် စိုက်ပျိုးရေးစခန်း(၁၁၈)ခု ဖွင့်လှစ်ပေးခဲ့ပြီး ဆည်တည်ဆောက်ရေး လုပ်ငန်းတွင် ဆည်(၆၃)ခုနှင့် တိုင်းတာပြီးဆည် (၁၇)ခုကို အကောင်အထည်ဖော် တည်ဆောက်ပေးခဲ့ပါသည်။ စွမ်းအင်လုပ်ငန်းတွင် စက်လုံးရေ (၂၇၆)လုံး တိုးချဲ့ တပ်ဆင်၍ လျှပ်စစ်မီးလင်းသည့် မြို့/ကျေးရွာ (၂၀၇)ရွာ အထိ တိုးချဲ့ဆောင်ရွက်ခဲ့ပါသည်။ လမ်းပန်းဆက်သွယ်ရေးနှင့် သယ်ယူပို့ဆောင်ရေး လုပ်ငန်းတွင် လမ်းဖောက်လုပ်ခြင်း လုပ်ငန်းကို မြေလမ်း (၄၅၀၀)မိုင် ၊ ကျောက်ခင်းလမ်း (၃၂၄၀) မိုင်၊ ကတ္တရာခင်းလမ်း (၄၇၈) မိုင်၊ လမ်းပြုပြင် ထိန်းသိမ်းခြင်း လုပ်ငန်းကို (၃၅၉၀) မိုင်အထိ ဆောင်ရွက်ခဲ့ပါသည်။ ထို့အပြင် တံတားကြီး (၁၂၀) စင်း ၊ တံတားငယ် (၁၅၇၀) စင်းနှင့် ကြိုးတံတား (၆၇) စင်း တည်ဆောက်ပေးနိုင်ခဲ့ပါသည်။ ကျန်းမာရေးလုပ်ငန်းတွင် ဆေးရုံ (၁၀၀) ရုံ၊ ကျေးလက်ကျန်းမာရေးဌာန (၃၉၂) ခု ဖွင့်လှစ်ခဲ့ ပါသည်။ ပြည်သူ့ ဆက်ဆံရေး လုပ်ငန်းတွင် ရုပ်မြင်သံကြားထပ်ဆင့်လွှင့် စက်ရုံ (၁၁၄) ရုံ တည်ဆောက်ခဲ့ပါသည်။
- ပညာရေးကဏ္ဍအနေဖြင့် တိုင်းရင်းသားမျိုးဆက်သစ် လူငယ်များကို ခေတ်မီသိပ္ပံနှင့်နည်းပညာရပ်များ တတ်သိကျွမ်းကျင်ပြီး စွမ်းရည်ထက်မြက် မြင့်မားသည့် အသိပညာရှင်၊ အတတ်ပညာရှင်များ ဖြစ်လာစေရန်အတွက် ပြည်ထောင်စုတိုင်းရင်းသား လူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေး ဒီဂရီကောလိပ် (ရန်ကုန်၊မန္တလေး) နှင့် လူငယ်ဖွံ့ဖြိုးရေး သင်တန်းကျောင်းများ ၊ အမျိုးသမီး အိမ်တွင်းမှု သင်တန်းကျောင်းများ ၊ ပရဟိတ ကျောင်းများကို ဖွင့်လှစ် သင်ကြားပေးလျက်ရှိပါသည်။
- ကျေးရွာနှင့်မြို့ပြလမ်းများ တိုးတက်ကောင်းမွန်ပြီး သွားလာရေး အဆင်ပြေချောမွေ့စေရန် ကျေးလက်ဒေသနေ ပြည်သူလူထုများ၏ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး အဆင့်အတန်းများ တိုးတက် ကောင်းမွန်ရန်အတွက် ကျေးလက်လမ်းများ တိုးချဲ့ဖောက်လုပ်လျက်ရှိရာ ကတ္တရာလမ်း(၂၀၇၁)မိုင် ၊ ကျောက်လမ်း(၇၃၁၂)မိုင်၊ ဂဝံလမ်း(၃၂၅၇)မိုင် ၊ မြေလမ်း(၂၅၄၁၆)မိုင် နှင့် မြို့ပြလမ်းတွင် ကတ္တရာလမ်း (၃၂၃၇)မိုင်၊ ကျောက်လမ်း(၁၄၃၆)မိုင် ၊ ဂဝံလမ်း(၄၂၄)မိုင် ၊

မြေလမ်း(၂၁၈၄)မိုင် အထိ လမ်းများ ဖောက်လုပ်ခြင်း လုပ်ငန်းကို ဆောင်ရွက်ခဲ့ပါသည်။

- ကျေးလက်ရေရရှိရေးလုပ်ငန်းတွင် ကျေးလက်နေပြည်သူများ သန့်ရှင်းသောသောက်သုံးရေ ရရှိရေးအတွက် စက်ရေတွင်းပေါင်း (၃၉၂၇၁)ကို တူးဖော်ပေးနိုင်ခဲ့ပါသည်။

၃၃။ ဖွံ့ဖြိုးရေးလုပ်ငန်းများ အတွက် သုံးစွဲခဲ့သည့် အသုံးစရိတ်များ အနေဖြင့် ၁၉၈၉-၁၉၉၀ ဘဏ္ဍာနှစ်မှ ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်အထိ နယ်စပ်ဒေသဖွံ့ဖြိုးရေးရန်ပုံငွေကျပ် ၁၇၇,၇၁၉.၇၄ သန်း၊ သက်ဆိုင်ရာဝန်ကြီးဌာနများမှ ရန်ပုံငွေကျပ် ၂၈၉,၈၈၆.၀၆သန်း၊ စုစုပေါင်းကျပ် ၄၆၇,၆၀၅.၈၀သန်း သုံးစွဲခဲ့ပါသည်။

၃၄။ နယ်စပ်ရေးရာဝန်ကြီးဌာနနှင့် ကုလသမဂ္ဂ အဖွဲ့အစည်းများ၊ နိုင်ငံတကာအဖွဲ့အစည်း နှင့် ပူးပေါင်း ဆောင်ရွက်လျက်ရှိသော အဓိကလုပ်ငန်းများမှာ အောက်ပါအတိုင်း ဖြစ်ပါသည် ။

- နယ်စပ်ဒေသနှင့် တိုင်းရင်းသား လူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန နှင့် ဂျပန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး အေဂျင်စီ (JICA) တို့ ပူးပေါင်း၍ ကိုးကန့်ဒေသအတွင်း ဘိန်းစိုက်ပျိုးမှု ပပျောက်ရေးနှင့် ဆင်းရဲ ချို့တဲ့မှု လျှော့ပါးရေး နည်းပညာပူးပေါင်းဆောင်ရွက်ရေးစီမံကိန်း၏ မပြီးပြတ်သေးသည့် စီမံကိန်းလုပ်ငန်းများအား (JICA) ၏ ထည့်ဝင်ငွေ အမေရိကန်ဒေါ်လာ(၀.၅၄)သန်း ဖြင့် ၂၀၁၁ ခုနှစ်၊ မတ်လကုန် အထိ အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပါသည်။
- နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန နှင့် ကုလသမဂ္ဂကမ္ဘာ့ စားနပ်ရိက္ခာ အစီအစဉ် (WFP) တို့ပူးပေါင်း၍ မြန်မာနိုင်ငံတွင်း စားနပ်ရိက္ခာ အခက်အခဲနှင့် အသက်မွေးမှုလုပ်ငန်း လိုအပ်ချက်ရှိသူများအတွက် စားနပ်ရိက္ခာဖူလုံပြီး အာဟာရဖွံ့ဖြိုးမှု အခြေအနေနှင့် အသက် မွေးဝမ်းကျောင်းမှု လုပ်ငန်း တိုးတက်စေရေး စီမံကိန်းအား ၂၀၁၀ ခုနှစ် ဇန်နဝါရီလ မှ ၂၀၁၂ ခုနှစ် ဒီဇင်ဘာလအထိ စုစုပေါင်း အမေရိကန်ဒေါ်လာ ၁၂၁.၈ သန်းဖြင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ် (မြောက်ပိုင်း) ၊ ရှမ်းပြည်နယ် နှင့် မကွေးတိုင်းဒေသကြီးတို့တွင် ဆန်နှင့်စားနပ်ရိက္ခာ စုစုပေါင်း (၁၅၇၆၄၄) မက်ထရစ်တန် ဖြန့်ဝေလျက် ရှိပါသည်။

- နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် ကုလသမဂ္ဂ ဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး (UNHCR) တို့ ပူးပေါင်း၍ မွန်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် တနင်္သာရီတိုင်းဒေသကြီးအတွင်း ပညာရေး၊ ကျန်းမာရေး၊ ရေရရှိရေးနှင့် အခြေခံအဆောက်အအုံ တည်ဆောက်ရေး လုပ်ငန်းများအား (UNHCR) ၏ ထည့်ဝင်ငွေ အမေရိကန် ဒေါ်လာ ၃.၀ သန်း ဖြင့် ၂၀၀၇ ခုနှစ်မှ ၂၀၀၉ ခုနှစ်အထိ အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပြီး ဆက်လက်၍ (UNHCR) ၏ထည့်ဝင်ငွေ အမေရိကန် ဒေါ်လာ ၄.၀ သန်းဖြင့် ၂၀၁၀ ခုနှစ် ဇွန်လ မှ ၂၀၁၂ ခုနှစ် ဇွန်လအထိ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။
- နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနနှင့် ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ် (UNDP) တို့ ပူးပေါင်း၍ ဝေးလံမြို့နယ်များ အတွက် လူမှုဖွံ့ဖြိုးရေး စီမံကိန်း (CDRT) အား (UNDP) ထည့်ဝင်ငွေ အမေရိကန်ဒေါ်လာ ၈ သန်း ဖြင့် ၂၀၁၂ခုနှစ် ဇန်နဝါရီလမှ ဒီဇင်ဘာလအထိ သက်တမ်းတိုးရဲ့ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။
- နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန နှင့် ဂျပန်နိုင်ငံ အစိုးရ မဟုတ်သော အဖွဲ့အစည်း တစ်ခု ဖြစ်သည့် Teera People Association (TPA) တို့ပူးပေါင်း၍ ရှမ်းပြည်နယ်(တောင်ပိုင်း) ပအိုဝ်ဒေသ တွင် အမေရိကန်ဒေါ်လာ ၀.၈ သန်း ဖြင့် ၂၀၀၇ ခုနှစ် မှ ၂၀၁၀ ခုနှစ်၊ ဖေဖော်ဝါရီလအထိ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ၊ စိုက်ပျိုးမွေးမြူရေး လုပ်ငန်းများ၊ လူ့စွမ်းအား အရင်းအမြစ် ဖွံ့ဖြိုးရေးလုပ်ငန်းများ၊ ယဉ်ကျေးမှုဖလှယ်ရေး လုပ်ငန်းများအား ဆောင်ရွက်ခဲ့ပါသည်။ ရှမ်းပြည်နယ် (တောင်ပိုင်း) ရှိ တောင်ကြီးမြို့နယ်၊ ညောင်ရွှေ မြို့နယ်နှင့် ကျောက်တစ်လုံးကြီးမြို့နယ်ခွဲ တို့ တွင် ၂၀၁၀ခုနှစ် စက်တင်ဘာလ မှ ၂၀၁၁ခုနှစ် စက်တင်ဘာလအထိ (TPA) ၏ ထည့်ဝင်ငွေ အမေရိကန်ဒေါ်လာ ၀.၇၅၂ သန်း ဖြင့် ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများအား အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပါသည်။
- နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန နှင့် ဂျပန်နိုင်ငံ အစိုးရမဟုတ်သော အဖွဲ့အစည်းတစ်ခုဖြစ်သည့် Teera People Association (TPA) တို့ပူးပေါင်း၍ ရှမ်းပြည်နယ် (တောင်ပိုင်း)ရှိ တောင်ကြီးမြို့နယ်၊ ညောင်ရွှေမြို့နယ် ၊ ကလောမြို့နယ် ၊ ပင်းတယမြို့နယ်နှင့် ကျောက်တလုံးကြီး မြို့နယ်ခွဲတို့အတွက် ဒေသဖွံ့ဖြိုးရေး၊ စိုက်ပျိုးရေးနှင့် မွေးမြူရေး၊ လူ့စွမ်းအား အရင်းအမြစ် ဖွံ့ဖြိုးမှုနှင့် ပညာရေးဆိုင်ရာ ပံ့ပိုးမှု ၊ ယဉ်ကျေးမှုဖလှယ်ရေးနှင့်

သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး လုပ်ငန်းများအား ကမ္ဘာ့လူသား အဖွဲ့အစည်း၏ ထည့်ဝင်ငွေ အမေရိကန်ဒေါ်လာ ၁,၉၄၉,၃၁၈ ဖြင့် ၂၀၁၂ ခုနှစ် မတ်လမှ ၂၀၁၅ ခုနှစ် မတ်လအထိ သုံးနှစ် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိ ပါသည်။

- နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနနှင့် နိုင်ငံတကာ အစိုးရမဟုတ်သော အဖွဲ့အစည်းတစ်ခုဖြစ်သည့် World Vision အဖွဲ့တို့ ပူးပေါင်း၍ ရှမ်းပြည်နယ် (မြောက်ပိုင်း) ကိုးကန့်အထူး ဒေသ (၁)၊ ကရင်ပြည်နယ် ဘားအံမြို့နယ်နှင့် လှိုင်းဘွဲ့မြို့နယ်များတွင် ကျေးရွာလူထု စွမ်းရည် တည်ထောင်ခြင်း၊ ပညာရေးနှင့် ကလေးသူငယ် ကာကွယ်စောင့်ရှောက်ရေး၊ အသေးစားစီးပွားရေးလုပ်ငန်းများ နှင့် စိုက်ပျိုးရေးဖွံ့ဖြိုး တိုးတက်ရေး၊ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး၊ သဘာဝဘေး ကြိုတင်ကာကွယ်ရေး နှင့် အရေးပေါ် ကယ်ဆယ်ရေး လုပ်ငန်းများအား အမေရိကန် ဒေါ်လာ ၃.၁၈ သန်း ဖြင့် ၂၀၁၁ ခုနှစ်၊ စက်တင်ဘာလ(၂၇)ရက်နေ့မှ ၂၀၁၄ ခုနှစ် စက်တင်ဘာလ(၂၇)ရက်နေ့ အထိ (၃) နှစ် သက်တမ်းဖြင့် အကောင်အထည်ဖော် ဆောင်ရွက်လျက် ရှိပါသည်။

## ၅-၅။ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှု လျှော့ကျရေး

၃၅။ ကျေးလက်ဒေသတွင် ဆင်းရဲနွမ်းပါးမှုလျှော့ကျရေးမူဝါဒများနှင့် လုပ်ငန်းစဉ်များကို ချမှတ် ဆောင်ရွက်နိုင်ရန်ရည်ရွယ်၍ "ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှု လျှော့ကျ ရေး ဆိုင်ရာ အမျိုးသားအဆင့် အလုပ်ရုံဆွေးနွေးပွဲ" ကို ၂၀-၅-၂၀၁၁ ရက်နေ့ မှ ၂၂-၅-၂၀၁၁ ရက် နေ့အထိ နေပြည်တော်ရှိ အပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းစင်တာတွင် ကျင်းပခဲ့ပါသည်။

၃၆။ အလုပ်ရုံဆွေးနွေးပွဲမှ ရရှိသည့် ရလဒ်များကို အခြေခံ၍ ကျေးလက်ဒေသ ဖွံ့ဖြိုး တိုးတက်ရေးနှင့် ဆင်းရဲနွမ်းပါးမှု လျှော့ချနိုင်ရေးအတွက် အောက်ဖော်ပြပါ လုပ်ငန်းစဉ် (၈) ရပ် ကို တိုင်းဒေသကြီး၊ ပြည်နယ်များတွင် ဆောင်ရွက်လျက်ရှိပါသည်။

(က) လယ်ယာကုန်ထုတ်လုပ်မှု ဖွံ့ဖြိုးတိုးတက်ရေး။

(ခ) မွေးမြူရေးနှင့် သားငါး ထုတ်လုပ်မှု ဖွံ့ဖြိုးတိုးတက်ရေး။

(ဂ) ကျေးလက်ဒေသ အသေးစား ကုန်ထုတ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး။

(ဃ) အသေးစား ပုဂ္ဂလိက ငွေစုငွေချေး လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး။

(င) သမဝါယမလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး။

(စ) ကျေးလက် လူမှုစီးပွား ဖွံ့ဖြိုးတိုးတက်ရေး။

(ဆ) ကျေးလက် စွမ်းအင် ဖွံ့ဖြိုးတိုးတက်ရေး။

(ဇ) သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးတို့ ဖြစ်ပါသည်။

၃၇။ ကျေးလက်ဒေသ ဖွံ့ဖြိုး တိုးတက်ရေးနှင့် ဆင်းရဲနွမ်းပါးမှု လျှော့ချရေး လုပ်ငန်းများ အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် ကျေးလက်ဒေသ ဖွံ့ဖြိုး တိုးတက်ရေးနှင့် ဆင်းရဲနွမ်းပါးမှု လျှော့ချရေး ဗဟိုကော်မတီကို နိုင်ငံတော်မှ လည်းကောင်း၊လုပ်ငန်း ကော်မတီ ကို ဒုတိယ သမ္မတမှလည်းကောင်း ဦးဆောင်၍ ဖွဲ့စည်းထားရှိပါသည်။

၃၈။ လုပ်ငန်းစဉ် (၈) ရပ်ပါ လယ်ယာကုန်ထုတ်လုပ်မှု ဖွံ့ဖြိုးတိုးတက်ရေးအတွက် လယ်ယာ စိုက်ပျိုးရေး နှင့် ဆည်မြောင်း ဝန်ကြီးဌာနကလည်းကောင်း၊ မွေးမြူရေးနှင့် သားငါး ထုတ်လုပ်မှု ဖွံ့ဖြိုး တိုးတက်ရေးအတွက် မွေးမြူရေးနှင့်ရေလုပ်ငန်း ဝန်ကြီးဌာနမှလည်းကောင်း၊ ကျေးလက် ဒေသ အသေးစား ကုန်ထုတ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် စီးပွားရေးနှင့် ကူးသန်း ရောင်းဝယ်ရေး ဝန်ကြီးဌာနမှ လည်းကောင်း၊ အသေးစား ပုဂ္ဂလိက ငွေစုငွေချေး လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနမှလည်းကောင်း၊ သမဝါ ယမ လုပ်ငန်း များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် သမဝါယမ ဝန်ကြီးဌာနမှလည်းကောင်း၊ ကျေးလက် လူမှုစီးပွား ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြန်ကြားရေးဝန်ကြီးဌာနမှလည်းကောင်း၊ ကျေးလက် စွမ်းအင်ဖွံ့ဖြိုး တိုးတက်ရေးအတွက် စွမ်းအင်ဝန်ကြီးဌာနမှလည်းကောင်း၊သဘာဝ ပတ်ဝန်းကျင် ထိန်းသိမ်းရေး အတွက် ပတ်ဝန်းကျင် ထိန်းသိမ်းရေး နှင့် သစ်တောရေးရာ ဝန်ကြီးဌာန မှလည်းကောင်း တာဝန်ယူ ဆောင်ရွက်လျက်ရှိပါသည်။

၃၉။ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆင်းရဲနွမ်းပါးမှု လျှော့ကျရေးအတွက် အောက်ပါ လုပ်ငန်းစဉ် (၁၀)ချက် ကိုဆောင်ရွက်လျက်ရှိပါသည်။

(၁) အထွက်နှုန်းတိုးတက်ရေးအတွက် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် မျိုးပြောင်းလဲပေး နိုင်အောင် ဆောင်ရွက်ပေးခြင်း။

(၂) အထွက်နှုန်းကောင်းခြင်း၊ ဈေးကွက်ဝင် အရည်အသွေး ကောင်းခြင်းကြောင့် ဝင်ငွေ ပိုရနိုင်သည့်အတွက် ဈေးကွက်ဝင် မျိုးကောင်းများ တစ်ညီတစ်ညွတ် တည်း စိုက်ပျိုးရန် ဆောင်ရွက်လျက်ရှိခြင်း၊

(၃) ထုတ်လုပ်မှုစရိတ် မြင့်မားမှုကြောင့် ဝင်ငွေ အကျိုးအမြတ် နည်းနေခြင်း အပေါ် ကုစားရန် ထုတ်လုပ်စရိတ် (Cost of Production) လျော့ကျနိုင်အောင် နည်းလမ်းရှာ ဆောင် ရွက်ခြင်း။

(၄) ရာသီအမီစိုက်ပျိုးဆောင်ရွက်နိုင်ရန်အတွက် ရိတ်သိမ်း ခြွေလှေ့စက် နှင့် ထွန်ယက် ကိရိယာများ အသုံးပြုရန် လိုအပ်ပြီး အစုအဖွဲ့စနစ်ဖြင့် စုပေါင်းဝယ်ယူ ၊ အလှည့်ကျ ထွန်ယက်စနစ်ကျင့်သုံးနိုင်ရေး ဌာနဆိုင်ရာများနှင့်ကျေးရွာ အစု အဖွဲ့တို့က ပေါင်းစပ် ညှိနှိုင်းဆောင်ရွက်လျက်ရှိခြင်း။

(၅) မျိုးစေ့ ၊ ဓါတ်မြေဩဇာ ၊ ပိုးသတ်ဆေး ၊ ထွန်ယက်ကိရိယာ ၊ စိုက်စရိတ် ၊ သွင်းအားစု စသည်တို့နှင့်စပ်လျဥ်း၍ တစ်ဦးတစ်ယောက်ချင်း နှံ့စပ်စွာ ရရှိအောင် ဖြန့်ဖြူးမှု အားနည်းနေရာမှ ဖြန့်ဖြူးမှု ကျယ်ပြန့်စေရန်နှင့် အရည်အသွေးမှန်ပြီး စရိတ်လျော့ကျ စေရန် အစုအဖွဲ့စနစ်ဖြင့် ဆောင်ရွက် လျက်ရှိခြင်း။

(၆) အထက်ပါ လုပ်ငန်းစဥ်များ ဆောင်ရွက်ရာ၌ အရင်းအနှီး လိုအပ်ချက်ကို အသေးစား ငွေကြေးဝန်ဆောင်မှုလုပ်ငန်း ( Micro Finance )ကို ထိထိရောက်ရောက် ကျယ်ကျယ် ပြန့်ပြန့် ဖြစ်လာအောင် ဆောင်ရွက် ပေးလျက်ရှိခြင်း။

(၇) နည်းပညာလိုအပ်ချက်ကို တစ်ဦးချင်း ပညာပေးမှုအစား အစုအဖွဲ့များ ဖွဲ့စည်းခြင်း ဖြင့် ပညာပေးမှု ပိုမို လွယ်ကူပျံ့နှံ့စေနိုင်ခြင်း။

(၈) ပင်မဝင်ငွေ( Primary Income )အပြင် ဒုတိယဝင်ငွေ( Secondary Income ) ရရှိရေးအတွက် တစ်ပိုင်တစ်နိုင် မွေးမြူရေးလုပ်ငန်းအပြင် ရေ၊ မြေ အခြေအနေ ပေးပါက ပေါင်းစည်း လယ်ယာ (Integrated Firming) တိုးချဲ့ ဆောင်ရွက်ခြင်း။

(၉) ဒုတိယဝင်ငွေ (Secondary Income ) ရရှိရေး အခြားနည်းလမ်းမှာ ကျေးရွာ များတွင် မိမိတို့ အိမ်ခြံမြေအတွင်း၌ နှစ်ရှည်ပင်များအား တူတူညီညီ စီးပွားဖြစ် စိုက်ပျိုး ထုတ်လုပ်မှု ( Commercial Production ) အဆင့်သို့ အစုအဖွဲ့ အဆင့်ဖြင့် ကူးပြောင်း ဆောင်ရွက်ခြင်း၊ ထိုမှတဆင့် ကျေးရွာတစ်ရွာထွက်ကုန်တစ်မျိုး One Village One Product ) ဖြစ်အောင် ဆောင်ရွက်ခြင်း။

(၁၀) ကျေးရွာတစ်ရွာ ထွက်ကုန်တစ်မျိုး ( One Village One Product ) ဆောင်ရွက် ရာတွင် နယ်မြေဒေသနှင့် ကျေးရွာများအခြေအနေပေါ် မူတည်၍ လယ်ယာ သီးနှံများ သာမက အခြားလက်မှုပစ္စည်းများ၊ အနုပညာပစ္စည်း၊ လူသုံးအိမ်သုံး ပစ္စည်းများ၊

ဈေးကွက်ဝင် ထုတ်လုပ်နိုင်အောင် အားပေးခြင်း၊ ( ယွန်းထည်၊ စဉ့်ထည် ၊ ပိုးထည်၊ ကြေးထည်လုပ်ငန်း၊ ရက်ကန်းလုပ်ငန်း၊ လက်ချုပ် လုပ်ငန်း စသည့် အိမ်တွင်း စက်မှု လက်မှု လုပ်ငန်းများ၊ အသေးစား စက်မှုလုပ်ငန်းများ အစုအဖွဲ့ဖြင့် စီးပွားရေး ကုန်ထုတ် လုပ်ငန်းများ အားပေးမြှင့်တင်ခြင်း) တို့ကို ဆောင်ရွက်ရန် တွန်းအားပေး လျက်ရှိပါသည်။

၄၀။ လူမှုရေးနှင့် စီမံခန့်ခွဲရေးဆိုင်ရာ အသေးစိတ် စာရင်းများကို ( ၉၇ ) မှ ဇယား ( ၁၁၀ ) အထိ တင်ပြထားပါသည်။

# အပိုင်း(၆)

## ပုဂ္ဂလိက ကဏ္ဍဖွံ့ဖြိုးတိုးတက်မှု

၁။ နိုင်ငံတော်အနေဖြင့် ဈေးကွက်စီးပွားရေးစနစ်နှင့်အညီ ပုဂ္ဂလိကပိုင်ကဏ္ဍ ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် လိုအပ်သည့် ဥပဒေ၊ နည်းဥပဒေများ ပြဋ္ဌာန်းပေးခြင်း၊ ပံ့ပိုးကူညီမှုများ ဆောင်ရွက်ခြင်း၊ ပြည်တွင်းပြည်ပမှ အရင်းအနှီးများ စီးဝင်လာစေရေးအတွက် ကြိုးပမ်းခြင်းများကို ဆောင်ရွက်ခဲ့ပါသည်။ ထို့သို့ဆောင်ရွက်ခဲ့သဖြင့် ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်တွင် နိုင်ငံ၏ စီးပွားရေး၌ ပုဂ္ဂလိကပိုင်အခန်းမှ ပါဝင်မှု ၉၁.၇ ရာခိုင်နှုန်း အထိ ရှိခဲ့ပါသည်။ ကဏ္ဍအလိုက် ပုဂ္ဂလိကဖွံ့ဖြိုးမှု အခြေအနေမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

### ၆-၁။ လယ်ယာကဏ္ဍ

၂။ နိုင်ငံတော်၏ စီးပွားရေးမူဝါဒ ရည်မှန်းချက်(၄)ရပ်အနက် စိုက်ပျိုးရေး ဖွံ့ဖြိုးတိုးတက်မှုကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံထူထောင်ရေးနှင့် ကဏ္ဍစုံ ဘက်စုံဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေးမှာ နိုင်ငံ့စီးပွားရေးဖွံ့ဖြိုးမှုအတွက် အခြေခံကျသည့်အချက် ဖြစ်ပါသည်။ နိုင်ငံ့စီးပွားရေးတွင် လယ်ယာကဏ္ဍသည် ပဓာနအခြေခံအဖြစ် ရပ်တည်လျက်ရှိပြီး လူဦးရေ၏ ၇၀ ရာခိုင်နှုန်းခန့်မှာ ကျေးလက်တွင်နေထိုင်ပြီးအများစုမှာလယ်ယာကဏ္ဍဖြင့် အသက်မွေးဝမ်း ကျောင်းပြုလျက်ရှိပါသည်။ သို့ဖြစ်၍ လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုသည် ကျေးလက် နေပြည်သူများ၏ လူနေမှုဘဝကို မြှင့်တင်ပေးနိုင်ပြီး၊ ကျေးလက်ဒေသဖွံ့ဖြိုးရေး၊ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် များစွာအထောက်အကူ ပြုလျက်ရှိပါသည်။

၃။ လယ်ယာကဏ္ဍတွင် ပုဂ္ဂလိကပိုင်အခန်း ပိုမိုဖွံ့ဖြိုးလာစေရေးအတွက် ဆန်စပါး အထူးပြုကုမ္ပဏီများကို လုပ်ကိုင်ခွင့်များ ပေးခဲ့ပါသည်။ ရာဘာစိုက်ပျိုးခြင်းလုပ်ငန်းများ၊ စိုက်ပျိုးရေးခြံလုပ်ငန်းများ၊ နှစ်ရှည်သီးနှံများကို ပုဂ္ဂလိကပိုင် လုပ်ကိုင်ခွင့်ပေးခြင်းဖြင့် ပုဂ္ဂလိကပိုင် ဝင်ငွေများ တိုးပွားလာပြီး နိုင်ငံဖွံ့ဖြိုးတိုးတက်မှုကို ဖြစ်ပေါ်စေပါသည်။

၄။ ထို့အပြင် လယ်ယာထွက်ကုန်များ တိုးတက်ထွက်ရှိရေးအတွက် စိုက်ပျိုးမြေ သယံဇာတ ဖော်ထုတ်အသုံးချရေး၊ စိုက်ပျိုးရေး သယံဇာတ ဖော်ထုတ်အသုံးချရေး၊ စက်စွမ်းအားတိုးမြှင့်အသုံးချရေး၊ နည်းပညာဖွံ့ဖြိုးတိုးတက်ရေး၊ မျိုးကောင်းမျိုးသန့်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြောင်းလဲ အသုံးပြုရေး ဟူသော လုပ်ငန်းစဉ်(၅)ရပ်ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်လျက် ရှိပါသည်။

၅။ စိုက်ပျိုးမြေတိုးချဲ့ဖော်ထုတ်ရေး ဆောင်ရွက်ရာတွင် ပလပ်မြေနှင့် စိုက်ပျိုးနိုင်သော မြေရိုင်းများအား လုပ်ကိုင်ခွင့်ပေး၍ ဖော်ထုတ် တိုးချဲ့စိုက်ပျိုးခြင်း၊ ရေကြီး ရေနက်ကွင်းများတွင် တာပတ်ခြင်း၊ ရေနုတ်မြောင်းများနှင့် စပါး-ငါးကန်များ တူးဖော်ပေးခြင်းဖြင့် လယ်ယာမြေများ ဖော်ထုတ်ခြင်း၊ မြေ၊ ရေ တိုက်စားမှုမှ ကာကွယ်ပေးနိုင်သည့် တောင်စောင်းဒေသ မြေယာ ဖော်ထုတ်စိုက်ပျိုးမှုနှင့် ကုန်းမြင့် လယ်ယာမြေများ ဖော်ထုတ်စိုက်ပျိုးခြင်း စသည့်နည်းလမ်းများကို ကျင့်သုံးလျက်ရှိပါသည်။

၆။ မြေယာဖော်ထုတ်စိုက်ပျိုးခြင်းလုပ်ငန်းကို အချိန်တိုကာလအတွင်း တိုးတက်ဖြစ်ထွန်းလာစေရန် ရေနက်ကွင်း၊ ရေကြီးကွင်း ဧရိယာနှင့် မြေလွတ်မြေရိုင်းများတွင် တိုင်းရင်းသားစီးပွားရေးလုပ်ငန်းရှင်များ၊ ကုမ္ပဏီလုပ်ငန်းအဖွဲ့အစည်းများအား မြေယာဖော်ထုတ် လုပ်ကိုင်ခွင့်များ ချထားပေးပြီး ဆန်စပါး၊ ပဲမျိုးစုံ၊ ဆီထွက်သီးနှံ၊ စက်မှုသီးနှံနှင့် နှစ်ရှည်သီးနှံ၊ အမယ်သစ်သီးနှံနှင့် အခြားစားသုံးသီးပင်များ စိုက်ပျိုးစေလျက် ရှိပါသည်။

၇။ တောင်သူလယ်သမားများလုပ်ငန်းခွင်တွင် စက်စွမ်းအားတိုးမြှင့်သုံးစွဲရေးကို အားပေးဆောင်ရွက်လျက်ရှိရာတွင် စံပြစက်မှုလယ်ယာကျေးရွာ ၂၄ ရွာ တည်ထောင်ပြီးဖြစ်ပါသည်။ နေပြည်တော်အပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် fully Mechanized ၂၂၆၆ ဧက၊ Semi-Mechanized ၃၉၇ ဧက၊ စုစုပေါင်း စက်မှုလယ်ယာစနစ်ကျ လယ်ကွက် ၂၆၅၆ ဧက အကောင်အထည် ဆောင်ရွက်ပေးခဲ့ပါသည်။ လယ်ယာကုန်ထုတ်လုပ်ငန်းများ ကျယ်ပြန့်လာသည့် အလျောက် စိုက်ပျိုးထုတ်လုပ်မှုလုပ်ငန်း အဆင့်ဆင့်တွင် နိုင်ငံတော်ပိုင်းမှသာမက ပုဂ္ဂလိကပိုင်းကပါ စက်စွမ်းအား တိုးမြှင့် သုံးစွဲလျက်ရှိပါသည်။

၈။ နိုင်ငံ၏ရေ၊ မြေ၊ သဘာဝနှင့်အညီ ထွန်ယက်၊ ရိတ်သိမ်း၊ ခြွေလှေ့၊ အခြောက်ခံမှု လုပ်ငန်းများ အတွက် လိုအပ်သော စက်ကိရိယာများကို ပြည်တွင်းရှိ စက်ရုံများမှ ထုတ်လုပ်မှုအပြင်၊ ပြည်ပမှ လည်း ဝယ်ယူတင်သွင်းပြီး တောင်သူလယ်သမားများသို့ ဖြန့်ဖြူးပေးလျှက်ရှိပါသည်။

၉။ နိုင်ငံတော်မှ ပုဂ္ဂလိကပိုင်အခန်း ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် တွန်းအားပေးဆောင် ရွက်ခဲ့သဖြင့် ၂၀၁၁- ၂၀၁၂ ဘဏ္ဍာနှစ်တွင် လယ်ယာထွက်ကုန်ပစ္စည်းများ ထုတ်လုပ်မှုတိုးတက်ခဲ့ ပြီး ပုဂ္ဂလိကပိုင်အခန်းမှ ပြည်ပသို့ ဆန်၊ ပြောင်းဖူးစေ့နှင့် ပဲအမျိုးမျိုး တင်ပို့မှုတိုးတက်ခဲ့သည့် အပြင် လယ်ယာကဏ္ဍ၏ အသားတင်ထုတ်လုပ်မှုတန်ဖိုးတွင် ပုဂ္ဂလိကပိုင်အခန်းပါဝင်မှု ၉၆.၉ ရာခိုင်နှုန်း အထိ ဖြစ်ပေါ်ခဲ့ပါသည်။

## ၆-၂။ သားငါးကဏ္ဍ

၁၀။ သားငါးထုတ်လုပ်မှု ဘက်စုံဖွံ့ဖြိုးတိုးတက်စေရန်နှင့် ကျေးလက်ဒေသဖွံ့ဖြိုးမှု အထောက် အကူပြု မွေးမြူရေးတိုးတက်စေရန် လုပ်ငန်းစဉ်များ ချမှတ်ဆောင်ရွက်လျက်ရှိပါသည်။ အသား ၊ ငါးမျိုးကောင်းမျိုးသန့်များ ထုတ်လုပ်ဖြန့်ဖြူးရေးနှင့် ရင်းနှီးမြှုပ်နှံမှုများကိုတိုးချဲ့၍ စီးပွားဖြစ် မွေးမြူထုတ်လုပ်ရေး လုပ်ငန်းများ ထွန်းကားလာစေရန် ဆောင်ရွက်လျက်ရှိပါသည်။ ဈေးကွက် စီးပွားရေးနှင့် ကိုက်ညီပြီး တွက်ချေကိုက်သော တိရစ္ဆာန်နှင့် တိရစ္ဆာန်ထွက်ပစ္စည်းများကို ဦးတည် ထုတ်လုပ်နိုင်ရေး ဆောင်ရွက်နိုင်ခဲ့ပါသည်။

၁၁။ ပုဂ္ဂလိကပိုင်တိရစ္ဆာန်မွေးမြူရေးလုပ်ငန်း ပိုမိုဖွံ့ဖြိုးလာစေရေးအတွက် နိုင်ငံပိုင်မွေးမြူရေးခြံ အချို့ကို ပုဂ္ဂလိကများသို့ လွှဲပြောင်း ဆောင်ရွက်စေလျက်ရှိသည့်အပြင် လက်ရှိနိုင်ငံပိုင် မွေးမြူရေး ခြံများမှလည်း နို့စားနွား၊ ဝက်၊ ကြက်၊ ဘဲမျိုးကောင်း မျိုးသန့်များကို ပုဂ္ဂလိကပိုင်လုပ်ငန်းများသို့ ဆက်လက် ဖြန့်ဖြူးပေးနိုင် ခဲ့ပါသည်။ ထို့အပြင် တိရစ္ဆာန်အစားအစာ ဖူလုံရေးကို အထောက် အကူပြုစေနိုင်ရန် ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်တွင် ပုဂ္ဂလိက မွေးမြူသူများမှ စားကျက်မြေ ၄၁၃ ဧက ပြုစု ပျိုးထောင်နိုင်ခဲ့သဖြင့် တစ်နိုင်ငံလုံးတွင် ဌာနပိုင်နှင့် ပုဂ္ဂလိကပိုင် စားကျက်မြေများ ပိုမိုပြုစု ပျိုးထောင်နိုင်ခဲ့ပါသည်။ ကျေးလက်ဒေသဖွံ့ဖြိုးရေးအတွက် တစ်ပိုင်တစ်နိုင် ဟင်းစားမှ စီးပွားဖြစ် မွေးမြူရေးအစု အဖွဲ့များအဖြစ် တိုးချဲ့ဖွဲ့စည်းခြင်းနှင့် ပေါင်းစည်းလယ်ယာစနစ် ဖော်ဆောင် ခြင်းတို့ကို ဆောင်ရွက်ခဲ့ပါသည်။ ကရင်၊ စစ်ကိုင်း၊ တနင်္သာရီ၊ မန္တလေး၊ မွန်၊ ရန်ကုန်၊ ရှမ်းနှင့်

နေပြည်တော်တွင် မွေးမြူရေးဇုန် ၂၆ ဇုန် ထူထောင်၍ နွား၊ဆိတ်၊သိုး၊ဝက်၊ကြက်၊ဘဲ မွေးမြူရေး လုပ်ငန်းများ တိုးချဲ့ ဆောင်ရွက်ခဲ့ပါသည်။

၁၂။ ငါး၊ပုစွန်မွေးမြူရေးလုပ်ငန်းသည်နိုင်ငံခြားငွေရရှိပြီး၊မွေးမြူသူများအနေဖြင့်စီးပွားရေးတွက်ခြေကိုက်သော လုပ်ငန်းဖြစ်သည့်အားလျော်စွာ နိုင်ငံတော်မှလည်း ပံ့ပိုးကူညီပေးလျက်ရှိသဖြင့် ငါး ၊ ပုစွန် ထုတ်လုပ်မှု တိုးတက် ခဲ့ပါသည်။

၁၃။ မြန်မာ့မွေးမြူရေးနှင့် ရေလုပ်ငန်းဖွံ့ဖြိုးရေးဘဏ်လီမိတက်သည် ပုဂ္ဂလိက အသားနှင့် ငါး ထုတ်လုပ်မှုလုပ်ငန်းများအတွက် လိုအပ်သည့် ငွေကြေးအရင်းအနှီးများ ဖြည့်ဆည်းပေးနိုင်ရန် ဘဏ်လုပ်ငန်းများကို ဆက်လက်ဆောင်ရွက်ပေးနိုင်ခဲ့ပါသည်။ နိုင်ငံခြားငွေတိုးတက်ရရှိရေးအတွက် ပြည်ပသို့ ငါး ၊ ပုစွန် တိုးချဲ့တင်ပို့နိုင်ရေး ပုဂ္ဂလိကလုပ်ငန်းရှင်များအား ကူညီပံ့ပိုး၍ တွန်းအားပေး ဆောင်ရွက်ခဲ့သဖြင့် ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ် တွင် ငါး၊ ပုစွန် ပိုမိုတင်ပို့နိုင်ခဲ့ပါသည်။ ပုဂ္ဂလိကပိုင် ငါး၊ ပုစွန် ထုတ်လုပ်မှု ပိုမိုတိုးတက်လာသည်နှင့်အမျှ ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်တွင် သားငါးကဏ္ဍ၏ အသားတင်ထုတ်လုပ်မှုတွင် ပုဂ္ဂလိကပိုင်အခန်းမှ ၉၉.၃ ရာခိုင်နှုန်း အထိ ပါဝင်လျက်ရှိပါသည်။

## ၆-၃။ သစ်တောကဏ္ဍ

၁၄။ သစ်တောထွက်ပစ္စည်းများထုတ်လုပ်မှုကို သစ်တောသယံဇာတများ မပြုန်းတီးဘဲ ရေရှည် စီးပွား ဖြစ်ထုတ်လုပ်နိုင်ရေး၊ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းကာကွယ်ရေးနှင့် ရာသီဥတုမျှတရေး၊ ထပ်ဆင့်တိုးတန်ဖိုးရရှိစေမည့် သစ်အချောထည်ပစ္စည်းများ တိုးချဲ့ ထုတ်လုပ်ရေး စသည့် မူဝါဒများ ချမှတ်ပြီး ဆောင်ရွက်ခဲ့ ပါသည်။

၁၅။ သစ်တောထိန်းသိမ်းမှုလုပ်ငန်းတွင် ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ် မတ်လကုန်တွင် သစ်တော ကြိုးဝိုင်းဧရိယာ ၆၃၉၇၇ စတုရန်းမိုင်ကို ဖွဲ့စည်းပြီး ဖြစ်ပါသည်။ သစ်တောထွက် ပစ္စည်းများ ရေရှည်ထုတ်လုပ်နိုင်းရေးအတွက် သစ်တောဦးစီးဌာနနှင့် အပူပိုင်းဒေသ စိမ်းလန်းစိုပြေရေး ဦးစီးဌာနတို့မှ ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်တွင် ဓမ္မတာမျိုးဆက်ခြင်းဖြင့် ဧရိယာ ၅၃၆၁၉၈ဧကတွင် အဖိုးတန်သစ်ပင်များကို ပြုစုထိန်းသိမ်းနိုင်ခဲ့ပြီး ပဝတ္တိ မျိုးဆက်နည်းဖြင့် သစ်တောစိုက်ခင်းဧရိယာ

၄၁၀၀ ကေ ပြုစုပျိုးထောင်နိုင်ခဲ့ ပါသည်။ ထို့ပြင် သစ်တောပြုစုထိန်းသိမ်းရေးကော်မတီများ၏ ကြီးကြပ်မှုဖြင့် ပြည်သူလူထုသို့ ပျိုးပင်ပေါင်း ၁၄ သန်း ကို ဖြန့်ဖြူးပေးခဲ့ပါသည်။

၁၆။ နိုင်ငံတော်မှ ပုဂ္ဂလိကပိုင် ကျွန်းနှင့် သစ်မာစိုက်ခင်းများကို ခွင့်ပြုပေးခဲ့ပြီး သစ်တောကဏ္ဍတွင် ပုဂ္ဂလိက၏ အခန်းကဏ္ဍ ပိုမိုမြှင့်တင်နိုင်ရေး ဆောင်ရွက်ခဲ့ပါသည်။

၁၇။ ၂၀၁၁- ၂၀၁၂ ဘဏ္ဍာနှစ်တွင် သစ်တောကဏ္ဍ၏ အသားတင်ထုတ်လုပ်မှုတွင် ပုဂ္ဂလိကပိုင်မှ ၂၆.၁ ရာခိုင်နှုန်း ပါဝင်ပါသည်။

**၆-၄။ စွမ်းအင်ကဏ္ဍ**

၁၈။ ရေနံနှင့် သဘာဝဓာတ်ငွေ့များကို ပြည်တွင်းလိုအပ်ချက် လုံလောက်စွာ ဖြည့်ဆည်း နိုင်ရန်နှင့် အပိုအလျှံများကို ပြည်ပသို့တင်ပို့နိုင်ရန်အတွက် တိုးတက်ထုတ်လုပ်နိုင်ရေး ဆောင်ရွက်ခဲ့ပါသည်။

၁၉။ ထိုသို့ဆောင်ရွက်ရာတွင် ရေနံနှင့် သဘာဝဓာတ်ငွေ့ရှာဖွေ ထုတ်လုပ်ရေးလုပ်ငန်းကို မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း အနေဖြင့်လည်းကောင်း၊ ကုန်းတွင်းနှင့် ကမ်းလွန် ဒေသများတွင် ကန်ထရိုက် စာချုပ်များ ချုပ်ဆိုပြီး နိုင်ငံခြားရေနံ ကုမ္ပဏီများနှင့် ပူးပေါင်း၍ လည်းကောင်း ဆောင်ရွက်ခဲ့ပါသည်။ လက်ရှိတွင်းဟောင်းများ အထွက်တိုးရေးအတွက် ကြိုးပမ်းဆောင်ရွက်ခြင်းနှင့်ကုန်းတွင်းပိုင်း ရေနံမြေသစ်များ တိုးချဲ့ရှာဖွေတူးဖော်လျက်ရှိခြင်း၊ အလေအလွင့်များ လျော့နည်းရေးအတွက် ဆောင်ရွက်ခဲ့ပါသည်။

၂၀။ ကုန်းတွင်းပိုင်းနှင့် ကမ်းလွန်ဒေသများ၌ နိုင်ငံခြားကုမ္ပဏီများနှင့် အကျိုးတူ ပူးပေါင်း ဆောင်ရွက်လျက်ရှိပြီး ကုန်းတွင်းဒေသဖြစ်သော ချောက်၊ ရေနံချောင်း၊ မန်းနှင့် လမ်းရွာ ရေနံမြေများတွင် ရေနံတွင်းဟောင်းများ အထွက်တိုးရေး လုပ်ငန်းများနှင့် ကမ်းလွန်ဒေသ တွင်လည်း သဘာဝဓာတ်ငွေ့များ ပိုမိုထွက်ရှိရေး လုပ်ငန်းများကို ကြိုးပမ်းဆောင်ရွက် လျက်ရှိပါသည်။ သဘာဝဓာတ်ငွေ့ကို စီးပွားဖြစ် ထုတ်လုပ်တင်ပို့ ရောင်းချ နိုင်ရန်နှင့် ပြည်တွင်း လိုအပ်ချက် ဖြည့်ဆည်းနိုင်ရန် ကမ်းလွန်ဒေသဖြစ်သည့် ဧရာဝတီတိုင်း ဒေသကြီးနှင့် တနင်္သာရီတိုင်းဒေသကြီး

ကမ်းလွန် (ရတနာ) နှင့် ကမ်းလွန်(ရဲတံခွန်) လုပ်ငန်းတွင် ပိုက်လိုင်းတပ်ဆင်မှု လုပ်ငန်းများ ဆောင်ရွက်ခဲ့ပြီးဖြစ်သဖြင့် ဓာတ်ငွေ့များကို ပြည်တွင်းပြည်ပသို့ ဖြန့်ဖြူးရောင်းချလျက်ရှိပါသည်။

၂၁။ ကမ်းလွန်ဒေသတွင် ရတနာသဘာဝဓါတ်ငွေ့မြေ စီမံကိန်းကို တိုတယ်ကုမ္ပဏီမှ ဆောင်ရွက်ပြီး နေ့စဉ်သဘာဝဓါတ်ငွေ့ထုတ်လုပ်မှု ကုဗပေသန်း ၉၀၀ ရှိပြီး ထိုင်းနိုင်ငံသို့ ကုဗပေသန်း ၇၀၀ နှင့် ပြည်တွင်းသုံးအတွက် ကုဗပေသန်း ၂၀၀ ခန့် ပုံမှန်ထုတ်လုပ် ပို့လွှတ်လျက်ရှိပါသည်။ စွမ်းအင်ကဏ္ဍတွင် ပြည်တွင်း ပုဂ္ဂလိကလုပ်ငန်းရှင်များသာမက ပြည်ပမှ ရင်းနှီးမြှုပ်နှံမှုများ စီးဝင်လာစေရေးအတွက်လည်း ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။ ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်တွင် စွမ်းအင်ကဏ္ဍ၏ အသားတင်ထုတ်လုပ်မှုတန်ဖိုး၌ ပုဂ္ဂလိကအပိုင်းမှ ပါဝင်မှု ၂၂.၄ ရာခိုင်နှုန်း ရှိခဲ့ပါသည်။

## ၆-၅။ သတ္တုနှင့်တွင်းထွက်ပစ္စည်းကဏ္ဍ

၂၂။ သတ္တုနှင့်တွင်းထွက်ပစ္စည်းများကဏ္ဍတွင် ဓါတ်သတ္တုသိုက်များ တိုးတက်ရှာဖွေ ထုတ်လုပ်ရေး၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရန်နိုင်ငံပိုင်များကို ပုဂ္ဂလိကပိုင်အခန်းကဏ္ဍသို့ ကူးပြောင်းရေး၊ နည်းပညာများနှင့် လုပ်ငန်းသုံးခေတ်မီပစ္စည်းများ ပံ့ပိုးကူညီခြင်း တိုးမြှင့်ဆောင်ရွက်ရေး၊ ကျောက်မျက်ရတနာဈေးကွက်များကျင်းပ၍ နိုင်ငံခြားသုံးငွေနှင့် ပြည်တွင်းသုံးငွေများ တိုးတက်ရှာဖွေပေးရေး၊ စံချိန်စံညွှန်းမီ ပုလဲများတိုးမြှင့် ထုတ်လုပ်ရောင်းချနိုင်ရေး၊ ဓါတ်သတ္တု ထုတ်လုပ်မှုကြောင့် ပတ်ဝန်းကျင်ထိခိုက်မှုမရှိစေရေး စသည့်လုပ်ငန်းများ ဆောင်ရွက်ခဲ့ပါသည်။

၂၃။ သတ္တုနှင့်တွင်းထွက်ပစ္စည်းများကို ပုဂ္ဂလိကပိုင်အခန်းမှ ပိုမို ပါဝင်ဆောင်ရွက်လာစေရေးနှင့် တိုင်းရင်းသားလုပ်ငန်းရှင် ဓါတ်သတ္တုထုတ်လုပ်သူများ ထွန်းကားတိုးပွားလာရေး အားပေးဆောင်ရွက်ခဲ့ပြီး ပြည်တွင်း/ ပြည်ပကုမ္ပဏီများနှင့် အကျိုးတူ ဖက်စပ်လုပ်ငန်းများ ထူထောင်ပြီး အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။

၂၄။ ပုဂ္ဂလိကပိုင်အခန်း ပိုမိုတိုးတက်ရေး အားပေးဆောင်ရွက်ခဲ့သဖြင့် ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်အတွင်း ရွှေ၊ ကြေးနီသတ္တုစင်၊ သံမဏိတုံး၊ ကြေးနီနှင့်ရောရာသတ္တုရိုင်း၊ ခနောက်စိမ်းနှင့် ရောရာ

သတ္တုရိုင်း၊ ကျောက်မျက်ရတနာ၊ မင်းဂနီးစ်ဒိုင်အောက်ဆိုဒ်၊ ကျောက်မီးသွေး၊ ထုံးကျောက်နှင့် ရွှံ့စေးဖြူ ထုတ်လုပ်မှုများ တိုးတက် ခဲ့ပါသည်။ ပုဂ္ဂလိကပိုင် ထုတ်လုပ်မှုတိုးတက်လာသည်နှင့် အမျှ ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ် သတ္တုနှင့် တွင်းထွက်ပစ္စည်းကဏ္ဍ၏ အသားတင်ထုတ်လုပ်မှုတန်ဖိုး တွင် ပုဂ္ဂလိကပိုင်းမှ ၉၈.၉ ရာခိုင်နှုန်း အထိ ရှိလာပါသည်။

**၆-၆။ စက်မှုလက်မှုကဏ္ဍ**

၂၅။ မြန်မာ့စက်မှုလက်မှု ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၏ ကြီးကြပ်မှုဖြင့် တိုင်းဒေသကြီးနှင့် ပြည်နယ် ၉ ခု ရှိ စက်မှုဇုန် ၁၈ ဇုန်တွင် စက်မှုလက်မှုကုန်ပစ္စည်းများ တိုးတက် ထုတ်လုပ်လျက် ရှိပါသည်။ ပုဂ္ဂလိက စက်မှုလုပ်ငန်းရှင်များအတွက် လိုအပ်သော ငွေကြေးအရင်းအနှီး ကုန်ကြမ်းနှင့် စက်ကိရိယာများ ခေတ်မီကုန်ထုတ်နည်းပညာများရရှိရေး၊ လျှပ်စစ်ဓာတ်အား၊ ဆက်သွယ်ရေးစနစ်၊ အဆောက်အဦ စသော အခြေခံအဆောက်အအုံများ တိုးတက်ဖြည့်ဆည်းရေးစသည့် လုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိသည့်အပြင် ပုဂ္ဂလိကစက်မှုလုပ်ငန်းများ ဖွံ့ဖြိုးလာစေရန် နည်းလမ်း အမျိုးမျိုးဖြင့် ပံ့ပိုးကူညီဆောင်ရွက်ပေးလျက်ရှိပါသည်။

၂၆။ စက်မှုလုပ်ငန်းများတွင် ပုဂ္ဂလိကပိုင်အခန်း ကျယ်ကျယ်ပြန့်ပြန့် ပါဝင်လာနိုင်စေရန် နိုင်ငံပိုင် စက်ရုံ အချို့ကို ငှားရမ်းခြင်းနှင့် ပုဂ္ဂလိကလုပ်ငန်းရှင်များနှင့် အကျိုးတူ ပူးပေါင်းဆောင်ရွက်ခြင်း တို့ကို ဆောင်ရွက်လျက်ရှိပါသည်။

၂၇။ ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ် တွင် စက်မှုလက်မှု လုပ်ငန်းဦးရေ စုစုပေါင်း ၁၂၆၉၅၈ ဖြင့် ဆောင်ရွက်လျက်ရှိရာ ပုဂ္ဂလိကပိုင်အခန်းမှ လုပ်ငန်းဦးရေစုစုပေါင်း ၁၂၆၂၂၉ ရာခိုင်နှုန်းအားဖြင့် ၉၉.၄ ပါဝင်ပြီး ၂၀၁၀-၂၀၁၁ ဘဏ္ဍာနှစ်ထက် လုပ်ငန်းဦးရေ ၄၉၃၉ တိုးတက်ခဲ့ပါသည်။

၂၈။ ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်တွင် ပုဂ္ဂလိကပိုင် လုပ်ငန်းဦးရေ ၁၂၆၂၂၉ တွင် အထွေထွေ စက်မှု လုပ်ငန်းဦးရေသည် ၄၂ ရာခိုင်နှုန်း ၊ စားသောက်ရေးဆိုင်ရာ ပစ္စည်းထုတ်လုပ်သည့် လုပ်ငန်းဦးရေ ၂၈ ရာခိုင်နှုန်း ၊ စာပေနှင့် အနုပညာဆိုင်ရာလုပ်ငန်းဦးရေသည် ၆.၈ ရာခိုင်နှုန်း၊ လူသုံးကုန် ပစ္စည်းထုတ်လုပ်သည့် လုပ်ငန်းဦးရေသည် ၄.၂ ရာခိုင်နှုန်း ဖြစ်ပါသည်။ ထို့အပြင် အလုပ်သမား

ဦးရေ ၁၀ ယောက်အောက်ရှိသော ပုဂ္ဂလိက လုပ်ငန်း ဦးရေမှာ ၁၁၄၆၁၆ ဖြစ်ပြီး ၉၀.၈ ရာခိုင်နှုန်း ၊ အလုပ်သမားဦးရေ ၁၀၀ ယောက်အထက်ရှိသော ပုဂ္ဂလိက လုပ်ငန်း ဦးရေမှာ ၀.၅ ရာခိုင်နှုန်း ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ စက်မှုလက်မှုလုပ်ငန်းများသည် နည်းပညာ အဆင့်မြင့် ထုတ်လုပ်သော လုပ်ငန်းများမဟုတ်ဘဲ အသေးစားလုပ်ငန်းများသာ ဆောင်ရွက်လျက်ရှိကြောင်း တွေ့ရှိရ ပါသည်။

၂၉။ နိုင်ငံသားတိုင်း အလုပ်အကိုင်အခွင့်အလမ်း ရရှိစေရန်နှင့် ခေတ်မီ နည်းပညာ အခြေခံသော စက်မှုထုတ်ကုန်များ တိုးတက်ထုတ်လုပ်ရန်အတွက် အသေးစားနှင့် အလတ်စား စက်မှုလုပ်ငန်းများ (SMEs) ကို နည်းပညာအကူအညီများ ပံ့ပိုးပေးခြင်း၊ ပြည်ပတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုများ ဖိတ်ခေါ်၍ ချေးငွေ၊ ထောက်ပံ့ငွေများဖြင့် စက်မှုလက်မှု လုပ်ငန်းကြီးများ တိုးချဲ့ထူထောင်ခြင်း တို့ဖြင့် စက်မှုလက်မှုကဏ္ဍ ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရေး ဆောင်ရွက်လျက်ရှိပါသည်။ ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်တွင် စက်မှုလက်မှုကဏ္ဍ၏ အသားတင် ထုတ်လုပ်မှုတန်ဖိုးတွင် ပုဂ္ဂလိကပိုင်မှ ထုတ်လုပ်မှု တန်ဖိုး ၉၆.၃ ရာခိုင်နှုန်း ပါဝင်ပါသည်။

### ၆-၇။ လျှပ်စစ်ဓါတ်အားကဏ္ဍ

၃၀။ ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်၊ မတ်လကုန်တွင် လျှပ်စစ်မီးလင်းသည့်မြို့မှာ မြို့နယ်ခွဲ အပါအဝင် ၄၈၅ မြို့နှင့် ကျေးရွာ ၂၈၇၈ ရွာ ရှိပါသည်။ တစ်နိုင်ငံလုံး၌ ကျေးရွာပေါင်း (၆) သောင်းကျော်ရှိ၍ ကျေးရွာစုစုပေါင်း၏ ၄.၇ ရာခိုင်နှုန်းသာ လျှပ်စစ်မီးရရှိသောကြောင့် မီးလင်းမှုရာခိုင်နှုန်းမှာ နည်းနေပါသဖြင့် တိုးတက်လာသော လူဦးရေနှင့် အညီ တိုးမြင့်လိုအပ်လာမည့် လျှပ်စစ်ဓါတ်အားကို ဖြည့်ဆည်းနိုင်ရန် ဆက်လက်တိုးချဲ့ ဆောင်ရွက် သွားရမည် ဖြစ်ပါသည်။

၃၁။ လျှပ်စစ်ဓါတ်အားကဏ္ဍတွင် နိုင်ငံတော်မှ အဓိကတာဝန်ယူလျက်ရှိပြီး အချို့ဒေသများတွင် ပုဂ္ဂလိကပိုင်းမှ ဆောင်ရွက်လျက်ရှိပါသည်။ အထူးသဖြင့် ကျေးရွာများတွင် ဒေသအာဏာပိုင်များ နှင့် ရပ်မိရပ်ဖများဖြင့် မီးလင်းရေးကော်မတီများ ဖွဲ့စည်းပြီး မီးလင်းရေး လုပ်ငန်းများ ဆောင်ရွက် လျက်ရှိပါသည်။ ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ် လျှပ်စစ်ဓါတ်အားကဏ္ဍ၏ အသားတင်ထုတ်လုပ်မှု တန်ဖိုးတွင် ပုဂ္ဂလိကပိုင်ထုတ်လုပ်မှု တန်ဖိုး ၆၀.၂ ရာခိုင်နှုန်း ပါဝင်ပါသည်။

### ၆-၈။ ဆောက်လုပ်မှုကဏ္ဍ

၃၂။ နိုင်ငံတော် ဖွံ့ဖြိုးရေးကို အထောက်အကူပြုစေမည့် ဆောက်လုပ်မှု လုပ်ငန်းများကို နိုင်ငံတော်ပိုင်းကသာမက ပြည်တွင်းပြည်ပ ပုဂ္ဂလိကအပိုင်းကလည်း ဆောင်ရွက်ခဲ့ပါသည်။ မြို့ပြစီမံကိန်းများ၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးစီမံကိန်းများတွင် ပါဝင်သည့် အခြေခံအဆောက်အအုံကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လမ်း၊ တံတား၊ အိမ်ယာများ ဆောက်လုပ်ခြင်းကို ပုဂ္ဂလိကပိုင်းမှ တိုးချဲ့ဆောင်ရွက်ခဲ့ပါသည်။

၃၃။ ဆောက်လုပ်ရေးလုပ်ငန်းများကို သမ/အဖွဲ့အစည်းပိုင်အခန်းမှ ဆောက်လုပ်ရေး သမဝါယမအသင်းများ၊ ပုဂ္ဂလိကပိုင်အခန်းမှ ဖက်စပ်လုပ်ငန်းများနှင့် ပုဂ္ဂလိကလုပ်ငန်းရှင်များ ကျယ်ပြန့်စွာ ပါဝင်ဆောင်ရွက်လျက်ရှိပါသည်။ သို့ဖြစ်ပါ၍ ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်တွင် ပုဂ္ဂလိကပိုင်ဆောက်လုပ်မှု တန်ဖိုးမှာ စုစုပေါင်းဆောက်လုပ်မှုတန်ဖိုး၏ ၅၇.၁ ရာခိုင်နှုန်း ပါဝင်ပါသည်။

### ၆-၉။ ပို့ဆောင်ရေးကဏ္ဍ

၃၄။ ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်တွင် ပုဂ္ဂလိကပိုင်အခန်းမှ မြစ်ကြောင်းသွား စက်တပ်ရေယာဉ် ၅၁၀၈ စီး၊ ကမ်းရိုးတန်း သွားရေယာဉ် ၄၉၁၈ စီး၊ ခရီးသည်တင်မော်တော်ယာဉ် ၂၆၆၇၉၅ စီး၊ ကုန်တင်မော်တော်ယာဉ် ၉၂၇၇၂ စီးတို့ဖြင့် လုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါသည်။

၃၅။ ပြည်တွင်းပို့ဆောင်ရေးလုပ်ငန်းအနေဖြင့် နေပြည်တော်ကိုဗဟိုပြု၍ နေပြည်တော်မှ ရန်ကုန်၊ မန္တလေး၊ ပုဂံ၊ ပြည်၊ မြင်းခြံ၊ မော်လမြိုင်၊ ချောက်မြို့များ သို့လည်းကောင်း၊ ရန်ကုန်-ထားဝယ် အမြန်ကား၊ ရန်ကုန်-ပုဂံ အထူးအမြန်ကား၊ မန္တလေး-မြစ်ကြီးနား အထူးအမြန်ကားများကိုလည်း ပုဂ္ဂလိကလုပ်ငန်းရှင်များက တိုးချဲ့ပြေးဆွဲ လျက် ရှိပါသည်။

၃၆။ လေကြောင်းပို့ဆောင်ရေးအနေဖြင့် အဲယားမန္တလေးလေကြောင်းတွင် ပြည်တွင်း ခရီးစဉ်များဖြစ်သည့် ရန်ကုန် မှ မန္တလေး၊ ပုဂံ၊ ဟဲဟိုး၊ သံတွဲ၊ စစ်တွေ၊ ထားဝယ်၊ မြိတ်၊ ကော့သောင်းမြို့များသို့ လည်းကောင်း၊ စင်းလုံးငှား ခရီးစဉ်အဖြစ် ရန်ကုန်မှ တာချီလိတ်မြို့သို့လည်းကောင်း ပျံသန်းပို့ဆောင်ပေးခဲ့ပါသည်။ အဲပုဂံ လီမိတက်မှလည်း ပြည်တွင်းခရီးစဉ်

(၁၉) ခုအပြင် ပြည်ပခရီးစဉ်အဖြစ် ရန်ကုန်-ချင်းမိုင်-ရန်ကုန် နှင့် စင်းလုံးငှား ခရီးစဉ်အဖြစ် ရန်ကုန်-ကွာလာလမ်ပူ-ရန်ကုန်၊ ရန်ကုန်-ဖူးကက်-ရန်ကုန်၊ မန္တလေး-ဂါယာ-မန္တလေး ခရီးစဉ်များကို ပြေးဆွဲပေးခဲ့ပါသည်။ မြန်မာ့လေကြောင်းအနေဖြင့် ပြည်တွင်းပြည်ပ လေကြောင်းပို့ဆောင်မှုလုပ်ငန်းတွင် နိုင်ငံပိုင် လေကြောင်းအပြင် ပြည်တွင်းပြည်ပ ပုဂ္ဂလိကလုပ်ငန်းရှင်များနှင့် ပူးပေါင်း၍ လေကြောင်းလိုင်းများ ပျံသန်း လျက် ရှိပါသည်။

၃၇။ ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်တွင် ပို့ဆောင်ရေးကဏ္ဍ၏ အသားတင်ဝန်ဆောင်မှုတန်ဖိုးတွင် ပုဂ္ဂလိကပိုင်ကဏ္ဍ၏ ပါဝင်မှု ၉၉.၀ ရာခိုင်နှုန်း ဖြစ်ပါသည်။

**၆-၁၀။ ဆက်သွယ်ရေးကဏ္ဍ**

၃၈။ နိုင်ငံတော်၏စီးပွားရေးနှင့်လူမှုရေးဖွံ့ဖြိုးတိုးတက်လာစေရန်ဆောင်ရွက်ရာတွင်ဆက်သွယ်ရေးကဏ္ဍအနေဖြင့် အရေးပါသော အခန်းကဏ္ဍမှ ပါဝင်လျက်ရှိသည့်အလျောက် ဆက်သွယ်ရေး လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေရေး ဆောင်ရွက်ခဲ့ပါသည် ။

၃၉။ ထိုသို့ ဆောင်ရွက်ရာတွင် စာတိုက်လုပ်ငန်းတွင် စာတိုက်ရုံးအသစ်ဖွင့်လှစ်ခြင်း၊ စာတိုက်အဆင့်မြှင့်တင်ခြင်း၊ ကြေးနန်းလုပ်ငန်းတွင် ကြေးနန်းရုံးများ အသစ်ဖွင့်လှစ်ခြင်း၊ ကြေးနန်းရုံးများအဆင့်မြှင့်ခြင်း၊ တယ်လီဖုန်းဆက်သွယ်ရေးလုပ်ငန်းတွင်အော်တိုတယ်လီဖုန်းနှင့် မိုဘိုင်းတယ်လီဖုန်းများတိုးချဲ့တပ်ဆင်ပေးခြင်း၊ ဖိုင်ဘာဆက်ကြောင်းများတည်ဆောက်ခြင်း၊ မြန်နှုန်းမြင့် မိုက်ခရိုဝေ့ဗ်ဆက်ကြောင်း များ တည်ဆောက်ခြင်း၊ သတင်းနှင့် အချက်အလက်များ ဗဟိုစုံစမ်းရေးဌာနတစ်ခု ကို ပုဂ္ဂလိကနှင့် ပူးပေါင်းဆောင်ရွက်ခြင်းနှင့် အပြည်ပြည်ဆိုင်ရာ တယ်လီဖုန်းချယ်နယ်များ စိစစ်ငှားရမ်းခြင်း လုပ်ငန်းများဆောင် ရွက်ခဲ့ပါသည်။

၄၀။ ထို့အပြင် သတင်းအချက်အလက် ဗဟိုစုံစမ်းရေးဌာနတစ်ခုအဖြစ် ရတနာပုံ Call Center ကို ရတနာပုံတယ်လီပို့ ကုမ္ပဏီလီမိတက်နှင့် ပူးပေါင်း၍ ၂၀၁၁ ခုနှစ် အတွင်း နိုဝင်ဘာလ မှစ၍ ဝန်ဆောင်မှုများ ဆောင်ရွက်ပေးလျက်ရှိပါသည်။

## ၆-၁၁။ ငွေရေးကြေးရေးကဏ္ဍ

၄၁။ ငွေရေးကြေးရေးကဏ္ဍအနေဖြင့် ပြည်တွင်းငွေကြေး တည်ငြိမ်ခိုင်မာမှု ရှိစေရန်နှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူဖြစ်စေမည့် ဘဏ္ဍာရေး နှင့် ငွေကြေးဝန်ဆောင်မှု လုပ်ငန်းများ ဖွံ့ဖြိုးလာစေရန် ဆောင်ရွက်ခဲ့ပါသည်။

၄၂။ ထိုသို့ ဆောင်ရွက်ရာတွင် နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးကို ထိရောက်စွာ အထောက်အကူ ပြုနိုင် သည့်ခေတ်မီဘဏ်လုပ်ငန်းစနစ်ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ခြင်းနှင့် နိုင်ငံတကာ နှင့် ရင်ဘောင်တန်း ဆောင်ရွက်နိုင်ရေး ကြိုးပမ်းဆောင်ရွက်ခြင်း ၊ နိုင်ငံတကာရှိ ဘဏ်လုပ်ငန်းများနှင့် ယှဉ်ပြိုင်လုပ်ကိုင်နိုင်ရေး ကြိုးပမ်းဆောင်ရွက်ခြင်း၊ အီလက်ထရောနစ် ဘဏ်လုပ်ငန်း အကောင်အထည်ဖော်နိုင်ရေး ကြိုးပမ်းဆောင်ရွက်ခြင်း၊ အရင်းအနှီးဈေးကွက် ဖွံ့ဖြိုးတိုးတက်စေရေး ကြိုးပမ်းဆောင်ရွက်ခြင်း ၊ ငွေကြေးစီးဆင်းမှု လွယ်ကူချောမွေ့ အဆင်ပြေစေရေး ကြိုးပမ်းဆောင်ရွက်ခြင်း ၊ လုံခြုံရေးသတင်းကွန်ယက် တိုးချဲ့ဆောင်ရွက်ခြင်း ၊ ပုဂ္ဂလိကဘဏ် ဝန်ဆောင်မှုလုပ်ငန်းများ စနစ်တကျ လုပ်ငန်းဆောင်ရွက် နိုင်လာ စေရန်အတွက် ပြဋ္ဌာန်းထားသော ဥပဒေများနှင့်အညီ ဆောင်ရွက်ပေးခြင်းတို့ကို ဆောင်ရွက်ခဲ့ပါသည်။

၄၃။ ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်မတ်လကုန်တွင် ပုဂ္ဂလိကဘဏ် ၁၉ ခုမှ တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် ဘဏ်ခွဲပေါင်း ၃၆၆ ခု ဖွင့်လှစ်ပြီး လုပ်ငန်းများဆောင်ရွက်လျက် ရှိပါသည်။ ထို့အပြင် နိုင်ငံခြားဘဏ် ကိုယ်စားလှယ် ရုံးခွဲပေါင်း ၁၆ ခု ဖွင့်လှစ်ပြီး ဆောင်ရွက်လျက်ရှိပါသည်။ ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ် ငွေရေးကြေးရေးကဏ္ဍ၏ အသားတင်ဝန်ဆောင်မှုတန်ဖိုး၌ ပုဂ္ဂလိကပိုင် အခန်းပါဝင်မှု ၃၆.၄ ရာခိုင်နှုန်း ဖြစ်ပါသည်။

## ၆-၁၂။ လူမှုရေးနှင့်စီမံခန့်ခွဲရေးကဏ္ဍ

၄၄။ လူမှုရေးနှင့်စီမံခန့်ခွဲရေးကဏ္ဍအနေဖြင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး အတွက် နိုင်ငံတော်မှ ကော်မတီများကို ဖွဲ့စည်းကာ အကောင်အထည်ဖော် ဆောင်ရွက်လျက် ရှိပါသည်။ယင်းသို့ကော်မတီများ အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် ပုဂ္ဂလိကအပိုင်းမှလည်း ပါဝင်ပူးပေါင်း ဆောင်ရွက်လျက် ရှိပါသည်။

၄၅။ ပညာရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်စေရန် အခြေခံပညာပိုင်းတွင် အားလုံးအတွက် ပညာရေး ရည်မှန်းချက် ၂၀၁၀ - ၂၀၁၅ ကိုလည်းကောင်း ၊ ထောင်စုနှစ်ရည်မှန်းချက် ( MDGs ) များကို လည်းကောင်း ၊ လူတိုင်းသက်တမ်းစေ့ အသက်ရှည်စွာ နေထိုင်နိုင်ရေးနှင့် ရောဂါဘယ ကင်းရှင်း ရေး ၊ မြန်မာအားကစားလောက မြင့်မားလာစေရန် ကြိုးပမ်းခြင်း ၊ ယဉ်ကျေးမှု အမွေအနှစ်များကို ထိန်းသိမ်းစောင့်ရှောက်ခြင်း ၊ သဘာဝဘေး အန္တရာယ် ကာကွယ်ရေးအနေဖြင့် သဘာဝဘေး အန္တရာယ်များကို ကြိုတင်ကာကွယ်ခြင်းတို့ကို ဆောင်ရွက်ခဲ့ပါသည်။ နိုင်ငံတော်ပိုင်းမှ သာမက ပုဂ္ဂလိကပိုင်းမှပါ ပိုမိုပါဝင်ဆောင်ရွက်နိုင်ရေးအတွက် လူမှုရေးနှင့်စီမံခန့်ခွဲရေးကဏ္ဍတွင် ပုဂ္ဂလိက လူမှုရေးအသင်းအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါသည်။

၄၆။ လူမှုရေးနှင့် စီမံခန့်ခွဲရေးကဏ္ဍ၏ အသားတင် ဝန်ဆောင်မှုတန်ဖိုးတွင် ပုဂ္ဂလိကပိုင် အသားတင် ဝန်ဆောင်မှုတန်ဖိုးမှာ ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်၌ ၁၈.၉ ရာခိုင်နှုန်း ပါဝင်ပါသည်။

## ၆-၁၃။ ငှားရမ်းခနှင့်အခြားဝန်ဆောင်မှုကဏ္ဍ

၄၇။ နိုင်ငံတော်၏စီးပွားရေး ဖွံ့ဖြိုးတိုးတက်စေရန်အတွက် ပုဂ္ဂလိကပိုင် စီးပွားရေးလုပ်ငန်းများ ကို ပိုမိုလုပ်ပိုင်ခွင့်ပေးခဲ့ပါသည်။ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်း၏ ဝန်ဆောင်မှုများ ၊ ပုဂ္ဂလိကကဏ္ဍရှိ ဆေးရုံ၊ ဆေးခန်း စသည့် ကျန်းမာရေး ဝန်ဆောင်မှုလုပ်ငန်းများ၊ ပညာရေး ဝန်ဆောင်မှုလုပ်ငန်းများ၊ အခြား ပုဂ္ဂလိက ဝန်ဆောင်မှုလုပ်ငန်းများ တိုးတက်လာခဲ့ပါသည်။ ကမ္ဘာလှည့် ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ပြီး နိုင်ငံခြားဝင်ငွေ ပိုမိုရရှိစေရန် ဟိုတယ် နှင့် ခရီးသွား လာရေးလုပ်ငန်းများတွင် ပုဂ္ဂလိကလုပ်ငန်းရှင်များအား လုပ်ငန်းလိုင်စင်များ ထုတ်ပေး ခဲ့ပါသည်။

၄၈။ ငှားရမ်းခ နှင့် အခြားဝန်ဆောင်မှုကဏ္ဍတွင် ပုဂ္ဂလိကပိုင်အခန်း ပါဝင်မှု ၉၆ ရာခိုင်နှုန်းကျော် ရှိပြီး ပြောင်းလဲလာသော ခေတ်စနစ်နှင့်အညီ ပြောင်းလဲတိုးတက်လာသော ဝန်ဆောင်မှု လိုအပ်ချက် များအရ ပညာရေးဝန်ဆောင်မှု၊ ကျန်းမာရေးဝန်ဆောင်မှု၊ စားသောက်ဆိုင်၊ Internet Café၊ ကွန်ပျူတာ စာစီ၊ မိတ္တူလုပ်ငန်းများ၊ လူမှုရေး စီးပွားရေးအတွက် အကျိုးဆောင်ဝန်ဆောင်မှု လုပ်ငန်းများ ပိုမို တိုးတက်ခဲ့ပါသည်။

၄၉။ ပုဂ္ဂလိကပိုင်ဝန်ဆောင်မှုလုပ်ငန်းများ တိုးတက်လာသည်နှင့်အမျှ ငှားရမ်းခနှင့် အခြား ဝန်ဆောင်မှု ကဏ္ဍ၏ အသားတင်ဝန်ဆောင်မှုတန်ဖိုးတွင် ပုဂ္ဂလိကပိုင် ပါဝင်မှုမှာ ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်၌ ၉၆.၃ ရာခိုင်နှုန်း ပါဝင်ကြောင်း တွေ့ရှိရပါသည်။

**၆-၁၄။ ကုန်သွယ်ရေးကဏ္ဍ**

၅၀။ ကုန်ထုတ်လုပ်မှုကဏ္ဍများဖြစ်သည့် လယ်ယာ၊ သားငါး၊ သစ်တော၊ စွမ်းအင်၊ သတ္တုနှင့် တွင်းထွက်ပစ္စည်းနှင့် စက်မှုလက်မှုကဏ္ဍများ ဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ ကုန်ထုတ်လုပ်မှုများ တိုးတက်လာပြီး၊ ကုန်သွယ်ရေးကဏ္ဍကို ပိုမိုဖွံ့ဖြိုးစေပါသည်။ နိုင်ငံတော်မှလည်း ဈေးကွက်စီးပွား ရေးနှင့်အညီ ခိုင်မာသည့် ကုန်သွယ်မှုဆိုင်ရာမူဝါဒများကို စနစ်တကျ ချမှတ် အကောင်အထည် ဖော်လျက်ရှိခြင်း၊ ကုန်သွယ်မှုလုပ်ငန်းများ အဆင်ပြေချောမွေ့စွာ ဆောင်ရွက်နိုင်ရေးအတွက် ပံ့ပိုးကူညီခြင်း၊ ပို့ကုန်တိုးမြှင့်ရေး ဦးစားပေးဆောင်ရွက်ခြင်း၊ ပြည်တွင်းထုတ်လုပ်မှု၊ စားသုံးမှုနှင့် ပိုလျှံမှုတို့အပေါ် မူတည်၍ ပို့ကုန်သွင်းကုန်များ ထိန်းညှိခြင်းဖြင့် ကုန်စည်စီးဆင်းမှု ကုန်ဈေးနှုန်း တည်ငြိမ်ရေးကို ထိန်းကျောင်းပေးခြင်း၊ ပို့ကုန်တင်ပို့ခြင်းအပြင် ဝန်ဆောင်မှုလုပ်ငန်းများမှ နိုင်ငံခြားငွေ တိုးတက်ရရှိစေရေး အားပေးဆောင်ရွက်ခြင်းများကို ဆောင်ရွက်ခဲ့ပါသည်။

၅၁။ ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်တွင် ကုန်သွယ်မှုကဏ္ဍ၏ အသားတင်ကုန်သွယ်မှု တန်ဖိုး၌ ပုဂ္ဂလိကပိုင်အခန်း ပါဝင်မှု ၉၄.၈ ရာခိုင်နှုန်း အထိ ရှိခဲ့ပါသည်။

# အပိုင်း(၇)

## လုပ်ငန်းစီမံကိန်းများ အကောင်အထည်ဖော်ဆောင်ရွက်မှုအခြေအနေ

### ၇-၁။ နိုင်ငံတော်မှဆောင်ရွက်သည့် လုပ်ငန်းစီမံကိန်းများ

၁။ ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်း ကာလအတွင်း နိုင်ငံတော်မှ ကဏ္ဍအလိုက် လုပ်ငန်းစီမံကိန်း (၃၀၃) ခု အကောင်အထည်ဖေါ်ဆောင်ရွက်ခဲ့ပြီး ယင်းလုပ်ငန်းစီမံကိန်းများ အတွက် ယာယီစာရင်းများအရ ကျပ် ၉၃၆.၃ ဘီလီယံ သုံးစွဲခဲ့ပါသည်။

### ၇-၁-၁။ လယ်ယာကဏ္ဍ

၂။ ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ် အမျိုးသား စီမံကိန်းကာလအတွင်း ကညင်ရေလှောင်တမံစီမံကိန်း၊ ကြီးအုံကြီး၀ ရေလှောင်တမံစီမံကိန်း၊ စလူရေလှောင်တမံစီမံကိန်း၊ ကိုဒူကွဲ ရေလှောင်တမံ စီမံကိန်း၊ ရွှေလောင်း ရေလှောင်တမံစီမံကိန်းများကို ဖွင့်လှစ်နိုင်ခဲ့ပါသည်။

၃။ ဆောင်ရွက်ဆဲလုပ်ငန်းစီမံကိန်းများမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

- ပေါင်းနက်ရေလှောင်တမံစီမံကိန်း
- ရေဘုတ်ရေလှောင်တမံစီမံကိန်း
- တနော့ရေလှောင်တမံစီမံကိန်း
- ရာဇဂြိုလ်ရေလှောင်တမံစီမံကိန်း
- မဏိပူရရေလှောင်တမံစီမံကိန်း
- ထမံသီရေလှောင်တမံစီမံကိန်း
- သိန်ရင်ရေလှောင်တမံစီမံကိန်း
- မင်းမြင်ရေလှောင်တမံစီမံကိန်း
- ဖြူးချောင်း ရေလှောင်တမံစီမံကိန်း
- ပဂိုင်တာရေထိန်းတံခါး
- မုက္ခာ ရေလှောင်တမံစီမံကိန်း
- မြစ်သာရေလှောင်တမံစီမံကိန်း
- ဗူးရွာရေလှောင်တမံစီမံကိန်း

- အထက်ဗူးရွာ ရေလှောင်တမံစီမံကိန်း
- သရက်ချောင်း( ပခုက္ကူစိမ်းလန်း) ရေလှောင်တမံစီမံကိန်း
- ဆည်တော်ကြီးရေကူရေလှောင်တမံစီမံကိန်း
- ပုလွေးရေလှောင်တမံစီမံကိန်း
- မိတ္ထီလာလွှင်ပြင်စိမ်းလန်းစိုပြည်ရေး
- မြောင်းမကြီးတူးဖော်ခြင်း
- နတ်ကာရေလှောင်တမံစီမံကိန်း
- ဖောင်းလောင်ရေလှောင်တမံစီမံကိန်း
- မြို့ကြီး(မိတ္ထီလာစိမ်းလန်း)ရေလှောင်တမံစီမံကိန်း
- ကျိုင်းခမ်းရေလှောင်တမံစီမံကိန်း
- ရေကျော်ရေလှောင်တမံစီမံကိန်း
- ကျောင်းခြားရေလှောင်တမံစီမံကိန်း
- ဇာသပြင်မြစ်ရေတင်စီမံကိန်း
- သာယာပေါင်းမြစ်ရေတင်စီမံကိန်း
- အင်တိုင်းကြီး(ချဲ့) မြစ်ရေတင်စီမံကိန်း
- ပြင်သာမြစ်ရေတင်စီမံကိန်း
- သစ်ချောက်ခင်မြစ်ရေတင်စီမံကိန်း
- ရေကာမြစ်ရေတင်စီမံကိန်း
- မိုးသစ္စာမြစ်ရေတင်စီမံကိန်း
- မတော့ကုန်းမြစ်ရေတင်စီမံကိန်း
- ကျီးသဲ(ချဲ့) မြစ်ရေတင်စီမံကိန်း
- ဆိပ်ဖြူအောက်ဆိပ်မြစ်ရေတင်စီမံကိန်း
- ဘုရားကုန်းမြစ်ရေတင်စီမံကိန်း
- ဒုဋ္ဌဝတီ(ရွာသာယာ) မြစ်ရေတင်စီမံကိန်း
- ဒုဋ္ဌဝတီ(ထီးတော်မိုး) မြစ်ရေတင်စီမံကိန်း
- ဒုဋ္ဌဝတီ(ရွှေလှံဗိုလ်)မြစ်ရေတင်စီမံကိန်း
- စမုံဆင်ချည်တိုင်မြစ်ရေတင်စီမံကိန်း
- အစုကြီးမြစ်ရေတင်စီမံကိန်း
- အလိန်လည်မြစ်ရေတင်စီမံကိန်း

- စစ်ပင်မြစ်ရေတင်စီမံကိန်း
- မင်းလှ၀မြစ်ရေတင်စီမံကိန်း
- ရဲမွန်မြစ်ရေတင်စီမံကိန်း
- ကျောက်နီမြစ်ရေတင်စီမံကိန်း
- ချမ်းမြေ့သာယာမြစ်ရေတင်စီမံကိန်း
- နောင်ခေါ်မြစ်ရေတင်စီမံကိန်း
- နောင်ဟင်မြစ်ရေတင်စီမံကိန်း

၄။ လုပ်ငန်းစီမံကိန်းသစ်များမှာ ရေကျော်ရေလှောင်တမံစီမံကိန်း နှင့် ကျောင်းခြားရေလှောင်တမံစီမံကိန်း တို့ဖြစ်ပါသည်။

## ၇-၁-၂။ သစ်တောကဏ္ဍ

၅။ သစ်တောဦးစီးဌာန၏ ဦးဆောင်မှု၊ ဒေသခံပြည်သူလူထု ပူးပေါင်းပါဝင်မှုဖြင့် ဇရာဝတီတိုင်းအတွင်းရှိ ဒီရေတောများအား ဘက်စုံအုပ်ချုပ်လုပ်ကိုင်ခြင်းနှင့် ပြန်လည်စိုက်ပျိုးပြုစုခြင်း လုပ်ငန်းများကို ဆက်လက်ဆောင်ရွက်လျက်ရှိပါသည်။

## ၇-၁-၃။ စက်မှုလက်မှုကဏ္ဍ

၆။ ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ် အမျိုးသား စီမံကိန်း ကာလအတွင်း အကောင်အထည်ဖော်ဆောင်ရွက်ပြီးစီးခဲ့သည့် အဓိကကျသည့် လုပ်ငန်းစီမံကိန်းများမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

**(က) အမှတ်(၁)အကြီးစားစက်မှုလုပ်ငန်း**

- အမှတ်(၁၃) အကြီးစားစက်ရုံ စီမံကိန်း(မကွေး)ကို ၂၀၀၉-၂၀၁၀ ဘဏ္ဍာနှစ်တွင် စတင် ဆောင်ရွက်ခဲ့ရာ ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်တွင် စီမံကိန်းပြီးစီးပြီဖြစ်ပါသဖြင့် ပုံမှန် ထုတ်လုပ်မှုများ ဆောင်ရွက်လျက်ရှိပါသည်။

**(ခ) အမှတ်(၃)အကြီးစားစက်မှုလုပ်ငန်း**

- အုတ်စက်ရုံစီမံကိန်း (မင်းကုန်း)ကို ၂၀၀၇-၂၀၀၈ ဘဏ္ဍာနှစ်တွင် စတင် ဆောင်ရွက်ခဲ့ရာ စီမံကိန်းပြီးစီးပြီဖြစ်သဖြင့် နေပြည်တော် စည်ပင်သာယာရေး ကော်မတီသို့ လွှဲပြောင်းပေးပြီးဖြစ်ပါသည်။

၇။ ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ် အမျိုးသား စီမံကိန်း ကာလတွင် ဆက်လက်ဆောင်ရွက်လျက်ရှိသည့် အဓိကကျသော လုပ်ငန်းစီမံကိန်းများ၏ အကောင်အထည်ဖော်နိုင်မှု အခြေအနေမှာ အောက်ပါ အတိုင်း ဖြစ်ပါသည်။

(က) **အမှတ်(၁)အကြီးစားစက်မှုလုပ်ငန်း**

- Heavy Diesel Engine Manufacturing Project (အကြီးစားဒီဇယ်အင်ဂျင် ထုတ်လုပ်မှုစီမံကိန်း)(သာဂရ)ကို ၂၀၁၀-၂၀၁၁ ဘဏ္ဍာနှစ်မှ စတင် ဆောင်ရွက်လျက်ရှိပါသည်။

(ခ) **အမှတ်(၃)အကြီးစားစက်မှုလုပ်ငန်း**

- မှန်စက်ရုံစီမံကိန်း(ကျောက်ဆည်)ကို ၂၀၀၇-၂၀၀၈ ဘဏ္ဍာနှစ်တွင် စတင် ဆောင်ရွက်ခဲ့ရာ ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်တွင် ပြီးစီးရန်ခန့်မှန်းထားပါသည်။ စက်ရုံ ပြီးစီးပါက တစ်နှစ်လျှင် မှန်မျိုးစုံ ၄၁၇၀၀ တန် ထုတ်လုပ် ပေးနိုင်မည်ဖြစ်ပါသည်။

(ဂ) **စက္ကူနှင့်အိမ်သုံးပစ္စည်းလုပ်ငန်း**

- တစ်နေ့တန်(၆၀) CTMP သတင်းစာစက္ကူစက်ရုံ(သာပေါင်း)ကို ၂၀၀၇-၂၀၀၈ ဘဏ္ဍာနှစ်တွင် စတင်ဆောင်ရွက်ခဲ့ရာ ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်တွင် ပြီးစီးရန် ခန့်မှန်းထားပါသည်။ စက်ရုံပြီးစီးပါက တစ်နှစ်လျှင် သတင်းစာစက္ကူ တန် ၁၈၀၀၀ ကို ထုတ်လုပ်ပေးနိုင်မည်ဖြစ်ပါသည်။

## ၇-၁-၄။ လျှပ်စစ်ဓာတ်အားကဏ္ဍ

၈။ ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်အထိ အဓိကကျသော ဆောင်ရွက်ဆဲလုပ်ငန်း စီမံကိန်းများ၏ အကောင်အထည်ဖော်နိုင်မှုအခြေအနေမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

(က) အထက်ပေါင်းလောင်း ရေအားလျှပ်စစ်စီမံကိန်းကို မန္တလေးတိုင်း ပျဉ်းမနားမြို့မှ ၄၇ မိုင်ခွဲ အကွာ ပေါင်းလောင်းချောင်းကို အခြေခံ၍ ၂၀၀၅-၂၀၀၆ ဘဏ္ဍာနှစ်တွင် စတင်တည်ဆောက်ခဲ့ပါသည်။ တပ်ဆင်အင်အား ၁၄၀ မဂ္ဂါဝပ်ရှိပြီး၊ တစ်နှစ်လျှင် လျှပ်စစ်ဓာတ်အား ကီလိုဝပ်နာရီ သန်းပေါင်း ၄၅၄ ထုတ်လုပ် နိုင်မည်ဖြစ်ပါသည်။ လုပ်ငန်းစီမံကိန်းတစ်ခုလုံး၏ ၅၆ ရာခိုင်နှုန်း ပြီးစီးပြီ ဖြစ်ပါသည်။

(ခ) နန်ချိုရေအားလျှပ်စစ်စီမံကိန်းကိုပျဉ်းမနားမြို့နယ်မှ ၂၆ မိုင်ခွဲအကွာ နန်ချိုချောင်းကို အခြေခံ၍ ၂၀၀၆-၂၀၀၇ ဘဏ္ဍာနှစ်တွင် စတင်တည်ဆောက်ခဲ့ပါသည်။ တပ်ဆင်

အင်အား ၄၀ မဂ္ဂါဝပ် ရှိပြီး တစ်နှစ်လျှင် လျှပ်စစ်ဓာတ်အား ကီလိုဝပ်နာရီသန်းပေါင်း ၅၂ ထုတ်လုပ် နိုင်မည်ဖြစ်ပါသည်။ လုပ်ငန်းစီမံကိန်း တစ်ခုလုံး၏ ၇၄ ရာခိုင်နှုန်း ပြီးစီးပြီ ဖြစ်ပါသည်။

(ဂ) ကွန်းချောင်းရေအားလျှပ်စစ်စီမံကိန်းသည် ပဲခူးတိုင်း၊ ဖြူးမြို့နယ် အနောက်တောင်ဘက် ၇ မိုင်ခန့်အကွာ ကွန်းချောင်းပေါ်တွင်တည်ရှိပြီး လုပ်ငန်းစီမံကိန်း တစ်ခုလုံး၏ ၉၈ ရာခိုင်နှုန်း ပြီးစီးခဲ့ပါသည်။ တပ်ဆင်အင်အား ၆၀ မဂ္ဂါဝပ် ရှိပြီး၊ တစ်နှစ်လျှင် လျှပ်စစ် ဓာတ်အား ကီလိုဝပ်နာရီ သန်းပေါင်း ၁၉၀ ထုတ်လုပ် နိုင်မည် ဖြစ်ပါ သည်။

(ဃ) ဖြူးချောင်းရေအားလျှပ်စစ်စီမံကိန်းသည် ပဲခူးတိုင်း၊ ဖြူးမြို့အနောက်ဘက် ၇ မိုင်ခန့် အကွာ ဖြူးချောင်းပေါ်တွင်တည်ရှိပြီး လုပ်ငန်းစီမံကိန်းတစ်ခုလုံး၏ ၈၇ ရာခိုင်နှုန်း ပြီးစီးပြီဖြစ်ပါသည်။တပ်ဆင်အင်အား ၄၀ မဂ္ဂါဝပ်ရှိပြီး၊ တစ်နှစ်လျှင် လျှပ်စစ် ဓာတ်အားကီလိုဝပ်နာရီသန်းပေါင်း ၁၂၀ ထုတ်လုပ်နိုင် မည်ဖြစ်ပါသည်။

(င) ဘီလူးချောင်း(၃)ရေအားလျှပ်စစ်စီမံကိန်းသည် ကယားပြည်နယ်၊ လွိုင်ကော်မြို့၏ အရှေ့တောင်ဘက် (၁၆) မိုင်အကွာ လောပိတကျေးရွာအနီးတွင် တည်ရှိပြီး လုပ်ငန်းစီမံကိန်း တစ်ခုလုံး၏ ၇၁ ရာခိုင်နှုန်း ပြီးစီးခဲ့ပါသည်။ တပ်ဆင်အင်အား ၅၂ မဂ္ဂါဝပ်ရှိပြီး တစ်နှစ်လျှင် လျှပ်စစ်ဓာတ်အား ကီလိုဝပ်နာရီသန်းပေါင်း ၃၃၄ ထုတ်လုပ်နိုင်မည် ဖြစ်ပါသည်။

## ၇-၁-၅။ ဆောက်လုပ်မှုကဏ္ဍ

၉။ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၏ ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းကာလ အတွင်း ဆက်လက်ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းစီမံကိန်းများ၏ အခြေအနေမှာ အောက်ပါ အတိုင်း ဖြစ်ပါသည်။

**(က) တံတားတည်ဆောက်ခြင်း**

- ကချင်ပြည်နယ်၊ ဗန်းမော်မြို့နယ်ရှိ ဧရာဝတီတံတား(စင်းခန်း)၊
- မကွေးတိုင်းဒေသကြီး၊ မလွန်မြို့နယ်ရှိ ဧရာဝတီတံတား (မလွန်)၊
- မကွေးတိုင်းဒေသကြီး၊ ပေါက်မြို့နယ်ရှိ အမှတ်(၁) ပေါက်တံတား (အုန်းတော)နှင့် အမှတ်(၂)ပေါက်တံတား(ရေပြာ)၊
- ဧရာဝတီတိုင်းဒေသကြီး၊ လှိုင်းဘုန်းမြို့နယ်ရှိ လှိုင်းဘုန်းတံတားနှင့် ရခိုင်ပြည်နယ် မင်းပြားမြို့နယ်ရှိ ဆင်ခုံတိုင်မြစ်ကူးတံတား၊

**(ခ) လမ်းဖောက်လုပ်ခြင်း**

- ကိုးပင်-သာဂရလမ်း၊
- မကွေး-ကံပြား-မြို့သစ်-တောင်ညို-နေပြည်တော်(၁၂)မိုင်လမ်း၊
- ကျောက်ဆည်-ပြင်ဦးလွင်-ရတနာသိဃ်-မိုးကုတ်လမ်း၊
- မွန်းတည့်ခွင်-ကျည်တောင်ကန်-ခေါမ-သာယာဂုမ်း-ဇီးရိုင်း-ဝဲကြီး-ကတို့ဆိပ်-ရေလွှဲဆည်- သစ်ဆိမ့်ပင်-နှမ်းတော-သကြားစက်-နေပြည်တော်ပတ်လမ်း၊
- ရေး-ကလော-ခေါမလမ်း၊
- ရန်ကုန်-ကျောက်ဖြူလမ်း၊
- ဘိုကလေး-ကြိမ်ချောင်း-ကတုံကနိလမ်း၊
- ဧရာဝတီတိုင်းဒေသကြီး ကျောက်ကလပ်-ဒီဒူးကုန်း-ပြင်ခရိုင်-ချောင်းဝ-ဟိုင်းကြီးကျွန်းလမ်း၊

**၇-၁-၆။ ပို့ဆောင်ရေးကဏ္ဍ**

၁၀။ ပဉ္စမကာလတို ငါးနှစ်အမျိုးသားစီမံကိန်း၏ ပထမနှစ်ဖြစ်သော၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်စီမံကိန်းကာလအတွင်း ဆက်လက်ဆောင်ရွက်နေသည့် လုပ်ငန်းစီမံကိန်းများမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

**(က) မြန်မာ့မီးရထား**

- ကြံခင်း-ပခုက္ကူရထားလမ်း ဖောက်လုပ်ရေးစီမံကိန်း
- မိုးနဲ-ကျိုင်းတုံ ရထားလမ်း ဖောက်လုပ်ရေးစီမံကိန်း
- ကသာ-ဗန်းမော် ရထားလမ်းဖောက်လုပ်ရေးစီမံကိန်း
- ပျော်ဘွယ်-နတ်မောက်-မကွေး ရထားလမ်းဖောက်လုပ်ရေးစီမံကိန်း
- ထားဝယ်-မြိတ်ရထားလမ်း ဖောက်လုပ်ရေးစီမံကိန်း
- မင်းဘူး-အမ်း-စစ်တွေ ရထားလမ်းဖောက်လုပ်ရေးစီမံကိန်း
- ပုသိမ်(ဘဲဂရက်) -အိမ်မဲ-ညောင်တုန်း-ရန်ကုန်(လှိုင်သာယာ) ရထားလမ်းဖောက်လုပ်ရေးစီမံကိန်း
- ပြည်(ရွှေတံခါး)-တောင်ငူ(ကျေးတော)-နေပြည်တော်ရထားလမ်းဖောက်လုပ်ရေးစီမံကိန်း
- ဟသ်ာတ-ဓနုဖြူ-စကျော့(ညောင်တုန်း) ရထားလမ်း ဖောက်လုပ်ရေးစီမံကိန်း

- နေပြည်တော်-ဆင်သေ(တပ်ကုန်း-ပင်လောင်း) ရထားလမ်း ဖောက်လုပ်ရေးစီမံကိန်း
- မြစ်ကြီးနား-ဗန်းမော်-မိုးမိတ်- ကျောက်မဲ-သီပေါ-လဲချား-နမ့်စန် ရထားလမ်းဖောက်လုပ်ရေးစီမံကိန်း
- နေပြည်တော်ဘူတာ တည်ဆောက်ရေးစီမံကိန်း

**(ခ) လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန**

- ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်ဖွံ့ဖြိုးရေးလုပ်ငန်းများ
- ပြည်နယ် / တိုင်းဒေသကြီးများရှိ အချက်အချာကျသည့် လေဆိပ်များတွင် အကြီးစားပြုပြင်မွမ်းမံခြင်း၊ ပြေးလမ်းများတိုးချဲ့ခြင်းလုပ်ငန်းများနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများ

**၇-၁-၇။ ဆက်သွယ်ရေးကဏ္ဍ**

၁၁။ ၂၀၁၁-၂၀၁၂ဘဏ္ဍာနှစ် တွင် ဆက်လက်ဆောင်ရွက်လျက်ရှိသည့် အဓိကကျသော လုပ်ငန်းစီမံကိန်းများမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

- ဆက်သွယ်မှုကွန်ယက်စနစ်တည်ဆောက်ခြင်းစီမံကိန်း (National Backbone) (NBB)
- ရတနာပုံမြို့သစ် တည်ဆောက်ရေးစီမံကိန်း၊

**၇-၂။ အထူးစီမံကိန်းလုပ်ငန်းများအကောင်အထည်ဖော်မှုအခြေအနေ**

၁၂။ နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးအတွက် လုပ်ငန်းစီမံကိန်းအချို့ကို အထူးစီမံကိန်းအဖြစ်သတ်မှတ်ပြီး အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။ ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ် အထိ အထူးစီမံကိန်း (၁၂) ခုအကောင်အထည်ဖော် ပြီးစီးခဲ့ပြီး ဆောင်ရွက်ဆဲ လုပ်ငန်းစီမံကိန်း (၄၇)ခု ရှိပါသည်။ ဝန်ကြီးဌာနအလိုက် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် အထူးစီမံကိန်းများမှာ တစ်ဖက်ပါအတိုင်းဖြစ်ပါသည်။

**၇-၂-၁။ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန**

**တည်ဆောက်ပြီးစီးသည့်လုပ်ငန်းစီမံကိန်းများ**

- ကညင်ရေလှောင်တမံ စီမံကိန်း၊

- ကြီးအုံကြီး၀ရေလှောင်တမံစီမံကိန်းတို့ဖြစ်ပါသည်။

**ဆောင်ရွက်ဆဲလုပ်ငန်းစီမံကိန်းများ**

- ထမံသီရေလှောင်တမံစီမံကိန်း၊
- အညာဖျားရေလှောင်တမံစီမံကိန်း၊
- ဖြူးချောင်း ရေလှောင်တမံစီမံကိန်း၊
- ကိုဒူကွဲရေလှောင်တမံစီမံကိန်း၊
- ဆည်တော်ကြီးရေကူရေလှောင်တမံ စီမံကိန်း၊
- တာလီရေလွှဲဆည်၊
- ရာဇဂြိုလ်ရေလှောင်တမံစီမံကိန်း၊
- မင်းမြင်ရေလှောင် တမံစီမံကိန်း၊
- မဏိပူရရေလှောင်တမံစီမံကိန်း၊
- သိန်ရင်ရေလှောင်တမံစီမံကိန်း၊
- ဒေါင်းမြူး ရေလှောင်တမံစီမံကိန်း၊
- မြောက်ယမားတိုးချဲ့ရေသောက်စနစ်၊
- ပုလွေးရေလှောင်တမံစီမံကိန်း၊
- ဖောင်းလောင်ရေလှောင်တမံစီမံကိန်း၊
- ရေဘုတ်ရေလှောင်တမံစီမံကိန်း၊
- ပိုက်ဆီးမရမ်းကမ်းပတ်တာ၊
- ပဂိုင်တာရေသွင်းတံခါး၊
- နောင်ကုလားရေထိန်းတံခါး၊
- ကျိုင်းခမ်းရေလှောင် တမံစီမံကိန်း၊
- ဇော်ဂျီ(မြို့ကြီး)ရေလှောင်တမံစီမံကိန်း၊
- နမ့်ပါပေါင်းရေလှောင်တမံစီမံကိန်း၊
- မြစ်သာ ရေလှောင်တမံစီမံကိန်း၊
- ဖူးရွာရေလှောင်တမံစီမံကိန်း၊
- အထက်ဖူးရွာရေလှောင်တမံ စီမံကိန်း၊
- မုက္ခာရေလှောင်တမံစီမံကိန်း၊
- ပေါင်းနက်ရေလှောင်တမံစီမံကိန်း၊
- နတ်ကာရေလှောင် တမံ၊
- ဘုရားလှရေလှောင်တမံ၊
- သရက်ချောင်းရေလှောင် တမံ၊
- ဧရာဝတီတိုင်းနှင့် ရန်ကုန်တိုင်း အတွင်းရှိ ရေငန်တား တာတမံများ အခိုင်အမာ ပြုပြင်ခြင်း၊

**၇-၂-၂။ ဆောက်လုပ်ရေးဝန်ကြီးဌာန**

**တည်ဆောက်ပြီးစီးသည့်တံတားများ**

- ရာဇူဒိုင်တံတား၊
- သယု (ပဲပဒို) တံတား၊
- လိန်းလီ တံတား၊
- ကျွဲရှင်းတံတား၊

- ဒေါင်းနေချောင်းတံတား၊
- ပြည်ညောင် တံတား၊
- ယင်းချောင်းတံတား၊
- ဧရာဝတီတံတား ( စင်းခန်း )၊
- ဧရာဝတီတံတား ( ပခုက္ကူ )၊
- ဧရာဝတီ တံတား ( ညောင်တုန်း )၊

**တည်ဆောက်ဆဲတံတားများ**

- ဧရာဝတီတံတား(မလွန်)၊
- ရတနာသိဃ်တံတား၊

**၇-၂-၃။ ရထားပို့ဆောင်ရေးဝန်ကြီးဌာန**

**ဆောင်ရွက်ဆဲလုပ်ငန်းစီမံကိန်းများ**

- ကြံခင်း-ပခုက္ကူရထားလမ်း ဖောက်လုပ်ရေးစီမံကိန်း၊
- နေပြည်တော်ဘူတာ ဆောက်လုပ်ရေးစီမံကိန်း၊
- ကသာ-ဗန်းမော်ရထားလမ်း ဖောက်လုပ်ရေးစီမံကိန်း၊
- ကွန်ကရစ်ဇလီဖားစက်ရုံများ တည်ဆောက် ခြင်း၊
- ထားဝယ်-မြိတ်ရထားလမ်း ဖောက်လုပ်ရေးစီမံကိန်း၊
- မိုးနဲ-ကျိုင်းတုံ ရထားလမ်း ဖောက်လုပ်ရေး စီမံကိန်း၊
- ပျော်ဘွယ်-နတ်မောက်-မကွေးရထားလမ်း ဖောက်လုပ်ရေးစီမံကိန်း၊
- မင်းဘူး - အမ်း - စစ်တွေ ရထားလမ်း ဖောက်လုပ်ရေးစီမံကိန်း ၊
- ပုသိမ် - ရန်ကုန် ရထားလမ်း ဖောက်လုပ်ရေးစီမံကိန်း၊
- ပြည်(ရွှေတံခါး)-တောင်ငူ(ကျေးတော)-နေပြည်တော်ရထားလမ်းဖောက်လုပ်ရေး စီမံကိန်း၊
- ဟသ်ာတ-ညောင်တုန်းရထားလမ်းဖောက် လုပ်ရေးစီမံကိန်း၊
- နေပြည်တော်-တပ်ကုန်း(ဆင်သေ)-ပင်လောင်းရထားလမ်းဖောက်လုပ်ရေးစီမံကိန်း၊
- မြစ်ကြီးနား-ဗန်းမော်-မိုးမိတ်-ကျောက်မဲ-သီပေါ-လဲချား-နမ့်စန်ရထားလမ်းဖောက်

လုပ်ရေးစီမံကိန်း ၊

- မုံရွာ-ယာကြီး-ကလေးဝ-ကလေး ရထားလမ်းဖောက်လုပ်ရေးစီမံကိန်း၊
- တောင်ငူ-ယာသို-လွိုင်ကော် ရထားလမ်းဖောက်လုပ်ရေးစီမံကိန်း

## ၇-၃။ ရင်းနှီးမြှုပ်နှံမှုဥပဒေဖြင့် ဆောင်ရွက်သည့် လုပ်ငန်းစီမံကိန်းများ

၁၃။ ၂၀၁၁-၂၀၁၂ဘဏ္ဍာနှစ် မတ်လကုန်အထိ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေအရ လုပ်ငန်းအရေအတွက်(၄၆၇)ခု၊ အမေရိကန်ဒေါ်လာ ၄၀,၆၉၉ သန်း ရင်းနှီးမြှုပ်နှံခဲ့ပါသည်။၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်အတွင်း မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှုဥပဒေအရ ခွင့်ပြုခဲ့သော လုပ်ငန်းအရေအတွက် မှာ( ၃၄ ) ခု၊ အမေရိကန်ဒေါ်လာ ၂၇၉ သန်းအပါအဝင် ကျပ် ၂၄၁,၅၇၆ သန်း ရင်းနှီး မြှုပ်နှံခဲ့ပါသည်။ ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်မတ်လကုန်အထိ ခွင့်ပြုခဲ့သော လုပ်ငန်းအရေအတွက်မှာ (၈၄၀) ခု၊ အမေရိကန်ဒေါ်လာ ၂,၄၇၅ သန်း အပါအဝင် ကျပ် ၁၆၅၉,၅၆၄ သန်း ရင်းနှီးမြှုပ်နှံခဲ့ပါသည်။ မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှုဥပဒေ နှင့် နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုဥပဒေအရ ကဏ္ဍအလိုက် လုပ်ငန်းဆောင်ရွက်မှုအခြေအနေမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

### ၇-၃-၁။ လယ်ယာကဏ္ဍ

၁၄။ ၂၀၁၁–၂၀၁၂ ဘဏ္ဍာနှစ် မတ်လကုန်အထိ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဥပဒေအရ လုပ်ငန်းအရေအတွက် (၇)ခု ၊ အမေရိကန်ဒေါ်လာ ၁၇၃ သန်း ရင်းနှီးမြှုပ်နှံခဲ့ပါသည်။ ၂၀၁၁–၂၀၁၂ ဘဏ္ဍာနှစ် မတ်လကုန်အထိ မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှု ဥပဒေအရ ခွင့်ပြုခဲ့သော လုပ်ငန်းအရေအတွက်မှာ (၅) ခု ၊ အမေရိကန်ဒေါ်လာ ၂ သန်း အပါအဝင် ကျပ် ၅၄၈ သန်း ရင်းနှီးမြှုပ်နှံခဲ့ပါသည်။

### ၇-၃-၂။ သားငါးကဏ္ဍ

၁၅။ ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ် မတ်လကုန်အထိ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဥပဒေအရ လုပ်ငန်းအရေအတွက် (၂၅) ခု၊ အမေရိကန်ဒေါ်လာ ၃၂၄ သန်း ရင်းနှီးမြှုပ်နှံ ခဲ့ပါသည်။ ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ် မတ်လကုန် အထိ မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှု ဥပဒေအရ ခွင့်ပြုခဲ့သော လုပ်ငန်းအရေအတွက်မှာ(၅၆) ခု၊ အမေရိကန်ဒေါ်လာ၉၇ သန်း အပါအဝင် ကျပ် ၁၅,၃၅၃ သန်း ရင်းနှီးမြှုပ်နှံခဲ့ပါသည်။

## ၇-၃-၃။ သတ္တုကဏ္ဍ

၁၆။ ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်အတွင်း နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဥပဒေအရ လုပ်ငန်းအရေအတွက် (၂)ခု၊ အမေရိကန်ဒေါ်လာ ၂၀ သန်း ရင်းနှီးမြှုပ်နှံခဲ့ပြီး ၂၀၁၁-၂၀၁၂ ဘဏ္ဍာ နှစ် မတ်လကုန်အထိ လုပ်ငန်းအရေအတွက် (၆၆) ခု၊ အမေရိကန်ဒေါ်လာ ၂,၈၁၄ သန်း ရင်းနှီးမြှုပ်နှံခဲ့ပါသည်။ ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ် မတ်လကုန်အထိ မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှု ဥပဒေအရ ခွင့်ပြုခဲ့သော လုပ်ငန်းအရေအတွက် မှာ (၅၀)ခု၊ အမေရိကန်ဒေါ်လာ ၃၁ သန်း အပါအဝင် ကျပ် ၁၀,၅၀၈ သန်း ရင်းနှီးမြှုပ်နှံခဲ့ပါသည်။

## ၇-၃-၄။ စွမ်းအင်ကဏ္ဍ

၁၇။ ၂၀၁၁–၂၀၁၂ ဘဏ္ဍာနှစ်အတွင်း နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဥပဒေအရ လုပ်ငန်းအရေအတွက်(၅)ခု၊ အမေရိကန်ဒေါ်လာ ၂၄၇ သန်း ရင်းနှီးမြှုပ်နှံခဲ့ပြီး ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ် မတ်လကုန် အထိ လုပ်ငန်းအရေအတွက် (၁၀၉)ခု၊ အမေရိကန်ဒေါ်လာ ၁၄,၀၆၃ သန်း ရင်းနှီးမြှုပ်နှံခဲ့ပါသည်။

## ၇-၃-၅။ စက်မှုလက်မှုကဏ္ဍ

၁၈။ ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်အတွင်း နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဥပဒေအရ လုပ်ငန်းအရေအတွက် (၅) ခု၊ အမေရိကန်ဒေါ်လာ ၃၂ သန်း ရင်းနှီးမြှုပ်နှံခဲ့ပြီး၊ ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ် မတ်လကုန်အထိ လုပ်ငန်းအရေအတွက်မှာ (၁၆၇) ခု၊ အမေရိကန်ဒေါ်လာ ၁,၉၅၄ သန်း ရင်းနှီးမြှုပ်နှံခဲ့ပါသည်။ ၂၀၁၁-၂၀၁၂ဘဏ္ဍာနှစ်အတွင်း မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှု ဥပဒေ အရ ခွင့်ပြုခဲ့သော လုပ်ငန်းအရေအတွက် (၂၆) ခု၊ အမေရိကန်ဒေါ်လာ ၂၅၀ သန်း အပါအဝင် ကျပ် ၂၀၈,၇၄၇ သန်း ရင်းနှီးမြှုပ်နှံခဲ့ပါသည်။ ၂၀၁၁-၂၀၁၂ဘဏ္ဍာနှစ် မတ်လကုန် အထိ ခွင့်ပြုခဲ့သော လုပ်ငန်း အရေအတွက်မှာ (၅၈၃) ခု၊ အမေရိကန်ဒေါ်လာ ၁,၀၇၇ သန်း အပါအဝင် ကျပ် ၄၅၃,၇၉၄ သန်း ရင်းနှီးမြှုပ်နှံခဲ့ပါသည်။

## ၇-၃-၆။ လျှပ်စစ်ကဏ္ဍ

၁၉။ ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်အတွင်း နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဥပဒေအရ လုပ်ငန်းအရေအတွက် (၁) ခု၊ အမေရိကန်ဒေါ်လာ ၄,၃၄၄ သန်း ရင်းနှီးမြှုပ်နှံခဲ့ပြီး ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်၊

မတ်လကုန်အထိ လုပ်ငန်းအရေအတွက် (၅)ခု၊ အမေရိကန်ဒေါ်လာ ၁၈,၈၇၄ သန်း ရင်းနှီးမြှုပ်နှံခဲ့ပါသည်။ ၂၀၁၁-၂၀၁၂ဘဏ္ဍာနှစ်၊ မတ်လကုန်အထိမြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှု ဥပဒေအရ ခွင့်ပြုခဲ့သော လုပ်ငန်းအရေအတွက်မှာ (၆) ခု၊ အမေရိကန်ဒေါ်လာ ၂၃၁ သန်း အပါအဝင် ကျပ် ၂၄၁,၈၆၃ သန်း ရင်းနှီးမြှုပ်နှံခဲ့ပါသည်။

## ၇-၃-၇။ ဆောက်လုပ်မှုကဏ္ဍ

၂၀။ ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ် မတ်လကုန်အထိ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဥပဒေအရ လုပ်ငန်းအရေအတွက် (၂၁) ခု၊ အမေရိကန်ဒေါ်လာ ၁,၀၉၄ သန်း ရင်းနှီးမြှုပ်နှံခဲ့ပါသည်။ ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်အတွင်း မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှု ဥပဒေအရ ခွင့်ပြုခဲ့သော လုပ်ငန်းအရေအတွက်မှာ (၆) ခု၊ အမေရိကန်ဒေါ်လာ ၇ သန်း အပါအဝင် ကျပ် ၂၈,၁၁၁ သန်း ရင်းနှီးမြှုပ်နှံခဲ့ပါသည်။ ၂၀၁၁-၂၀၁၂ဘဏ္ဍာနှစ် မတ်လကုန် အထိ မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှု ဥပဒေအရ ခွင့်ပြုခဲ့သော လုပ်ငန်းအရေအတွက်မှာ (၈၃) ခု၊ အမေရိကန်ဒေါ်လာ ၃၇၈ သန်း အပါအဝင် ကျပ် ၆၆၇,၃၉၁ သန်း ရင်းနှီးမြှုပ်နှံခဲ့ပါသည်။

## ၇-၃-၈။ ပို့ဆောင်ရေးကဏ္ဍ

၂၁။ ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်အတွင်း နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဥပဒေအရ အမေရိကန်ဒေါ်လာ ၁ သန်း ရင်းနှီးမြှုပ်နှံခဲ့ပြီး ၂၀၁၁-၂၀၁၂ဘဏ္ဍာနှစ် မတ်လကုန် အထိ လုပ်ငန်းအရေအတွက်(၁၆)ခု၊ အမေရိကန်ဒေါ်လာ ၃၁၄ သန်း ရင်းနှီးမြှုပ်နှံခဲ့ပါသည်။ ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်အတွင်း မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှု ဥပဒေအရ ခွင့်ပြုခဲ့သော လုပ်ငန်းအရေအတွက်(၁)ခု၊ အမေရိကန်ဒေါ်လာ ၁၆ သန်း အပါအဝင် ကျပ် ၄,၃၀၀ သန်း ရင်းနှီးမြှုပ်နှံခဲ့ပါသည်။ ၂၀၁၁-၂၀၁၂ဘဏ္ဍာနှစ် မတ်လကုန်အထိ ခွင့်ပြုခဲ့သော လုပ်ငန်းအရေအတွက် မှာ (၁၇)ခု၊ အမေရိကန်ဒေါ်လာ ၁၈၁ သန်း အပါ အဝင် ကျပ် ၇၁,၇၂၁ သန်းရင်းနှီးမြှုပ်နှံခဲ့ပါသည်။

## ၇-၃-၉။ ငွားရမ်းခနှင့်အခြားဝန်ဆောင်မှုကဏ္ဍ

### (က) ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်း

၂၂။ ၂၀၁၁-၂၀၁၂ဘဏ္ဍာနှစ် မတ်လကုန်အထိ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဥပဒေအရ လုပ်ငန်းအရေအတွက်(၄၅)ခု၊ အမေရိကန်ဒေါ်လာ ၁,၀၆၅ သန်း ရင်းနှီးမြှုပ်နှံခဲ့ပါသည်။ ၂၀၁၁-၂၀၁၂

ဘဏ္ဍာနှစ်အတွင်း မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှုဥပဒေအရ ခွင့်ပြုခဲ့သော လုပ်ငန်းအရေအတွက်မှာ ( ၁ ) ခု၊ အမေရိကန်ဒေါ်လာ ၀.၂၇ သန်းအပါအဝင် ကျပ် ၃၈၉ သန်း ရင်းနှီးမြှုပ်နှံခဲ့ပါသည်။ ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်မတ်လကုန်အထိ ခွင့်ပြုခဲ့သော လုပ်ငန်းအရေအတွက်မှာ (၂၃) ခု၊ အမေရိကန်ဒေါ်လာ ၄၁ သန်း အပါအဝင် ကျပ် ၅၄,၂၃၆ သန်း ရင်းနှီးမြှုပ်နှံခဲ့ပါသည်။

## (ခ) အခြားဝန်ဆောင်မှုလုပ်ငန်း

၂၃။ ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ် မတ်လကုန်အထိ နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုဥပဒေအရ လုပ်ငန်းအရေအတွက်(၆)ခု၊ အမေရိကန်ဒေါ်လာ ၂၄ သန်း ရင်းနှီးမြှုပ်နှံခဲ့ပါသည်။ ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်မတ်လကုန်အထိ ခွင့်ပြုခဲ့သော လုပ်ငန်းအရေအတွက်မှာ (၁၇) ခု၊ အမေရိကန်ဒေါ်လာ ၃၄၈ သန်းအပါအဝင် ကျပ်၁၄၄,၁၅၀ သန်း ရင်းနှီးမြှုပ်နှံခဲ့ပါသည်။

၂၄။ ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်အတွင်း အထူးစီမံကိန်းလုပ်ငန်းများ အကောင် အထည်ဖော်နိုင်မှု အခြေအနေကို ဇယား(၁၁၁)တွင် လည်းကောင်း၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေနှင့် မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှု ဥပဒေတို့အရ ခွင့်ပြုပြီး လုပ်ငန်းများ၏ ရင်းနှီးမြှုပ်နှံမှု အခြေအနေကို ဇယား ( ၁၁၂ ) မှ ( ၁၁၃ ) အထိ လည်းကောင်း အသီးသီး တင်ပြထားပါသည်။

## အပိုင်း ၈

## လူမှုစီးပွားရေး တိုးတက်မှုအခြေအနေ

၁။ နိုင်ငံတော်၏ လူမှုစီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုအခြေအနေကို လူမှုစီးပွားရေးညွှန်ကိန်းများ ပြုစု၍ စိစစ်သုံးသပ်ပါသည်။ အဆိုပါလူမှုစီးပွားရေး ညွှန်ကိန်းများသည် သက်ဆိုင်ရာနှစ်အတွင်း ဖြစ်ထွန်းလျက်ရှိသော အခြေအနေများကို ဖော်ညွှန်းလျက်ရှိပါသည်။

၂။ တိုင်းပြည်ဝင်ငွေ၊ စုဆောင်းမှု၊ ရင်းနှီးမြှုပ်နှံမှု၊ စားသုံးမှု၊ အလုပ်အကိုင်၊ လူဦးရေ၊ အစိုးရ အသုံးစရိတ်၊ အခွန်ရငွေ၊ ဘတ်ဂျက်လိုငွေ၊ ငွေကြေးလည်ပတ်မှု၊ ကုန်သွယ်ရေးရှင်းတမ်း၊ နိုင်ငံခြား ငွေပေးငွေယူရှင်းတမ်း စသည်တို့သည် မေခရို စီးပွားရေးအခြေခံများ ဖြစ်ပါသည်။ မေခရို စီးပွားရေး အခြေခံများ တောင့်တင်းခိုင်မာမှု ရှိမရှိကို Per capita GDP ၊ GDP တိုးတက်မှုနှုန်းနှင့် အောက်ပါ ညွှန်ကိန်းများ အပါအဝင် မေခရို စီးပွားရေးညွှန်ကိန်းများဖြင့် တိုင်းတာစိစစ်လေ့ ရှိပါသည်။

(၁) ရင်းနှီးမြှုပ်နှံမှုနှင့် ဂျီဒီပီအချိုး (Investment /GDP )
(၂) စားသုံးမှုနှင့် ဂျီဒီပီအချိုး (Consumption /GDP )
(၃) စုဆောင်းမှုနှင့် ဂျီဒီပီအချိုး (Saving /GDP )
(၄) အခွန်အကောက်ရငွေနှင့် ဂျီဒီပီအချိုး (Tax /GDP)
(၅) ပြည်ပသွင်းကုန်နှင့် ဂျီဒီပီအချိုး (Import /GDP )
(၆) ပြည်ပပို့ကုန်နှင့် ဂျီဒီပီအချိုး (Export /GDP )
(၇) ပြည်ပကုန်သွယ်မှုနှင့် ဂျီဒီပီအချိုး (Foreign Trade /GDP)
(၈) သာမန်စာရင်းမှ ပိုငွေ/လိုငွေ နှင့် ဂျီဒီပီအချိုး (Current Account /GDP)

၃။ စီးပွားရေး ညွှန်ကိန်းများဖွံ့ဖြိုးတိုးတက်ရေးသာမက လူမှုရေးဆိုင်ရာညွှန်ကိန်းများ ဖွံ့ဖြိုး တိုးတက်မှသာ ပြည်သူအားလုံး ရရှိခံစားနိုင်သည့် ဖွံ့ဖြိုးတိုးတက်မှုကို ရရှိနိုင်မည် ဖြစ်သည်။ အဆိုပါညွှန်ကိန်းများ တိုးတက်ရရှိရေးအတွက် ဆက်လက်ဆောင်ရွက်ရန် လိုအပ်ပါသည်။

၄။ ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ် စာရင်းများအရ ပြုစုထားသည့် လူမှုစီးပွားရေး ညွှန်ကိန်းများကို ၂၀၁၀-၂၀၁၁ ဘဏ္ဍာနှစ် ရှေ့ပြေးအမှန်စာရင်းဖြင့် နှိုင်းယှဉ်၍ ဇယား ( ၁၁၄ ) မှ ဇယား ( ၁၂၆ ) ထိ စုစည်း ဖော်ပြထားပါသည်။

# ဇယားများ

ဇယား ၁

## ပဉ္စမကာလတို ငါးနှစ်အမျိုးသား စီမံကိန်း၏ ပထမနှစ် တစ်မျိုးသားလုံး၏ပြည်တွင်းအသားတင် ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး

(ထုတ်လုပ်သူများ၏ ၂၀၁၀-၂၀၁၁ ဘဏ္ဍာနှစ် ၊ ပုံမှန်ဈေးနှုန်းများအရဖြစ်ပါသည်)

(တန်ဖိုး-ကျပ်သန်း)

| အမှတ်စဉ် | အကြောင်းအရာ | ၂၀၁၀-၂၀၁၁ (ရှေ့ပြေးအမှန်) | ၂၀၁၁-၂၀၁၂(မတ်လကုန်အထိ) တန်ဖိုး | တိုးတက်မှုနှုန်း (ရာခိုင်နှုန်း) |
|---|---|---|---|---|
| ၁ | ၂ | ၃ | ၄ | ၅ |
| ၁ | **လယ်ယာကဏ္ဍကြီး** | **၁၄၆၅၈၇၈၉.၃** | **၁၄၇၂၇၇၃၁.၀** | **၀.၅** |
| | ၁ လယ်ယာ | ၁၁၁၀၈၄၀၄.၄ | ၁၀၉၁၅၁၂၈.၃ | (-) ၁.၇ |
| | ၂ သားငါး | ၃၃၉၂၀၄၄.၈ | ၃၆၄၁၇၅၀.၀ | ၇.၄ |
| | ၃ သစ်တော | ၁၅၈၃၄၀.၁ | ၁၇၀၈၅၂.၇ | ၇.၉ |
| ၂ | **စက်မှုကဏ္ဍကြီး** | **၁၀၅၂၈၄၃၁.၀** | **၁၁၅၈၉၉၀၂.၆** | **၁၀.၁** |
| | ၁ စွမ်းအင် | ၆၆၉၉၄.၉ | ၆၃၈၀၈.၁ | (-) ၄.၈ |
| | ၂ သတ္တုနှင့်တွင်းထွက်ပစ္စည်း | ၂၉၉၄၃၃.၄ | ၃၄၀၁၂၈.၄ | ၁၃.၆ |
| | ၃ စက်မှုလက်မှု | ၇၉၀၀၇၈၅.၃ | ၈၇၃၉၁၇၀.၂ | ၁၀.၆ |
| | ၄ လျှပ်စစ်ဓာတ်အား | ၄၂၁၈၈၂.၇ | ၄၄၁၉၄၈.၆ | ၄.၈ |
| | ၅ ဆောက်လုပ်မှု | ၁၈၃၉၃၃၄.၇ | ၂၀၀၄၈၄၇.၃ | ၉.၀ |
| ၃ | **ဝန်ဆောင်မှုကဏ္ဍကြီး** | **၁၄၆၈၅၃၂၅.၄** | **၁၅၉၁၀၈၇၀.၀** | **၈.၃** |
| | ၁ ပို့ဆောင်ရေး | ၄၈၃၇၅၃၁.၇ | ၅၄၁၀၄၇၄.၅ | ၁၁.၈ |
| | ၂ ဆက်သွယ်ရေး | ၃၂၃၅၄၄.၀ | ၄၀၀၅၁၇.၀ | ၂၃.၈ |
| | ၃ ငွေရေးကြေးရေး | ၃၇၇၁၅.၄ | ၅၄၈၈၃.၂ | ၄၅.၅ |
| | ၄ လူမှုရေးနှင့်စီမံခန့်ခွဲရေး | ၇၈၈၁၇၁.၉ | ၈၀၀၃၇၆.၄ | ၁.၅ |
| | ၅ ငှားရမ်းခနှင့် အခြားဝန်ဆောင်မှု | ၇၃၈၄၈၀.၁ | ၈၅၀၇၂၉.၁ | ၁၅.၂ |
| | ၆ ကုန်သွယ်မှု | ၇၉၅၉၈၈၂.၃ | ၈၃၉၃၈၈၉.၈ | ၅.၅ |
| ၄ | **တစ်မျိုးသားလုံး၏ ပြည်တွင်း အသားတင်ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှု တန်ဖိုး** | ၃၉၈၇၂၅၄၅.၇ | ၄၂၂၂၈၅၀၃.၆ | ၅.၉ |

ဇယား ၂

**ပဥ္စမကာလတို ငါးနှစ်အမျိုးသားစီမံကိန်း၏ ပထမနှစ်**
**တစ်မျိုးသားလုံး၏ ပြည်တွင်းအသားတင်ထုတ်လုပ်မှုနှင့်ဝန်ဆောင်မှုတန်ဖိုး**

(နှစ်အလိုက်ထုတ်လုပ်သူများ၏ ဈေးနှုန်းများအရ ဖြစ်ပါသည်)

(ကျပ်သန်း)

| အမှတ်စဉ် | အကြောင်းအရာ | ၂၀၁၀-၂၀၁၁ (ရှေ့ပြေးအမှန်) | ၂၀၁၁-၂၀၁၂ (မတ်လကုန်အထိ) |
|---|---|---|---|
| ၁ | ၂ | ၃ | ၄ |
| **၁** | **လယ်ယာကဏ္ဍကြီး** | **၁၄၆၃၂၅၉၁.၁** | **၁၅၁၉၈၇၅၂.၅** |
| ၁ | လယ်ယာ | ၁၁၀၈၂၂၀၆.၂ | ၁၁၂၈၂၂၄၀.၃ |
| ၂ | သားငါး | ၃၃၉၂၀၄၄.၈ | ၃၇၃၈၂၂၀.၁ |
| ၃ | သစ်တော | ၁၅၈၃၄၀.၁ | ၁၇၈၂၉၂.၁ |
| **၂** | **စက်မှုကဏ္ဍကြီး** | **၁၀၅၂၈၅၇၃.၄** | **၁၂၃၀၁၇၇၄.၆** |
| ၁ | စွမ်းအင် | ၆၆၂၂၉.၅ | ၆၇၁၇၃.၈ |
| ၂ | သတ္တုနှင့်တွင်းထွက်ပစ္စည်း | ၃၀၃၅၁၇.၈ | ၄၇၂၇၃၄.၃ |
| ၃ | စက်မှုလက်မှု | ၇၈၉၆၉၆၆.၃ | ၉၁၁၇၀၅၉.၄ |
| ၄ | လျှပ်စစ်ဓာတ်အား | ၄၂၂၅၂၅.၁ | ၄၇၈၉၇၁.၀ |
| ၅ | ဆောက်လုပ်မှု | ၁၈၃၉၃၃၄.၇ | ၂၁၆၅၈၃၆.၁ |
| **၃** | **ဝန်ဆောင်မှုကဏ္ဍကြီး** | **၁၄၆၈၅၅၂၉.၁** | **၁၆၇၇၈၃၄၈.၃** |
| ၁ | ပို့ဆောင်ရေး | ၄၈၃၇၇၃၅.၄ | ၅၇၆၆၅၆၅.၁ |
| ၂ | ဆက်သွယ်ရေး | ၃၂၃၅၄၄.၀ | ၃၉၈၆၇၉.၅ |
| ၃ | ငွေရေးကြေးရေး | ၃၇၇၁၅.၄ | ၅၁၆၃၆.၅ |
| ၄ | လူမှုရေးနှင့်စီမံခန့်ခွဲရေး | ၇၈၈၁၇၁.၉ | ၈၀၀၃၇၆.၄ |
| ၅ | ငှားရမ်းခနှင့်အခြားဝန်ဆောင်မှု | ၇၃၈၄၈၀.၁ | ၈၈၁၆၅၇.၀ |
| ၆ | ကုန်သွယ်မှု | ၇၉၅၉၈၈၂.၃ | ၈၈၇၉၄၃၃.၈ |
| **၄** | **တစ်မျိုးသားလုံး၏ပြည်တွင်း အသားတင်ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး** | **၃၉၈၄၆၆၉၃.၆** | **၄၄၂၇၈၈၇၅.၄** |

ဇယား ၃

# ပဉ္စမကာလတို ငါးနှစ်အမျိုးသားစီမံကိန်း၏ ပထမနှစ် တစ်မျိုးသားလုံး၏ပြည်တွင်းအသားတင်ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးတွင် ကဏ္ဍအလိုက်ပါဝင်မှုအချိုးအစားပြောင်းလဲပုံ

(နှစ်အလိုက်ထုတ်လုပ်သူများ၏ဈေးနှုန်းများအရ ဖြစ်ပါသည်)

(ရာခိုင်နှုန်း)

| အမှတ်စဉ် | အကြောင်းအရာ | ၂၀၁၀-၂၀၁၁ (ရှေ့ပြေးအမှန်) | ၂၀၁၁-၂၀၁၂ (မတ်လကုန်အထိ) |
|---|---|---|---|
| ၁ | ၂ | ၃ | ၄ |
| ၁ | လယ်ယာကဏ္ဍကြီး | ၃၆.၇ | ၃၄.၃ |
| | ၁ လယ်ယာ | ၂၇.၈ | ၂၅.၅ |
| | ၂ သားငါး | ၈.၅ | ၈.၄ |
| | ၃ သစ်တော | ၀.၄ | ၀.၄ |
| ၂ | စက်မှုကဏ္ဍကြီး | ၂၆.၄ | ၂၇.၈ |
| | ၁ စွမ်းအင် | ၀.၂ | ၀.၁ |
| | ၂ သတ္တုနှင့်တွင်းထွက်ပစ္စည်း | ၀.၈ | ၁.၁ |
| | ၃ စက်မှုလက်မှု | ၁၉.၈ | ၂၀.၆ |
| | ၄ လျှပ်စစ်ဓာတ်အား | ၁.၀ | ၁.၁ |
| | ၅ ဆောက်လုပ်မှု | ၄.၆ | ၄.၉ |
| ၃ | ဝန်ဆောင်မှုကဏ္ဍကြီး | ၃၆.၉ | ၃၇.၉ |
| | ၁ ပို့ဆောင်ရေး | ၁၂.၁ | ၁၃.၀ |
| | ၂ ဆက်သွယ်ရေး | ၀.၈ | ၀.၉ |
| | ၃ ငွေရေးကြေးရေး | ၀.၁ | ၀.၁ |
| | ၄ လူမှုရေးနှင့်စီမံခန့်ခွဲရေး | ၂.၀ | ၁.၈ |
| | ၅ ငှားရမ်းခနှင့်အခြားဝန်ဆောင်မှု | ၁.၉ | ၂.၀ |
| | ၆ ကုန်သွယ်မှု | ၂၀.၀ | ၂၀.၁ |
| ၄ | တစ်မျိုးသားလုံး၏ပြည်တွင်းအသားတင်ထုတ်လုပ်မှုနှင့်ဝန်ဆောင်မှုတန်ဖိုး | ၁၀၀.၀ | ၁၀၀.၀ |

ဇယား ၄

## ပိုင်ဆိုင်မှုအခန်းအလိုက် ရင်းနှီးမြှုပ်နှံမှုအခြေအနေ

( ကျပ်သန်း )

| အမှတ်စဉ် | အကြောင်းအရာ | ၂၀၁၀-၂၀၁၁ ဘဏ္ဍာနှစ် ( ရှေ့ပြေးအမှန် ) | ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ် (မတ်လကုန်) |
|---|---|---|---|
| ၁ | ၂ | ၃ | ၄ |
| ၁ | နိုင်ငံပိုင် | ၃၂၀၃၃၃ | ၃၀၃၅၉၅၂ |
| ၂ | သမ/အဖွဲ့အစည်းပိုင် | ၁၅၃၉ | ၁၅၄၈ |
| ၃ | ပုဂ္ဂလိကပိုင် | ၅၉၁၀၂၀၂ | ၁၀၄၆၁၉၄၂ |
| | စုစုပေါင်း | ၉၁၁၅၀၇၄ | ၁၃၄၉၉၄၄၂ |

ဓာတ်မြစ်။ ။ ပြည်ထောင်စုဝန်ကြီးဌာနများ

ဇယား ၅

၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ် ကဏ္ဍအလိုက် နိုင်ငံပိုင်အခန်း ရင်းနှီးမြှုပ်နှံမှု အခြေအနေ

(ကျပ်သန်း)

| အမှတ်စဉ် | ကဏ္ဍအမည် | ၂၀၁၀-၂၀၁၁ ဘဏ္ဍာနှစ် (ရှေ့ပြေးအမှန်) | ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ် လျာထားချက် ရင်းနှီးမြှုပ်နှံမှု ပမာဏ | ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ် လျာထားချက် ပါဝင်မှု ရာခိုင်နှုန်း | ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ် ယာယီ ရင်းနှီးမြှုပ်နှံမှု ပမာဏ | ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ် ယာယီ ပါဝင်မှု ရာခိုင်နှုန်း |
|---|---|---|---|---|---|---|
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ |
| | ပြည်ထောင်စု | | | | | |
| ၁ | လယ်ယာ | ၁၀၉၁၇၉ | ၁၁၇၇၁၃ | ၄.၇ | ၁၅၄၃၄၉ | ၅.၁ |
| ၂ | သားငါး | ၄၁၃၁ | ၆၁၇၉ | ၀.၂ | ၃၇၃၃ | ၀.၁ |
| ၃ | သစ်တော | ၁၂၁၉၆ | ၃၇၉၀ | ၀.၂ | ၂၇၄၅ | ၀.၁ |
| ၄ | စွမ်းအင် | ၃၇၇၁ | ၇၄၆၁ | ၀.၃ | ၁၃၈၅၅ | ၀.၄ |
| ၅ | သတ္တုနှင့် တွင်းထွက်ပစ္စည်း | ၁၁၄၂ | ၂၆၀ | ** | ၂၆၀ | ** |
| ၆ | စက်မှုလက်မှု | ၉၅၈၉၆ | ၁၀၉၃၉၃ | ၄.၄ | ၁၃၂၉၁၃ | ၄.၄ |
| | ၁ လယ်ယာကိုအထောက်အကူပြုသောစက်မှုလက်မှုလုပ်ငန်းများ | ၂၀၇၈၅ | ၂၀၂၉ | ၀.၁ | ၁၈၆၃ | ၀.၁ |
| | ၂ လယ်ယာထွက်ပစ္စည်းများကို အသုံးပြု၍မွမ်းမံကြိတ်ခွဲထုတ်လုပ်သောစက်မှုလက်မှုလုပ်ငန်းများ | ၅၀၄၆ | ၄၉၈၀ | ၀.၂ | ၄၅၇၁ | ၀.၁ |
| | ၃ အခြားစက်မှုလက်မှုလုပ်ငန်းများ | ၇၀၀၆၅ | ၁၀၂၃၈၄ | ၄.၁ | ၁၂၆၄၇၉ | ၄.၂ |
| ၇ | လျှပ်စစ်ဓာတ်အား | ၁၆၃၁၈၉ | ၂၂၉၅၈၆ | ၉.၂ | ၂၂၁၄၉၀ | ၇.၃ |
| ၈ | ဆောက်လုပ်မှု | ၂၉၄၃၃၈ | ၃၁၄၂၀၅ | ၁၂.၆ | ၅၂၀၅၄၆ | ၁၇.၂ |
| ၉ | ပို့ဆောင်ရေး | ၁၅၄၄၄၈ | ၁၆၀၄၅၅ | ၆.၄ | ၁၄၂၁၉၆ | ၄.၇ |
| ၁၀ | ဆက်သွယ်ရေး | ၄၃၃၅၉ | ၅၃၃၈၁ | ၂.၁ | ၄၀၀၅၉ | ၁.၃ |
| ၁၁ | ကုန်သွယ်ရေး | ၅၈၃ | ၉၅၆ | ** | ၁၁၇၄ | ၀.၁ |
| ၁၂ | ငွေရေးကြေးရေး | ၅၁၇၆ | ၃၉၃၆ | ၀.၂ | ၂၈၀၅ | ၀.၁ |
| ၁၃ | လူမှုရေးနှင့်စီမံခန့်ခွဲရေးအဖွဲ့အစည်းများ* | ၂၃၁၅၉၂၅ | ၁၄၁၄၀၈၆ | ၅၆.၆ | ၁၇၀၃၃၇၁ | ၅၆.၁ |
| ၁၄ | စည်ပင်သာယာရေးအဖွဲ့အစည်းများ | | ၇၈၅၂၂ | ၃.၁ | | |
| | နေပြည်တော်စည်ပင်သာယာရေးကော်မတီ | | | | ၁၀၂၅ | ** |
| | ပြည်နယ်/တိုင်းဒေသကြီး | | | | ၉၅၄၃၁ | ၃.၁ |
| | စုစုပေါင်း | ၃၂၀၃၃၃၃ | ၂၄၉၉၉၂၃ | ၁၀၀.၀ | ၃၀၃၅၉၅၂ | ၁၀၀.၀ |

ဓာတ်မြစ်။ ။ပြည်ထောင်စုဝန်ကြီးဌာနများ၊နေပြည်တော်စည်ပင်သာယာရေးကော်မတီ

* တပ်မြို့စည်ပင်သာယာရေးအဖွဲ့အစည်းများအပါအဝင်ဖြစ်ပါသည်။

** ၀.၁ ရာခိုင်နှုန်း အောက်ဖြစ်ပါသည်။

ဇယား ၆

## နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဥပဒေအရခွင့်ပြုပြီးလုပ်ငန်းများအလိုက်ရင်းနှီးမြှုပ်နှံမှုအခြေအနေ

(အမေရိကန်ဒေါ်လာသန်း)

| အမှတ်စဉ် | လုပ်ငန်းအမျိုးအစား | ၂၀၁၀-၂၀၁၁ (ရှေ့ပြေးအမှန်) | ၂၀၁၁-၂၀၁၂ (မတ်လကုန်) |
|---|---|---|---|
| ၁ | ၂ | ၃ | ၄ |
| ၁ | လယ်ယာလုပ်ငန်း | ၁၃၉ | |
| ၂ | မွေးမြူရေးနှင့်ရေလုပ်ငန်း | | |
| ၃ | သတ္တုလုပ်ငန်း | ၁၃၉၆ | ၂၀ |
| ၄ | ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း | ၁၀၁၇၉ | ၂၄၇ |
| ၅ | စက်မှုလုပ်ငန်း | ၆၆ | ၃၂ |
| ၆ | လျှပ်စစ်ဓာတ်အားလုပ်ငန်း | ၈၂၁၉ | ၄၃၄၄ |
| ၇ | ဆောက်လုပ်ရေးလုပ်ငန်း | | |
| ၈ | ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးလုပ်ငန်း | | ၁ |
| ၉ | ဟိုတယ်နှင့်ခရီးသွားလုပ်ငန်း | | |
| ၁၀ | အိမ်ရာအဆောက်အအုံ တည်ဆောက်ဖွံ့ဖြိုးမှုလုပ်ငန်း | | |
| ၁၁ | စက်မှုဇုန်တည်ဆောက်မှုလုပ်ငန်း | | |
| ၁၂ | အခြားဝန်ဆောင်မှုလုပ်ငန်း | | |
| | **စုစုပေါင်း** | **၁၉၉၉၉** | **၄၆၄၄** |

ဓာတ်မြစ်။ ။ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန

ဇယား ၇

## မြန်မာနိုင်ငံသားများရင်းနှီးမြှုပ်နှံမှုဥပဒေအရခွင့်ပြုပြီးလုပ်ငန်းများအလိုက်ရင်းနှီးမြှုပ်နှံမှုအခြေအနေ

( သန်းပေါင်း )

| အမှတ်စဉ် | လုပ်ငန်းအမျိုးအစား | ၂၀၁၀-၂၀၁၁ (ရှေ့ပြေးအမှန်) စုစုပေါင်း (ကျပ်) | ၂၀၁၀-၂၀၁၁ (ရှေ့ပြေးအမှန်) နိုင်ငံခြားငွေ (အမေရိကန်ဒေါ်လာ) | ၂၀၁၁-၂၀၁၂ (မတ်လကုန်) စုစုပေါင်း (ကျပ်) | ၂၀၁၁-၂၀၁၂ (မတ်လကုန်) နိုင်ငံခြားငွေ (အမေရိကန်ဒေါ်လာ) |
|---|---|---|---|---|---|
| ၁ | ၂ | ၃ | ၄ | ၅ | ၆ |
| ၁ | လယ်ယာလုပ်ငန်း | | | | |
| ၂ | မွေးမြူရေးနှင့်ရေလုပ်ငန်း | ၂၅၆၈ | * | | |
| ၃ | သတ္တုလုပ်ငန်း | ၂၅၀ | ၂ | | |
| ၄ | စက်မှုလုပ်ငန်း | ၁၇၂၈၅၇ | ၃၂၃ | ၂၀၈၇၄၇ | ၂၅၀ |
| ၅ | လျှပ်စစ်ဓာတ်အားလုပ်ငန်း | ၂၃၈၁၉၈ | ၂၀၅ | | |
| ၆ | ဆောက်လုပ်ရေးလုပ်ငန်း | ၁၆၇၅၇၁ | ၆၃ | ၂၃၁၁၁ | ၇ |
| ၇ | သယ်ယူပို့ဆောင်ရေးလုပ်ငန်း | ၄၀၀၂၅ | ၉၈ | ၄၃၀၀ | ၁၆ |
| ၈ | ဟိုတယ်နှင့်ခရီးသွားလုပ်ငန်း | ၄၆၈၈၇ | ၁၃ | ၃၈၉ | * |
| ၉ | အိမ်ရာအဆောက်အအုံ တည်ဆောက်ဖွံ့ဖြိုးမှုလုပ်ငန်း | | | ၅၀၀၀ | ၆ |
| ၁၀ | စက်မှုဇုန်တည်ဆောက်မှုလုပ်ငန်း | | | | |
| ၁၁ | အခြားဝန်ဆောင်မှုလုပ်ငန်း | ၈၂၅၇၅ | ၃၀၄ | ၂၉ | * |
| | **စုစုပေါင်း** | **၇၅၀၉၃၁** | **၁၀၀၈** | **၂၄၁၅၇၆** | **၂၇၉** |

ဓာတ်မြစ်။ ။ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန

* အမေရိကန်ဒေါ်လာ တစ်သန်းအောက်ဖြစ်ပါသည်။

ဇယား ၈

## ပြည်ထောင်စု၏ ဘဏ္ဍာငွေ အရ-အသုံး အခြေအနေ

(ကျပ်သန်း)

| အမှတ်စဉ် | | အကြောင်းအရာ | ၂၀၁၁-၂၀၁၂ (ယာယီ) |
|---|---|---|---|
| ၁ | | ၂ | ၃ |
| | | **အပိုင်း(၁)** | |
| | | **နိုင်ငံတော်သမ္မတ၊ ပြည်ထောင်စု အစိုးရအဖွဲ့၊ လွှတ်တော်၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်၊ပြည်ထောင်စုရှေ့နေချုပ်၊ ပြည်ထောင်စု စာရင်းစစ်ချုပ်၊ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးနှင့်ပြည်ထောင်စုဝန်ကြီးဌာနများ** | |
| ၁ | | ရငွေ | ၆၂၉၃၃၉၆.၁ |
| | ၁ | အခွန်အကောက်မှရငွေ | ၁၀၉၉၃၃၆.၃ |
| | ၂ | နိုင်ငံပိုင်စီးပွားရေးအဖွဲ့အစည်းများမှရငွေ | ၁၀၃၉၇၉၈.၀ |
| | ၃ | အခြားရငွေ | ၄၁၅၄၂၆၁.၈ |
| ၂ | | သာမန်အသုံးစရိတ် | ၅၅၁၉၈၇၀.၂ |
| ၃ | | ပြည်ပမှရရှိသောချေးငွေနှင့်ထောက်ပံ့ငွေ | ၄၆၁၈.၉ |
| ၄ | | ငွေရေးကြေးရေးစာရင်းမှပိုငွေ(+)/လိုငွေ(-) | (+) ၁၄၄.၆ |
| ၅ | | ရင်းနှီးမြှုပ်နှံရန်ရရှိငွေ | ၇၇၈၂၉၉.၄ |
| ၆ | | ရင်းနှီးမြှုပ်နှံမှု | ၂၉၃၉၄၀၂.၇ |
| ၇ | | ပိုငွေ(+)/လိုငွေ(-) | (-)၂၁၆၁၁၀၃.၃ |

ဓာတ်မြစ်။ ။ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန

ဇယား ၈ (အဆုံး)

## ပြည်ထောင်စု၏ ဘဏ္ဍာငွေ အရ-အသုံး အခြေအနေ

(ကျပ်သန်း)

| အမှတ်စဉ် | အကြောင်းအရာ | ၂၀၁၁-၂၀၁၂ (ယာယီ) |
|---|---|---|
| ၁ | ၂ | ၃ |
| | **အပိုင်း(၂)** | |
| | **တပ်မြို့စည်ပင်သာယာရေးအဖွဲ့များ** | |
| ၁ | ရငွေ | ၃၄၁.၆ |
| ၁ | သာမန်ရငွေ | ၃၄၁.၆ |
| ၂ | ငွေလုံးငွေရင်းရငွေ | |
| ၂ | သာမန်အသုံးစရိတ် | ၃၉၆.၅ |
| ၃ | ပြည်ပမှရရှိသောချေးငွေနှင့်ထောက်ပံ့ငွေ | |
| ၄ | ငွေရေးကြေးရေးစာရင်းမှပိုငွေ(+)/လိုငွေ(-) | |
| ၅ | ရင်းနှီးမြှုပ်နှံမှု | ၉၃.၄ |
| ၆ | ပိုငွေ(+)/လိုငွေ(-) | (-)၁၄၈.၃ |
| | **အပိုင်း(၃)** | |
| | **နေပြည်တော်စည်ပင်သာယာရေးကော်မတီ** | |
| ၁ | ရငွေ | ၅၄၀၃.၄ |
| ၁ | သာမန်ရငွေ | ၅၄၀၀.၀ |
| ၂ | ငွေလုံးငွေရင်းရငွေ | ၃.၄ |
| ၂ | သာမန်အသုံးစရိတ် | ၂၆၅၀.၀ |
| ၃ | ပြည်ပမှရရှိသောချေးငွေနှင့်ထောက်ပံ့ငွေ | |
| ၄ | ငွေရေးကြေးရေးစာရင်းမှပိုငွေ(+)/လိုငွေ(-) | |
| ၅ | ရင်းနှီးမြှုပ်နှံမှု | ၁၀၂၅.၀ |
| ၆ | ပိုငွေ(+)/လိုငွေ(-) | (+) ၁၇၂၈.၄ |

ဇာစ်မြစ်။ ။ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန

ဇယား ၉

## နိုင်ငံခြားငွေ ရ-သုံးစာရင်း

(ကျပ်သန်း)

| အမှတ်စဉ် | အကြောင်းအရာ | ၂၀၁၀–၂၀၁၁ (ရှေ့ပြေးအမှန်) | | ၂၀၁၁–၂၀၁၂ (ယာယီ) | |
|---|---|---|---|---|---|
| | | အရ | အသုံး | အရ | အသုံး |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ |
| ၁ | ပင်မစာရင်း | ၅၀၆၁၅.၆ | ၄၅၇၆၁.၂ | ၅၃၈၆၅.၄ | ၆၀၅၂၅.၂ |
| | ၁ ကုန်သွယ်မှုစာရင်း | ၄၆၃၈၈.၇ | ၃၁၄၁၉.၁ | ၄၅၈၆၃.၅ | ၄၂၉၈၁.၆ |
| | ၂ သယ်ယူပို့ဆောင်ရေးနှင့်အာမခံကြေး | ၈၃၃.၇ | ၂၉၅၄.၆ | ၈၀၄.၆ | ၄၀၃၃.၈ |
| | ၃ ခရီးသွားခရီးလာ | ၄၁၁.၈ | ၄၀၄.၂ | ၁၅၉၆.၃ | ၇၉၆.၆ |
| | ၄ သံရုံးစသည့်အဖွဲ့အစည်းများ | ၁၇၂.၅ | ၁၅၀.၄ | ၁၈၂.၆ | ၁၃၁.၅ |
| | ၅ နိုင်ငံတော်ဝန်ဆောင်မှုနှင့်ငွေလွှဲပြောင်းမှု | | | | |
| | ၆ ပုဂ္ဂလိကဝန်ဆောင်မှုနှင့်ငွေလွှဲပြောင်းမှု | ၁၅၆၃.၆ | ၆၃၉.၂ | ၂၉၄၅.၂ | ၅၂၂.၉ |
| | ၇ အတိုး | ၈၃.၅ | ၃၀၆.၉ | ၃၃၇.၃ | ၃၈၄.၂ |
| | ၈ အထွေထွေ | ၁၁၆၁.၈ | ၉၈၈၆.၈ | ၂၁၃၅.၉ | ၁၁၆၇၄.၆ |
| ၂ | ထောက်ပံ့ငွေစာရင်း | ၃၅၅.၄ | | ၁၇၇.၂ | |
| ၃ | ချေးငွေနှင့်အကြွေးဆပ်ငွေစာရင်း | ၂၇၆၉.၇ | ၇၇၁.၅ | ၅၁၀၅.၂ | ၆၅၁.၂ |
| | ၁ ချေးငွေ | ၂၇၆၉.၇ | | ၅၁၀၅.၂ | |
| | ၂ အရင်းပြန်ဆပ်ငွေ | | ၇၇၁.၅ | | ၆၅၁.၂ |
| ၄ | ပြည်ပရင်းနှီးမြှုပ်နှံမှုစာရင်း | ၅၃၇၂.၀ | | ၅၃၄၉.၃ | |
| ၅ | ထည့်ဝင်/ရင်းနှီးငွေ | | | | |
| | ၁ အပြည်ပြည်ဆိုင်ရာငွေရေးကြေးရေး အဖွဲ့အစည်းများသို့ထည့်ဝင်ငွေ | | | | |
| | ၂ အထွေထွေ | | | | |
| ၆ | စုစုပေါင်း(၁+၂+၃+၄+၅) | ၅၉၁၁၂.၇ | ၄၆၅၃၂.၇ | ၆၄၄၉၇.၁ | ၆၁၁၇၆.၄ |
| ၇ | ရှာဖွေကျခံမှုစာရင်း | | ၁၅၇.၂ | | ၁၆၈.၃ |
| | ၁ အချိန်ပိုင်းချေးငွေ | | ၁၅၀.၉ | | ၁၆၂.၀ |
| | ၂ အပြည်ပြည်ဆိုင်ရာငွေကြေးရန်ပုံငွေအဖွဲ့ | | | | |
| | (က) သာမန်အစီအစဉ် | | ၆.၃ | | ၆.၃ |
| | (ခ) အထူးအစီအစဉ် | | | | |
| | (ဂ) ပြန်ဆပ်ငွေ | | | | |
| ၈ | အခြား | | ၈၆၅၆.၇ | ၂၉၉၀.၆ | |
| ၉ | စုစုပေါင်း(၆+၇+၈) | ၅၉၁၁၂.၇ | ၅၅၃၄၆.၆ | ၆၇၄၈၇.၇ | ၆၁၃၄၄.၇ |
| ၁၀ | ပိုငွေ(+)/လိုငွေ(-) | | (+)၃၇၆၆.၁ | | (+)၆၁၄၃.၀ |

ဓာတ်မြစ်။ ။မြန်မာနိုင်ငံတော်ဗဟိုဘဏ်

ဇယား ၁၀

## သွင်းကုန်ပမာဏနှင့်ကုန်ပစ္စည်းအုပ်စုအလိုက်ပြောင်းလဲမှုအခြေအနေ

(အမေရိကန်ဒေါ်လာသန်း)

| အမှတ်စဉ် | ကုန်ပစ္စည်းအမျိုးအစား | ၂၀၁၀-၂၀၁၁ (ရှေ့ပြေးအမှန်) | ၂၀၁၁-၂၀၁၂ (မတ်လကုန်) |
|---|---|---|---|
| ၁ | ၂ | ၃ | ၄ |
| ၁ | စားသုံးကုန်ပစ္စည်း | ၁၀၇၄.၀ | ၁၄၃၅.၉ |
| | ၁ ရေရှည်သုံးကုန်ပစ္စည်း | ၁၉၆.၀ | ၂၅၈.၈ |
| | ၂ စားကုန် | ၃၆၄.၈ | ၅၉၀.၂ |
| | ၃ အထည်အလိပ် | ၂၉၂.၅ | ၃၁၇.၁ |
| | ၄ ဆေးဝါး | ၁၈၁.၀ | ၂၁၇.၈ |
| | ၅ အခြားစားသုံးကုန်ပစ္စည်း | ၃၉.၇ | ၅၂.၀ |
| ၂ | လုပ်ငန်းတွင်းသုံးကုန်ကြမ်းနှင့်အရန်ပစ္စည်း | ၂၃၂၇.၆ | ၃၁၁၂.၈ |
| | ၁ ကုန်ကြမ်းပစ္စည်း | ၂၁၀၀.၅ | ၂၈၉၄.၃ |
| | ၂ ကိရိယာတန်ဆာပလာနှင့်အရန်ပစ္စည်း | ၂၂၇.၁ | ၂၁၈.၅ |
| ၃ | ရင်းနှီးမြှုပ်နှံမှုကုန်ပစ္စည်း | ၁၉၃၈.၅ | ၃၀၆၃.၇ |
| | ၁ ဆောက်လုပ်ရေးပစ္စည်း | ၆၅၈.၇ | ၉၈၃.၅ |
| | ၂ စက်နှင့်စက်ပစ္စည်း | ၈၃၉.၂ | ၁၀၁၄.၉ |
| | ၃ သယ်ယူပို့ဆောင်ရေးပစ္စည်း | ၃၉၁.၇ | ၉၆၈.၆ |
| | ၄ အခြားရင်းနှီးမြှုပ်နှံမှုကုန်ပစ္စည်း | ၄၈.၉ | ၉၆.၇ |
| ၄ | သီးခြားဖော်ပြမထားသည့်ကုန်ပစ္စည်း * | ၁၀၇၂.၆ | ၁၄၂၂.၇ |
| | စုစုပေါင်း | ၆၄၁၂.၇ | ၉၀၃၅.၁ |

ဓာတ်မြစ် ။ ။ ဗဟိုစာရင်းအင်းအဖွဲ့

မှတ်ချက် ။ ။ သွင်းကုန်ပစ္စည်းရောက်ရှိမှုအပေါ် မူတည်၍ဆိပ်ကမ်းရောက်တန်ဖိုးဖြင့်ဖော်ပြထားပါသည်

* နယ်စပ်ကုန်သွယ်ရေးမှတင်သွင်းမှုများပါဝင်ပါသည်။

ဇယား ၁၁

## နိုင်ငံအလိုက်ကုန်ပစ္စည်းတင်သွင်းသည့်ပမာဏပြောင်းလဲမှုအခြေအနေ

(အမေရိကန်ဒေါ်လာသန်း)

| အမှတ်စဉ် | | နိုင်ငံ | ၂၀၁၀-၂၀၁၁ (ရှေ့ပြေးအမှန်) | ၂၀၁၁-၂၀၁၂ (မတ်လကုန်) |
|---|---|---|---|---|
| ၁ | | ၂ | ၃ | ၄ |
| ၁ | | အရှေ့တောင်အာရှနိုင်ငံများ | ၂၈၄၀.၆ | ၄၀၂၀.၆ |
| | ၁ | စင်္ကာပူ | ၁၆၄၅.၃ | ၂၅၁၆.၁ |
| | ၂ | မလေးရှား | ၁၄၅.၃ | ၃၀၃.၄ |
| | ၃ | ထိုင်း | ၇၀၉.၁ | ၆၉၁.၂ |
| | ၄ | အခြားနိုင်ငံများ | ၃၄၀.၉ | ၅၀၉.၉ |
| ၂ | | အခြားအာရှနိုင်ငံများ | ၃၀၁၆.၀ | ၄၁၆၁.၇ |
| | ၁ | တရုတ်ပြည်သူ့သမ္မတနိုင်ငံ | ၂၂၂၉.၇ | ၂၈၄၈.၉ |
| | ၂ | သီရိလင်္ကာ | ၀.၁ | ၀.၆ |
| | ၃ | အိန္ဒိယ | ၁၉၅.၅ | ၃၂၅.၄ |
| | ၄ | ဂျပန် | ၂၅၆.၄ | ၅၀၂.၂ |
| | ၅ | ပါကစ္စတန် | ၉.၅ | ၇.၃ |
| | ၆ | ဘင်္ဂလားဒေ့ရှ် | ၁၁.၆ | ၁၄.၂ |
| | ၇ | ဟောင်ကောင် | ၈.၄ | ၉.၇ |
| | ၈ | ကိုရီးယားသမ္မတနိုင်ငံ | ၃၀၄.၂ | ၄၅၁.၉ |
| | ၉ | အခြားနိုင်ငံများ | ၀.၆ | ၁.၅ |
| ၃ | | အရှေ့အလယ်ပိုင်းနိုင်ငံများ | ၁၄၂.၀ | ၁၈၄.၀ |
| ၄ | | မြောက်အမေရိကနိုင်ငံများ | ၆၄.၈ | ၂၆၈.၅ |
| ၅ | | တောင်အမေရိကနိုင်ငံများ | ၁၇.၉ | ၂၆.၂ |
| ၆ | | ဥရောပသမဂ္ဂနိုင်ငံများ | ၁၆၇.၂ | ၂၅၉.၁ |
| ၇ | | အခြားအနောက်မြောက်ဥရောပနိုင်ငံများ | ၅၈.၃ | ၄.၂ |
| ၈ | | အခြားတောင်ဥရောပနိုင်ငံများ | ၄.၃ | ၉.၆ |
| ၉ | | အခြားအရှေ့ဥရောပနိုင်ငံများ | ၅.၆ | ၄.၇ |
| ၁၀ | | အာဖရိကနိုင်ငံများ | ၃.၃ | ၈.၂ |
| ၁၁ | | ဩစတြေးလျ၊နယူးဇီလန်နှင့်ပစိဖိတ်သမုဒ္ဒရာရှိအခြားနိုင်ငံများ | ၉၀.၄ | ၈၅.၄ |
| ၁၂ | | အခြား * | ၂.၃ | ၂.၉ |
| | | **စုစုပေါင်း** | ၆၄၁၂.၇ | ၉၀၃၅.၁ |

ဓာတ်မြစ် ။ ။ ဗဟိုစာရင်းအင်းအဖွဲ့

မှတ်ချက်။ ။ သွင်းကုန်ပစ္စည်း ရောက်ရှိမှုအပေါ် မူတည်၍ ဆိပ်ကမ်းရောက်တန်ဖိုးဖြင့် ဖော်ပြထားပါသည်။

* ပြန်သွင်းကုန်နှင့်ခွဲခြားမရသောနိုင်ငံများမှသွင်းကုန်တန်ဖိုးများ ပါဝင်ပါသည်။

ဇယား ၁၂

## ပို့ကုန်ပမာဏ နှင့် အမျိုးအစားပြောင်းလဲမှုအခြေအနေ

(အမေရိကန်ဒေါ်လာသန်း)

(အရေအတွက်ထောင်)

| အမှတ်စဉ် | ကုန်ပစ္စည်းအမျိုးအစား | ရေတွက်ပုံ | ၂၀၁၀-၂၀၁၁ (ရှေ့ပြေးအမှန်) | ၂၀၁၁-၂၀၁၂ (မတ်လကုန်) |
|---|---|---|---|---|
| ၁ | ၂ | ၃ | ၄ | ၅ |
| ၁ | လယ်ယာထွက်ပစ္စည်းများ | ဒေါ်လာ | ၁၂၂၇.၈ | ၁၅၁၈.၄ |
| | ၁ ဆန်နှင့်ဆန်ကွဲ | ဒေါ်လာ | ၁၉၈.၁ | ၂၆၇.၂ |
| | | မ/တန် | ၅၃၆ | ၇၀၇ |
| | ၂ ပြောင်းဖူးစေ့ | ဒေါ်လာ | ၁၁.၂ | ၄၆.၆ |
| | | မ/တန် | ၄၅ | ၁၆၇ |
| | ၃ ပဲအမျိုးမျိုး | ဒေါ်လာ | ၇၉၉.၈ | ၉၈၆.၁ |
| | | မ/တန် | ၈၂၉ | ၁၂၉၆ |
| | ၄ တိရစ္ဆာန်အစားအစာ | ဒေါ်လာ | ၀.၀၁ | ၀.၁ |
| | ၅ ရော်ဘာနှင့်အခြားလယ်ယာကိုင်းကျွန်းထွက်ပစ္စည်းများ | ဒေါ်လာ | ၂၁၈.၇ | ၂၁၈.၄ |
| ၂ | တိရစ္ဆာန်ထွက်ပစ္စည်းများ | ဒေါ်လာ | ၁၂.၈ | ၈.၉ |
| ၃ | ရေထွက်ပစ္စည်းများ | ဒေါ်လာ | ၂၈၇.၁ | ၄၅၁.၆ |
| | ၁ ငါး/ပုစွန် | ဒေါ်လာ | ၂၆၅.၀ | ၄၁၃.၉ |
| | | မ/တန် | ၁၅၈ | ၂၀၁ |
| | ၂ အခြားရေထွက်ပစ္စည်းများ | ဒေါ်လာ | ၂၂.၁ | ၃၇.၇ |
| ၄ | သစ်တောထွက်ပစ္စည်းများ | ဒေါ်လာ | ၆၂၂.၃ | ၆၃၁.၄ |
| | ၁ ကျွန်းသစ်လုံး | ဒေါ်လာ | ၂၈၂.၀ | ၂၇၈.၉ |
| | | ကုဗတန် | ၂၂၈ | ၂၆၃ |
| | ၂ ကျွန်းသစ်ခွဲသား | ဒေါ်လာ | ၂၄.၉ | ၃၀.၇ |
| | | ကုဗတန် | ၁၅ | ၂၁ |
| | ၃ သစ်မာလုံး | ဒေါ်လာ | ၂၇၉.၂ | ၂၇၁.၈ |
| | | ကုဗတန် | ၇၀၈ | ၆၃၈ |

ဇယား ၁၂ (အဆုံး)

## ပို့ကုန်ပမာဏ နှင့် အမျိုးအစားပြောင်းလဲမှုအခြေအနေ

(အမေရိကန်ဒေါ်လာသန်း)

(အရေအတွက်ထောင်)

| အမှတ်စဉ် | ကုန်ပစ္စည်းအမျိုးအစား | ရေတွက်ပုံ | ၂၀၁၀-၂၀၁၁ (ရှေ့ပြေးအမှန်) | ၂၀၁၁-၂၀၁၂ (မတ်လကုန်) |
|---|---|---|---|---|
| ၁ | ၂ | ၃ | ၄ | ၅ |
| | ၄ သစ်မာခွဲသား | ဒေါ်လာ | ၇.၇ | ၂၃.၁ |
| | | ကုဗတန် | ၁၀ | ၂၅ |
| | ၅ အခြားသစ်တောထွက်ပစ္စည်းများ၊ | ဒေါ်လာ | ၂၈.၅ | ၂၆.၉ |
| ၅ | တွင်းထွက်ပစ္စည်းများနှင့် ကျောက်မျက်ရတနာများ | ဒေါ်လာ | ၄၅၉၂.၉ | ၃၆၁၅.၂ |
| | ၁ ငွေစင် | ဒေါ်လာ | ၀.၃ | |
| | | အောင်စ | ၂၂ | |
| | ၂ ခဲစင် | ဒေါ်လာ | ၀.၁ | ၀.၁ |
| | | မ/တန် | ၀.၈ | ၀.၄ |
| | ၃ သွပ်သတ္တုသန့်စင် | ဒေါ်လာ | ၀.၃ | ၀.၂ |
| | | မ/တန် | ၁.၀ | ၀.၇ |
| | ၄ ကြေးနီသတ္တုသန့်စင် | ဒေါ်လာ | ၄၁.၀ | ၇၀.၄ |
| | | မ/တန် | ၅.၄ | ၈.၅ |
| | ၅ ခဲမဖြူသတ္တုပစ္စည်းများ | ဒေါ်လာ | ၀.၅ | ၀.၄ |
| | | မ/တန် | ၀.၁ | ၀.၁ |
| | ၆ ကျောက်မျက်ရတနာများ | ဒေါ်လာ | ၂၀၂၇.၈ | ၄၁.၄ |
| | ၇ သဘာဝဓာတ်ငွေ့ | ဒေါ်လာ | ၂၅၂၂.၅ | ၃၅၀၂.၅ |
| | ၈ အခြားတွင်းထွက်ပစ္စည်းများ | ဒေါ်လာ | ၀.၄ | ၀.၂ |
| ၆ | အခြားပစ္စည်းများ | ဒေါ်လာ | ၂၁၁၈.၁ | ၂၉၁၀.၁ |
| | ၁ ချုပ်ပြီးအထည် | ဒေါ်လာ | ၃၇၉.၁ | ၄၈၇.၅ |
| | ၂ အခြား * | ဒေါ်လာ | ၁၇၃၉.၀ | ၂၄၁၂.၆ |
| | ပြည်ပပို့ကုန်စုစုပေါင်း | ဒေါ်လာ | ၈၈၆၁.၀ | ၉၁၃၅.၆ |

ဓာတ်မြစ် ။ ။ ဗဟိုစာရင်းအင်းအဖွဲ့

မှတ်ချက်။ ။ ပို့ကုန်ပစ္စည်းများကို သင်္ဘောပေါ်ရောက်တန်ဖိုးဖြင့် ဖော်ပြထားပါသည်။(Re-export အပါအဝင်) ဖြစ်ပါသည်။

* နယ်စပ်ကုန်သွယ်ရေးမှတင်ပို့မှုအပါအဝင်ဖြစ်ပါသည်။

ဇယား ၁၃

## ကဏ္ဍအလိုက်ပြည်ပပို့ကုန်တင်ပို့မှု

(အမေရိကန်ဒေါ်လာသန်း)

| အမှတ်စဉ် | | အကြောင်းအရာ | ၂၀၁၀-၂၀၁၁ (ရှေ့ပြေးအမှန်) | ၂၀၁၁-၂၀၁၂ (မတ်လကုန်) |
|---|---|---|---|---|
| ၁ | | ၂ | ၃ | ၄ |
| ၁ | | လယ်ယာကဏ္ဍ | ၁၂၂၇.၈ | ၁၅၁၈.၄ |
| | ၁ | ဆန် | ၁၉၄.၃ | ၂၄၃.၈ |
| | ၂ | ဆန်ကွဲ | ၃.၈ | ၂၃.၄ |
| | ၃ | ပြောင်းဖူးစေ့ | ၁၁.၂ | ၄၆.၆ |
| | ၄ | ပဲအမျိုးမျိုး | ၇၉၉.၈ | ၉၈၆.၁ |
| | ၅ | တိရစ္ဆာန်အစားအစာ | ၀.၀၁ | ၀.၁ |
| | ၆ | ရော်ဘာနှင့်အခြားလယ်ယာ ကိုင်းကျွန်းထွက်ပစ္စည်းများ | ၂၁၈.၇ | ၂၁၈.၄ |
| ၂ | | သားငါးကဏ္ဍ | ၃၀၆.၈ | ၄၆၇.၄ |
| | ၁ | ငါး | ၁၉၉.၇ | ၃၃၈.၃ |
| | ၂ | ပုစွန် | ၆၅.၃ | ၇၅.၆ |
| | ၃ | ပုလဲ | ၆.၉ | ၆.၉ |
| | ၄ | အခြားရေထွက်ပစ္စည်းများ | ၂၂.၁ | ၃၇.၇ |
| | ၅ | တိရစ္ဆာန်ထွက်ပစ္စည်းများ | ၁၂.၈ | ၈.၉ |
| ၃ | | သစ်တောကဏ္ဍ | ၆၂၂.၂ | ၆၃၁.၄ |
| | ၁ | ကျွန်းသစ်လုံး | ၂၈၂.၀ | ၂၇၈.၉ |
| | ၂ | ကျွန်းသစ်ခွဲသား | ၂၄.၉ | ၃၀.၇ |
| | ၃ | သစ်မာလုံး | ၂၇၉.၂ | ၂၇၁.၈ |
| | ၄ | သစ်မာခွဲသား | ၇.၇ | ၂၃.၁ |
| | ၅ | သစ်ပါးလွှာအထပ်သား နှင့်အခြား | ၂၄.၃ | ၂၃.၅ |
| | ၆ | အသေးစား သစ်တောထွက်ပစ္စည်းများ | ၄.၁ | ၃.၄ |

ဇယား ၁၃ (အဆုံး)

**ကဏ္ဍအလိုက်ပြည်ပပို့ကုန်တင်ပို့မှု**

(အမေရိကန်ဒေါ်လာသန်း)

| အမှတ်စဉ် | | အကြောင်းအရာ | ၂၀၁၀-၂၀၁၁ (ရှေ့ပြေးအမှန်) | ၂၀၁၁-၂၀၁၂ (မတ်လကုန်) |
|---|---|---|---|---|
| ၁ | | ၂ | ၃ | ၄ |
| ၄ | | သတ္တုနှင့်တွင်းထွက်ပစ္စည်းကဏ္ဍ | ၄၅၈၆.၀ | ၃၆၀၈.၃ |
| | ၁ | ငွေစင် | ၀.၃ | |
| | ၂ | ခဲစင် | ၀.၁ | ၀.၁ |
| | ၃ | သွပ်သတ္တုသန့်စင် | ၀.၃ | ၀.၂ |
| | ၄ | ကြေးနီသတ္တုသန့်စင် | ၄၁.၀ | ၇၀.၄ |
| | ၅ | ခဲမဖြူသတ္တုပစ္စည်းများ | ၀.၅ | ၀.၄ |
| | ၆ | ကျောက်မျက်ရတနာများ | ၂၀၂၀.၉ | ၃၄.၅ |
| | ၇ | သဘာဝဓာတ်ငွေ့ | ၂၅၂၂.၅ | ၃၅၀၂.၅ |
| | ၈ | အခြားတွင်းထွက်ပစ္စည်းများ | ၀.၄ | ၀.၂ |
| ၅ | | စက်မှုကဏ္ဍ | ၁၀၀၃.၈ | ၈၈၁.၇ |
| | ၁ | ချုပ်ပြီးအထည်များ | ၃၇၉.၁ | ၄၉၇.၅ |
| | ၂ | သကြား | | |
| | ၃ | လက်ဝတ်ရတနာများ | | |
| | ၄ | စက်သုံးဆီ | | |
| | ၅ | အခြား | ၆၂၄.၇ | ၃၈၄.၂ |
| ၆ | | အခြားပစ္စည်းများ * | ၁၁၁၄.၄ | ၂၀၂၈.၄ |
| | | **ပြည်ပပို့ကုန်စုစုပေါင်း** | **၈၈၆၁.၀** | **၉၁၃၅.၆** |

ဓာတ်မြစ် ။ ။ ဗဟိုစာရင်းအင်းအဖွဲ့

ပြည်ပပို့ကုန်တင်ပို့မှု (Re-export အပါအဝင်)ဖြစ်ပါသည်။

* နယ်စပ်ကုန်သွယ်ရေးမှတင်ပို့မှုအပါအဝင်ဖြစ်ပါသည်။

ဇယား ၁၄

နိုင်ငံအလိုက် ကုန်ပစ္စည်းတင်ပို့ရောင်းချသည့် ပမာဏပြောင်းလဲမှုအခြေအနေ

(အမေရိကန်ဒေါ်လာသန်း)

| အမှတ်စဉ် | နိုင်ငံ | ၂၀၁၀-၂၀၁၁ (ရှေ့ပြေးအမှန်) | ၂၀၁၁-၂၀၁၂ (မတ်လကုန်) |
|---|---|---|---|
| ၁ | ၂ | ၃ | ၄ |
| ၁ | အရှေ့တောင်အာရှနိုင်ငံများ | ၃၉၃၀.၈ | ၄၆၇၆.၇ |
| | ၁ စင်္ကာပူ | ၄၅၇.၀ | ၅၄၂.၈ |
| | ၂ မလေးရှား | ၄၃၇.၈ | ၁၅၂.၀ |
| | ၃ ထိုင်း | ၂၉၀၅.၂ | ၃၈၂၃.၈ |
| | ၄ အခြားနိုင်ငံများ | ၁၃၀.၈ | ၁၅၈.၁ |
| ၂ | အခြားအာရှနိုင်ငံများ | ၄၅၀၁.၇ | ၃၉၃၁.၀ |
| | ၁ တရုတ်ပြည်သူ့သမ္မတနိုင်ငံ | ၁၂၀၃.၆ | ၂၂၁၄.၃ |
| | ၂ သီရိလင်္ကာ | ၁.၄ | ၀.၅ |
| | ၃ အိန္ဒိယ | ၈၇၁.၆ | ၁၀၄၆.၀ |
| | ၄ ဂျပန် | ၂၃၇.၄ | ၃၂၀.၂ |
| | ၅ ပါကစ္စတန် | ၁၉.၆ | ၂၃.၀ |
| | ၆ ဘင်္ဂလားဒေ့ရှ် | ၁၂၅.၀ | ၇၀.၆ |
| | ၇ ဟောင်ကောင် | ၁၈၉၄.၇ | ၄၁.၅ |
| | ၈ ကိုရီးယားသမ္မတနိုင်ငံ | ၁၄၈.၄ | ၂၁၄.၈ |
| | ၉ အခြားနိုင်ငံများ | | ၀.၁ |
| ၃ | အရှေ့အလယ်ပိုင်းနိုင်ငံများ | ၁၁၆.၁ | ၁၁၅.၉ |
| ၄ | မြောက်အမေရိကနိုင်ငံများ | ၂.၂ | ၂၉.၅ |
| ၅ | တောင်အမေရိကနိုင်ငံများ | ၁၄.၀ | ၂၀.၉ |
| ၆ | ဥရောပသမဂ္ဂနိုင်ငံများ | ၁၆၁.၂ | ၁၄၄.၀ |
| ၇ | အခြားအနောက်မြောက်ဥရောပနိုင်ငံများ | ၁.၅ | ၅.၅ |
| ၈ | အခြားတောင်ဥရောပနိုင်ငံများ | ၁၀.၁ | ၅.၆ |
| ၉ | အခြားအရှေ့ဥရောပနိုင်ငံများ | ၈.၅ | ၁၂.၉ |
| ၁၀ | အာဖရိကနိုင်ငံများ | ၉၃.၀ | ၁၇၃.၃ |
| ၁၁ | ဩစတြေးလျ၊နယူးဇီလန်နှင့်ပစိဖိတ် သမုဒ္ဒရာရှိအခြားနိုင်ငံများ | ၁၇.၈ | ၈.၉ |
| ၁၂ | အခြား | ၄.၁ | ၁၀.၄ |
| | စုစုပေါင်း | ၈၈၆၁.၀ | ၉၁၃၅.၆ |

ရင်းမြစ် ။ ။ ဗဟိုစာရင်းအင်းအဖွဲ့

မှတ်ချက်။ ။ ပို့ကုန်ပစ္စည်းများကို သင်္ဘောပေါ်ရောက်တန်ဖိုးဖြင့် ဖော်ပြထားပါသည်။

ဇယား ၁၅

## ပို့ကုန်သွင်းကုန်နိူင်းယှဉ်ချက်

(အမေရိကန်ဒေါ်လာသန်း)

| အမှတ်စဉ် | ဘဏ္ဍာနှစ် | ပို့ကုန် (Re-export အပါအဝင်) | သွင်းကုန် | အပို (+) အလျော့(-) |
|---|---|---|---|---|
| ၁ | ၂ | ၃ | ၄ | ၅=(၃-၄) |
| ၁ | ၁၉၈၈-၈၉ | ၃၃၄.၈ | ၅၄၁.၃ | (-) ၂၀၆.၅ |
| ၂ | ၁၉၈၉-၉၀ | ၄၃၆.၁ | ၅၂၀.၁ | (-) ၈၄.၀ |
| ၃ | ၁၉၉၅-၉၆ | ၈၉၅.၀ | ၁၈၃၁.၉ | (-) ၉၃၆.၉ |
| ၄ | ၁၉၉၆-၉၇ | ၉၂၈.၅ | ၁၉၉၂.၉ | (-) ၁၀၆၄.၄ |
| ၅ | ၁၉၉၇-၉၈ | ၁၀၃၆.၀ | ၂၃၀၈.၇ | (-) ၁၂၇၂.၇ |
| ၆ | ၁၉၉၈-၉၉ | ၁၀၈၁.၇ | ၂၇၀၁.၅ | (-) ၁၆၁၉.၈ |
| ၇ | ၁၉၉၉-၂၀၀၀ | ၁၄၃၃.၂ | ၂၆၀၅.၄ | (-) ၁၁၇၂.၂ |
| ၈ | ၂၀၀၀-၂၀၀၁ | ၁၉၆၀.၃ | ၂၃၁၉.၁ | (-) ၃၅၈.၈ |
| ၉ | ၂၀၀၁-၂၀၀၂ | ၂၅၄၄.၃ | ၂၇၃၅.၆ | (-) ၁၉၁.၃ |
| ၁၀ | ၂၀၀၂-၂၀၀၃ | ၃၀၆၂.၉ | ၂၂၉၉.၆ | (+) ၇၆၃.၃ |
| ၁၁ | ၂၀၀၃-၂၀၀၄ | ၂၃၅၆.၈ | ၂၂၄၀.၀ | (+) ၁၁၆.၈ |
| ၁၂ | ၂၀၀၄-၂၀၀၅ | ၂၉၂၇.၈ | ၁၉၇၃.၃ | (+) ၉၅၄.၅ |
| ၁၃ | ၂၀၀၅-၂၀၀၆ | ၃၅၅၈.၀ | ၁၉၈၄.၄ | (+) ၁၅၇၃.၆ |
| ၁၄ | ၂၀၀၆-၂၀၀၇ | ၅၂၃၂.၇ | ၂၉၃၆.၇ | (+) ၂၂၉၆.၀ |
| ၁၅ | ၂၀၀၇-၂၀၀၈ | ၆၄၀၁.၇ | ၃၃၅၃.၄ | (+) ၃၀၄၈.၃ |
| ၁၆ | ၂၀၀၈-၂၀၀၉ | ၆၇၇၉.၁ | ၄၅၄၃.၃ | (+) ၂၂၃၅.၈ |
| ၁၇ | ၂၀၀၉-၂၀၁၀ | ၇၅၈၆.၉ | ၄၁၈၁.၄ | (+) ၃၄၀၅.၅ |
| ၁၈ | ၂၀၁၀-၂၀၁၁(ရှေ့ပြေးအမှန်) | ၈၈၆၁.၀ | ၆၄၁၂.၇ | (+) ၂၄၄၈.၃ |
| ၁၉ | ၂၀၁၁-၂၀၁၂(မတ်လကုန်) | ၉၁၃၅.၆ | ၉၀၃၅.၁ | (+) ၁၀၀.၅ |

ဓာတ်မြစ် ။ ။ဗဟိုစာရင်းအင်းအဖွဲ့

ဇယား ၁၆

## ပို့ကုန်သွင်းကုန်ဈေးဆန္ဒန်းအချိုး

(ဆန္ဒန်း)

| အမှတ်စဉ် | ဘဏ္ဍာနှစ် | ပို့ကုန် ဈေးဆန္ဒန်း | ပို့ကုန် အရေအတွက်ဆန္ဒန်း | သွင်းကုန် ဈေးဆန္ဒန်း | သွင်းကုန် အရေအတွက်ဆန္ဒန်း | ပို့ကုန်သွင်းကုန် ဈေးဆန္ဒန်းအချိုး |
|---|---|---|---|---|---|---|
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ |
| ၁ | စတုတ္ထကာလတို ငါးနှစ်စီမံကိန်း(၂၀၀၅-၂၀၀၆ ဘဏ္ဍာနှစ် =၁၀၀) | | | | | |
| ၁ | ၂၀၀၆-၂၀၀၇ | ၁၁၈.၁ | ၁၀၉.၂ | ၁၀၂.၇ | ၁၉၆.၃ | ၁၁၅.၀ |
| ၂ | ၂၀၀၇-၂၀၀၈ | ၁၄၁.၅ | ၁၃၂.၆ | ၁၀၄.၆ | ၁၈၁.၇ | ၁၃၅.၃ |
| ၃ | ၂၀၀၈-၂၀၀၉ | ၁၅၈.၇ | ၁၀၄.၇ | ၁၀၇.၆ | ၁၉၈.၀ | ၁၄၇.၅ |
| ၄ | ၂၀၀၉-၂၀၁၀ | ၁၉၄.၅ | ၁၂၁.၈ | ၁၂၁.၈ | ၁၉၆.၆ | ၁၅၉.၇ |
| ၅ | ၂၀၁၀-၂၀၁၁(ရှေ့ပြေးအမှန်) | ၂၀၉.၂ | ၁၀၇.၆ | ၁၂၄.၇ | ၂၄၃.၉ | ၁၆၇.၈ |
| ၂ | ပဉ္စမကာလတို ငါးနှစ်အမျိုးသားစီမံကိန်း(၂၀၁၀-၂၀၁၁ ဘဏ္ဍာနှစ် =၁၀၀) | | | | | |
| ၁ | ၂၀၁၁-၂၀၁၂(မတ်လကုန်) | ၁၀၆.၂ | ၁၀၁.၇ | ၁၂၀.၂ | ၁၁၁.၅ | ၈၈.၄ |

ဇာစ်မြစ် ။ ။ ဗဟိုစာရင်းအင်းအဖွဲ့

မှတ်ချက်။ ။ $\text{ပို့ကုန်သွင်းကုန်ဈေးဆန္ဒန်းအချိုး} = \dfrac{\text{ပို့ကုန်ဈေးဆန္ဒန်း}}{\text{သွင်းကုန်ဈေးဆန္ဒန်း}} \times ၁၀၀$

ဇယား ၁၇

**မြေယာအသုံးချမှု**

ဧက(ထောင်ပေါင်း)

| အမှတ်စဉ် | အကြောင်းအရာ | ၂၀၁၀-၂၀၁၁ (ရှေ့ပြေးအမှန်) | ၂၀၁၁-၂၀၁၂ (မတ်လကုန်) |
|---|---|---|---|
| ၁ | ၂ | ၃ | ၄ |
| ၁ | အသားတင်စိုက်ပျိုးသည့်မြေ | ၂၉၇၀၃ | ၂၉၄၅၄ |
| ၂ | ပလပ်ထားသည့်မြေ | ၅၆၉ | ၇၉၅ |
| ၃ | စိုက်ပျိုးနိုင်သောမြေရိုင်း | ၁၃၃၃၃ | ၁၃၂၇၉ |
| ၄ | သစ်တောကြိုးဝိုင်း | ၄၀၁၅၉ | ၄၀၉၄၅ |
| ၅ | အခြားသစ်တောမြေ | ၄၂၇၃၃ | ၄၂၀၃၉ |
| ၆ | အခြားမြေ | ၄၀၆၈၉ | ၄၀၆၇၄ |
| | **စုစုပေါင်း** | **၁၆၇၁၈၆** | **၁၆၇၁၈၆** |

ဇာစ်မြစ်။ ။ ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာန၊လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန

မှတ်ချက်။ ။အသားတင်စိုက်ပျိုးသည့်မြေသည် စိုက်ပျိုးရန် သတ်မှတ်ထားသော မြေဧရိယာများ အနက်မှ စိုက်ပျိုးမြေများသာ ဖြစ်ပါသည်။

ဇယား ၁၈

## မြေယာစိုက်ပျိုးလုပ်ကိုင်မှု

ဧက(ထောင်ပေါင်း)

| အမှတ်စဉ် | ဘဏ္ဍာနှစ် | သီးနှံအမျိုးမျိုး စိုက်ပျိုးသည့် ဧရိယာ | အသားတင် စိုက်ပျိုးသည့် မြေဧရိယာ * | သီးထပ်သီးညှပ် စိုက်ပျိုးသည့် ဧရိယာ | သီးနှံ စိုက် စွမ်းအား |
|---|---|---|---|---|---|
| ၁ | ၂ | ၃ | ၄ | ၅ | ၆=၃÷၄×၁၀၀ |
| ၁ | ၁၉၈၈-၁၉၈၉ | ၂၃၈၀၂ | ၁၉၉၀၃ | ၃၈၉၉ | ၁၁၉.၆ |
| ၂ | ၁၉၈၉-၁၉၉၀ | ၂၄၃၄၄ | ၂၀၂၈၅ | ၄၀၅၉ | ၁၂၀.၀ |
| ၃ | ၁၉၉၀-၁၉၉၁ | ၂၅၀၂၄ | ၂၀၅၆၈ | ၄၄၅၆ | ၁၂၁.၇ |
| ၄ | ၁၉၉၁-၁၉၉၂ | ၂၅၄၂၆ | ၂၀၆၀၅ | ၄၈၂၁ | ၁၂၃.၄ |
| ၅ | ၁၉၉၂-၁၉၉၃ | ၂၇၂၀၀ | ၂၁၅၃၃ | ၅၆၆၇ | ၁၂၆.၃ |
| ၆ | ၁၉၉၃-၁၉၉၄ | ၂၈၁၃၄ | ၂၁၅၉၂ | ၆၅၄၂ | ၁၃၀.၃ |
| ၇ | ၁၉၉၄-၁၉၉၅ | ၃၀၀၀၅ | ၂၂၁၁၉ | ၇၈၈၆ | ၁၃၅.၇ |
| ၈ | ၁၉၉၅-၁၉၉၆ | ၃၁၈၃၇ | ၂၂၆၅၄ | ၉၁၈၃ | ၁၄၀.၅ |
| ၉ | ၁၉၉၆-၁၉၉၇ | ၃၀၄၂၂ | ၂၂၉၂၄ | ၇၄၉၈ | ၁၃၂.၇ |
| ၁၀ | ၁၉၉၇-၁၉၉၈ | ၃၀၃၃၆ | ၂၂၉၂၆ | ၇၄၁၀ | ၁၃၂.၃ |
| ၁၁ | ၁၉၉၈-၁၉၉၉ | ၃၂၈၈၂ | ၂၃၉၀၂ | ၈၉၈၀ | ၁၃၇.၆ |
| ၁၂ | ၁၉၉၉-၂၀၀၀ | ၃၆၅၈၂ | ၂၅၀၄၄ | ၁၁၅၃၈ | ၁၄၆.၁ |
| ၁၃ | ၂၀၀၀-၂၀၀၁ | ၃၈၁၇၇ | ၂၅၈၈၇ | ၁၂၂၉၀ | ၁၄၇.၅ |
| ၁၄ | ၂၀၀၁-၂၀၀၂ | ၃၉၁၅၃ | ၂၆၃၂၅ | ၁၂၈၂၈ | ၁၄၈.၇ |
| ၁၅ | ၂၀၀၂-၂၀၀၃ | ၃၉၈၉၆ | ၂၆၇၃၂ | ၁၃၁၆၄ | ၁၄၉.၂ |
| ၁၆ | ၂၀၀၃-၂၀၀၄ | ၄၁၃၁၈ | ၂၇၂၈၈ | ၁၄၀၃၀ | ၁၅၁.၄ |
| ၁၇ | ၂၀၀၄-၂၀၀၅ | ၄၃၀၇၂ | ၂၈၂၀၆ | ၁၄၈၆၆ | ၁၅၂.၇ |
| ၁၈ | ၂၀၀၅-၂၀၀၆ | ၄၆၃၄၂ | ၂၉၄၉၉ | ၁၆၈၄၄ | ၁၅၇.၁ |
| ၁၉ | ၂၀၀၆-၂၀၀၇ | ၅၀၄၂၁ | ၃၁၁၆၆ | ၁၉၂၅၅ | ၁၆၁.၈ |
| ၂၀ | ၂၀၀၇-၂၀၀၈ | ၅၄၆၅၁ | ၃၂၆၇၇ | ၂၁၉၇၄ | ၁၆၇.၂ |
| ၂၁ | ၂၀၀၈-၂၀၀၉ | ၅၆၇၃၇ | ၃၃၃၃၂ | ၂၃၄၀၅ | ၁၇၀.၂ |
| ၂၂ | ၂၀၀၉-၂၀၁၀ | ၅၇၇၂၉ | ၃၃၇၁၆ | ၂၄၀၁၃ | ၁၇၁.၂ |
| ၂၃ | ၂၀၁၀-၂၀၁၁(ရှေ့ပြေးအမှန်) | ၅၈၂၃၄ | ၃၃၉၇၁ | ၂၄၂၆၃ | ၁၇၁.၄ |
| ၂၄ | ၂၀၁၁-၂၀၁၂(မတ်လကုန်) | ၅၅၅၈၉ | ၃၃၅၆၁ | ၂၂၀၂၈ | ၁၆၅.၆ |

ဓာတ်မြစ်။ ။ ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာန၊ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန

* အသားတင်စိုက်ပျိုးသည့် မြေဧရိယာ၌ စိုက်ပျိုးရန် မသတ်မှတ်သည့် မြေများပေါ်တွင် စိုက်ပျိုးထားသော မြေဧရိယာများလည်း ပါဝင်ပါသည်။

ဇယား ၁၉

## နည်းလမ်းအမျိုးမျိုးဖြင့်ရေသွင်းစိုက်ပျိုးသည့် မြေဧရိယာ

ဧက(ထောင်ပေါင်း)

| အမှတ်စဉ် | အကြောင်းအရာ | ၂၀၁၀-၂၀၁၁ (ရှေ့ပြေးအမှန်) | ၂၀၁၁-၂၀၁၂ (မတ်လကုန်) |
|---|---|---|---|
| ၁ | ၂ | ၃ | ၄ |
| ၁ | ဆည်မြောင်း | ၁၆၁၂ | ၁၆၀၁ |
| ၂ | ရေလှောင်ကန် | ၆၈၁ | ၆၃၁ |
| ၃ | ရေတွင်း | ၃၈၀ | ၃၄၈ |
| | ၁ စက်မောင်း | ၂၅၆ | ၂၃၆ |
| | ၂ လက်မောင်း | ၁၂၄ | ၁၁၂ |
| ၄ | ရေစုပ်စက် | ၂၂၂၂ | ၁၉၁၁ |
| | ၁ ဒီဇယ်ဆီသုံး | ၂၁၁၅ | ၁၈၃၂ |
| | ၂ လျှပ်စစ်ဓါတ်အားသုံး | ၁၀၇ | ၇၉ |
| ၅ | လေနှင့်ရေရဟတ် | ၂ | ၂ |
| ၆ | အခြားနည်း | ၇၆၆ | ၇၄၁ |
| | စုစုပေါင်း | ၅၆၆၃ | ၅၂၃၄ |

ဓာတ်မြစ်။ ။ ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာန၊ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန

မှတ်ချက်။ ။ ပုဂ္ဂလိကနှင့် သမဝါယမလုပ်ငန်းများမှ ရေပေးသွင်းမှု အပါအဝင် ဖြစ်ပါသည်။

ဇယား ၂၀

## ရေသွင်းစိုက်ပျိုးသည့် မြေဧရိယာနှင့် ရေသွင်းသီးထပ်စိုက်ဧရိယာ

| အမှတ်စဉ် | ဘဏ္ဍာနှစ် | အသားတင်စိုက်ပျိုးသည့်မြေဧရိယာ (ဧကထောင်ပေါင်း) | ရေသွင်းစိုက်ပျိုးသည့်မြေဧရိယာ (ဧကထောင်ပေါင်း) | ရေသွင်းသီးထပ်စိုက်ဧရိယာ (ဧကထောင်ပေါင်း) | ရေသွင်းစိုက်ပျိုးသည့်မြေဧရိယာ ရာခိုင်နှုန်း | ရေသွင်းသီးထပ်စိုက်ဧရိယာ ရာခိုင်နှုန်း |
|---|---|---|---|---|---|---|
| ၁ | ၂ | ၃ | ၄ | ၅ | ၆ = ၄ ÷ ၃ | ၇ = ၅ ÷ ၄ |
| ၁ | ၁၉၈၈-၁၉၈၉ | ၁၉၉၀၃ | ၂၅၁၆ | ၃၇၂ | ၁၂.၆ | ၁၄.၈ |
| ၂ | ၁၉၈၉-၁၉၉၀ | ၂၀၂၈၅ | ၂၄၈၃ | ၃၈၈ | ၁၂.၂ | ၁၅.၆ |
| ၃ | ၁၉၉၀-၁၉၉၁ | ၂၀၅၆၈ | ၂၄၇၉ | ၃၉၂ | ၁၂.၁ | ၁၅.၈ |
| ၄ | ၁၉၉၁-၁၉၉၂ | ၂၀၆၀၅ | ၂၄၆၇ | ၄၀၇ | ၁၂.၀ | ၁၆.၅ |
| ၅ | ၁၉၉၂-၁၉၉၃ | ၂၀၅၃၃ | ၂၇၄၃ | ၄၈၈ | ၁၂.၇ | ၁၇.၈ |
| ၆ | ၁၉၉၃-၁၉၉၄ | ၂၀၅၉၂ | ၃၃၀၃ | ၇၀၃ | ၁၅.၃ | ၂၁.၃ |
| ၇ | ၁၉၉၄-၁၉၉၅ | ၂၂၁၁၉ | ၃၈၄၃ | ၈၇၉ | ၁၇.၄ | ၂၂.၉ |
| ၈ | ၁၉၉၅-၁၉၉၆ | ၂၂၆၅၄ | ၄၃၄၁ | ၉၅၁ | ၁၉.၂ | ၂၁.၉ |
| ၉ | ၁၉၉၆-၁၉၉၇ | ၂၂၉၂၄ | ၃၈၄၆ | ၇၆၄ | ၁၆.၈ | ၁၉.၉ |
| ၁၀ | ၁၉၉၇-၁၉၉၈ | ၂၂၉၂၆ | ၃၉၃၃ | ၈၁၇ | ၁၇.၂ | ၂၀.၈ |
| ၁၁ | ၁၉၉၈-၁၉၉၉ | ၂၃၉၀၂ | ၄၁၈၂ | ၉၅၈ | ၁၇.၅ | ၂၂.၉ |
| ၁၂ | ၁၉၉၉-၂၀၀၀ | ၂၅၀၄၄ | ၄၅၅၀ | ၁၂၄၉ | ၁၈.၂ | ၂၇.၅ |
| ၁၃ | ၂၀၀၀-၂၀၀၁ | ၂၅၈၈၇ | ၄၇၂၀ | ၁၃၀၁ | ၁၈.၂ | ၂၇.၆ |
| ၁၄ | ၂၀၀၁-၂၀၀၂ | ၂၆၃၂၅ | ၄၉၀၆ | ၁၃၃၃ | ၁၈.၆ | ၂၇.၂ |
| ၁၅ | ၂၀၀၂-၂၀၀၃ | ၂၆၇၃၂ | ၄၆၁၉ | ၁၅၇၉ | ၁၇.၃ | ၃၄.၂ |
| ၁၆ | ၂၀၀၃-၂၀၀၄ | ၂၇၂၈၈ | ၄၈၄၃ | ၁၅၁၀ | ၁၇.၇ | ၃၁.၂ |
| ၁၇ | ၂၀၀၄-၂၀၀၅ | ၂၈၂၀၆ | ၄၇၆၂ | ၁၇၅၀ | ၁၆.၉ | ၃၆.၇ |
| ၁၈ | ၂၀၀၅-၂၀၀၆ | ၂၉၄၉၉ | ၅၂၇၈ | ၁၈၃၀ | ၁၇.၉ | ၃၄.၇ |
| ၁၉ | ၂၀၀၆-၂၀၀၇ | ၃၁၁၆၆ | ၅၅၄၅ | ၁၇၈၇ | ၁၇.၈ | ၃၂.၂ |
| ၂၀ | ၂၀၀၇-၂၀၀၈ | ၃၂၆၇၇ | ၅၄၉၇ | ၁၆၂၆ | ၁၆.၈ | ၂၉.၆ |
| ၂၁ | ၂၀၀၈-၂၀၀၉ | ၃၃၃၃၂ | ၅၆၂၁ | ၁၄၀၀ | ၁၆.၉ | ၂၄.၉ |
| ၂၂ | ၂၀၀၉-၂၀၁၀ | ၃၃၇၁၆ | ၅၇၅၅ | ၁၅၈၂ | ၁၇.၁ | ၂၇.၅ |
| ၂၃ | ၂၀၁၀-၂၀၁၁(ရှေ့ပြေးအမှန်) | ၃၃၉၇၁ | ၅၆၆၃ | ၁၅၈၆ | ၁၆.၇ | ၂၈.၀ |
| ၂၄ | ၂၀၁၁-၂၀၁၂(မတ်လကုန်) | ၃၃၅၆၁ | ၅၂၃၄ | ၁၄၄၈ | ၁၅.၆ | ၂၇.၇ |

ဓာတ်မြစ်။ ။ ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာန၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

မှတ်ချက်။ ။ အသားတင်စိုက်ပျိုးသည့် မြေဧရိယာပေါ်၌ စိုက်ပျိုးရန် မသတ်မှတ်သည့် မြေများပေါ်တွင် စိုက်ပျိုးထားသော မြေဧရိယာများလည်း ပါဝင်ပါသည်။

ဇယား ၂၁

## ရေပေးဝေနိုင်သည့်ဧရိယာနှင့်ရေဘေးကာကွယ်နိုင်သည့်ဧရိယာ

ဧက(ထောင်ပေါင်း)

| အမှတ်စဉ် | ဘဏ္ဍာနှစ် | ရေပေးဝေနိုင်သည့်ဧရိယာ | | | ရေဘေးကာကွယ်နိုင်သည့်ဧရိယာ | | |
|---|---|---|---|---|---|---|---|
| | | ဆည်မြောင်း | ရေလှောင်ကန် | စုစုပေါင်း | တာတမံ | ရေနုတ်မြောင်း | စုစုပေါင်း |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ |
| ၁ | ၁၉၈၈-၁၉၈၉ | ၁၀၅၅ | ၅၃၃ | ၁၅၈၈ | ၂၆၄၆ | ၄၇၉ | ၃၁၂၅ |
| ၂ | ၁၉၈၉-၁၉၉၀ | ၁၀၅၆ | ၅၆၄ | ၁၆၂၀ | ၂၆၅၂ | ၄၇၉ | ၃၁၃၁ |
| ၃ | ၁၉၉၀-၁၉၉၁ | ၉၆၆ | ၆၈၂ | ၁၆၄၈ | ၂၆၆၆ | ၄၇၉ | ၃၁၄၅ |
| ၄ | ၁၉၉၁-၁၉၉၂ | ၉၆၁ | ၆၈၉ | ၁၆၅၀ | ၂၆၆၆ | ၄၇၉ | ၃၁၄၅ |
| ၅ | ၁၉၉၂-၁၉၉၃ | ၈၇၀ | ၇၈၅ | ၁၆၅၅ | ၂၆၆၆ | ၄၇၉ | ၃၁၄၅ |
| ၆ | ၁၉၉၃-၁၉၉၄ | ၈၇၂ | ၈၀၇ | ၁၆၇၉ | ၂၆၆၆ | ၄၇၉ | ၃၁၄၅ |
| ၇ | ၁၉၉၄-၁၉၉၅ | ၈၉၇ | ၁၀၆၆ | ၁၉၆၃ | ၂၇၄၇ | ၄၈၀ | ၃၂၂၇ |
| ၈ | ၁၉၉၅-၁၉၉၆ | ၈၉၇ | ၁၀၇၇ | ၁၉၇၄ | ၂၇၅၃ | ၅၀၈ | ၃၂၆၁ |
| ၉ | ၁၉၉၆-၁၉၉၇ | ၉၁၄ | ၁၀၈၄ | ၁၉၉၈ | ၂၇၅၇ | ၅၀၈ | ၃၂၆၅ |
| ၁၀ | ၁၉၉၇-၁၉၉၈ | ၈၇၃ | ၁၁၀၇ | ၁၉၈၀ | ၂၇၅၆ | ၅၀၈ | ၃၂၆၄ |
| ၁၁ | ၁၉၉၈-၁၉၉၉ | ၁၁၂၇ | ၁၂၁၀ | ၂၃၃၇ | ၃၀၈၁ | ၄၉၅ | ၃၅၇၆ |
| ၁၂ | ၁၉၉၉-၂၀၀၀ | ၁၁၆၄ | ၁၃၅၈ | ၂၅၂၂ | ၃၀၈၁ | ၄၉၅ | ၃၅၇၆ |
| ၁၃ | ၂၀၀၀-၂၀၀၁ | ၁၁၆၀ | ၁၃၃၂ | ၂၄၉၂ | ၃၀၈၁ | ၄၉၅ | ၃၅၇၆ |
| ၁၄ | ၂၀၀၁-၂၀၀၂ | ၁၂၄၆ | ၁၃၇၅ | ၂၆၂၁ | ၃၀၉၄ | ၄၉၄ | ၃၅၈၈ |
| ၁၅ | ၂၀၀၂-၂၀၀၃ | ၁၂၅၃ | ၁၄၉၈ | ၂၇၅၁ | ၂၉၉၅ | ၄၆၃ | ၃၄၅၈ |
| ၁၆ | ၂၀၀၃-၂၀၀၄ | ၁၃၄၇ | ၁၅၇၅ | ၂၉၂၂ | ၂၉၉၅ | ၄၆၃ | ၃၄၅၈ |
| ၁၇ | ၂၀၀၄-၂၀၀၅ | ၁၃၅၇ | ၁၅၉၀ | ၂၉၄၇ | ၃၀၃၇ | ၆၀၃ | ၃၆၄၀ |
| ၁၈ | ၂၀၀၅-၂၀၀၆ | ၁၄၁၁ | ၁၅၅၇ | ၂၉၆၈ | ၂၉၀၄ | ၇၃၉ | ၃၆၄၃ |
| ၁၉ | ၂၀၀၆-၂၀၀၇ | ၁၄၈၇ | ၁၇၈၅ | ၃၂၇၂ | ၂၉၀၄ | ၇၃၉ | ၃၆၄၃ |
| ၂၀ | ၂၀၀၇-၂၀၀၈ | ၁၄၉၃ | ၁၈၀၁ | ၃၂၉၄ | ၂၈၀၃ | ၈၈၁ | ၃၆၈၄ |
| ၂၁ | ၂၀၀၈-၂၀၀၉ | ၁၄၉၉ | ၁၇၉၂ | ၃၂၉၁ | ၂၈၀၃ | ၈၈၁ | ၃၆၈၄ |
| ၂၂ | ၂၀၀၉-၂၀၁၀ | ၁၄၇၃ | ၁၉၃၉ | ၃၄၁၂ | ၂၈၀၉ | ၈၅၉ | ၃၆၆၈ |
| ၂၃ | ၂၀၁၀-၂၀၁၁(ရှေ့ပြေးအမှန်) | ၁၄၈၂ | ၁၉၀၉ | ၃၃၉၁ | ၂၈၁၅ | ၈၆၀ | ၃၆၇၅ |
| ၂၄ | ၂၀၁၁-၂၀၁၂(မတ်လကုန်) | ၁၄၈၂ | ၁၉၁၂ | ၃၃၉၄ | ၂၈၁၅ | ၈၆၀ | ၃၆၇၅ |

ဇာစ်မြစ်။ ။ ဆည်မြောင်းဦးစီးဌာန၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

မှတ်ချက်။ ။ နှစ်ဆုံးတွင်ရှိသည့် အခြေအနေများဖြစ်ပါသည်။

ဇယား ၂၂

ဇယား

မြစ်ရေတင်လုပ်ငန်းနှင့်မြေအောက်ရေတွင်း

| အမှတ်စဉ် | ဘဏ္ဍာနှစ် | မြစ်ရေတင်လုပ်ငန်းများ | | | | | |
|---|---|---|---|---|---|---|---|
| | | လျှပ်စစ် | | ဒီဇယ် | | လျှပ်စစ်နှင့်ဒီဇယ်ပူးတွဲ | |
| | | လုပ်ငန်း (ဦးရေ) | ရေပေးဝေဧက (ထောင်) | လုပ်ငန်း (ဦးရေ) | ရေပေးဝေဧက (ထောင်) | လုပ်ငန်း (ဦးရေ) | ရေပေးဝေဧက (ထောင်) |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ |
| ၁ | ၁၉၉၅-၉၆ | ၁၃ | ၁၅ | ၁၀ | ၃ | ၂ | ၂ |
| ၂ | ၁၉၉၆-၉၇ | ၂၀ | ၃၇ | ၁၁၉ | ၅၇ | ၃ | ၇ |
| ၃ | ၁၉၉၇-၉၈ | ၃၂ | ၄၈ | ၁၇၉ | ၉၆ | ၉ | ၁၆ |
